www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၅၈၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၂၃၀၅၁၂

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
အမှတ်(၇)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** အောင်မြင်စာပေ၊
အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ။

ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊
(ဇွန်လ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်။

၈၉၅.၈၃
ကြိုစက္က
ဝိညာဉ်ကြိုးနှင့်အငြိုးမာယာ/ကြိုစက္က။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၅၂-စာ၊ ၁၂.၅×၁၈.၃ စင်တီ။
(၁) ကြိုစက္က


www.burmeseclassic.com

www.burmeseclassic.com

# (ဝန်ခံချက်)

ဤဝတ္ထုဇာတ်လမ်းမှာ လွန်ခဲ့သောနှစ်ပေါင်း အနည်းငယ်က ပုပ္ပားတောင်ခြေတစ်ဝိုက်တွင် ကျင်းပခဲ့သည့် ထူးဆန်းသော မင်္ဂလာပွဲအကြောင်းကို အခြေခံကာ စိတ်ကူးဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး..ထိုသို့ရေးသားရာမှာ အောက်ပါစာအုပ်များမှ အချက်အလက်အချို့ကို မှီငြမ်းရေးသားကြောင်း ဝန်ခံပါသည်။

(၁) တောင်တော်ရွှေပုပ္ပားသမိုင်း... ဆည်ပေါက်ဦးကံမင်း
(၂) ကျောက်ကျမ်းနှင့်ဂမုန်းကျမ်း..... အသျှင်ဇာဂရ
(၃) ဝိဇ္ဇာရေပကာသနီကျမ်း.....ဘဒ္ဒန္တဝေပုလ္လ
(၄) ဆေးဆရာကြီး ဦးဘသာ၏ ကိုယ်တွေ့ပြောပြချက်များ

(စာရေးသူ)

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

➤ ခြေထောက်တစ်ဖက်သာ ရှိသူသည်
လမ်းလျှောက်ရတာ အခက်အခဲ ရှိပေလိမ့်မည်။
သို့သော် အခြားခြေထောက်တစ်ဖက် ရှိသူနှင့်
ပေါင်းလိုက်လျှင် နှစ်ယောက်စလုံး
အဆင်ပြေသွားနိုင်ပါတယ်။
ဘဝရဲ့ညီမျှခြင်းရှိမှ ရှေ့ခရီးဆက်လို့ရပါတယ်။

➤ ရေသောက်မြစ် မကောင်းတဲ့သစ်ပင်ဟာ
ကြာရှည်မရှင်သန်သလို ရှင်သန်သော်လည်း
အပွင့်မလှ၊ အပွင့်ရသော်လည်း အသီးမတင်
ရှိတတ်ပါတယ်။
ဘဝမှာ အခြေခံကောင်း မရှိတဲ့သူဟာ
ကြိုးစားသော်လည်း မအောင်မြင်၊
အောင်မြင်သော်လည်း ရေရှည် မတည်တံ့နိုင်ပါဘူး။

➤ ဝါသနာပါသော အတတ်ပညာများအားလုံးကို
လေ့လာသင်ကြားနိုင်ပါသည်။
သို့သော် သင်တကယ်ဝါသနာပါသည့်
အတတ်ပညာတစ်ခုကို
ပြုစုပျိုးထောင်ပေးရန်လည်း မမေ့ပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနမောက်ခေါင်

➤ ငွေကြေးချမ်းသာမှု၊ အောင်မြင်ကျော်ကြားမှုကို နှစ်သက်၍သော်လည်းကောင်း၊ ချောမောလှပခြင်းကို နှစ်သက်၍သော်လည်းကောင်း၊ လက်ထပ်လိုက်ပါက ထိုအရာများ ပျက်စီးသွားသော အခါ ဘာမှမရှိသော ဟင်းလင်းပြင်အောက်မှာ တစ်ယောက်တည်း နေရသကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

➤ မျက်မမြင်တစ်ယောက်ဘဝတွင် လှပတဲ့ ပန်းတစ်ပွင့်ထက် ရနံ့မွှေးကြိုင်တဲ့ ပန်းတစ်ပွင့်က သူ့အတွက် ပိုပြီးအသုံးဝင်သလို အသိဉာဏ်မကြွယ်ဝသေးတဲ့ နနယ်သူ တစ်ယောက်အတွက် ပကာသနထက် လမ်းပြပေးမယ့် သူက ပိုပြီးအရေးကြီးပါတယ်။

➤ စိတ်ကူးနဲ့ အထပ်ပေါင်းများစွာမြင့်တဲ့ တိုက်ကြီးကို ဆောက်နိုင်ပါတယ်။ ဒါပေမယ့် လက်တွေ့ဆောက်တဲ့အခါမှာ အုတ်တစ်ချပ် ရဖို့တောင် ပြုလုပ်ရတာ မလွယ်ပါဘူး။

BURMESE CLASSIC .com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ပုပ္ပားတောင်မှ တာဝန်ဖြင့် ရောက်လာသောသူ |
| အခန်း(၂) | မြင်းကတောင်ပေါ်မှ ရွှေ့ပြောင်းမရသည့်အုတ်နှစ်ချပ် |
| အခန်း(၃) | ရွှေတောင်ငွေတောင်သိုက်မှ ရတနာပစ္စည်းငှားသူ |
| အခန်း(၄) | ပစ္စည်းငှားသူနှင့် ထူးဆန်းသော ကတိသစ္စာ |
| အခန်း(၅) | ကတိသစ္စာနှင့် ကြောက်မက်ဖွယ်ရာအန္တရာယ် |
| အခန်း(၆) | ရွှေတွင်းတောင် ငွေတွင်းတောင်မှ အော်သံများ |
| အခန်း(၇) | သလင်းကျောက်ခေါင်းအတွင်းမှ ဝိဉာဉ်မဲ့ ရုပ် အလောင်းများ |
| အခန်း(၈) | ဝိဇ္ဇာလောက၏လှည့်စားမှုများ |
| အခန်း(၉) | နွယ်ငန်းရှင်များဖြင့် တောင်ကလပ်ပေါ်သို့တက်ရခြင်း |
| အခန်း(၁၀) | ထွက်ရပ်ပေါက်နေရာများနှင့် မလှဲသင့်သောသစ်ပင် |
| အခန်း(၁၁) | ဝိညာဉ်ကြီးနှင့် အန္တရာယ်များ |
| အခန်း(၁၂) | ထူးဆန်းသောအိပ်မက်နှင့် ပတ္တမြားလက်စွပ်သက်သေ |
| အခန်း(၁၃) | ဝိညာဉ်ကြီးနှင့် အငြိုးမာယာ |
| အခန်း(၁၄) | လောဘသား၏နိဂုံး |
| အခန်း(၁၅) | ထူးဆန်းသော မင်္ဂလာပွဲ |


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# ပုပ္ပါးတောင်မှ တာဝန်ဖြင့် ရောက်လာသောသူ

တစ်နေ့သ၌ ကျွန်ုပ်သည် အချိန်အားလပ်သည်နှင့် သိမ်ဖြူကွင်း၌ ရှိသော ဇာတ်ရုံများဘက်သို့ ထွက်လာခဲ့လေသည်။

ထိုရက်မတိုင်မီက ရင်းနှီးသောမိတ်ဆွေတစ်ယောက် ရောက်လာသည်။ ၎င်း၏အမည်မှာ ဦးဘစိန်ဖြစ်ပြီး သတင်းစာနှင့် ဂျာနယ်စာစောင်များတွင် ဇာတ်သဘင် ဝေဖန်ရေး ဆောင်းပါးများ ရေးသားနေရသူဖြစ်၏။ သို့ကြောင့် ထိုခေတ်ထိုအခါက နာမည်ကြီးသော ဇာတ်သဘင်အဖွဲ့ကြီးများမှအစ အငြိမ့်အဖွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သေးအဖွဲ့သားများပါမကျန် ၎င်းကို သိကြရုံမက လွန်စွာ အရေးပေးခံရသူလည်း ဖြစ်သည်။ ဇာတ်အဖွဲ့သားများမှာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် သံလျင်ကျိုက်ခေါက်ဘုရားပွဲများသို့ ဇာတ်ဝင်လျှင် ၎င်းဆီသို့ ဖျာလက်မှတ်နှင့် မေတ္တာလက်မှတ်များ ပို့ပေးလေ့ရှိကြသည်။

ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့များသည် ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကြောင့် ပြည်သူများက လက်ခံကြခြင်း ဖြစ်သော်လည်း ကလောင်ရှင်များ၏ပံ့ပိုးရေးသားမှုကြောင့် ပိုမိုလူသိများကာ နာမည်ကြီးသွားရသည်များလည်း ရှိပေသည်။

တချိန်က ရုပ်ရှင်ကားများကို ဝေဖန်စာ ရေးသားသော ဆရာစိန်ခင်မောင်ရီ၏ဆောင်းပါးခေါင်းစဉ်တစ်ခုကဲ့သို့ ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါဆိုသော ခေါင်းစဉ်အတိုင်း အချို့ကလည်း ဇာတ်ပွဲတစ်ခု ကြည့်တော့မည်ဆိုလျှင် ဇာတ်သဘင်အကြောင်း လေ့လာရေးသားထားသော ဆောင်းပါးများကို လေ့လာဖတ်ရှုကာ ကောင်းမကောင်း ဝေဖန်သုံးသပ်ပြီးမှ ပွဲကြည့်လေ့ရှိကြသည်။

ထို့ကြောင့် ဇာတ်သဘင်အကြောင်း ကောင်းမကောင်း ဝေဖန်ရေးဆောင်းပါး ရေးသားသော ဆောင်းပါးရှင်များမှာ ထိုခေတ်ထိုအခါက ဇာတ်သဘင်အဖွဲ့သားများ၏အရေးပေးခံရသူများဖြစ်သည်။ ဦးဘစိန်မှာ တစ်ကိုယ်တည်း နေထိုင်သူ တစ်ယောက်ဖြစ်ကာ ကျွန်ုပ်နှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်လေသည်။

သူသည် အငြိမ့်ပွဲဇာတ်ပွဲ မေတ္တာလက်ဆောင်လက်မှတ်





များ ရပါက ကျွန်ုပ်အား မကြာခဏ လာရောက်ပေးလေ့ရှိသော်လည်း ကျွန်ုပ်မှာ ပွဲကြိုက်သူ မဟုတ်သောကြောင့် ကြည့်ဖြစ်သည့်အကြိမ်က နည်းလေသည်။

တစ်ခါတစ်ရံမှသာ မြင်းပြိုင်ကွင်း၌ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ အပြိုင်အဆိုင် ကပြချိန်များ၌သာ တပည့်ကျော် မောင်တိုးအောင်နှင့်အတူ တစ်ခါတစ်ရံ သွားရောက်ကြည့်ရှုလေသည်။

ယခုအခါ သိမ်ဖြူကွင်း ဇာတ်ရုံကြီးတွင် ရွှေမန်းတင်မောင်ဇာတ်ပွဲ ဝင်ရောက်ကပြနေချိန်ဖြစ်သည်။ ရွှေမန်းတင်မောင်က ၎င်း၏သား မောင်ဝင်းဗိုလ်ကလေးကို စာနယ်ဇင်းသမားများ၊ သတင်းစာဆရာများနှင့် ရင်းနှီးသူများကို ဖိတ်ကြားကာ မိတ်ဆက်ပြသသောပွဲဖြစ်ပေသည်။ ကျွန်ုပ်သည် ဦးဘစိန်မှတစ်ဆင့် ဖိတ်ကြားသဖြင့် သွားရောက်ခဲ့ရာ ဇာတ်ရုံအဝင်ဝသို့ရောက်သောအခါ ဦးဘစိန်နှင့် အဆင်သင့် တွေ့ရသဖြင့် အတွင်းသို့ ဝင်ခဲ့ကြလေသည်။ ထိုနေ့က မှတ်မှတ်ရရ (၁၃၂၂)ခု၊ ပြာသိုလဆုတ်(၂)ရက်၊ (၁၉၆၁)ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့ဖြစ်သည်။

ရွှေမန်းတင်မောင်က ထိုပွဲကို မောင်ဝင်းဗိုလ်အတွက် သီးသန့်ပွဲထုတ်ပေးခြင်း ဖြစ်သည်။

သတင်းစာဆရာများ၊ စာရေးဆရာများ၊ ရင်းနှီးသော မိတ်ဆွေများနှင့် သီးသန့်ဖိတ်ကြားထားသော ဧည့်သည်များကို ရှေ့တန်း၌ နေရာပေးထားသည်။

ထိုနေ့ညက ကျွန်ုပ်တို့လို ဇာတ်သဘင်နှင့် မနီးစပ်သော



www.burmeseclassic.com

www.burmeseclassic.com



သူများအဖို့ ထူးဆန်းသော လမိုင်းတင်ပွဲများကို တွေ့ရသည်။

လမိုင်းတင်သည့်သဘောမှာ. . .

မြတ်စွာဘုရား၊ ရဟန္တာ၊ သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ ဝိဇ္ဇာဇော်ဂျီမှစ၍. . .

အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းနှင့် လမိုင်းနတ်တို့ကို ပူဇော်ပသခြင်း ဖြစ်ပေသည်။

၎င်း၏ရည်ရွယ်ချက်မှာ. . .

ဇာတ်အဖွဲ့သားအချင်းချင်းသော်လည်းကောင်း၊

အပြင်အပမှသော်လည်းကောင်း ဘေးအန္တရာယ်များကို တားဆီးကာကွယ်ပေးရန်နှင့် လာဘ်ရွှင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တင်မြှောက်ပသခြင်း ဖြစ်လေသည်။

ရှေးအခါက ဘီလူးများကိုပင် ပူဇော်သောအလေ့အထ ရှိခဲ့ကြပုံ၊ ထိုသို့ အယူအဆလွဲကာ ပူဇော်ခဲ့ကြသဖြင့် တစ်စုံတစ်ခု ချို့ယွင်းတိမ်းပါးလျှင် ထိခိုက်မှု ရှိရုံမက အသက်အန္တရာယ်ကိုပင် ပေးတတ်ကြောင်း ရွှေမန်းတင်မောင်ကိုယ်တိုင် ထွက်၍ရှင်းလင်း ပြောပြလေရာ ကျွန်ုပ်တို့လို ဇာတ်သဘင်နှင့် စိမ်းသူများအဖို့ များစွာဗဟုသုတ ရကြလေ၏။

နောက်ပိုင်းမှာတော့ ဘီလူးကို ပူဇော်ရာတွင် အန္တရာယ် ရှိတတ်သောကြောင့် ကျွဲမွေးခြင်း၊ အလှူပေးခြင်းလောက်သာ ပြုကြတော့ကြောင်း၊

နောက်ပိုင်းတွင် အဓိကအားဖြင့် မြတ်စွာဘုရားနှင့် သမ္မာဒေဝနတ်ကောင်းများကို ပူဇော်ပသခြင်းဖြင့် ကြီးပွားတိုး





ာက်မှုများ ရခဲ့ကြောင်း၊ နောက်ပိုင်းဇာတ်အဖွဲ့သားများမှာလည်း ီလူးပူဇော်သော မိစ္ဆာဝါဒီများကို ပပျောက်စေလျက် နည်း လမ်းမှန်ကန်သော ပူဇော်ပသမှုများကိုသာ ယုံကြည်စွာ ပြုလုပ် ကြစေလိုကြောင်း ရွှေမန်းတင်မောင်က အကျယ်တဝင့်ရှင်းလင်း ပြောပြလေသည်။

ထို့နောက် ဇာတ်သဘင် အဖွဲ့တစ်ဖွဲ့၏ လမိုင်းတင်ပွဲ၌ တစ်နှစ်ပတ်လုံး အဝတ်တန်ဆာများကို ပြသပေးရသည်။

မြတ်စွာဘုရား အစရှိသော ရဟန္တာများကို ပင့်ဖိတ် ပူ ဇော်ပြီး သက်ဆိုင်ရာနတ်မင်းများကို တစ်ပါးစီ ပင့်ဖိတ်၍ နတ် မင်းများ ကြိုက်နှစ်သက်သော ပူဇော်ပွဲများဖြင့် တင်မြှောက် ပူဇော်ပြီး ဆုတောင်းကြရသည်။

လမိုင်းပွဲ ပြီးသောအခါ နောက်အစီအစဉ်များကို တစ် ခန်းပြီးတစ်ခန်း တင်ဆက်ပြီးနောက် ရွှေမန်းတင်မောင်၏သား မောင်ဝင်းဗိုလ်၏နှစ်ပါးသွားအကဖြင့် ပရိသတ်ကို မိတ်ဆက်ပေး လေသည်။

မောင်ဝင်းဗိုလ်သည် ဆယ်ကျော်သက်အရွယ်မျှသာ ရှိ သေးပြီး လူချောလူလှလေးတစ်ယောက် ဖြစ်လေသည်။

အရွယ်ငယ်သေးသောကြောင့် အသံမှာ လူကြီးသံ မရောက်သေးဘဲ ကလေးသံမပျောက်တပျောက် ဖြစ်နေသေး သည်။ ပွဲစထုတ်သော ရက်ဖြစ်သောကြောင့် (Stage Fright) ပရိသတ်ကို ကြောက်လန့်စိတ် မကုန်သေးပေ။

နှစ်ပါးခွင်၌ မင်းသမီးများက ဆိုလိုက်ကလိုက်နှင့် ရွှတ်



www.burmeseclassic.com

www.burmeseclassic.com



တီးတွတ်တာ လုပ်နေချိန်မှာ တစ်ခါတစ်ရံ ကြောင်နေသည်ကို တွေ့ရသည်။ သူသည် လူငယ်မင်းသား ဖြစ်သဖြင့် ဇာတ်ကရာတွင် လမိုင်းအပြည့်မကပ်သေးဘဲ နှုတ်လျှာလည်း မသွက်သေးပေ။

သို့သော်လည်း စနစ်တကျ တတ်မြောက်အောင် သင်ကြားထားသူမို့ ကကြိုးကကွက်နှင့် အမူအရာကတော့ အလိုလိုကြည့်ကောင်းလျက်ရှိလေသည်။

ဆက်လက်ကြိုးစားသွားပါက ဘမျိုးဘိုးတူဆိုသကဲ့သို့ ဇာတ်သဘင်လောက၌ အောင်မြင်ကျော်ကြားသူတစ်ယောက် ဖြစ်လာနိုင်စရာ ရှိပေသည်။

ထိုညက နောက်ပိုင်းဇာတ်ထုပ်မှာ ရွှေဖျဉ်းညီနောင် ဇာတ်ထုပ်ဖြစ်လေသည်။

ရွှေမန်းတင်မောင်ဇာတ်အဖွဲ့သည် ဇာတ်ကြီးဖြစ်သည်နှင့်အညီ အခမ်းအနား ဆက်တင်အပြင်အဆင်မှာ ခမ်းနားလှသည်။ မယ်ဝဏ္ဏအခန်းများကို ပြသရာတွင် ပုပ္ပါးတောင်သို့ ရောက်နေရသကဲ့သို့ ထင်မိလေသည်။

ပန်းပေါင်း ဝေဆာနေသည့် ပုပ္ပါးတောင် ပန်းချီကားကို မီးရောင်စုံဆလိုက်များဖြင့် ထိုးထားရာ လှပတင့်တယ်လှသည်။ ပန်းဆက်သမား ကိုဗျတ္တနှင့်မယ်ဝဏ္ဏတို့ ချစ်ကြိုးသွယ်ကြပုံများကို တေးသရုပ်ဖော် နှစ်ပါးသွားအသွင်သဏ္ဍာန်ဖြင့် တင်ဆက်ပြသရာ ကြည့်၍ကောင်းလှသည်။

နောက်ပိုင်းဇာတ်ထုပ် ပြီးသောအခါ မိုးလင်းကာနီး





အရုဏ်တက်အချိန် ရောက်နေပြီဖြစ်သဖြင့် ကျွန်ုပ်တို့နှစ်ယောက်လည်း ဇာတ်ရုံအတွင်းမှ ထွက်ကာ သုံးဘီးကားတစ်စီးကို ငှား၍ မိမိနေထိုင်ရာသို့ ပြန်ခဲ့ကြသည်။

ကားပေါ်ရောက်သောအခါ ဦးဘစိန်က မေးသည်။

"ဘယ်လိုလဲ စာရေးဆရာ၊ စာနယ်ဇင်းသမားတွေကို မိတ်ဆက်ပေးတဲ့ မောင်ဝင်းဗိုလ်ရဲ့အခြေအနေကို ဘယ်လိုမြင်သလဲ. . . ပြောပါဦးဗျ"

"ကျုပ်က ဇာတ်သဘင်တွေနဲ့ သိပ်မနီးစပ်တော့ မဝေဖန်တတ်ပါဘူးဗျာ၊ ဒါပေမယ့် သူ့ကြည့်ရတာ တစ်ခုခုတော့ လိုနေသေးသလိုပဲ ထင်ရတာပဲ"

"အစစ်ပေါ့. . . မောင်ဝင်းဗိုလ်က ရုပ်ရည်လည်း ချောတယ်၊ အကလည်း ကောင်းတယ်၊ ဇာတ်သဘင်ပညာ အခြေခံကိုလည်း အတော်ကလေး သင်ထားတဲ့ပုံပဲ၊ ဒါပေမယ့် သူ့မှာ တစ်ခုအားနည်းနေတာက ကိုယ်နဲ့ တွဲရမယ့် မင်းသမီးကို လန့်နေပြီး ပရိသတ်ကို ကြောက်နေသေးတာပေါ့၊ ဒါကလည်း အစပိုင်းမို့ပါ၊ နောက်ပိုင်း ပွဲဆက်တွေ များလာတော့လည်း တဖြည်းဖြည်းနဲ့ ရင့်ကျက်လာပါလိမ့်မယ်"

"ဒါထက် စကားမစပ် တလောက ထုတ်ဝေတဲ့လင်းယုန်ဂျာနယ်ထဲမှာ ဆောင်းပါးတစ်ခု တွေ့လိုက်မိတယ်"

"ဘာများပါလိမ့်"

"ပါဂီနစ်ကို အပြိုင်ပြုပြီး မြန်မာဇာတ်သဘင်လောကကို မြှင့်တင်မယ်ဆိုတဲ့အဖွဲ့ဆိုလားပဲ၊ နာမည်က'ဗမာပြည် အနုသုခုမ



www.burmeseclassic.com

www.burmeseclassic.com

သဘင်မြှင့်တင်ရေးအဖွဲ့' တဲ့ဗျ"

"ဟုတ်တယ်လေဗျာ. . . အာရှဖောင်ဒေးရှင်း အကူအညီနဲ့ နေ့ချင်းညချင်း ပေါ်လာတဲ့အဖွဲ့ပေါ့၊ နောက်က အမေရိကန်အစိုးရက ကြိုးကိုင်ထားတာပေါ့၊ အမေရိကန်အစိုးရက ကျုပ်တို့မြန်မာဇာတ်သဘင်ကို မြှင့်တင်ပေးမယ်ဆိုတာကတော့ ရယ်စရာကြီး ဖြစ်နေတာပေါ့"

"ဒါဖြင့် ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲဗျ"

"စာရေးဆရာကလည်းဗျာ. . အရှင်းကြီးပဲဟာ၊ အမေရိကန်အစိုးရက ဗမာတွေ ပွဲကြိုက်မှန်း သိတော့ ကြိုက်တာကို ဇန်းပြီးတော့ ခြေကုပ်ယူတာပဲပေါ့"

"အတော်ကလေး အကြံအစည်ကြီးပေတာပဲ၊ ဒါထက် အဲဒီအဖွဲ့မှာ ပါတဲ့လူတွေက ဂရိတ်ဦးဖိုးစိန် ကတဲ့ဇာတ်ထုပ်တွေဟာ နိပါတ်တော်နဲ့ မညီညွတ်ဘူးလို့ လူသိရှင်ကြား ဝေဖန်ထားတာ ရှိသေးသဗျ"

"ဒါကတော့ ကွယ်လွန်တဲ့ ဂရိတ်ဦးဖိုးစိန်ကို စော်ကားတာပဲပေါ့ဗျာ၊ ကျုပ်သိသမျှတော့ ဂရိတ်ဦးဖိုးစိန်ကိုယ်တိုင် ငါးရာငါးဆယ်တွေကို ဖတ်တယ်၊ သူ့ကို ဇာတ်ထုပ်ရေးပေးတဲ့ ဆရာကြီးတွေကလည်း ပိဋကတ်သုံးပုံနဲ့ ငါးရာ့ငါးဆယ် နိပါတ်တော်တွေကို ထုံးလို့မွှေ၊ ရေလို့နှောက်နိုင်တဲ့ ပိဋကတ်ဆရာမောင်၊ ဦးပြုံးချို၊ မောင်ထောင် ဦးကျော်လှတို့ဆိုတာ နှယ်နှယ်ရရ မှတ်လို့၊ ဒီဆရာကြီးတွေက ဇာတ်ထုပ်တွေကို နိပါတ်တော်နဲ့ မညီအောင် ရေးပါ့မလားဗျာ၊ စာရေးဆရာပဲ စဉ်းစားကြည့်ပါဦး





တော့"

"ဒါဖြင့် သူတို့က ဘာကိုထောက်ပြပြီး ပြောတာလဲဗျ"

"တခြားဟုတ်ပါရိုးလားဗျာ. . . ကုလိဿဇာတ်တော်ကတဲ့အခါ ကုလိဿ သူဌေးသားဟာ လှည်းလမ်းချိုတစ်ခုအတွင်းမှာ သေသောက်ကျူးနေတယ်လို့ နိပါတ်တော်မှာ ပါတာကို ဦးဖိုးစိန်က ဇာတ်ခုံပေါ် တင်လိုက်တော့ ကုလိဿသူဌေးရဲ့ ဥယျာဉ်တော်ထဲမှာ အပေါင်းအဖော်တွေနဲ့ သောက်စားပျော်ပါးနေတယ်လို့ ပြကွက်ပြောင်းပြီး တင်လိုက်တယ်"

"အင်း. . . ပြောပါဦး"

"ပြကွက်ဆိုတာ အရှိအတိုင်း ပြလို့ ဘယ်ကောင်းပါ့မလဲ၊ ကုလိဿသူဌေးသားက ချိုထဲမှာ တစ်ယောက်တည်း ထိုင်ပြီး အရက်သောက်နေတာကို ပြရင် ပရိသတ်က ပျင်းမှာပေါ့၊ ဥယျာဉ်တော်ထဲမှာ အပေါင်းအဖော်နဲ့ အရက်သောက်တော့ ပြကွက်မြိုင်တာပေါ့၊ ချိုထဲမှာပဲသောက်သောက်၊ ဥယျာဉ်တော်ထဲမှာပဲသောက်သောက်၊ ဇာတ်ရဲ့အဓိကအချက်ဖြစ်တဲ့ ကုလိဿသူဌေးသား အရက်သောက်လို့ မကောင်းမှုနဲ့ ကြုံရတာကို ပေါ်လွင်ရင် ပြီးတာပဲ မဟုတ်လားဗျာ"

"အင်း. . . ဒီလိုတော့လည်း ဟုတ်ပေသားပဲ"

"အလကားပါ စာရေးဆရာရယ်. . . မဟုတ်တာကို အဟုတ်လုပ်ပြီးပုံကြီးချဲ့ပြောတာပါ သူတို့ရဲ့ဗမာပြည် အနုသုခုမသဘင်မြှင့်တင်ရေးအဖွဲ့က ဦးစိန်ကတုံးရဲ့တေးတစ်ပုဒ်ကို အသုံးသွင့်တာရယ်၊ စာအုပ်ထဲမှာ ရေးထားတာရယ် အမှားတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကတော့ ဘာယ်လိုလုပ်ကြမလဲ၊ အဲဒါပေါ့ဗျာ. . . သူများ မြှောက်ပေးလို့သာ ကရတယ်၊ တောင်မှန်းမြောက်မှန်း မသိတဲ့ လူစားမျိုးတွေပေါ့ဗျာ”

ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လာခဲ့ကြရာ တာမွေအဝိုင်းသို့ ရောက်သောအခါ ဦးဘစိန်က ကျွန်ုပ်အား နှုတ်ဆက်ပြီး ကားပေါ်မှ ဆင်းသွားရာ ကျွန်ုပ်လည်း ထိုကားနှင့်ပင် အိမ်သို့ ရောက်အောင် ဆက်ပြန်လာခဲ့သည်။

အိမ်သို့ ရောက်သောအခါ တပည့်ကျော် မောင်တိုးအောင်က ဆီးကြို၍ပြောပြလေသည်။

“မနေ့က ညဦးပိုင်းအချိန်လောက်မှာ အိမ်ကို ဧည့်သည် တစ်ယောက် ရောက်လာတယ် ဆရာ”

“ဘယ်ကတဲ့လဲကွ”

“အထက်ဘက်က လာတာလို့တော့ ပြောသွားတာပဲ၊ ကျွန်တော့်ကိုတော့ ထွေထွေထူးထူး ဘာမှပြောမသွားဘူး၊ အချိန် မနက်ပိုင်းတော့ တစ်ခေါက်ထပ်လာဦးမယ်လို့ ပြောသွားတာပဲ”

“အေး. . . အေး. . . လာရင် ငါ့ကိုပြော၊ ညက အိပ်ရေးပျက်လာလို့ ရေချိုးပြီး အဝတ်အစားလဲလိုက်ဦးမယ်”

မောင်တိုးအောင်က ခေါင်းကို ညိတ်ပြီး ပြန်ထွက်သွားသဖြင့် ကျွန်ုပ်လည်း ရေချိုးရန်အတွက် ရေချိုးခန်းသို့ ဝင်ခဲ့လေသည်။ ဆောင်းရာသီဖြစ်သဖြင့် နံနက်ပိုင်းအချိန်တွင် အအေးဓာတ်က ရှိနေဆဲမို့ ရေကို ကပျာကယာ ချိုးလိုက်ပြီး အဝတ်ထူထူများကို အမြန်ပြန်ဝတ်ရသည်။





ထိုအခိုက်မှာပင် ခြံပေါက်ဝ၌ ဧည့်သည်တစ်ယောက် ရောက်နေကြောင်း မောင်တိုးအောင်က လာပြောသဖြင့် အပြင်သို့ ထွက်ခဲ့လေသည်။

ထိုအချိန်မှာပင် မောင်တိုးအောင်က ဧည့်သည်ကို ခြံတံခါးဖွင့်ပေးပြီး ခေါ်လာလေသည်။

အိမ်ပေါက်ဝမှ ရပ်ကာ လှမ်းကြည့်လိုက်တော့ ကျွန်ုပ်အနေနှင့် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသော ဧည့်သည်တစ်ဦး ဖြစ်လေသည်။ အသက်ငါးဆယ်ကျော်ခန့်အရွယ်ရှိပြီး ရှေးလူကြီးများ ဝတ်ဆင်လေ့ရှိသော ရင်ဖုံးအင်္ကျီ၊ ပုဆိုး၊ ခေါင်းပေါင်းတို့ကို ဝတ်ဆင်ထားကာ လက်ထဲမှာလည်း အထုပ်တစ်ထုပ်ကို ဆွဲလာသည်။ မျက်နှာအမူအရာကတော့ တည်ကြည်ခန့်ညားသော သွင်ပြင်လက္ခဏာမျိုး ရှိလေသည်။

ထိုလူကြီးသည် ကျွန်ုပ် ရပ်နေသော အိမ်ပေါက်ဝနား ရောက်သောအခါ အကဲခတ်သလို တစ်ချက်မော့ကြည့်လိုက်ပြီး

“စာရေးဆရာ ဦးအောင်မင်းအောင် မှတ်တယ်”

ဟု အညာလေသံမျိုးဖြင့် မေးလိုက်သည်။

“ဟုတ်ပါတယ်. . . ကျွန်တော့်နာမည်က အောင်မင်းအောင်လို့ ခေါ်ပါတယ်၊ အိမ်ထဲကို ကြွပါခင်ဗျာ”

အိမ်ထဲသို့ ရောက်သောအခါ မောင်တိုးအောင် စီစဉ်ပေးသော လက်ဖက်ရည်ကြမ်း၊ ကွမ်းဆေးလက်ဖက်တို့ဖြင့် အိမ်ရှင် ဝတ္တရားနှင့် ဧည့်ခံရလေသည်။

“ကျုပ်နာမည်က ဦးကံမင်းလို့ ခေါ်ပါတယ်၊ ကျေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပန်းတောင်းနယ်ဘက်မှာ နေပါတယ်၊ ဟောဒီမှာ ကျုပ်တို့ဒေသထွက်စစ်စစ်ဖြစ်တဲ့ ကျောက်ပန်းတောင်း ထန်းလျက်ခဲ လက်ဆောင်ပေးပါရစေ"

ဟု ပြောကာ ဂုဏ်ယူလာသောအထုပ်ကို စားပွဲပေါ်သို့ တင်ပေးလေသည်။

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါထက် လာရင်းကိစ္စလေးကိုလည်း တဆိတ်လောက် သိပါရစေ"

"ဒီလိုပါ မောင်. . . မောင်က စာရေးဆရာဆိုတော့ ဒေသန္တရ ဗဟုသုတတွေ ရဖို့ အမြဲတမ်း ရှာဖွေရမှာပေါ့နော်"

"ဟုတ်ပါတယ်. . . ရှာရပါတယ်"

"ခရီးတွေဘာတွေရော သွားရတယ်မဟုတ်လား"

"သွားရပါတယ်. . . မြန်မာပြည်ထဲမှာတော့ ကျွန်တော်မရောက်ဖူးတဲ့အရပ်ဒေသကတော့ ခပ်ရှားရှားပါပဲ"

"ဒါဖြင့် ကျောက်ပန်းတောင်းနယ်ဘက်ကိုလည်း ရောက်မှာပေါ့နော်"

"ရောက်ဖူးပါတယ် အဘ၊ ပုပ္ပါးတောင်၊ ထီးတော်လှူဘုရား၊ စင်မြင့်ရွာ၊ တောင်ဦးတောင်၊ ရွှေသာလျောင်းတောင်နဲ့ စိန်ပန်းကုန်းရွာအထိ ရောက်ဖူးပါတယ်"

"ဒါဖြင့် တောင်ဘက်တကြောတွေလည်း အတော်ကလေး နှံ့စပ်မှာပေါ့နော်"

"အာပဲ့ကျွမ်း ရှိတဲ့ရွာအထိ ရောက်ဖူးပါတယ်"

"အတော်ကလေး နှံ့စပ်အောင် သွားခဲ့တာပဲ၊ ဒါထက်





မေးပါရစေဦး၊ ပုပ္ပါးတောင် သွားတော့ ဘာထူးခြားတာတွေ တွေ့ခဲ့ရသလဲ"

"ပုပ္ပါးတောင် ရောက်တော့ ဆရာတော် ဦးကဝိန္ဒနဲ့ တွေ့ပြီး သူပြောပြတဲ့ ထူးခြားမှုအတော်များများတော့ သိခဲ့ရပါတယ်၊ ကျွန်တော့်ကိုယ်တွေ့တော့ သိပ်မသိခဲ့ရပါဘူး"

ကျွန်ုပ်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"ဒီလိုဖြင့် ပုပ္ပါးတောင်နဲ့ ပတ်သက်ပြီး ထူးဆန်းတဲ့ အကြောင်းအရာတွေကို ကိုယ်တွေ့ကြုံရတဲ့သူတွေနဲ့ တွေ့ရရင် ပိုပြီးမကောင်းပေဘူးလား"

"ဟာ. . . ကောင်းတာပေါ့ အဘရယ်၊ ဒီလိုအကြောင်းအရာမျိုးတွေ တွေ့ရတော့ ကျွန်တော့်အတွက် စာရေးဖို့ အကြောင်းအရာ ထူးထူးဆန်းဆန်းတွေ ရတော့ ပိုကောင်းတာပေါ့"

"အဲဒါကြောင့် မောင့်ဆီကို တကူးတက ရောက်အောင် လာခဲ့တာပါပဲ၊ ကျုပ်က ဘိအိုစီအလယ်တန်းနဲ့ အထက်တန်းကျောင်းမှာ ပါဠိဘာသာ သင်ကြားပေးတဲ့ ဆရာဟောင်းတစ်ဦးပါ၊ ကျုပ်ရေးရင် သိပ်ပြီးပြည့်စုံမယ် မထင်လို့ အခုလို စာရေးဆရာဆီကို လာခဲ့တာပါ"

"အဘက ဘယ်လိုလုပ်စေချင်တာလဲ"

"ကျုပ်ဆီမှာ ပုပ္ပါးတောင်နဲ့ ပတ်သက်တဲ့ စုဆောင်းထားတဲ့ အချက်အလက်တွေ ရှိတယ်၊ ရည်ရွယ်ချက်ကတော့ သမိုင်းစာအုပ် ထုတ်ချင်တဲ့ဆန္ဒပါ၊ ဒါပေမယ့် အဲဒီမတိုင်ခင်မှာ ပုပ္ပါးနဲ့ ပတ်သက်တဲ့ ထူးဆန်းတဲ့အကြောင်းတွေကို လူတွေအတော်



www.burmeseclassic.com

www.burmeseclassic.com



များများ သိသွားအောင် ဝတ္ထုသဘောမျိုး တစ်အုပ်လောက် ရေးပြီး ထုတ်ဝေပေးစေချင်ပါတယ်. . ”

“ရေးတာကတော့ ရေးပေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီ အကြောင်းတွေကို ကျကျနန သိဖို့ဆိုရင် ကျွန်တော်က ပုပ္ပါးကို လိုက်ခဲ့မှ ရမှာပေါ့”

“ကျုပ်ရည်ရွယ်ချက်ကလည်း ဒီအတိုင်းပါပဲ မောင်၊ မောင့်ကို ပုပ္ပါးအထိ ရောက်အောင်ခေါ်သွားပြီး မှတ်တမ်းတွေ ပေးတန်တာပေး၊ ကိုယ်တွေ့ကြုံသူတွေနဲ့ တွေ့ပေးတန်တာ တွေ့ပေးပေါ့၊ ဟိုရောက်ရင် စားသောက်နေထိုင်ဖို့ စိတ်မပူရအောင် အစစအရာရာ ကျုပ်တာဝန်ယူပေးနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ်ခင်ဗျာ. . . ဒီလိုဆိုရင် ကျွန်တော် ပုပ္ပါးကို လိုက်ခဲ့ပါ့မယ်၊ အဘက ဘယ်မှာတည်းပြီး ဘယ်ရက် ပြန်မယ်ဆိုတာသာ ပြောပါ”

“ကျုပ်က ဘုရားလည်းဖူးရင်း လာတာဆိုတော့ ခြောက်ထပ်ကြီး ဘုရားဝန်းထဲက အသိဘုန်းကြီးကျောင်းမှာ တည်းပါတယ်၊ ပြန်တာကတော့ သန်ဘက်ခါညနေ ရထားနဲ့ ပြန်ဖို့ စိတ်ကူးရှိပါတယ်”

“ဒီလိုဆိုရင် အဘအပြန်မှာ ကျွန်တော်လိုက်ခဲ့ပါ့မယ်၊ ဒီရက်အတွင်းမှာ ခရီးထွက်ဖို့အစီအစဉ်တွေ လုပ်ထားပါ့မယ်”

“ဒီစကားကြားရတာ ဝမ်းသာပါတယ် မောင်ရယ်၊ ဒီလိုဆိုတော့လည်း အမေက ကျုပ်ကို တာဝန်ပေးလိုက်တာ တာဝန်ကျေအောင် ဆောင်ရွက်နိုင်ပြီလို့ ဆိုရမှာပေါ့”





ဟု ကျေနပ်သောအမူအရာဖြင့် ပြောလိုက်ရာ ကျွန်ုပ်မှာ ထိုစကားကြောင့် အနည်းငယ် အံ့သြသွားမိလေသည်။

“ဟင်. . . အဘမှာ အမေရှိသေးတယ် ဟုတ်လား၊ ခုကိစ္စက အဘအမေ ခိုင်းလို့ လာတာဟုတ်လား”

“ဟုတ်ပါတယ်ကွယ်. . . အမေခိုင်းလို့ လာခဲ့တာပါ”

“အဘအမေက အသက်ဘယ်လောက်ရှိပြီလဲဟင်”

“အမေရဲ့သက်တမ်းကတော့ နှစ်ပေါင်းသုံးရာကျော် လေးရာလောက်တော့ ရှိကရောပေါ့”

“ဟင်. . . နှစ်ပေါင်းသုံးလေးရာ အခုထိ အသက်ရှင် နေသေးတယ် ဟုတ်လား အဘ”

“ဟုတ်ပါတယ်ကွယ်. . အမေက တစ်ခါသေပြီးသားမို့ နောက်ထပ် သေစရာလည်း အကြောင်းမရှိတော့ပါဘူး”

“ဟင်. . . တစ်ခါသေပြီးသား ဟုတ်လား၊ ဒါ. . ဒါဖြင့် အ. . အဘ အမေက ဘယ်သူလဲဟင်”

“ဘယ်သူရှိရမလဲကွယ်. . . ပုပ္ပါးတစ်နယ်လုံးရဲ့ အမေဖြစ်တဲ့ ပုပ္ပါးမယ်တော်ကြီး မယ်ဝဏ္ဏကို ပြောတာပေါ့”

“ဟင်. . . ”

ထိုစကားကြောင့် ကျွန်ုပ်မှာ များစွာအံ့သြသွားမိလေသည်။

“မယ်ဝဏ္ဏကို ပြောတာ ဟုတ်လား အဘ”

“ဟုတ်တယ်လေ. . . ကျုပ်တို့တစ်နယ်လုံးက ပုပ္ပါးမယ်တော်ကြီး မယ်ဝဏ္ဏကို အမေလို့ပဲ လေးလေးစားစား ခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"စောစောက အဘ ပြောတဲ့စကားထဲမှာ အမေက တာဝန်ပေးလိုက်တယ်လို့ ပါတယ်၊ ဒီလိုဆိုရင် အဘ ဒီကိုလာဖို့ အမေ မယ်ဝဏ္ဏက ခိုင်းလိုက်တာပေါ့. . . ဟုတ်လား"

"အမှန်ပေါ့ကွယ်. . . ကျုပ်နဲ့မောင်နဲ့က တစ်ကြိမ်တစ်ခါမှ တွေ့ဖူးမြင်ဖူးကြတာမှ မဟုတ်တာ၊ အမေ စေခိုင်းလို့သာ ဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် လာနိုင်တာပေါ့"

"အင်း. . . အတော်ကလေးကို အံ့သြစရာကောင်းတာပဲ"

ကျွန်ုပ်စကားကြောင့် ဦးကံမင်းမှာ အနည်းငယ် အံ့သြသွားဟန် ရှိလေသည်။

"ဘယ်လိုများ အံ့သြဖို့ကောင်းတာလဲ"

"အဘ ပြောတဲ့အတိုင်း ပြောရရင် ကျွန်တော်လည်း ညတုန်းက အမေမယ်ဝဏ္ဏကို တွေ့ခဲ့ရသေးတယ်"

"ဟင်. . . ဘယ်လိုတွေ့တာလဲကွယ့်"

"ဇာတ်ပွဲတစ်ခု သွားကြည့်ရင်းနဲ့ နောက်ပိုင်းဇာတ်ထုပ်က ရွှေဖျဉ်းညီနောင်ဇာတ်ဆိုတော့ အမေမယ်ဝဏ္ဏကို တွေ့ခဲ့ရတာပေါ့"

ထိုစကားကြားသောအခါ ဦးကံမင်းက ခေါင်းတညိတ်ညိတ်နှင့် လေးလေးနက်နက် ရှိနေလေသည်။

"ဒီအကြောင်းတိုက်ဆိုင်မှုတွေဟာ သာမန်အကြောင်းတိုက်ဆိုင်မှုတွေလို့များ မောင်က ထင်လို့လား၊ ဝိညာဉ်လောက





သားတွေရဲ့ဆက်သွယ်မှုကြောင့် အခုလို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရတာဗျ၊ ဟိုရောက်တဲ့အခါ ဒီထက်ပိုပြီး ဆန်းကြယ်တဲ့ အကြောင်းတွေကို တွေ့ရပါလိမ့်မယ်၊ ကိုင်း. . . ကျုပ်ပြန်လိုက်ဦးမယ်၊ ရထားစီးမယ့်နေ့မှပဲ ပြန်တွေ့ကြတာပေါ့"

ဟု ပြောဆိုနှုတ်ဆက်ကာ ဦးကံမင်းတစ်ယောက် ပြန်သွားလေရာ ကျွန်ုပ်မှာ အိမ်ပေါက်ဝ၌ ရပ်နေရင်း အတွေးများစွာဖြင့် ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၂)

# မြင်းကကောင်ပေါ်မှ ရွှေပြောင်းမရသည့် အုတ်နှစ်ချပ်

ပုပ္ပါးတောင်ကြီး တည်ရှိသောနေရာမှာ မြန်မာနိုင်ငံ အလယ်ပိုင်း မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ ရှိကာ ကျောက်ပန်းတောင်းမြို့နယ်မှ အရှေ့မြောက်ဘက် (၁၀) မိုင်ခန့်အကွာ၌ တည်ရှိလေသည်။

ရန်ကုန်မြို့မှ ကျောက်ပန်းတောင်းမြို့သို့ (၃၉၆)မိုင် (၇) ဖာလုံ ကွာ၍ ရန်ကုန်မြို့မှ ပုပ္ပါးသို့ (၄၀၆)မိုင်(၇)ဖာလုံခန့် ကွာ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဝေးလေသည်။

ပုပ္ပါးတောင်ကြီးသည် ပဲခူးရိုးမတောင်တန်းကြီးများ၏ မြောက်ဘက်အစွန်း၌ တည်ရှိကာ (၄၉၈၁)ပေ အမြင့်ရှိလေသည်။

ပုပ္ပါးတောင်ကြီးကို အရပ်လေးမျက်နှာမှ ကြည့်လျှင် ပုံသဏ္ဍာန်အမျိုးမျိုး မြင်နိုင်ကြသည်။

အရှေ့မျက်နှာဘက်မှ ကြည့်လျှင် နွားလပို့အသွင် ထင်ရသောကြောင့် ထိုအရပ်ရှိ လူများသည် လှည်းနွားဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ထိုအလုပ်ဖြင့် စီးပွားတိုးတက်သည်ဟု အယူစွဲ ရှိကြသည်။

အနောက်ဘက်မျက်နှာမှ ကြည့်လျှင် ဆင်ကြီးဝပ်နေသကဲ့သို့ ထင်မြင်ရသောကြောင့် ထိုအရပ်ဘက်၌ နေသူများမှာ ဆင်ခြင်တုံတရားကို အထူးအလေးပေး နေထိုင်ကြသည်။

တောင်ဘက် အရပ်မျက်နှာဘက်မှ ကြည့်ပါက စပါးပုံကြီးနှင့် သဏ္ဍာန်တူသောကြောင့် ထိုအရပ်မျက်နှာဘက်၌ နေကြသူများသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ထိုအလုပ်နှင့်လည်း စီးပွားတိုးတက်သည်ဟု ထင်မြင်ယူဆကြသည်။

မြောက်ဘက်အရပ်မှ ကြည့်လျှင် ပုပ္ပါးတောင်ကြီး၏ ပုံသဏ္ဍာန်မှာ ယက္ကန်းလက်ခတ်အသွင် ထင်ရသောကြောင့် ထိုအရပ်ဘက်၌ နေသူများမှာ ဝါဂွမ်းစိုက်ပျိုးခြင်း၊ ယက္ကန်းယက်လုပ်ခြင်း လုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ကြပြီး ထိုအလုပ်





များဖြင့် စီးပွားဖြစ်ထွန်းသည်ဟု ယုံကြည်ကြလေသည်။

ထို့ပြင် ပုပ္ပါးတောင်တစ်ခွင်၌ တန်ခိုးသိဒ္ဓိ ရှိသော ဆေးပင်အများအပြားလည်း ရှိပေသည်။

ထို့ထက် အမျိုးအစားအားဖြင့် (၇)မျိုးရှိသောစိန်တို့တွင် အရှားပါးဆုံးဖြစ်သော စိန်နက်သည် ပုပ္ပါးတောင်အရပ်၌ ရှိပေသည်။

ပုဇ္ဇစိန် ခေါ် စိန်နက်သည် သာမန်စိန်တို့နှင့် မတူဘဲ အရောင်အသွေးက နက်မှောင်လျက်ရှိပြီး တန်ခိုးသိဒ္ဓိလည်း ရှိသည်ဟု ဆိုကြသည်။

စိန်၏အသွင်သဏ္ဍာန်မှာ အနက်ရောင် မှန်ချပ်များ အထပ်ထပ် ရှိနေသကဲ့သို့ တင့်တယ်လှသည်။

ထိုစိန်နက်ကို ဆတ်ပေါက်ကျင်းစိန်တွင်းကုန်း၌လည်းကောင်း၊ တောင်ပေါ်ရွာအနီး၌လည်းကောင်း၊ ပျဉ်ပုံရိုး သို့မဟုတ် စိန်တွင်းရိုးများ၌လည်းကောင်း၊ ပုပ္ပါးတောင်ကြီး၏အရှေ့တောင်စွယ် လျှော်တောရွာအနီး စမ်းကျဉ်းတောင်ကြားရှိ စကားပင်ကြီး၏အနီးအပါး၌ လည်းကောင်း၊ ငှက်မြတ်နားတောင်၏မြောက်ဘက်အခြေ၌လည်းကောင်း ရှာဖွေရရှိနိုင်လေသည်။

ထို့ပြင် ပုပ္ပါးတောင်ရှိ လတောင်၌ စိန်နီလည်း ရှိပေသည်။ ပုပ္ပါးတောင်ဝန်းကျင်၌ တွေ့ရသောစိန်နက်မှာ ထူးခြားလှပေသည်။

မြန်မာတစ်နိုင်ငံလုံးရှိ အခြားအရပ်ဒေသများ၌ အခြားစိန်(၆)မျိုးကိုသာ တွေ့ရပြီး စိန်နက်ကိုမူ တွေ့ရခဲလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်နက်သည် ပုပ္ပါးတောင်၌သာ ရှိဟန်တူသည်။

အခြားစိန်များနှင့် မတူလှဘဲ စိန်အသွေးအရောင် နက်မှောင်နေခြင်းမှာ ရှင်မေဓာဝီယ ရသေ့ ဟိမဝန္တာမှ ဆောင်ယူခဲ့သော ဆေးနက်ပင်များမှ အနက်ရောင်ဓာတ်များ ကူးသွားခြင်းပေကြောင့်လောဟု ထင်စရာ ရှိပေသည်။

ဟိမဝန္တာတောင်မှ ရှင်မေဓာဝီယရသေ့ ဆေးပင်နက်များမှာ. . .

(၁) ဗဟန်းနက်၊ (၂) တာလဗီဇကျောက်ချဉ်နက် (၃) ကန့်ကူဆံနက်၊ (၄) ပယင်းနက်၊ (၅) စလင်းနက်၊ (၆) လကြီးနက်၊ (၇) အဖျိုက်နက်၊ (၈) မဟူရာနက်၊ (၉) သန္တာနက်၊ (၁၀) ကန့်ကျွတ်နက်၊ (၁၁) နနွင်းနက်၊ (၁၂) ဟုန်းနက်၊ (၁၃) ဆတ်ချိုနက်၊ (၁၄) ဒေါ်ရင်းနက်၊ (၁၅) စပါးလင်နက်၊ (၁၆) သက်ရင်းနက်၊ (၁၇) ကျွန်းနက်၊ (၁၈) နေဇာနက်၊ (၁၉) နေကြာနက်၊ (၂၀) ပိန်းနက်၊ (၂၁) စကားနက်၊ (၂၂) ဂမုန်းနက်၊ (၂၃) သဇင်နက်၊ (၂၄) ဒန့်ဒကူးနက်. . . စသည့် သစ်ပင်နက်များ ဖြစ်ကြလေသည်။

အထက်ပါ ဆေးနက်ပင်များကို အလိုရှိပါက ပုပ္ပါးတောင်၌ ရသေ့ရဟန်းအသွင်ပြု၍ ဥပုသ်သီလ ဆောက်တည်နေထိုင်ပြီး အဓိဋ္ဌာန်ပြည့်သောအခါ အရှင်မေဓာဝီယရသေ့ကို ပင့်ဖိတ်၍ အလိုရှိသောဆေးပင်ကို ခွင့်တောင်းပါက ရရှိနိုင်သည်ဟု သဗ္ဗဒါတုက ဝိဇ္ဇာရေပကာသနီကျမ်း၌ ဖော်ပြထားလေသည်။ ၎င်းဆေးနက်ပင်များမှာ အခြားနေရာ၌ ပေါက်လေ့မရှိဘဲ





ထွက်ရပ်ပေါက် ဝိဇ္ဇာထိုရ်ရသေ့ဖြစ်သော ရှင်မေဓာဝီယ သီတင်းသုံး နေထိုင်ရာ ဂူဟောင်း၌သာ ရှိသည်ဟုလည်း ကျမ်းစာ၌ ဖော်ပြထားသည်။

ထို့ပြင် ပုပ္ပါးတောင်ကြီးကို ခြံရံလျက်ရှိသော ပလ္လင်ကိုးဆင့်၊ ကုန်းကိုးကုန်း၊ အိုင်ကိုးအိုင်၊ ကန်ကိုးကန်၊ အောင်မြေကိုးဌာန၊ အံ့ဖွယ်ကိုးပါး စသည်တို့မှာလည်း စိတ်ဝင်စားဖို့ကောင်းသလို ကျောက်နွားသိုးကိုးကောင်မှာလည်း ပုပ္ပါးတောင်တော်အတွက် အဓိကနေရာများ ဖြစ်ကြလေသည်။

အထက်ပါအကြောင်းအရာများမှာ ကျွန်ုပ်တို့ ဆည်ပေါက်ရွာသို့ ရောက်ကြပြီးနောက် ဦးကံမင်းအပါအဝင် နယ်ခံများက ပြောပြသဖြင့် သိရသော အကြောင်းအရာများ ဖြစ်ပေသည်။

ဆည်ပေါက်ရွာမှာ ရှေးဟောင်းရွာတစ်ရွာ ဖြစ်သည်နှင့်အညီ စည်ကားသောရွာတစ်ရွာလည်း ဖြစ်ပေသည်။

ရှေးအခါက ဆည်ပေါက်ရွာဟောင်းမှာ ယခုလက်ရှိ နေရာ၌ မဟုတ်ပေ၊ ဆည်ပေါက်ရွာဟောင်း၏ အရှေ့မြောက် တစ်ဖာလုံကျော် နှစ်ဖာလုံခန့်အကွာ၌ ဖေယျသိမ်ကုန်း ရှိသည်။

ထိုကုန်းမှာ ပုပ္ပါးတော်ကြီးအား ဝန်းရံနေသော ကုန်း(၉)ကုန်းတွင် တစ်ကုန်းပါဝင်လေသည်။

ရှေးက ဖေယျသိမ်မင်း တောထွက်လာပြီး ရသေ့အသွင်ဖြင့် နေထိုင်တရားအားထုတ်ခဲ့သောကြောင့် ဖေယျသိမ်ကုန်းဟု အမည်တွင်ခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် အရှေ့ဘက်သို့ မှခ်ပေါက်လှည့်ထား သော မြေစိုက်စေတီတစ်ဆူနှင့် အမိုးအကာတို့ကို အင်္ဂတေဖြင့် ပြုလုပ်ထားသော ရှေးဟောင်းသိမ်တစ်လုံး ရှိသည်။

ထိုဘုရား၏အရှေ့ဘက်တွင် အိုင်တစ်အိုင်(ဒေသခံများ က အိုင့်ဟု ခေါ်သည်)နှင့် ရိုးပေါက်တစ်ခု ရှိကာ ၎င်း၏အရှေ့ ဘက်၌ ထန်းပင်ငယ်တစ်ပင် ရှိ၏။

ထိုထန်းပင်ငယ်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ဖြစ်သော် လည်း ကြီးလည်းမကြီး သီးလည်းမသီးပေ။

ထိုနယ်တစ်ဝိုက်တွင် ဆားချက်ရန် မြေကျင်းကြီးများ ရှိသဖြင့် 'ဆားကျင်း' ဟုပင် အလွယ်တကူ ခေါ်ကြသည်။

ထိုဆားကျင်းတစ်ဝိုက်၌ ရွာတည်ကြကာ ထိုရွာကို 'ဆားကျင်းရွာ' ဟုပင် ခေါ်ကြလေသည်။

ထိုရွာရှိ မြို့သူကြီးသည် ပုပ္ပါးမြို့ အစရှိသောမြို့ရွာများ ကို အုပ်ချုပ်ရလေသည်။

ယခုအခါ တိုက်နယ်သူကြီးရာထူးမျိုးဖြစ်ကာ ရှေးက ဟော့ 'ဆားကျင်းမြို့သူကြီး' ဟုခေါ်ဆိုသမုတ်ကြသည်။

မြန်မာဘုရင်များလက်ထက်တော်အခါက ရွှေတိုက် စာရင်းဝင်ဖြစ်သဖြင့် (သီရိသမန္တနော်ရထာ၊ ရွှေတောင်ရာဇာ) ဟူသောဘွဲ့တံဆိပ် ချီးမြှင့်ခြင်းကိုပင် ခံယူရရှိကြလေသည်။

(၁၂၄၇)ခုနှစ် ပါတော်မူပြီးနောက်ပိုင်းတွင် 'ဆားကျင်း' ရွာကြီးလည်း ပျက်စီးခဲ့ရလေသည်။

ထိုအခါ ရွာသူရွာသားများသည် ၎င်းရွာဟောင်း၏





အနောက်တောင် တစ်မိုင်ခန့်အကွာ၌ ခေတ္တ ရွာတည်၍နေကြ သည်။

ကာလအတန်ကြာ၍ တိုင်းပြည်အခြေအနေ ငြိမ်သက် လောက်ပြီဟု သတင်းကြားလျှင် မူလနေရာသို့ ပြန်လည်ရွှေ့ ပြောင်းကာ နေထိုင်ကြသည်။

ထိုသို့ရွှေ့ပြောင်းနေကြရာမှ နောက်ထပ်တစ်ဖန် အခြေ အနေ ဆိုးရွားလာပြန်သောအခါ ယခု ဆည်ပေါက်ရွာသစ်၏ အရှေ့တောင်ဘက်နေရာ၌ ရွာတည်၍နေထိုင်ကြရပြန်လေ သည်။

နောက်ပိုင်းခေတ်ကာလ ပြန်လည်တည်ငြိမ်၍ အေး ချမ်းသာယာလာသောအခါ မူလရွာဟောင်းဖြစ်သော ဆားကျင်း ရွာဟောင်းသို့ ရောက်အောင် မပြန်ကြတော့ဘဲ ပန်းထုက် ချောင်း၏မြောက်ဘက်၊ တောင်ဘက်နှစ်နေရာတွင် လူစုခွဲကြပြီး ဆည်ပေါက်ရွာ၊ ညောင်ကန်ရွာဟူ၍ နှစ်ရွာခွဲတည်ကာ နေထိုင် ကြလေသည်။

နောက်ပိုင်းတွင် ဆည်ပေါက်ရွာကြီးကား ပုပ္ပါးတောင် နယ်မြေ၏ပြင်ပ အင်ချောင်းရွာဟောင်း နေရာသို့ ရွှေ့ပြောင်းရ ပြန်လေသည်။ ထိုကား ဆည်ပေါက်ရွာ ဖြစ်ပေါ်လာသောဖြစ်စဉ် အချို့ပင် ဖြစ်လေသည်။

ကျွန်ုပ်သည် ဦးကံမင်း နေထိုင်သော ဆည်ပေါက်ရွာသို့ လိုက်၍ ၎င်း၏နေအိမ်မှာပင် တည်းခိုနေထိုင်ပြီးနောက် ပုပ္ပါး တောင်နှင့် ပတ်သက်သည့် ထူးထူးခြားခြား ကြုံခဲ့ရသူများနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။

ရှေ့အခန်းများ၌ ဖော်ပြမည့် အကြောင်းအရာများမှာ ၎င်းတို့ ကိုယ်တွေ့ကြုံရသော ဖြစ်စဉ်များပင်ဖြစ်ပြီး ကျွန်ုပ်အနေနှင့် ဝတ္ထုသဘောနှင့် ရေးသားတင်ပြမည် ဖြစ်ပါသည်။

ထိုသို့တင်ပြရာတွင် လူအမည်၊ ရွာအမည်များကို ပြောင်းလဲ၍ ဖြစ်စဉ်များကိုတော့ ဖြစ်ရပ်မှန်များနှင့် အနီးဆုံးဖြစ်အောင် ရေးသားတင်ပြမည်ဖြစ်ပါသည်။

ပုပ္ပါးတောင်မကြီးကို ခြံရံလျက်ရှိသော တောင်(၉) တောင် ရှိပါသည်။

၎င်းတို့မှာ. . . (၁)တောင်ပုတောင်၊ (၂)တောင်လှတောင် (၃)ရွှေတွင်းတောင်၊ (၄)ငွေတွင်းတောင်၊ (၅)တောင်နားတောင်၊ (၆)အလယ်တောင်၊ (၇)မြောက်နားတောင်၊ (၈)မြက်သောက်တောင် (၉)ရသေ့တောင်တို့ ဖြစ်ကြလေသည်။ ၎င်းတောင်ကိုးလုံးမှာ နဝင်းကိုးဆောင်၊ တောင်ကိုးတောင်ပင် ဖြစ်ပါသည်။

တကယ်ဆိုမူ ပုပ္ပါးတောင်မကြီးကို ဝန်းရံနေသောတောင်များမှာ တောင်ကိုးတောင် မကဘဲ အခြားတောင်ပေါင်းများစွာလည်း ရှိပါသေးသည်။

ထိုအထဲတွင် သီလတောင်၊ မြောက်မာလာတောင်၊ မှန်ကင်းတောင်၊ သင်းဝင်စည်ခေါင်းတောင်၊ ရေပြာတောင် အစရှိသော အခြားထင်ရှားသောတောင်များလည်း ရှိပါသေး၏။

သို့စေကာမူ အထက်ပါ နဝင်းစာရင်းဝင် တောင်ကိုး





တောင်ကို အဘယ့်ကြောင့် ရွေးချယ်ထားခဲ့သည်ကိုတော့ ကျွန်ုပ်တို့လို ဉာဏ်တစ်ထွာတစ်မိုက်နဲ့တော့ ဘယ်နည်းနဲ့မှ လိုက်မမီနိုင်တော့ပါပေ။

သို့သော် ထိုနဝင်းစာရင်းဝင် တောင်ကိုးတောင်တို့၌ တောင်တစ်တောင်ချင်း၌ ထူးခြားသောဖြစ်ရပ်ဆန်းများ ရှိကြလေသည်။ ငွေတွင်းတောင်နှင့် အနောက်တောင်ယွန်းယွန်းလောက်၌ အလယ်တောင်နှင့် တောင်နားတောင်ဟူသော တောင်နှစ်လုံးတို့မှာ တောင်နှင့်မြောက် ယှဉ်လျက် တစ်ဆက်တည်း ရှိနေလေသည်။

တောင်နားတောင်ကို နယ်ခံများက 'မြင်းကတောင်' ဟုလည်း ခေါ်ဝေါ်ကြလေသည်။

ထိုမြင်းကတောင်ပေါ်၌ အုတ်ချပ်နှစ်ချပ် ထပ်လျက်ရှိလေသည်။ ထိုတောင်ပေါ်သို့ ရောက်သွားသောသူများက ထိုထပ်လျက်သား ရှိသော အုတ်ချပ်နှစ်ချပ်ကို တစ်ချပ်စီ၊ တစ်နေရာစီ၌ ခွဲထားခဲ့ပြီး နောက်တစ်ခေါက် သွားရောက်ကြည့်သောအခါ အုပ်နှစ်ချပ်မှာ တစ်ထပ်တည်း ပြန်ဖြစ်နေသည်ကို တွေ့ကြရသည်။

မကျေနပ်၍ နောက်တစ်ကြိမ် တစ်နေရာစီ ရွှေ့ထားခဲ့ပြီး နောက်တစ်ရက်၌ သွားရောက်ကြည့်ရှုသောအခါတွင် အုတ်နှစ်ချပ်မှာ တစ်ထပ်တည်း ပြန်ဖြစ်နေသည်ကို အံ့သြစွာ တွေ့ကြရသည်။

အချို့က မကျေနပ်သဖြင့် တစ်ကြိမ်မှနှစ်ကြိမ်၊ နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



မှ သုံးကြိမ်တိုင်အောင် အုတ်နှစ်ချပ်ကို ခွဲထားပါက အိပ်မက်ဆိုးများ၊ အတိတ်နိမိတ်ဆိုးများနှင့် ကြုံတွေ့ရလေသည်။

မြင်းကတောင်နှင့် မနီးမဝေး၌ ရှိသော မြင်းကတောင်ရွာမှ လူတစ်ယောက်သည် ထင်းခြောက်ရှာဖွေရန်အတွက် တောင်ပေါ်သို့ တက်ရောက်လာရာ အပေါ်သို့ ရောက်သောအခါ ထပ်ထားသော အုတ်နှစ်ချပ်ကို တွေ့ရလေသည်။

"အင်း. . . လူကြီးတွေ ပြောပြောနေတဲ့ အုတ်နှစ်ချပ်ဆိုတာ ဒီနှစ်ချပ်ပဲ ဖြစ်ရမယ်၊ ဒီအုတ်နှစ်ချပ်ကို ခွဲထားလို့မရဘူးလို့ ပြောသံကြားတယ်၊ ဟုတ်မဟုတ် သိရအောင် ဒီအုတ်နှစ်ချပ်ကို တစ်နေရာစီ ခွဲထားကြည့်မယ်"

ဟု တစ်ယောက်တည်း စိတ်ကူးကာ ထပ်နေသော အုတ်နှစ်ချပ်ကို တစ်နေရာစီ ခွဲထားခဲ့ပြီး ထင်းခြောက်ကောက်ကာ ရွာသို့ ပြန်သွားလေသည်။

ညအချိန်ရောက်သောအခါ ထူးဆန်းသောအိပ်မက်ကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် လူမည်းကြီးများက သူရွှေ့ထားခဲ့သော အုတ်နှစ်ချပ်ကို မ,ယူလာပြီး ယခင်အတိုင်းဖြစ်အောင် နှစ်ချပ်ပြန်ထပ်နေသည်ကို တွေ့ရသည်။

နောက်တစ်နေ့တွင် ထင်းခြောက်ကောက်ရင်း မိမိရွှေ့ထားခဲ့သော အုတ်နှစ်ချပ်အခြေအနေကိုလည်း သိလိုသဖြင့် တောင်ပေါ်သို့ တက်သွားသောအခါ သူရွှေ့ထားခဲ့သော အုတ်နှစ်ချပ်မှာ မူလအတိုင်း ပြန်ထပ်နေသည်ကို အံ့သြစွာ တွေ့ရ





လေသည်။

ထို့ကြောင့်. . .

မကျေနပ်သဖြင့် နောက်တစ်ကြိမ်၌ ကိုထက်ဝေးသော နေရာသို့ ရွှေ့ထားခဲ့ကာ တောင်ပေါ်မှ ပြန်ဆင်းခဲ့လေသည်။

ညရောက်သောအခါ ယခင်ညအတိုင်း လူမည်းကြီးများက တောင်အောက်မှ ထွက်လာကြပြီး အုတ်ချပ်များကို ယခင်အတိုင်း ဖြစ်အောင် ရွှေ့ပြောင်းသယ်ယူနေသည်ကို မြင်ရပြန်၏။

နံနက်လင်း၍ တောင်ပေါ်တက်ကြည့်သောအခါ အုတ်နှစ်ချပ်မှာ လူတစ်ယောက် ထပ်ထားခဲ့သည့်အတိုင်း ယခင်မူလအတိုင်း ပြန်ရောက်နေသည်ကို တွေ့ရပြန်သဖြင့် နောက်ထပ်တစ်ကြိမ်တွင် အတော်ဝေးဝေးရောက်အောင် သယ်ယူကာ ထားခဲ့ပြန်လေသည်။

တတိယမြောက်ညမှာတော့ သူ့နေထိုင်ရာတဲသို့ လူမည်းကြီးနှစ်ယောက် ရောက်လာပြီး ထန်းရည်အိုး၊ ဆီအိုး၊ ဆန်အိုးများကို တုတ်များဖြင့် လိုက်လံရိုက်ခွဲနေသည်ကို လှမ်းမြင်ရသည်။ အိုးများကို ရိုက်ခွဲနေသောအသံများကိုလည်း အတိုင်းသား ကြားနေရလေသည်။

ထိုလူလည်း မိမိမှာ အပြစ်ရှိမှန်း သိသောကြောင့် နေရာမှ မထဝံ့ဘဲ ခေါင်းမြီးခြုံကာ ဝပ်နေရလေသည်။

လူမည်းကြီးနှစ်ယောက်တို့မှာ ရေအိုး၊ ဆီအိုး၊ ဆန်အိုး၊ ထန်းရည်အိုးတို့ကို တစ်လုံးမကျန် လိုက်လံရိုက်ခွဲနေရုံမက အိမ်တိုင်များကို ဆွဲကိုင်လှုပ်ခြင်း၊ နံရံများကို တဖုန်းဖုန်းမြည်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထုခြင်းများဖြင့် တစ်ညလုံး မအိပ်ရအောင် ဆူညံနေလေတော့သည်။

နောက်ဆုံး အရုဏ်တက်ချိန်ရောက်တော့မှ ပြန်ထွက်သွားလေရာ ထိုအခါမှ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

နံနက်အလင်းရောင် ရသောအခါမှ ထဝံ့ပြီး ၎င်းအိမ်ပတ်ဝန်းကျင်သို့ လိုက်လံကြည့်ရှုသောအခါ ရေအိုး၊ ဆီအိုး၊ ဆန်အိုး၊ ထန်းရည်အိုးများမှာ တစ်လုံးမကျန် စေ့စေ့ညက်ညက် ကြေကာ ကွဲလျက်ရှိပြီး အိမ်ထရံမှာလည်း အောက်သို့ ပြုတ်ကျနေသည်အထိ ပျက်စီးနေလေသည်။

ညက တစ်ညလုံး ဆူညံသံ ကြားရသဖြင့် သူ့အိမ်သို့ ဓားပြဝင်ရောက်တိုက်နေပြီ ထင်သောကြောင့် မထွက်ဝံ့သော ရွာသူရွာသားများ ရောက်လာကြကာ ပျက်စီးနေသည့် အခြေအနေများကို မြင်ရသောအခါ အံ့သြသွားကြလေသည်။

အချို့ကလည်း အခြေအနေ အကျိုးအကြောင်း မေးကြသောအခါ ထိုလူမှာ ဘာပြန်ပြောရမှန်း မသိအောင် ရှိနေတော့သည်။

"မောင်မြ. . . မင်းအိမ်ကို ညက ဓားပြဝင်တာ မဟုတ်လား၊ ဒီဓားပြက ရှိတဲ့ပစ္စည်း မယူဘဲ ဘာကြောင့် ရှိတဲ့အိုးတွေ ရိုက်ခွဲသွားတာလဲဟဲ့"

"ကျုပ်. . . ကျုပ်လည်း မသိတော့ပါဘူးဗျာ"

ဟုသာ ပြန်ပြောရလေသည်။





ထိုအချိန်မှစ၍ မောင်မြဆိုသူမှာ တောင်ပေါ်မှ အုတ်နှစ်ချပ်ကို နေရာရွှေ့ဖို့ အသာထား၊ မြင်းကတောင်ပေါ်သို့ပင် မတက်ဝံ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# ရွှေတောင်ငွေတောင်သိုက်မှ ရတနာပစ္စည်းငှားသူ

ညောင်ပင်ကျင်းရွာသည် ရှေးဟောင်းရွာတစ်ရွာ ဖြစ်လေသည်။ ညောင်ပင်ကျင်းရွာ၌ နေထိုင်ကြသူများမှာလည်း ထိုနယ်မှာမွေး ထိုနယ်မှာ ကြီးပြင်းကာ မိရိုးဖလာလုပ်ငန်းများ လုပ်ကိုင်ကာ စားသောက်ကြသူ များလေသည်။

လယ်လုပ်သူ၊ ယာစိုက်သူ၊ ယက္ကန်းစင်ထောင်သူ၊ ဆန်းတောများ ပိုင်ဆိုင်ကာ ထန်းရည်၊ ထန်းလျက်လုပ်ငန်းလုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကောင်းတဲ့သူငယ်ပဲ၊ ဒီအတိုင်း ကြိုးစားသွားရင် တစ်နေ့ကျရင် မင်းလိုချင်တဲ့လမ်းကို ရောက်နိုင်ပါတယ်၊ လောကမှာ ဝိဇ္ဇာအစစ်ကို တွေ့ပါလျက်နဲ့ ဝိဇ္ဇာမှန်း မသိလို့ အခွင့်အရေးကောင်းတစ်ခု ဆုံးရှုံးရတဲ့ သာဓကတွေ အများကြီးရှိတယ်၊ အဲဒီအထဲက ဒီပုပ္ပားတောင်တဝိုက်မှာ ဖြစ်ခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန်သာဓကတစ်ခုကို ငါပြောပြမယ်"

ဟု အောက်ပါအကြောင်းကို ပြောပြလေသည်။

တစ်နေ့သ၌ ပုပ္ပားတောင်ကြီးအနီး၌ တောရွာတစ်ရွာမှ လယ်ယာလုပ်ကိုင်စားသောက်သူတစ်ဦး ရှိလေသည်။

ထိုသူသည် စိတ်သဘောဖြူစင်ရိုးသားသော်လည်း ဖဲကစားရာမှာ ဝါသနာပါလှသောကြောင့် စီးပွားရေးအရ ချွတ်ခြုံကျကာ နာလန်မထူနိုင်အောင် ရှိနေတော့သည်။

သူသည် လယ်ယာလုပ်ငန်းဖြင့် စီးပွားရေး အဆင်ပြေစဉ်က ဘုရားတရားအလုပ်ကို တတ်အားသမျှ လုပ်နိုင်သော်လည်း ယခုကဲ့သို့ ဖဲရှုံး၍ နာလန်မထူနိုင်အောင် ရှိနေသောအခါ ဘုရားတရားအလုပ် လုပ်နိုင်ဖို့ဝေးစွ၊ ဘုရားပင် မရှိခိုးနိုင်တော့ပေ။

နောက်ဆုံးတော့ ထိုသူသည် ဖဲရှုံးလွန်းသဖြင့် လယ်နှင့်တဲကို အခြားသူများလက်သို့ အပ်ခဲ့ရပြီးနောက် ပုပ္ပါးတောင်တောထဲသို့ တဲထိုး၍သွားနေရလေသည်။

တစ်နေ့သောအခါ သူနေသောတဲသို့ ဧည့်သည်တစ်ဦး ရောက်လာလေသည်။





ထိုသူသည် ဆင်းရဲနေသော်လည်း စိတ်သဘောမနော ကောင်းသူမို့ တောထဲသို့ ထူးထူးခြားခြား ရောက်လာသော ဧည့်သည်ကို တဲအတွင်းသို့ ခေါ်ကာ နေရာထိုင်ခင်းပေးကာ. . .

"ဧည့်သည်ကြီး တဲအတွင်းမှာ စိတ်ချမ်းသာသလို နားနေပါ၊ ပြီးရင် ထမင်းသုံးဆောင်ဖို့ ပြင်ပေးပါ့မယ်"

ဟု ပြောလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . ကျုပ် ထမင်းစားခဲ့ပြီးပါပြီ၊ ငှက်ပျောသီး ရှိရင်သာ တစ်လုံးလောက် ပေးပါဗျာ"

"တောထဲက ခုတ်ယူထားတဲ့ ငှက်ပျောတစ်ခိုင်တော့ ရှိပါတယ်၊ သိပ်မမှည့်သေးလို့ ထားတာ၊ စားချင်သပဆိုရင်လည်း စားနိုင်ပါတယ်"

ဟု ပြောကာ တစ်ဝက်သာ မှည့်သေးသော ငှက်ပျောသီးကို ယူပေးလိုက်ရာ ဧည့်သည်လက်ဖြင့် ထိလိုက်သောအခါ အစိမ်းရောင်များ ပျောက်သွားပြီး တစ်ခိုင်လုံး ဝင်းမှည့်သွားကာ ရနံ့များလည်း သင်းပျံ့လာလေတော့သည်။

ထိုသို့ ရုတ်တရက် ပြောင်းလဲသွားသည်ကို အိမ်ရှင်က သတိမပြုလိုက်မိပေ။

ဧည့်သည်က ငှက်ပျောသီးတစ်လုံးကို စားနေရင်း. . .

"ဒါထက် ရှေ့မှာ ချည်ထားတာ ကျွဲဘယ်နှကောင်လဲဗျ"

ဟု မေးလေသည်။

"အထီးလေးကောင်. . . အမနှစ်ကောင်ပါ"

"ဟုတ်ရဲ့လားဗျ. . . ကျုပ်ဝင်လာစက ကြည့်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အချို့က ဆရာကြီး ဦးဘသာထံ လာ၍အပူကပ်ကြလေသည်။

"ဟဲ့. . . ဘာကိစ္စရှိကြလို့လဲ"

"ဆရာကြီးဆီမှာ အကူအညီတောင်းချင်လို့ပါ ဆရာကြီးရယ်"

"ဘယ်လို အကူအညီမျိုးလဲကွယ့်"

"တစ်ခြားတော့ မဟုတ်ပါဘူး ဆရာကြီးရယ်. . အခု အလှူရက်ကလည်း နီးလာပြီဆိုတော့ ရှင်လောင်းတွေကို ဆင်ပေးဖို့ လက်ဝတ်လက်စားလေးတွေ လိုချင်လို့ပါ"

"ငါက ဘယ်လိုလုပ်ပေးရမှာလဲ"

"ရွှေတွင်းတောင် ငွေတွင်းတောင်မှာ လက်ဝတ်လက်စား ရတနာပစ္စည်းလေးတွေ ခဏလောက် ငှားပေးပါ ဆရာကြီးရယ်"

ရွှေတွင်းတောင် ငွေတွင်းတောင်မှာ ညောင်ပင်ကျင်းရွာ၏တောင်ဘက်၌ ရှိပြီး တောင်နှစ်လုံးမှာ တဆက်တည်း ဖြစ်လေသည်။

ဂုဏ်တောင်နှစ်လုံး၌ ရွှေတွင်းတောင် ငွေတွင်းတောင် သိုက်ရှိသည်ဟု နာမည်ကြီးလှပြီး နယ်မြေကြမ်းသောနေရာလည်း ဖြစ်လေသည်။

ကျွဲကျောင်း၊ နွားကျောင်းသွားသူများ၊ ထင်းရှာဖွေရန်သွားကြသူများမှာ တောင်ပေါ်တောင်အောက်ဝန်းကျင်၌ အညစ်အကြေးစွန့်ခြင်း၊ အမှားအယွင်း တစ်စုံတစ်ရာ ပြုလုပ်မိပါက ကြောက်မက်ဖွယ်ရာမြင်ကွင်းများ၊





ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ကာ သေပြေးရှင်ပြေး ပြေးကြရလေရာ တော်ရုံအကြောင်းကိစ္စကြီးငယ် မရှိပါဘဲ မသွားလာဝံ့သောနေရာလည်း ဖြစ်သည်။

တစ်ခါတစ်ရံ ထိုတောင်များပေါ်သို့ အဓိဋ္ဌာန်ဝင်ရန် လာသူများ ရှိခဲ့ဖူးသည်။

သို့သော် အဓိဋ္ဌာန်မပြည့်မီ ပြန်ပြေးရသည်က များလေသည်။ အချို့သိုက်ဆရာများလည်း လာရောက်ကာ သိုက်တူးရန် ကြိုးစားကြလေသည်။

လာသည့်လူတိုင်း အောင်မြင်သည်ဟု တစ်ကြိမ်တစ်ခါမှ မကြားရဘဲ မရှုမလှဖြစ်ကာ ပြန်ပြေးကြရသည်က များလေသည်။

ထိုတောင်နှစ်လုံးပေါ်သို့ မကြောက်မရွံ့နှင့်တစ်ယောက်တည်း သွားလာဝံ့သူ တစ်ဦးတော့ ရှိပေသည်။

အခြားမဟုတ်ပေ. . .။

ညောင်ပင်ကျင်းရွာမှ ဆေးဆရာကြီး ဦးဘသာပင် ဖြစ်လေသည်။ အခြားသူများ မသွားလာဝံ့သော ရွှေတွင်းတောင်၊ ငွေတွင်းတောင်ပေါ်သို့ တစ်ယောက်တည်း သွားကာ ဆေးပင်များ ရှာဖွေခြင်း၊ တစ်ခါတစ်ရံ တောင်ပေါ်၌ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်လေသည်။ ဦးဘသာသည် ထိုတောင်များပေါ်သို့ တစ်ယောက်တည်း သွားလာလေ့ရှိသော်လည်း အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့ရသည်ဟုတော့ မကြားရပေ။

သို့ကြောင့်လည်း ရွာသူရွာသားများက သူ့ရှိရာသို့ လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကာ အပူကပ်ကြခြင်းဖြစ်လေသည်။

"တစ်ကြိမ်တစ်ခါတော့ သွားငှားပေးပါ ဆရာကြီးရယ်၊ ပစ္စည်းတွေ မပျောက်ပျက်အောင်လည်း ဂရုစိုက်ပြီး ထိန်းသိမ်းပေးပါ့မယ်၊ အခုပွဲက ကိုယ့်ရွာထဲက လူတွေချည်း လုပ်တဲ့ပွဲ မဟုတ်ဘဲ တနယ်တကျေးက လူတွေ ပါလာကြမှာမို့ တင့်တင့်တယ်တယ် ဖြစ်စေချင်လို့ပါ"

ဟု လာရောက် အပူကပ်ကြလေရာ ဆရာကြီး ဦးဘသာလည်း မနေသာတော့ဘဲ သွားရောက်ငှားရမ်းပေးမည်ဟု ကတိပေးလိုက်ရလေသည်။ ထိုနေ့ညနေပိုင်းအချိန်လောက်ရောက်သောအခါ ဆရာကြီးဦးဘသာသည် ကျောင်းမှ ငွေဖလားတစ်လုံးကို ယူ၍ အခြားသူများ မရိပ်မိအောင် လျှို့ဝှက်စွာဖြင့် ရွှေတွင်းတောင် ငွေတွင်းတောင် ရှိရာဘက်သို့ ထွက်လာခဲ့လေသည်။

သူ့လွယ်အိတ်ထဲမှာတော့ ကွမ်းယာထုပ်၊ မီးခြစ်၊ ဖယောင်းတိုင်၊ ပုတီး၊ ကြေးစည် အစရှိသည်တို့ကို ယူဆောင်လာလေသည်။ ငွေတွင်းတောင်ခြေသို့ ရောက်သောအခါ နေဝင်ချိန် ရောက်လေပြီ။

သူသည် တောင်ခြေသို့ ရောက်သောအခါ ခါတိုင်းတက်နေကျအတိုင်း အရှေ့ဘက်မှ တောင်ပေါ်သို့ တက်လာခဲ့သည်။

တောင်မှာ သိပ်မမြင့်သောကြောင့် ညဦးပိုင်းအချိန်လောက်မှာပင် တောင်ထိပ်ရင်ပြင်ပေါ်သို့ ရောက်လာသည်။

တောင်ထိပ်ပေါ်တွင် အချို့နေရာများ၌ သစ်ပင်နှင့် ချုံ





တ်များ ရှိပြီး အချို့နေရာများတွင် ကျောက်တုံးကျောက်ချပ်များ ပ်လေသည်။ လဆန်းရက်ဖြစ်သဖြင့် ညဦးပိုင်း ထွက်လာသော သရောင်က တောင်ထိပ်ရင်ပြင်တစ်ဝိုက်သို့ ဖြာကျနေသည်။

နှင်းရည်နှင်းစက်များ ဖျန်းထားသော ကျောက်တုံး ကျောက်ပြားများပေါ်သို့ လရောင်ဖြာကျနေသည်မှာ ငွေရောင်ချပ်များ ဖြန့်ခင်းထားသကဲ့သို့ ရှိလေသည်။

ဦးဘသာသည် တောင်ထိပ်ရင်ပြင်ပေါ်သို့ ရောက်သောအခါ ခါတိုင်းထိုင်နေကျဖြစ်သော လေကွယ်သည့် ကျောက်တုံးကြီးတစ်တုံး၏နံဘေး၌ နေရာယူ၍ ကျောက်ပြားပေါ်၌ ဖယောင်းတိုင်မီးများကို ထွန်းညှိလေသည်။

ထိုသို့ထွန်းပြီးသောအခါ အသင့်ယူဆောင်လာသော ငွေဖလားကို မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တင်ထားလိုက်သည်။

ဖယောင်းတိုင်များ ထွန်း၍ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ပြီးနောက် တောင်ပေါ်တောင်အောက်ရှိ မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်များကို ရည်စူး၍ မေတ္တာပို့ပေးခြင်း၊ အမျှအတန်း ပေးဝေခြင်းများကို ပြုနေကျဝတ္တရားအတိုင်း ပြုလုပ်လေသည်။

မေတ္တာပို့ အမျှအတန်းဝေပြီး၍ ကြေးစည်ထုလိုက်သောအချိန်တွင် တောင်အောက်မှ တရွေ့ရွေ့ တက်လာသော ဖြူဖြူ သဏ္ဌာန်ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်း ရောက်လာ၍ ကြည့်လိုက်သောအခါ အဝတ်ဖြူများ ဝတ်ဆင်၍ ခေါင်းပေါင်းပေါင်းထားသော အရပ်မြင့်မြင့်နှင့် လူကြီးတစ်ယောက်ကို မြင်ရလေသည်။

"တောင်ပိုင်ကြီး မှတ်တယ်"

"ဟုတ်ပါ့ဗျာ"

"ကျုပ်ပေးပို့တဲ့မေတ္တာနဲ့ အမျှအတန်း အဖို့ဘာဂတွေ ရရဲ့မဟုတ်လား"

"ရပါ့ဗျာ. . ."

"ဘယ်လိုကိစ္စ ရှိလို့များ ကြွလာရတာလဲ"

"ပြောစရာစကားလေး ရှိလို့ပါ"

"ပြောစရာရှိရင်တော့ ပြောပါဗျာ"

"အခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေကြီး ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ဂုဏ်တော်ပရိတ်တွေ၊ ပဋ္ဌာန်းတရားတော်တွေကို ကြားနာရတာ ကောင်းပါတယ်၊ ဒါပေမယ့် ပဋ္ဌာန်းဂုဏ်တော်ကို အနုလုံပဋိလုံ ရွတ်တော့ ခင်ဗျားကိစ္စအတွက် အကူအညီပေးချင်တဲ့ ပရလောကသားတွေက အနားလာလို့ ဘယ်ရတော့မှာလဲ"

ထိုစကားကြားသောအခါမှ ပဋ္ဌာန်းတရားတော်ကို အနုလုံပဋိလုံ (၃)ခေါက် ရွတ်ဆိုလိုက်မိသည်ကို သတိပြုမိသွားသည်။

မိမိအနေနှင့် ရွတ်ပွားစဉ်က အခြားရည်ရွယ်ချက် မရှိဘဲ ဂုဏ်တော်ကိုသာ အာရုံပြု၍ ရွတ်ပွားလိုက်သော်လည်း ယခု တောင်ပိုင်ကြီး လာပြောပြတော့မှ ထိုကဲ့သို့ ရွတ်မိခြင်းအတွက် လွန်သွားမှန်း သတိပြုမိတော့သည်။





"မိတ်ဆွေကြီးက ပဋ္ဌာန်းတရားတော်ကို အနုလုံ ပဋိလုံ သုံးခေါက်ပြည့်အောင် ရွတ်လိုက်တော့ စည်းချလိုက်သလို ဖြစ်သွားတယ်၊ အဲဒါကြောင့် မိတ်ဆွေကြီးရဲ့အနားကို ဘယ်သူမှ ကပ်လိုက်လာလို့ မရတော့ဘူး၊ ဒီလိုကပ်နိုင်ဖို့နေနေသာ တောင်ပေါ်မှာ ရှိတဲ့ ပရလောကသားတွေတောင် တောင်အောက်ဆင်းပြီး ဝေးဝေးသွားနေကြရတယ်၊ မိတ်ဆွေကြီး အန္တရာယ်မရှိဖို့ သမ္မာဒေဝနတ်တွေက ဆင်းပြီးကာပေးထားရတယ်"

ထိုစကားကြားသောအခါ အတော့်ကို စိတ်မကောင်း ဖြစ်သွားမိသည်။

"ကျုပ်လာတာ သူတို့ကို ဒုက္ခပေးဖို့မဟုတ်ပါဘူး၊ ကိစ္စ ဘစ်ခုရှိလို့ လာတာပါ၊ ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ဒါကတော့ မိတ်ဆွေကြီးအနေနဲ့ သူတို့အပေါ်မှာ မဆွရိ သ,စိတ်ထားပြီး တမင်ရည်ရွယ်တာ မဟုတ်လို့ သူတို့အဖို့ နည်းနည်းတော့ သက်သာတာပေါ့၊ ပဋ္ဌာန်းတရားတော်ကို အနုလုံ ပဋိလုံ ရွတ်တဲ့အခါမှာ တစ်စုံတစ်ယောက်ကို ရည်စူးပြီး ရွတ်ခဲ့ရင် အဲဒီလူဟာ အထိနာတယ်ဆိုတာကို မမေ့စေချင်ဘူး"

"ကောင်းပါပြီ. . . နောက်ဆိုရင် သတိထားပါ့မယ်"

"ဒီတော့ သူတို့ကို အနားပြန်လာလို့ရအောင် မိတ်ဆွေကြီးက မေတ္တာသုတ်ပရိတ်တော်ကို (၃)ခေါက်ပြည့်အောင် ရွတ်ပေးလိုက်ရင်ဖြင့် သူတို့တစ်တွေ မူလနေရာကို ပြန်လာလို့ရကြမှာပါ"

"ကောင်းပါပြီ. . . ကောင်းပါပြီ၊ အခုလို လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပေးတာ တောင်ပိုင်ကြီးကို ကျေးဇူးတင်ပါတယ်ဗျာ၊ တလက်စထဲ မှာလိုက်ပါရစေ၊ မနက်ဖြန် ကျုပ်တို့ရွာမှာ အလှူပွဲ စပါမယ်၊ သန်ဘက်ခါတော့ အလှူပွဲကြီးပေါ့ဗျာ၊ ရေစက်ချ တရားနာတဲ့ပွဲကို ကြွရောက်ဖို့ ဖိတ်ခဲ့ပါရစေ"

"အခုလို ဖိတ်ကြားတာ ကျေးဇူးတင်ပါတယ်၊ အခြား တာဝန်တွေ မရှိရင်ဖြင့် ရောက်အောင် လာခဲ့ပါ့မယ်ဗျာ"

ဟု ပြောကာ တောင်ပေါ်မှ တရွေ့ရွေ့နှင့် ပြန်လည် ဆင်းသွားလေတော့သည်။

ထိုအခါမှ ဦးဘသာလည်း နောက်ထပ် ဖယောင်းတိုင် မီးများကို ထပ်ထွန်း၍ မေတ္တာသုတ် ပရိတ်တော်များကို (၃) ခေါက်ပြည့်အောင် ရွတ်ဖတ်လေသည်။

ထိုသို့ရွတ်ဖတ်လိုက်သောအခါ နေရာအနှံ့မှ တောင် ပေါ်သို့ ပြန်တက်လာကြသောခြေသံများကို ကြားလာရသည်။

သို့သော် မျက်လုံးဖွင့်မကြည့်တော့ဘဲ ရွတ်မြဲရွတ်နေပြီး အားလုံးပြီးတော့ မေတ္တာပို့သခြင်း၊ အမျှအတန်းများ ပေးဝေလိုက် သည်။

"ဤအရပ် ဤဒေသမှာ ရှိသော ဤတောင်အတွင်း အပြင်ဝန်းကျင်၌ ရှိကြကုန်သော မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ် သောပုဂ္ဂိုလ်များ၊ သိုက်စောင့်ပုဂ္ဂိုလ်နှင့် ဝိညာဉ်လောကသား အပေါင်းတို့အား အမျှအတန်းများ ပေးဝေပါ၏။

ဆောက်တည်ရသော သီလကုသိုလ်. . .

ပွားများရွတ်ဆိုရသော ဘာဝနာကုသိုလ်. . .





မေတ္တာအကျိုးတရားတို့ကို အဖို့အမျှ ရကြပြီး ချမ်းသာ ကြပါစေ"

ဟု မေတ္တာပို့သလိုက်ပြီး ကြေးစည်ကို သုံးချက်ထုခတ် လိုက်သည်။

"နောင်ဝေဝေ. . . နောင်ဝေဝေ. . . နောင်ဝေဝေ"

အတန်ကြာသောအခါမှ မျက်လုံးဖွင့်ကြည့်လိုက်သော အခါ ပိုးပဝါခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ပိုးလုံချည်တို့ကို ဝတ်ဆင် ထားသော လူကြီးတစ်ယောက်မှ သူ့နှင့် မနီးမဝေးနေရာမှာ ရပ် နေသည်ကို တွေ့ရလေသည်။

ထိုလူကြီးမှာ ရှေးမြန်မာကြီးများပုံအတိုင်း နှုတ်ခမ်းမွေး ကားကားနှင့် တည်ကြည်ခန့်ညားသော သွင်ပြင်လက္ခဏာ ရှိလေ သည်။

"ဘယ်လိုပုဂ္ဂိုလ်များပါလိမ့်"

"ကျုပ်က ရွှေတောင်ငွေတောင်သိုက်က အကြီးအကဲပါ ပဲ"

"ကျုပ်ပေးပို့တဲ့ မေတ္တာတရားနဲ့ အမျှအတန်းများကို ရော ရပါရဲ့လား"

"ရပါတယ်. . . စောစောကတော့ ဟိုခပ်ဝေးဝေးနေရာ မှာ ခဏသွားနေရပါတယ်၊ အခုမှ ပြန်လာနိုင်တာပါ"

"ကျုပ်တောင်းပန်ပါတယ်၊ မသိလို့ ပြုမိတာပါ. . . သည်းခံပါ"

"ရပါတယ်လေ. . . မစ္ဆရိယစိတ်နဲ့ တမင်ရည်ရွယ်ပြီး ပြု



www.burmeseclassic.com

www.burmeseclassic.com



တာမှ မဟုတ်တာ. . . ခွင့်လွှတ်ပါတယ်၊ ဒါထက် ဘယ်လို အကြောင်းကိစ္စရှိလို့ ဒီနေရာကို လာရတယ်ဆိုတာလည်း သိပါရစေ"

ထိုစကားကြောင့် ဦးဘသာမှာ များစွာအားတက်သွားမိလေသည်။ ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ ဖြစ်သွားလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ မနက်ဖြန် ကျုပ်တို့ရွာမှာ အလှူပွဲ ရှိပါတယ်၊ ဆင်းရဲချို့တဲ့သူတွေရဲ့သားသမီးတွေကို ရှင်ပြုပေးမယ့်ပွဲပါ။ အဲဒီပွဲမှာ မောင်ရှင်လောင်းတွေကို ဆင်မြန်းဖို့အတွက် မိတ်ဆွေကြီးတို့ဆီက ရွှေငွေလက်ဝတ်ရတနာတွေကို ခေတ္တခဏ ငှားရမ်းချင်လို့ပါ"

ဦးဘသာစကား ကြားသောအခါ မလှမ်းမကမ်း၌ ရပ်နေသောလူကြီးက အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ. . .

"မြတ်စွာဘုရားအတွက် ရည်စူးထားတဲ့ ရတနာပစ္စည်းတွေကတော့ ကျုပ်တို့အနေနဲ့ ငှားရမ်းခွင့် မရှိပါဘူး၊ ကျုပ်တို့ပိုင်ဆိုင်တဲ့ပစ္စည်းတွေကိုတော့ ခေတ္တခဏ ငှားရမ်းလို့ ရနိုင်ပါတယ်"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီပစ္စည်းတွေကို ငှားရမ်းယူသွားပြီးရင် ငှားတဲ့လူက တစ်ခုမကျန် ပြန်ပို့ပေးရတယ်၊ တကယ်လို့ တစ်စုံတစ်ယောက်က မရိုးမဖြောင့်တဲ့စိတ်နဲ့ ယူထား





မိရင် အန္တရာယ်ရှိနိုင်တယ်"

"စိတ်ချပါ. . . မပျောက်ပျက်စေရပါဘူး၊ အသုံးပြုပြီးတာနဲ့ ကျုပ်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်"

"ကောင်းပြီလေ. . . ဒီစကားကိုသာ မမေ့ပါနဲ့၊ မိုးမလင်းခင် မိတ်ဆွေကြီး အလိုရှိတဲ့ရတနာပစ္စည်းတွေကို ကလေးတွေနဲ့ ပို့ခိုင်းလိုက်ပါ့မယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ တလက်စထဲ ဖိတ်လိုက်ပါရစေ၊ အလှူပွဲ ရေစက်ချ တရားနာတဲ့အခါ ကြွရောက်ဖို့ တရားနာယူဖို့ ဖိတ်ပါရစေ"

"ကောင်းပါပြီ. . . အခြားအန္တရာယ် အနှောင့်အယှက်တွေ မပေါ်ဘူးဆိုရင်တော့ ကျုပ်တို့ လာခဲ့ပါ့မယ်"

ဟု ပြောဆိုကာ တရွေ့ရွေ့နှင့် ပြန်လည်ထွက်ခွာသွားရာ ခဏကြာတော့ အမှောင်ထဲ၌ ပျောက်သွားလေသည်။

ဦးဘသာလည်း အသင့်ဆောင်ယူလာသော ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် မီးထွန်းညှိကာ ပုတီးစိပ်လေတော့သည်။ ညဉ့်နက်ပိုင်း ရောက်လာတော့ အအေးဓါတ်က ပိုလာသည်။

တောင်ရှင်ပြင်တစ်ဝိုက်မှာ လေတိုက်နှုန်းက ပိုများလာသည်။ လေတိုက်ရာ၌ နှင်းမှုန်နှင်းစက်များ ပါလာသောကြောင့် ပို၍အေးလာခြင်းဖြစ်သည်။

သို့သော်လည်း ကျောက်တုံးကြီးအကွယ်၌ နေရာယူထားသောကြောင့် လေကွယ်နှင်းကွယ် ဖြစ်နေကာ အအေး



www.burmeseclassic.com

www.burmeseclassic.com

သက်သာနေသည်။ သန်းခေါင်ယံအချိန်အထိ မည်သည့်ထူးခြားမှုမျိုးမှ နောက်ထပ်မတွေ့ရတော့ဘဲ တောင်ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

သန်းခေါင်ယံအချိန် ကျော်သောအခါ တောင်ပေါ်သို့ မိန်းကလေးသုံးဦး တက်လာသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

ထိုမိန်းကလေးသုံးဦးမှာ အသက်နှစ်ဆယ်ခန့်အရွယ် ရှိကြပြီး အရွယ်တူ၊ ရုပ်ရည်တူ၊ ဝတ်စားဆင်ယင်မှုကလည်း တူကြလေသည်။

ရင်းတို့သုံးဦးက ဦးဘသာ ပုတီးစိပ်နေသောနေရာသို့ မလာကြဘဲ ငွေခွက်တင်ထားသောနေရာသို့ သွားကာ လက်ထဲမှာ ကိုင်လာသောအထုပ်များကို ထည့်ထားပြီးသောနောက် တောင်အောက်သို့ ပြန်ဆင်းသွားကြလေသည်။

အရုဏ်တက်ချိန် ရောက်သဖြင့် ပုတီးစိပ်ခြင်းအလုပ်ကို ရပ်နားကာ ပစ္စည်းများကို သိမ်းဆည်းပြီးနောက် မိမိချထားသော ငွေဖလား ရှိရာသို့ သွားရောက်ကြည့်ရှုသောအခါ ပဝါဖြင့် ထုပ်ထားသော အထုပ်သုံးထုပ်ကို တွေ့မြင်ရလေသည်။

ဦးဘသာလည်း ထိုအထုပ်များကို မြင်သည်နှင့် ရတနာပစ္စည်းထုပ်မှန်း သိသဖြင့် လွယ်အိတ်အတွင်းသို့ ထည့်ကာ တောင်အောက်သို့ ပြန်ဆင်းလာခဲ့လေသည်။

☺ အောင်မြင်စာပေ ☺



# အခန်း(၄)

# ပစ္စည်းငှားသူနှင့် ထူးဆန်းသောကတိသစ္စာ

ရှင်လောင်းပြင်ဆင်မည့်အချိန် ရောက်သောအခါ ကာယကံရှင် မိဘသားချင်းများက ဦးဘသာထံသို့ လာရောက်ကာ လက်ဝတ်ရတနာပစ္စည်းများ လာရောက်ငှားရမ်းကြရလေသည်။

ထိုသို့ငှားရာမှာလည်း ဒီအတိုင်း ယူရသည်မဟုတ်ဘဲ ရုပ်မလေး ရွာမလေးထုံးစံအရ စပေါ်တင်ပြီးမှ ယူကြရခြင်းဖြစ်သည်။ စပေါ်ပစ္စည်းကတော့ အခြားမဟုတ်ပေ။

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်တစ်ပွဲပေါ်၌ ပန်းတစ်ပွင့် တင်၍ ဦးဘသာထံသို့ ပေးအပ်ရသည်။

ဦးဘသာက ထိုလက်ဖက်ပွဲများကို နာမည်စာရင်း ရေးမှတ်ထားရုံမက လက်ဝတ်ရတနာများကိုလည်း စာရင်းရေးမှတ်ကာ ကာယကံရှင်များလက်သို့ အပ်လေသည်။

ရတနာပစ္စည်းများကတော့ အမျိုးအမယ် စုံလှပေသည်။ နားဋ္ဌောင်း၊ ဆွဲကြိုး၊ ပုလဲပုတီး၊ လက်စွပ်၊ လက်ကောက်၊ ခြေကျင်း၊ ဘယက် စသည့် ရှေးလက်ရာများဖြင့် ပြုလုပ်ထားသော ရတနာပစ္စည်းများ ဖြစ်သလို ရွှေ၊ ငွေ၊ ပတ္တမြား၊ စိန်၊ ပုလဲ၊ အစရှိသည့် အဖိုးတန်ရတနာများမှာလည်း စုံလင်လှသည်။ ကာယကံရှင်များက ထိုရတနာပစ္စည်းများကို ဦးဘသာထံ၌ စာရင်းရေးမှတ်ပြီးမှ ယူကြရသည်။

ရှင်လောင်းလှည့်မည့် နေ့သို့ ရောက်သောအခါ ရှင်လောင်းတိုင်းမှာ ရွှေငွေလက်ဝတ်ရတနာများ ပြည့်စုံစွာ ဝတ်ဆင်ထားသည်ကို မြင်ရသောအခါ အခြားတနယ်တကျေးမှ လာရောက်ကြသည့် အလှူ့ရှင်နှင့် ဧည့်သည်များပင် တအံ့တသြဖြစ်ကြရလေသည်။

"ဟင်. . . ဒီရွာက ကလေးတွေ ဆင်းရဲတယ်သာ ဆိုတယ်၊ အခုတော့လည်း ရွှေငွေလက်ဝတ်ရတနာတွေ ဝတ်ထားလိုက်တာ ညွတ်နေတာပါပဲလား၊ တို့ရှင်လောင်းတွေထက်တောင်မှ သာနေသေးသဟ"

"ဟုတ်ပါရဲ့. . . ဝတ်ဆင်ထားတဲ့ ရတနာပစ္စည်းတွေက





လည်း အဖိုးတန်ရတနာတွေချည်းပဲ၊ ဘယ်က ရလို့များ ဝတ်ဆင်လာကြတာပါလိမ့်"

အလှူ့ရှင် ဦးဘသိုက် ပြောသောအခါ ၎င်းနှင့်အတူပါလာသော ညီဖြစ်သူ ကိုဘထိုက်က ထိုအကြောင်းကို မသိမသာ မေးမြန်းစုံစမ်းကြည့်လေသည်။

ရွာသူရွာသားများမှာ ထိုအကြောင်းကို ဘယ်သူကမှ မပြောလိုကြပေ၊ အချို့ကလည်း မပြောဝံ့ကြဟန်ရှိသည်။

အချို့ကတော့ အလှူ့ရှင်များ ဖြစ်သောကြောင့် အားနာသဖြင့် ဝေ့လည်ကြောင်ပတ် ပြောသည်။

"ကျုပ်တို့ပစ္စည်းတွေလည်း မဟုတ်ပါဘူးဗျာ၊ ရွာက ငှားဝတ်တာပါ"

"အားလုံးက ငှားဝတ်ကြတာလား"

"ဟုတ်တယ်ဗျ"

"ဘယ်သူ့ဆီက ငှားတာလဲ"

"ရွာမှာ ဆေးဆရာကြီးတစ်ယောက် ရှိတယ်၊ သူ့ဆီက ငှားဝတ်ကြတာပါ"

"ဟင်. . . သူက ဒီရွာမျိုးမှာ နေပြီး ဒီလောက်ချမ်းသာသတဲ့လား"

ဟု ဇဝေဇဝါဖြစ်ကာ စိတ်ထဲမှာ မကျေမနပ် ရှိသေးသဖြင့် ဆေးရာကြီးဦးဘသာအကြောင်းကို မသိမသာ စုံစမ်းကြည့်လေသည်။ ဆေးဆရာကြီး ဦးဘသာမှာ ရွာလယ်ပိုင်းလောက်တွင် ခြေတံရှည်အိမ်တစ်လုံးနှင့် နေထိုင်ပြီး သား



www.burmeseclassic.com

www.burmeseclassic.com

ထောက် သမီးခံ မရှိပေ၊ ၎င်းအိမ်၌ ဆရာကြီးထံမှ ဆေးပညာနှင့် အင်္ဂလိပ်ပညာများ သင်ယူရင်းနှင့် တစ်ခါတစ်ရံ လာရောက်နေထိုင်သော လူရွယ်နှစ်ယောက်တော့ ရှိသည်။

တစ်ယောက်က နီမောင်ဖြစ်ပြီး ကျန်တစ်ယောက်က ကျော်စွာဖြစ်သည်။ ၎င်းနှစ်ယောက်စလုံးမှာ ညောင်ပင်ကျင်းရွာမှ မဟုတ်ကြပေ။

နီမောင်က ဆည်ပေါက်ရွာသားဖြစ်ပြီး ကျော်စွာကတော့ ညောင်ကန်ရွာသားဖြစ်လေသည်။

နှစ်ယောက်စလုံးမှာ ရွာနီးချင်းလည်းဖြစ်၊ ငယ်သူငယ်ချင်းလည်း ဖြစ်သောကြောင့် ဆရာကြီးထံတွင် လာရောက်ပညာသင်ပြန်တော့လည်း အတူတူပင်ဖြစ်သည်။

ရှေးအခါ ဆည်ပေါက်ရွာ ကောင်းစားစဉ်က တစ်ရွာတည်းသားများ ဖြစ်ကြပြီး နောက်ပိုင်းခေတ်ကာလ အခြေအနေမကောင်းသဖြင့် နှစ်ရွာခွဲကြသောအခါမှ တစ်ယောက်တစ်ရွာစီဖြစ်သွားကြခြင်းဖြစ်၏။ ၎င်းတို့နှစ်ယောက်မှာ ရှင်ပြုတော့လည်း အတူတူ၊ ကိုရင်ဝတ်တော့လည်း အတူတူ၊ နောက် ဆရာကြီးထံ၌ စာသင်တော့လည်း အတူတူပင်ဖြစ်သည်။

နောက် အရွယ်ရောက်လာပြီး လူထွက်ကြကာ မိဘများအလုပ်ကို ဝိုင်းကူလုပ်ကြသောအခါ လူချင်း ကွဲသွားကြလေသည်။

ကျော်စွာမိဘများက ယက္ကန်းစင်များ ထောင်ထားပြီး ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသလို နီမောင်





မိဘများကလည်း မိဘဘိုးဘွားပိုင် ထန်းတောများ ပိုင်ဆိုင်ကာ လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြလေသည်။

သူတို့နှစ်ယောက်သည် ညီအစ်ကိုအရင်းပမာ ခင်မင်ကြပြီး အလုပ်ခွင် ရောက်နေသည့်အခါတွင် မတွေ့ကြရသော်လည်း အလုပ်နား၍ ဆရာကြီးဦးဘသာထံသို့ ရောက်သောအချိန်မှာတော့ ပြန်တွေ့ကြရလေသည်။ ဆရာကြီးဦးဘသာက အင်္ဂလိပ်ထိုးရန်အတွက်သော်လည်းကောင်း၊ ဆေးဝါးဖော်စပ်ရန် ဆေးပင်များ ရှာဖွေရန်အတွက်သော်လည်းကောင်း ပုပ္ပါးတောင်မကြီးတစ်ဝိုက်သို့ လှည့်လည်သွားလာသောအခါ ၎င်းတို့နှစ်ယောက်ကို အဖော်ခေါ်သွားလေ့ရှိသည်။

ထိုသို့ခေါ်သွားရင်းနှင့် ဆေးပင်၊ ဂမုန်းပင်များ တွေ့လျှင် လက်တွေ့ပြသပေးပြီး အသုံးပြုပုံများကိုပါ တစ်ခါတည်း ပြောပြပေးလေသည်။

"တောထဲမှာ ပေါက်နေတဲ့ သစ်ပင်တွေမှန်သမျှ အားလုံး ဆေးဖက်ဝင်ကြတဲ့အပင်တွေချည်းပဲ၊ ဘယ်လိုအသုံးပြုရမယ်ဆိုတာ မသိလို့သာ ရှိမယ်၊ သူ့နေရာနဲ့သူတော့ အသုံးဝင်တာချည်းပဲ"

ဆေးဆရာကြီးဦးဘသာသည် နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်ကို တူသားအရင်းများပမာ ချစ်ခင်သောကြောင့် ၎င်းတတ်ကျွမ်းသောပညာများကို စိတ်ရှည်လက်ရှည် သင်ကြားပေးလေရာ နီမောင်တို့နှစ်ယောက်ကလည်း အလုပ်အားသည်နှင့်တစ်ပြိုင်နက် ဦးဘသာအိမ်သို့ သွားကာ လိုအပ်သည်များကို



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ပေးရင်း နေထိုင်ကြလေသည်။

ကိုဘထိုက်သည် စီးပွားရေးသမား ကုန်သည်တစ်ယောက်ဖြစ်သဖြင့် လူတစ်ယောက်ကို အကဲခတ်ကြည့်ရုံနှင့် သိနိုင်လေရာ ဆေးဆရာဦးဘသာမှာ ယခုလောက် တန်ဖိုးရှိပြီး များပြားလှသည့် ရတနာပစ္စည်းများ ကိုယ်ပိုင်မရှိနိုင်ဟု ခန့်မှန်းမိလေသည်။ သို့တိုင်အောင် မကျေနပ်နိုင်သေးပဲ အလှူပွဲ ညပိုင်း အချိန်တွင် ဦးဘသာနှင့် နှစ်ယောက်ချင်း တွေ့နိုင်အောင် စီစဉ်ပြီး မေးမြန်းကြည့်လေသည်။

"အလှူဒကာလေး ဘာကိစ္စများ ရှိလို့ပါလဲ၊ ကြွပါ. . . ကြွပါ"

ဦးဘသာက ကိုဘထိုက် ရောက်လာသည်ကို မြင်သောအခါ တအံ့တဩ ဖြစ်နေဟန်ရှိလေသည်။

"ကိစ္စအထွေအထူးတော့ မရှိပါဘူး အဘရယ်၊ သိချင်တာလေးတွေ ရှိလို့ လာမေးကြည့်တာပါ"

"ဘာကိစ္စများပါလိမ့်. . . ရှင်လောင်းတွေ ဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာတွေကိစ္စကို သိချင်လို့ထင်ပါ့"

ဦးဘသာစကားကြောင့် ဒီတစ်ခါ အံ့ဩသွားရသူက ကိုဘထိုက်ပင် ဖြစ်သည်။

"အဘက ဘယ်လိုများ သိနေတာပါလိမ့်"

"ကျုပ်က ဆေးဆရာတစ်ယောက်ဆိုပေမယ့် အခါတွက်နည်းလေးဘာလေးလည်း နည်းနည်းပါးပါး တီးမိခေါက်မိရှိပါတယ်၊ အလှူဒကာလေး ကျုပ်ဆီကို တကူးတက ရောက်လာ





မှတော့ ဆေးကုဖို့လာတာ ဟုတ်ချင်ဟုတ်၊ မဟုတ်ရင် မောင်ရှင်လောင်းတွေ ဝတ်ဆင်ထားတဲ့ ရတနာပစ္စည်းတွေကိစ္စ သိချင်လို့ လာတယ်ဆိုတာ သိနိုင်ပါတယ်"

"ဟုတ်ပါတယ် အဘ၊ အဲဒီအကြောင်းကိုပဲ သိချင်လို့ လာခဲ့တာပါ၊ မောင်ရှင်လောင်းတွေ ဝတ်ထားတဲ့ ရတနာပစ္စည်းတွေက အဘဆီက ငှားတာလို့ သိရပါတယ်"

"မှန်ပါတယ်. . . ရတနာပစ္စည်းတွေက ကျုပ်ဆီက ငှားပေးတာပါ၊ ဒါပေမယ့် ဒီပစ္စည်းတွေက ကျုပ်ရဲ့ကိုယ်ပိုင်ပစ္စည်းတွေတော့ မဟုတ်ပါဘူး"

"ဟင်. . . ဒါဖြင့် အဘက တခြားက တဆင့်ငှားတာပေါ့နော်"

"မှန်ပါတယ်"

"အံ့ဩစရာပဲ. . . အဲသည်လို ငှားလိုက်တော့ သူတို့တစ်တွေက ယူပြေးသွားမှာ၊ ပြန်လာမပို့မှာ၊ ဒါမှမဟုတ် လိမ်ယူကြမှာကို အဘ စိတ်မပူမိဘူးလား"

"မပူမိပါဘူး အလှူ့ဒကာလေးရယ်"

"ဘာကြောင့်လဲ အဘ၊ တစ်ရွာလုံးက ဒီလောက်ရိုးသားကြတာမို့လား"

"လူတိုင်းတော့ ဘယ်ရိုးသားမှာမို့လဲ အလှူ့ဒကာလေးရယ်၊ ဒါပေမယ့် ဒီရတနာပစ္စည်းတွေကို သူတို့ မရိုးမသား မလုပ်ဝံ့ကြပါဘူး"

"ဟင်. . . ဘာကြောင့်လဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆီမှာ ရတနာပစ္စည်းတွေ ငှားတော့ သူတို့က ကျုပ်ဆီမှာ ကတိသစ္စာ ထားပြီး စပေါ်အနေနဲ့ လက်ဖက်တစ်ပွဲနဲ့ ပန်းတစ်ပွင့် လာပို့ပေးထားရတယ်လေ"

ထိုစကားကြားသောအခါ ကိုဘထိုက်က မယုံကြည်ဟန်ဖြင့် သဘောကျစွာ ရယ်လိုက်လေသည်။

"အဘကလည်း. . . ရယ်စရာစကားတွေ ပြောနေပြန်ပြီ၊ ဒီလောက် တန်ဖိုးမရှိတဲ့ လက်ဖက်တစ်ပွဲ ပန်းတစ်ပွင့်လောက်နဲ့ဆိုတော့ ရယ်စရာဖြစ်မနေဘူးလား"

"လောကမှာ အရေးကြီးဆုံးက ကတိသစ္စာပဲ မဟုတ်လား အလှူ့ဒကာလေး၊ အခုငှားလိုက်တဲ့ ရတနာပစ္စည်းတွေက လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားလောက် ဘယ်မှာ တန်ဖိုးရှိနိုင်ပါ့မလဲ၊ လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားဆိုတာ ဘယ်အရာမျိုးနဲ့မှ မလဲနိုင်ပါဘူး"

ဦးဘသာက အေးအေးဆေးဆေး ပြန်ပြောလိုက်သော်လည်း ထိုစကားကြောင့် ကိုဘထိုက် ရင်ထဲမှာ နည်းနည်းတော့ အောင့်သက်သက် ဖြစ်သွားလေသည်။

သို့ကြောင့် ထိုအကြောင်းကို ဆက်မပြောတော့ပေ။

"ကျွန်တော် အခုလာတာ တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့မောင်ရင်လောင်းတွေကိုလည်း ဆင်ပေးချင်လို့ အဘဆီမှာ နောက်ထပ် လက်ဝတ်လက်စားလေးများ ငှားဖို့ကျန်ရင် ငှားချင်လို့ လာတာပါ အဘ"

ဟု စကားကို လွှဲပြောလိုက်သည်။





"ရပါတယ် အလှူ့ဒကာ .ႆးရယ်၊ ကျုပ်ဆီမှာ နည်း နည်းတော့ ကျန်ပါသေးတယ်၊ ႇါပေမယ့် အလှူ့ဒကာလေး အနေနဲ့ ထုံးစံရှိတဲ့အတိုင်း လက်ဖက်တစ်ပွဲနဲ့ ပန်းတစ်ပွင့်တော့ ပေါ်ထားပေးပါ"

"ရပါတယ်. . . ရပါတယ်"

ဟု ပြောဆိုကာ အလှူမဏ္ဍာပ်သို့ ပြန်သွားပြီး လက်ဖက်တစ်ပွဲနှင့် ပန်းဖြူတစ်ပွင့် ယူလာကာ ဦးဘသာကို ပေးသည်။

ဦးဘသာက ၎င်းတို့အလိုရှိသော လက်ဝတ်ရတနာများကို စာရင်းမှတ်ကာ ပေးလိုက်သည်။

ထိုအထဲတွင် ပတ္တမြားလက်စွပ်တစ်ကွင်း ပါသွားလေသည်။

ပစ္စည်းများ ရသောအခါ ကိုဘထိုက်လည်း ပြန်သွားလေသည်။ ထိုအခါမှ အိမ်အောက်ဘက်၌ ဖိုဆွဲနေသော နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်က အပေါ်သို့ တက်လာကြသည်။

"အဲဒီလူက အလှူ့ဒါယကာ မဟုတ်လား အဘ"

"ဟုတ်တယ်လေ. . . အလှူလာလုပ်ပေးတဲ့ ဦးဘထိုက်ရဲ့ညီအစ်ကိုတော်တယ်"

"သူ့ကြည့်ရတာ တစ်မျိုးပဲ၊ ဘာလာလုပ်တာလဲ အဘ"

"ပစ္စည်းလာငှားတာပါ"

"ဟင်. . . အဘက သူ့ကို ပစ္စည်းငှားလိုက်သေးလား"

"အင်း. . . ငှားလိုက်ပါတယ်"

ဦးဘသာက အေးအေးဆေးဆေး အမူအရာဖြင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာစားနေလေသည်။

"စိတ်ချရပ့ါမလား အဘ၊ သူ့ကြည့်ရတာ တစ်မျိုးပဲ"

"စိတ်ချရပါတယ်ကွယ်. . . သူ ဒီမှာ ကတိသစ္စာပြုပြီး စင်ပေါ် တင်ထားတာပဲ"

"ဒါဖြင့်ရင် မယ်ဒ့. . ."

"လူတစ်ယောက်ကို အပြင်ပန်းကြည့်ပြီး မစွပ်စွဲသင့်ဘူး ကွယ့်၊ တကယ်လို့ သူ့ဘက်က ပျက်ကွက်ရင်တော့လည်း သူ့ ထိုက်နဲ့သူ့ကံပဲပေ့ါ"

ဟု ပြောဆိုသဖြင့် နီမောင်လည်း ဘာမှထပ်မပြောသာ တော့ပေ။ နောက်တစ်နေ့ နံနက်လင်းသည်နှင့် အလှူပွဲကြီး စတင်လေတော့သည်။

ငှားရမ်းထားသော ဗျောအဖွဲ့ကလည်း သာယာသော ဗျောသံ သီချင်းသံများဖြင့် သီဆိုတီးမှုတ်ကာ ဧည့်ခံလေသည်။

အလှူ့ရှင်များက လာသမျှဧည့်သည်များကို ထမင်း ဟင်းများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

အလှူပွဲပြီး၍ ရေစက်ချ တရားနာချိန် နီးသောအခါ ဆေးဆရာကြီး ဦးဘသာက ရပ်ဝေးမှ ရောက်လာဟန်ရှိသော မျက်နှာစိမ်းဧည့်သည့်နှစ်ယောက်ကို မဏ္ဍပ်အတွင်းသို့ ခေါ် ဆောင်လာသည်။ နှစ်ယောက်စလုံးမှာ ဦးဘသာနှင့် သက်တူ ရွယ်တူခန့်ရှိကြပြီး တစ်ဦးက အပေါ်အောက် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားကာ ကျန်တစ်ယောက်ကမူ ပိုးပုဆိုး၊ ပိုးရင်ဖုံးအင်္ကျီ တောင်ရှည်ပုဆိုးတို့ကို ခန့်ထည်စွာ ဝတ်ဆင်ထားလေသည်။





၎င်းတို့နှစ်ယောက်သည် ဆရာတော် တရားဟောသောအခါ မဏ္ဍပ်တစ်နေရာ၌ ဝင်ရောက်ကာ တရားနာကြပြီး ရေစက်ချ အမျှအတန်း ဝေပြီးသောအခါ သာခုခေါ်၍ ဦးဘသာ တစ် ယောက်ကိုပင် နှုတ်ဆက်ကာ ပြန်ရန် ပြင်ကြလေသည်။ ထိုသို့ ပြန်ကာနီးတွင် ပိုးပဝါခေါင်းပေါင်း ပေါင်းထားသော လူကြီးက ခပ်တိုးတိုး ကပ်ပြောလေသည်။

"ရတနာပစ္စည်းတွေရော စုံစုံလင်လင် ရှိရဲ့လား မိတ် ဆွေကြီး"

"ဟုတ်ကဲ့. . . ပြည့်စုံပါတယ်၊ အခုလို ငှားရမ်းပေးတာ မိတ်ဆွေတို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလိုလည်း ဘယ်ဟုတ်ပ့ါမလဲ၊ ဘဝဆက် ပဋ္ဌာန်းဆက် ရှိကြသူတွေပဲ၊ တစ်ယောက်အကြောင်းကိစ္စရှိရင် တစ်ဦးက ကူညီပေးရမှာပေ့ါ၊ တခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေကြီးကို မှာစရာရှိလို့ပါ"

ဟု လေသံခပ်တိုးတိုးဖြင့် ပြောလေသည်။

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ တောင်ပေါ်ကို ပစ္စည်းတွေ ပြန်လာပို့ရင် မိတ်ဆွေကြီးကိုယ်တိုင် မလာဖို့ပါပဲ"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ကျုပ်က ကတိသစ္စာထားပြီး ငှားရမ်းယူလာရတာ၊ ကျုပ်ကိုယ်တိုင် လာမပို့လို့ သင့်ပ့ါမလား"

"ဒီတစ်ခေါက်တော့ မိတ်ဆွေကြီးကိုယ်တိုင် လာရင် မသင့်လို့ သတိပေးရတာပါ၊ စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို လာပို့ခိုင်းလိုက်ပါ၊ ကျုပ်တို့ စောင့်နေပါ့မယ်"

ထိုသို့ပြောတော့မှ ဦးဘသာမှာ အနည်းငယ် ရိပ်မိသွားလေတော့သည်။

"ကောင်းပါပြီဗျာ. . . ဒီလိုဆိုရင်လည်း ယုံကြည်စိတ်ချရတဲ့ ကျုပ်ရဲ့သားတပည့်တစ်ယောက်ကို အပို့ခိုင်းပါ့မယ်"

"ကိုင်း. . . ဒီလိုဖြင့် ကျုပ်တို့ပြန်ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ လူကြီးနှစ်ယောက်တို့မှာ တစိုက်စိုက်နှင့် ထွက်သွားကြလေတော့သည်။

အလှူပွဲ ပြီးစီး၍ လူငယ်လူရွယ်များက မဏ္ဍပ်များ ဖျက်ခြင်း၊ ပစ္စည်းများ သိမ်းဆည်းခြင်းများ ပြုလုပ်နေကြစဉ်မှာ ဦးဘသာထံမှ ရတနာလက်ဝတ်လက်စားများ ငှားထားသူများက စာရင်းနှင့်တကွ လာရောက်ကာ ပြန်အပ်ကြလေသည်။ ပစ္စည်းလာအပ်သောအခါ ဦးသာက နာမည်စာရင်း ရေးထိုးထားသော လက်ဖက်ပွဲကို ရှေ့သို့ ချကာ အခြေအနေကြည့်သည်၊ ပြီးပါက ပစ္စည်းစာရင်းကို ကြည့်သည်။ ထို့နောက်. . .

ရတနာပစ္စည်းများ မှန်မမှန် စစ်ဆေးပြီးမှ လက်ခံယူလေသည်။ ထိုသို့ ယူရာမှာလည်း ဘုရားစင်ရှေ့၌ ချထားသည့် ငွေဖလားကြီးအတွင်းသို့ ထည့်ပေးကြရလေသည်။

တစ်ရွာလုံး မောင်ရင်လောင်းများ၏မိဘဆွေမျိုးများက ဦးဘသာထံမှ ငှားရမ်းယူထားသောပစ္စည်းများကို အပျက်အစီး အပျောက်အရှ မရှိဘဲ ပြန်အပ်နိုင်ကြသော်လည်း အလှူ့ရှင်ဖြစ်သော ကိုဘထိုက် ရောက်မလာသေးသောကြောင့် စောင့်နေကြ





ရသည်။

အလှူ့ကိစ္စများ ရှင်းလင်းစရာ ရှိနေသောကြောင့် ရုတ်တရက် မလာနိုင်သေးဟု ထင်ကာ စောင့်နေကြရာမှ ညနေပိုင်း အချိန်လောက် ရောက်မှ ကိုဘထိုက်တစ်ယောက် သုတ်သီးသုတ်ပျာ အမူအရာဖြင့် ရောက်လာလေသည်။

"အလှူ့ကိစ္စကလေး အလုပ်ရှုပ်နေလို့ အခုမှပဲ ရောက်တော့တယ် အဘရေ၊ ဒါတောင် ပြန်တဲ့သူတွေက ပြန်သွားနှင့်ကြပြီ၊ ကျွန်တော်သာ အဘဆီက ငှားထားတဲ့ ပစ္စည်းလေးတွေ အပ်စရာ ရှိနေတာနဲ့ ကျန်ခဲ့တာ၊ ဒီမှာ အဘဆီက ငှားယူသွားတဲ့ ပစ္စည်းတွေပါ. . . စစ်ကြည့်ပါဦး"

ကိုဘထိုက်က ရေပက်မဝင်အောင် ပြောရင်း ပဝါဖြင့် ထုပ်ယူလာသော ပစ္စည်းထုပ်ကို ဦးဘသာ့ရှေ့သို့ ချပေးသည်။ ဦးဘသာက ခေါင်းတညိတ်ညိတ်ဖြင့် ကိုဘထိုက် ပေးထားသော လက်ဖက်ပွဲနှင့် ပန်းပွင့်ကို ရှေ့သို့ ချကာ တစ်ချက်ကြည့်သည်။ လက်ဖက်ပွဲ အခြေအနေက မည်သို့မှ မထူးခြားသော်လည်း ပွင့်က သိသိသာသာချည်း ညှိုးကျနေလေသည်။

ထိုပန်းပွင့်ကို ကြည့်ကာ ဦးဘသာက. . .

"အလှူ့ဒကာလေး ပစ္စည်းမှားလာတယ် ထင်တယ်"

ဟု ပြောရာ ကိုဘထိုက်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"မမှားပါဘူး. . ငှားသွားတဲ့ပစ္စည်းတွေကို တစ်ခုမကျန် ပြန်ယူလာပါတယ်၊ စစ်ဆေးကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စစ်စရာတောင် မလိုပါဘူး မောင်ရယ်၊ သက်ဆိုင်ရာ ကာယကံရှင်တွေက စစ်ဆေးပြီးပါပြီ"

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"တခြားမကြည့်ပါနဲ့. . . မောင်ရင် သစ္စာဆိုပြီးပေးထားတဲ့ ပန်းပွင့်က ညှိုးကျနေတယ်လေ၊ တခြားသူတွေရဲ့ပန်းတွေက လန်းလန်းဆန်းဆန်းအတိုင်းပဲ ရှိနေသေးတယ်လေ၊ မောင်ရင်ပေးထားတဲ့ပန်းတစ်ပွင့်သာ ထူးထူးခြားခြား ညှိုးကျနေတာမဟုတ်လား၊ ဒါကြောင့် ပစ္စည်းတစ်ခုခု မှားနေတယ်ဆိုတာ သိရတာပါ။ ဟုတ်မဟုတ် မောင့်ရှေ့မှာတင် စစ်ဆေးပြပါ့မယ်"

ဟု ပြောကာ ပဝါထုပ်ကို ဖြေ၍ ပစ္စည်းများကို ဖျာပေါ်သို့ ပုံချလိုက်သည်။

ပြီးမှ ငှားရမ်းစဉ်က မှတ်သားထားသော ပစ္စည်းစာရင်းနှင့် တစ်ခုချင်း တိုက်ကြည့်လေရာ ပစ္စည်းအရေအတွက် ပြည့်သော်လည်း မူလယူသွားစဉ်က ပါသွားသော ပတ္တမြားလက်စွပ်တစ်ကွင်းအစား အခြားကျောက်တစ်လုံးဖြင့် ကွင်းထားသည့်လက်စွပ်တစ်ကွင်းသာ ပါလာလေသည်။

"ဒီလက်စွပ် မှားနေတာပါ မောင်၊ ငှားရမ်းယူသွားတုန်းက ပတ္တမြားလက်စွပ်တစ်ကွင်း ပါပါတယ်၊ အခု ဒီမှာ ပါလာတာက သာမန်လက်စွပ်တစ်ကွင်း ဖြစ်နေတာပါ"

ထိုကဲ့သို့ အစွပ်စွဲခံရသဖြင့် ကိုဘထိုက်မှာ မျက်နှာပြင်တစ်ခုလုံး နီရဲတက်လာလေသည်။

"အေးဗျာ. . . ကျွန်တော်လည်း အလျူကိစ္စနဲ့ဆိုတော့





အလုပ်တွေက သိပ်ရှုပ်နေလို့ သတိမထားမိလိုက်ဘူး၊ မောင်ရင်လောင်းတွေမှာ ကျွန်တော်တို့ပစ္စည်းတွေကလည်း အများကြီးဆင်ပေးထားတာဆိုတော့ မှားချင်လည်း မှားသွားနိုင်ပါတယ်၊ ကျွန်တော် မေးမြန်းပြီး ပြန်လဲပေးပါ့မယ်"

"ဒီရတနာပစ္စည်းတွေက ကျုပ်တို့ ပိုင်ဆိုင်တဲ့ ရတနာစ္စည်းတွေလည်း မဟုတ်ပါဘူး၊ အရေးကိစ္စ ရှိမှသာ ငှားရမ်းသုံးစွဲရတဲ့ အခြားလူတွေရဲ့ပစ္စည်းတွေပါ"

"ဒါထက် ကျွန်တော်မေးပါရစေ၊ ဒီလောက်တန်ဖိုးရှိတဲ့ရတနာပစ္စည်းတွေကို အဘတို့ ဘယ်က ငှားရမ်းတာလဲဟင်"

"ဒါကတော့ ကျုပ်တို့အနေနဲ့ ပြောပိုင်ခွင့် မရှိလို့ မပြောပါရစေနဲ့၊ မောင်ရင့်ဆီက ပတ္တမြားလက်စွပ်ကလေးကိုသာ ဘယ်နေ့ဘယ်ရက် ပြန်လာပို့ပေးမယ်ဆိုတာ တဆိတ်လောက် သိပါရစေ"

"အဘကလည်းဗျာ. . ကျွန်တော်တို့အနေနဲ့ ဒီလောက်ပစ္စည်းလေးတစ်ခုကိုတော့ မလိမ်ပါဘူး၊ ပစ္စည်းတွေအများကြီးထဲက ပြန်ရွေးရမှာမို့ တစ်ပတ်လောက်တော့ အချိန်ပေးပါ၊ ပစ္စည်းတွေ့တာနဲ့ ကျွန်တော် ချက်ချင်းလာပို့ပေးပါ့မယ်"

"ကောင်းပါပြီ မောင်၊ ကျုပ် တစ်ပတ်စောင့်ပေးပါ့မယ်၊ ရော့. . . ဒီမှာ မောင်တို့ဆီက မှားပါလာတဲ့လက်စွပ် ပြန်ယူသွားပါ၊ ဒီပစ္စည်း ပါသွားရင်လည်း ကာယကံရှင်များက လက်ခံမှာမဟုတ်ပါဘူး"

ဟု ပြောဆိုကာ ဦးဘသာက ရတနာပစ္စည်းများဆီက



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်တစ်ကွင်းကို ကောက်ယူကာ ကိုဘထိုက်လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

ထို့နောက် ကိုဘထိုက်လည်း မျက်စိမျက်နှာ သိပ်မကောင်းလှဘဲ ထပြန်သွားလေတော့သည်။

"ဒီလူ့ကို ကြည့်ရတာ သိပ်ရိုးသားတဲ့ပုံ မပေါ်လှဘူး တကယ်လို့ ပတ္တမြားလက်စွပ်ကို ပြန်လာမပို့ရင် ဘယ်လိုလုပ်မလဲ အဘ"

နီမောင်က စိတ်ပူစွာ ပြောလိုက်သော်လည်း ဦးဘသာကတော့ ကွမ်းယာတမြုံ့မြုံ့ ဝါးနေရင်း အေးအေးဆေးဆေးပင်ရှိသည်။

"စိတ်မပူပါနဲ့ကွယ်. . . အချိန်တန်ရင် ပြန်လာပို့ပေးရမှာပါ၊ ဒီပစ္စည်းကို သူယူထားလို့ မရနိုင်ပါဘူး"

"ဟင်. . . ဘာကြောင့်လဲ အဘ"

"နတ်နဲ့နဂါး မလှည့်စားနဲ့ ဆိုတဲ့စကား ရှိတယ်မဟုတ်လား၊ ပရလောကသားတွေကို ဘယ်တော့မှ လှည့်စားလို့မရပါဘူး၊ ဒီပစ္စည်းတွေဟာ သူတို့ပိုင်ဆိုင်တဲ့ပစ္စည်းဆိုရင် ပိုပြီးမှန်တယ်၊ အဲဒီလို ပစ္စည်းမျိုးတွေကို သူတို့ခွင့်ပြုချက် မရဘဲ ဘယ်သူကမှ ယူလို့မရနိုင်ပါဘူးကွယ်"

"တကယ်လို့ ပြန်မပို့ရင် ဘယ်လိုဖြစ်မလဲ အဘ"

"သူ့အပြစ် သူခံရမှာပေါ့၊ ပစ္စည်းကတော့ သူ့ရဲ့မူလနေရာကို ပြန်ရောက်လာမှာပါပဲ"

ဟု ပြောပြရာ နီမောင်မှာ များစွာအံ့ဩသွားလေသည်။





"မင်းကို ငါခိုင်းစရာတစ်ခု ရှိတယ်"

"ဘာခိုင်းမှာလဲ အဘ"

"နောက်ရက်ကျရင် ရွှေတောင်ငွေတောင်ဘက်ကို တစ်ယောက်တည်း သွားဝံ့ပါ့မလား"

"သွားတော့ သွားဝံ့ပါတယ်၊ ဒါပေမယ့် ကျောင်းစာကိုပါ ခေါ်သွားရင် ပိုကောင်းမလားလို့"

ဦးဘသာက အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ. . .

"အေးလေ. . . ခေါ်ချင်လည်း ခေါ်သွားပေါ့၊ ဒါပေမယ့် မင်းတို့နှစ်ယောက် သွားမှာကိုတော့ ဘယ်သူမှ မသိစေနဲ့"

"စိတ်ချပါ အဘ. . . မသိစေရပါဘူး၊ ဒါထက် ကျွန်တော်တို့က ရွှေတောင်ငွေတောင်ကို ဘာသွားလုပ်ရမှာလဲ အဘ"

"ငှားယူလာတဲ့ရတနာပစ္စည်းတွေကို သွားပြန်ပို့ပေးရမှာ"

ထိုစကားကြောင့် နီမောင်မှာ အံ့ဩသွားလေသည်။

ယခင်က ထိုကဲ့သို့ ရတနာပစ္စည်းများ ငှားယူလာလျှင် ၎င်းတို့နှစ်ယောက်ကိုတောင် မခေါ်ဘဲ ဦးဘသာတစ်ယောက်တည်း ပြန်ပို့ပေးလေ့ရှိသည်။ ယခုမှ မိမိတို့ကို ပြန်ပို့ခိုင်းသဖြင့် အံ့ဩမိခြင်းဖြစ်လေသည်။

"ဘာဖြစ်လို့လဲ အဘ"

"ဒီအကြောင်းတွေတော့ မသိချင်နဲ့၊ နောက်ရက်ကျတော့ မင်းတို့နှစ်ယောက် ငါခိုင်းတဲ့အတိုင်းသာ သွားကြပေ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ အရေးကြီးတာက ဒီအကြောင်းကို နှုတ်လုံပါစေ. . . ကြားလား"

"ဟုတ်ကဲ့"

ထို့နောက်. . .

ဦးဘသာက နီမောင်တို့နှစ်ယောက်အတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများကို ပြုလုပ်ပေးလေသည်။





## အခန်း(၅)

# ဂါထာသရွာနှင့် ကြောက်မက်ဖွယ်ရာအန္တရာယ်

ကိုဘထိုက်မှာ ဦးဘသိုက်၏ညီဝမ်းကွဲတော်သူဖြစ်ပြီး ဦးဘသိုက်၏ပွဲရုံလုပ်ငန်းများကို အစစအရာရာ တာဝန်ယူ၍ လုပ်ကိုင်ပေးရသူဖြစ်သည်။

၎င်းတို့၏ပွဲရုံအမည်မှာ အောင်ရတနာပွဲရုံဖြစ်ပြီး မန္တလေး မြို့ပြင်တစ်နေရာ၌ ဖွင့်လှစ်ထားလေသည်။

ပွဲရုံ၌ ပဲမျိုးစုံ၊ ဆီ၊ ထန်းလျက်၊ မကျည်း အစရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အညာဒေသထွက်ကုန်များကို အဓိက ရောင်းဝယ်ဖောက်ကားသော ပွဲရုံကြီးဖြစ်၏။

မန္တလေးရန်ကုန်သွား ကားလမ်းမကြီးနံဘေး၌ ရှိပြီး ရန်ကုန်ဘက်သို့ အထွက်လမ်းဘက်၌ ရှိလေသည်။

ခြံဝန်းမှာ ဧကအတော်များများကျယ်ဝန်းလျက် အတွင်း၌ ပဲလှောင်သောဂိုဒေါင်များ၊ ပစ္စည်းသိုလှောင်သောဂိုဒေါင်များနှင့် အလုပ်သမားများ နေရန် တန်းလျားများလည်း ဆောက်ထားသည်။

ခြံဝန်း၏အရှေ့ဘက် ကားလမ်းမနှင့် မနီးမဝေးမှာတော့ နှစ်ထပ်တိုက်တစ်လုံး ရှိသည်။

ထိုတိုက်မှာတော့ သူဌေး၏ညီလည်းဖြစ်၊ မန်နေဂျာလည်း ဖြစ်သော ကိုဘထိုက်တစ်ယောက်လည်း နေလေသည်။

ဦးဘသိုက်တို့မိသားစုများက မန္တလေးမြို့တွင်း၌ နေထိုင်ကြသဖြင့် ထိုခြံဝန်းထဲရှိ တိုက်မှာတော့ ကိုဘထိုက်တစ်ယောက်တည်း နေထိုင်ခြင်းဖြစ်လေသည်။

ကိုဘထိုက်သည် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးအရွယ်ရှိသော်လည်း အိမ်ထောင်မပြုသေးဘဲ လွတ်လွတ်လပ်လပ် နေထိုင်သူဖြစ်လေသည်။

ပွဲရုံလုပ်ငန်းများကို ဦးဘသိုက်က ကိုဘထိုက်လက်ထဲသို့ အားလုံးလွှဲအပ်ထားသဖြင့် ပွဲရုံနှင့် ပတ်သက်သော အလုပ်ကိစ္စမှန်သမျှတော့ ကိုဘထိုက် ပြီးလျှင် အားလုံးပြီးလေသည်။

နယ်မှ ဝင်လာသော ကုန်ပစ္စည်းမျိုးစုံတို့ကို လက်ခံခြင်း၊





စျေးဖြတ်ခြင်း၊ ထိုကုန်ပစ္စည်းများကို အနယ်နယ်အရပ်ရပ်မှ ဖောက်သည်များ၊ ကုန်သည်များနှင့် ချိတ်ဆက်ရောင်းချခြင်းမှ အစ ငွေကြေးကိစ္စများကိုတော့ ကိုဘထိုက်ကသာ ဒိုင်ခံဆောင်ရွက်လေ့ရှိသည်။

ကိုဘထိုက်သည် ယခုအချိန်ထိ အပူမရှာဘဲ တစ်ကိုယ်တည်း နေသူဖြစ်သော်လည်း အသောက်အစားတော့ ရှိသည်။

ထို့ထက် လုပ်ငန်းလုပ်ရာ၌လည်းကောင်း၊ ငွေကြေးကိစ္စများ၌သော်လည်းကောင်း လောဘကြီးသူ တစ်ယောက်လည်းဖြစ်သည်။ ကိုဘထိုက်သည် ခြံဝန်းထဲ၌ ရှိသော နှစ်ထပ်တိုက်ပေါ်တွင် တစ်ယောက်တည်း နေသူဖြစ်သော်လည်း အစားအသောက်ကိစ္စများကိုတော့ အလုပ်သမားများက စီစဉ်ပေးရလေသည်။

ယခုလည်း ညနေပိုင်း ပွဲရုံလုပ်ငန်း သိမ်းပြီးနောက် အပေါ်ထပ်အခန်းထဲ၌ တစ်ယောက်တည်း ထိုင်ကာ စာရင်းများကို ကြည့်ရှုနေလေသည်။

လွန်ခဲ့သည့်တစ်ပတ်မှစ၍ ပွဲရုံလုပ်ငန်းများကို မကြည့်ရှုနိုင်ခဲ့၊ လက်ထောက်တစ်ယောက်နှင့်သာ လွှဲထားခဲ့ရသည်။

အစ်ကိုဖြစ်သူ ဦးဘသိုက်က ၎င်း၏ဇာတိရွာဖြစ်သော ညောင်ပင်ကျင်းရွာ၌ မိဘမဲ့ကလေးများ၊ ဆင်းရဲချို့တဲ့သောကလေးများကို စုပေါင်းကာ ရှင်ပြုပွဲ ပြုလုပ်ပေးရာသို့ လိုက်သွားခဲ့ရသောကြောင့်ဖြစ်သည်။

ထိုရွာသို့ ရောက်သောအခါမှ ကိုဘထိုက်အတွက် ထူး



www.burmeseclassic.com

www.burmeseclassic.com

ဆန်းမှုတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။

အခြားမဟုတ်ပေ. . .။

အဖိုးတန်ရတနာပစ္စည်းများကို လက်ဖက်တစ်ပွဲ၊ ပန်းတစ်ပွင့် စပေါ်တင်ရုံနှင့် အလွယ်တကူ ငှားရမ်းရသော ထူးဆန်းသည့်ဓလေ့ပင်ဖြစ်၏။

သူသည် စားပွဲ၌ ထိုင်၍ ကုန်စာရင်း၊ ငွေစာရင်းများကို ကြည့်ရှုနေရင်းမှာ တစ်စုံတစ်ခုကို သတိရသဖြင့် မိမိ၏ပိုက်ဆံထည့်သောအိတ်ကို ဖွင့်၍ အထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။

ကတ္တီပါအိတ်ကလေးတစ်ခုပင် ဖြစ်သည်။

ထိုကတ္တီပါအိတ်ထဲမှာတော့ ညောင်ပင်ကျင်းရွာမှ မှားယွင်းပါလာသော ပတ္တမြားလက်စွပ်တစ်ကွင်း ရှိလေသည်။

ပတ္တမြားလက်စွပ်မှာ ရှေးခေတ်နန်းတွင်းသုံး လက်ဝတ်ရတနာပုံစံမျိုးဖြစ်၏။

ရွှေအရည်အသွေး ကောင်းသည်ကတစ်ကြောင်း၊ အလေးချိန်က များသည့်အပြင် လက်စွပ်ကွင်းထားသည့် ပတ္တမြားမှာလည်း အလုံးအရွယ်အစားကြီးရုံမက အရည်အသွေးကလည်း ကောင်းလှပေသည်။ မီးရောင်အောက်၌ အနီရောင်အလင်းတန်းများက အခန်းတွင်း၌ ဟိုမှသည်မှ ပြေးလွှားလှုပ်ရှားလျက်ရှိနေသည်။

"ဟင်. . ."

တစ်ကြိမ်တွင် ပတ္တမြားလက်စွပ်မှ ဖြာထွက်သွားသော





အနီရောင်အလင်းတန်းတစ်ခုက တိုက်နံရံပေါ်၌ ရပ်တန့်လျက်ရှိနေသည်။ ထိုပုံရိပ်ကို မြင်သောအခါ ကိုဘထိုက်မှာ အနည်းငယ် ထိတ်လန့်သွားခြင်းနှင့်အတူ အံ့ဩသွားလေသည်။

အခြားမဟုတ်ပေ။

တိုက်နံရံပေါ်မှာ ပေါ်နေသောပုံရိပ်မှာ နဂါးတစ်ကောင်အမောက်ထောင်နေသည့်ပုံရိပ်ပင် ဖြစ်ပေသည်။

သူ့စိတ်ထဲမှာ မသင်္ကာသောကြောင့် လက်စွပ်ကို လှုပ်ကြည့်လိုက်သောအခါ အခြားအရိပ်များသာ ချက်ချင်းရွေ့လျားသွားသော်လည်း နဂါးနှင့် တူသည့်ပုံရိပ်ကတော့ အတန်ကြာအောင် ပေါ်နေပြီးမှ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

ထိုလက်စွပ်သည် သာမန်လက်စွပ်တစ်ကွင်းနှင့် မှားယွင်း၍ ပါလာခြင်းဖြစ်သည်။

ပစ္စည်းများသောကြောင့် မှားယွင်း၍ပဲ ပါလာသလား၊

ဒါမှမဟုတ် တမင်များယွင်းယူလာသလားဆိုတာကိုတော့ ကိုဘထိုက်တစ်ယောက်သာ အသိဆုံးဖြစ်ပေလိမ့်မည်။

သူသည် ထိုမျှအဖိုးတန်လှသော ပတ္တမြားလက်စွပ်ကို ကြည့်နေရင်း ပိုင်ဆိုင်လိုသော လောဘစိတ်များ တရိပ်ရိပ်တက်နေတော့သည်။

"ဒီလောက်အရည်အသွေးကောင်းတဲ့ ပတ္တမြားလက်စွပ်မျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဒီလက်စွပ်ကို ပြန်မပို့ဘဲ ထားရင် ဘယ်လိုဖြစ်လာမလဲ၊ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်လာနိုင်မလား၊



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုတန်ဖိုးရှိတဲ့ ပတ္တမြားလက်စွပ်မျိုးကို နောက်တစ်ကြိမ် တွေ့ရဖို့ကတော့ မလွယ်လှဘူး၊ ငါ ဟိုဆရာကြီးကို ကတိပေးလာခဲ့တာ တစ်ပတ်ဆိုတော့ အခု ဒီကိုပြန်ရောက်တာ သုံးရက်ရှိနေပြီ၊ အခုထိတော့ ဘာမှမထူးခြားသေးဘူး၊ မထူးတော့မယ်အတူတူ ဒီအတိုင်း ဆက်ထားလိုက်ရင် ကောင်းမယ်ထင်တယ်၊ ငါ့ဆီကိုတော့ ဘယ်လိုလူမျိုးကမှ လာပြီးပြဿနာရှာမယ် မထင်ဘူး၊ ဒီတော့ သူတို့ပြောတဲ့အတိုင်း ဟုတ်မဟုတ် သိရအောင် ခုနစ်ရက်ပြည့်အောင် ထားကြည့်လိုက်မယ်၊ ခုနစ်ရက်ပြည့်လို့ ဘာမှမထူးခြားရင်တော့ အပိုင်ယူထားလိုက်မယ်"

ဟု လောဘစိတ်ဖြင့် တွေးတောကြံစည်နေလေသည်။

ထိုအချိန်သည် ညဦးပိုင်းအချိန်ဖြစ်သည်က တစ်ကြောင်း၊ ပွဲရုံလုပ်ငန်းများ သိမ်းချိန်ဖြစ်သောကြောင့် ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူသွားလူလာများ ရှင်းလျက် ရှိသည်။

တိုက်သည် လမ်းမဘက်သို့ မျက်နှာလှည့်ကာ ဆောက်ထားသဖြင့် သူ့အခန်းမှ လှမ်းကြည့်လျှင် ကားလမ်းမဘက်သို့ မြင်ရသည်။

သို့သော်လည်း လမ်းမဘက်တန်း၌ သစ်ပင်ကြီးများ အုံ့ဆိုင်းလျက်ရှိသောကြောင့် အမှောင်ရိပ်များ ကျနေသည်။

ညဉ့်ဦးပိုင်းအချိန်တွင် မန္တလေးမှ ရန်ကုန်သို့သော်လည်းကောင်း၊ အခြားမြို့နယ်များသို့သော်လည်းကောင်း ထွက်ခွာသွားသည့် အဝေးပြေးမော်တော်ကားစက်သံများကိုတော့ တစ်ခါ





တစ်ရံ ကြားရလေသည်။

ကိုဘထိုက်သည် စားပွဲ၌ တစ်ယောက်တည်း ထိုင်ကာ ပတ္တမြားလက်စွပ်အကြောင်းကို စဉ်းစားနေစဉ် အပြင်ဘက်မှ ခြံဝန်းအတွင်းသို့ ဝင်လာသော အမျိုးသမီးနှစ်ယောက်ကို အပေါ်မှ လှမ်းမြင်ရသည်။

သို့သော် ထိုအမျိုးသမီးနှစ်ယောက်ကို တွေ့ဖူးမြင်ဖူးခြင်း မရှိသဖြင့် ဇဝေဇဝါဖြစ်သွားသည်။

ခဏကြာတော့ အိမ်အောက်သို့ ရောက်လာပြီး အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

အိမ်အောက်၌ လှမ်းမြင်ရပြီး မရှေးမနှောင်းအချိန်လောက်မှာပင် ထိုအမျိုးသမီးနှစ်ယောက်က သူ့အခန်းဝသို့ ရောက်လာသည်။

ခြေသံလိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့ အခန်းပေါက်ဝ၌ ရပ်နေကြသည်။

"မင်းတို့ ဘယ်သူတွေလဲ. . . ဘာကိစ္စလဲ"

"ကျွန်မတို့ကို အဘိုးလွှတ်လိုက်လို့ လာတာပါ"

"ဘယ်က အဘိုးလဲ၊ မင်းတို့အဘိုးက ဘယ်သူလဲ"

"ကျွန်မတို့က ရွှေတောင်ငွေတောင်ဘက်မှာ နေတာပါ"

"ရွှေတောင်ငွေတောင်. . ငါလဲ ကုန်ဝယ်ရင်းနဲ့ အဲဒီဘက်ကို မကြာခဏ ရောက်ပါတယ်. . . ဘယ်ရွာကလဲ"

"ကျွန်မတို့က အဲဒီမှာပဲ နေတာပါ၊ အခုလာတဲ့ကိစ္စက ကျွန်မတို့ဆီက ရှင်ငှားထားတဲ့ပစ္စည်းကို လာပို့ပေးဖို့ လာပြောသတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာပါ"

"ပစ္စည်း. . . ဘာပစ္စည်းလဲ၊ မင်းတို့ကိုတောင် အခုမှ… မြင်ဖူးတွေ့ဖူးတဲ့ဟာ"

"ရှင် ညောင်ပင်ကျင်းရွာက အလှူကို လာတုန်းက ဆေး… ဆရာကြီး ဦးဘသာဆီက ပစ္စည်းတွေ ငှားခဲ့တယ်မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်လေ၊ ဒါပေမယ့် အားလုံးပြန်ပေး… ထားခဲ့ပြီပဲဟာ"

"ဒါပေမယ့် ရှင့်ရဲ့လက်ထဲမှာ ပစ္စည်းတစ်ခု ကျန်နေ… သေးတယ်လေ၊ အဲဒီပစ္စည်းကို ပြန်ပို့ပေးရမှာပေါ့"

အမျိုးသမီး၏လေသံက အနည်းငယ်တင်းမာသယောင်… ရှိလေသည်။

"ကဲ. . . ဘာပစ္စည်းကျန်တာလဲ ပြောပါဦး"

ကိုဘထိုက်က ဟန်မပျက် ပြန်မေးလိုက်သည်။

"ပတ္တမြားလက်စွပ်လေ. . . အခု ရှင့်စားပွဲအံဆွဲထဲမှာ ထည့်ထားတဲ့လက်စွပ်ကို ပြောတာပေါ့"

"ဟင်. . ."

ထိုသို့ အပ်ချမတ်ချ ပြောလာသဖြင့် ကိုဘထိုက်မှာ မငြင်းသာအောင် ရှိလေတော့သည်။

သို့သော်လည်း အလွယ်တကူ ပြန်မပေးလိုသဖြင့်. . .

"ဒီလက်စွပ်က ငါ့လက်စွပ်နဲ့ လက်စွပ်ချင်း မှားတာပါ ဒါပေမယ့် မင်းတို့ကိုတော့ ပြန်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပေးမယ် ဆိုရင်တော့ မူလယူခဲ့တဲ့လူလက်ထဲကို ပြန်ပေးမှ ဖြစ်မှာပေါ့"





ဟု လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ရှင်ပေးမယ်ဆိုရင်လည်း ကျွန်မတို့က ပြန်မယူပါဘူး၊ အခုလာတာကလည်း ရှင့်ကို သတိပေးရုံပါပဲ၊ သတိမေ့ရင် ကတိပျက်တတ်တယ်၊ ကတိပျက်ရင် အသက်အန္တရာယ်ဖြစ်မှာစိုးလို့ ကျွန်မတို့က လာပြီးသတိပေးတာပါ"

ဟု ပြောကာ အခန်းဝမှ ဖျတ်ကနဲ ပြန်လှည့်သွားလေသည်။

ကိုဘထိုက်မှာ ခဏမျှ ကြောင်တက်တက် ဖြစ်နေပြီး နောက်မှ သတိရသဖြင့် နေရာမှ ထကြည့်သောအခါ အပေါ်ထပ်၌ မိန်းကလေးနှစ်ယောက်ကို မတွေ့ရတော့ပေ။

သို့ကြောင့် ပြတင်းပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သောအခါ ခြံဝန်းအတွင်းမှ အပြင်သို့ တရွေ့ရွေ့ ထွက်သွားသော အမျိုးသမီးနှစ်ယောက်၏ပုံရိပ်ကို ခပ်ဝါးဝါး လှမ်းမြင်လိုက်ရလေသည်။ ထို့နောက် အခန်းထဲသို့ ပြန်ဝင်လာပြီး ပတ္တမြားလက်စွပ် ထည့်ထားသည့်အံဆွဲကို ဆွဲဖွင့်လိုက်သည်။

"ဗြိုး. . ."

အံဆွဲကို ဆွဲဖွင့်လိုက်သည်နှင့် ပတ္တမြားလက်စွပ်ပေါ်မှ ခွေခွေကလေး ဝပ်နေသော အစိမ်းရောင်အဆင်းရှိသည့် မြွေဘစ်ကောင်က ဖြီးခနဲ ပါးပျဉ်းထထောင်လာသဖြင့် နောက်ဘက်သို့ ဆုတ်လိုက်ရသည်။

"ဘယ်က မြွေများ စားပွဲထဲ ရောက်နေတာပါလိမ့်"

ဟု ဇဝေဇဝါ တွေးကာ အိပ်ရာပေါ်မှ လက်နှိပ်ဓါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်မှ တုတ်တစ်ချောင်းကို ယူလာကာ မီးရောင်ဖြင့် ထိုးကြည့်တော့ ပတ္တမြားလက်စွပ်ကိုသာ တွေ့ရပြီး စောစောက တွေ့ရသောမြွေကိုတော့ မတွေ့ရတော့ပေ။

စိတ်မချသောကြောင့် အံဆွဲကို အပြင်ဘက်သို့ ဆွဲထုတ်ပြီး မီးရောင်ဖြင့် နှံ့စပ်အောင် လိုက်လံထိုးကြည့်တော့လည်း မြွေနှင့် သဏ္ဌာန်တူသည့် ကြိုးစတစ်ချောင်းကိုတောင် မတွေ့ရတော့ပေ။

အခန်းထဲမှာ ရောက်နေရှေးသလားဟု တွေးမိပြီး မီးရောင်ဖြင့် လိုက်ကာ ရှာဖွေသော်လည်း မရှိတော့ပေ။

"ဒီမြွေ အခန်းထဲ ရောက်နေတာတော့ ဆန်းသလိုပဲ"

ဟု တစ်ယောက်တည်း စဉ်းစားနေလေသည်။

ကိုဘထိုက်သည် အရက်သောက်သူဖြစ်သဖြင့် အရက် အနည်းငယ် သောက်ထားပါက ဘယ်အရာကိုမှ အလွန်အကျွံ ကြောက်တတ်သူတော့ မဟုတ်ပေ။

သို့သော်လည်း ယခုကဲ့သို့ ထူးထူးဆန်းဆန်း အခန်းထဲမှာ မြွေတွေ့လိုက်ရသဖြင့် နည်းနည်းတော့ လန့်သွားသလို ရှိခဲ့သည်။

ညဥ့်နက်ပိုင်းရောက်သောအခါ နောက်ထပ် အရက်တစ်ခွက်လောက် ထပ်သောက်ပြီးနောက် အိပ်ရာဝင်ခဲ့လေသည်။

နေ့လယ်က အလုပ်ပင်ပန်းသည့်အရှိန်၊ အရက်မူးနေသည့်အရှိန်ကြောင့် ခဏချင်းမှာပင် အိပ်ပျော်သွားလေသည်။





ထိုသို့အိပ်ပျော်သွားခိုက်မှာပင် အိပ်မက်လိုလိုနှင့် မြင်ကွင်းတစ်ခုကို ထပ်မြင်ရပြန်လေသည်။

အခြားမဟုတ်ပေ. . .။

ညဥ့်ဦးပိုင်းက ရောက်လာသော အမျိုးသမီးနှစ်ယောက် ရောက်လာကြပြန်သည်။

"မင်း. . မင်းတို့ ဘာလာလုပ်ကြပြန်တာလဲ"

ကိုဘထိုက်က ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက်သည်။ သို့သော် အမျိုးသမီးနှစ်ယောက်က ဘာမှ ပြန်မပြောကြဘဲ သူ့ကို ကြည့်ကာ ရယ်နေကြသည်။

ထိုသို့ကြည့်နေရင်းမှာပင် လှပချောမောလှသည့် မျက်နှာများက တဖြည်းဖြည်း အသွင်ပြောင်းလာကာ ကြောက်မက်ဖွယ်ရာသွင်ပြင်မျိုး ဖြစ်လာကြသည်။

ကြည့်နေရင်းမှာပင် ခြေလက်များ ပျောက်သွားကာ ကိုယ်လုံးက ရှည်မျောမျောကြီးဖြစ်လာသည်။

တစ်ကိုယ်လုံး အစိမ်းရောင်အကြေးခွံများ ထွက်လာသည်။

ဦးခေါင်းမှာလည်း လူအသွင်ပျောက်သွားကာ နဂါးတစ်ကောင်၏ဦးခေါင်းသဏ္ဌာန်မျိုးဖြစ်လာသည်။

ဦးခေါင်းပိုင်း၌ အစိမ်းရောင်အချွန်အတက်များ ထွက်လာပြီး မျက်လုံးများက ဟင်္သာပြဒါးခဲကဲ့သို့ ရဲရဲနီလာသည်။

ပါးစပ်ထဲမှ အစွယ်များ အငေါ်သား ထွက်လာသည်။

ခဏကြာတော့ သူ့အခန်းတစ်ခုလုံး အစိမ်းရောင်အ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရှိ နဂါးသဏ္ဍာန် မြွေကြီးနှစ်ကောင်၏ကိုယ်လုံးကြီးများဖြင့် ပြည့်နေတော့သည်။ ထိုအခါမှ ကိုဘထိုက်မှာ ကြောက်လန့်တကြားနှင့် အော်ဟစ်အကူအညီတောင်းသော်လည်း အသံက မထွက်တော့။

ထိုပြင် အခန်းထဲမှ အပြင်သို့ ထွက်မရတော့။ ခုတင်ပေါ်မှာသာ ဝပ်နေရသည်။ အခန်းတစ်ခုလုံး မြွေကိုယ်လုံးများဖြင့် ပြည့်နေပြီး ၎င်းတို့ကိုယ်လုံးမှ ထွက်သော အခွံအကျိများက နံရံနှင့်ကြမ်းပြင်များပေါ်မှာသာမက အခန်းမျက်နှာကြက်ကိုပါ ပေကုန်တော့သည်။ အကျိအခွံတုံးများက နေရာအနှံ့ ပေကျံလျက်ရှိနေသည်။

တစ်ညလုံး မြွေကြီးနှစ်ကောင်မှာ အခန်းထဲမှ ထွက်မသွားဘဲ တွန့်လိမ်လျက်ရှိပြီး တစ်ခါတစ်ရံ ကိုဘထိုက်အပေါ်သို့ လာရောက်၍မှိုးကြည့်လေရာ နောက်ဆုံးတော့ ကိုဘထိုက်မှာ အကြောက်လွန်ကာ သတိမေ့သလို ဖြစ်သွားလေတော့သည်။

နံနက်လင်း၍ အလုပ်သမားများ ရောက်လာပြီးနောက် အခန်းတံခါးကို လာရောက်ဖွင့်ကြည့်သောအခါ ခုတင်ပေါ်၌ သတိလစ်နေသော ကိုဘထိုက်ကို တွေ့ရသဖြင့် အစ်ကိုဖြစ်သူ ဦးဘသိုက်ဆီသို့ ချက်ချင်းအကြောင်းကြားကြလေသည်။

ဦးဘသိုက်က လူဆိုးဝါးပြမျာ း ရောက်လာပြီး ကိုဘထိုက်ကို နှိပ်စက်သွားသည်အထင်နှင့် အခန်းအခြေအနေကို လိုက်လံကြည့်ရှုသောအခါ အခြားပစ္စည်းများ ပျောက်ရှမှု မရှိဘဲ အခန်းတစ်ခုလုံး အခွံအကျိများဖြင့် ပြည့်နေသည်ကိုသာ တွေ့ရှိ





လေသည်။

"ဒါဘယ်လိုဖြစ်တာလဲ. . . အခန်းတစ်ခုလုံး အခွံအကျိတွေချည်းပါပဲလား၊ ညက ဒီအခန်းထဲက ဘာသံကြားသေးလဲ"

"ကျွန်တော်တို့တော့ ဘာအသံမှ မကြားရဘူး သူဌေး"

"ဒါဖြင့် ဒီဟာတွေက ဘယ်လိုရောက်နေတာလဲ"

ထိုအခါ ရှေ့မီနောက်မီ အဘိုးကြီးတစ်ယောက်က ဝင်ပြောသည်။

"ဒါတွေက သာမန်မဟုတ်နိုင်ဘူး သူဌေး၊ အခွံအကျိတွေ ကြည့်ရတာ ဒီအခန်းထဲကို မြွေကြီးတစ်ကောင် ရောက်လာတဲ့ပုံပဲ"

"ဟင်. . . မြွေဟုတ်လား"

"ဟုတ်ပါတယ်. . . ဒီလို အခွံအကျိမျိုး အတုံးလိုက်ထွက်တာ ပင်လယ်ထဲက အကြေးမပါတဲ့ ငါးကြီးတွေရဲ့ကိုယ်ပေါ်မှာနဲ့ အလွန်ကြီးတဲ့မြွေကြီးတွေရဲ့ကိုယ်ကပဲ ထွက်တာပါ၊ ဒီအခန်းထဲကို ငါးမတက်တာတော့ သေချာတယ်"

"ဦးပန်းရုံရယ်. . . ဒီအခန်းထဲကိုတော့ ဘယ်က ငါးကဘက်ပုံ့မလဲဗျာ"

"ငါးမဟုတ်ရင်တော့ မြွေတက်တာ သေချာတာပေါ့၊ ဘာကြောင့်လဲဆိုတော့ အကျိအခွံတွေက ကြမ်းပြင်ပေါ်မှာတင် မဟုတ်ဘူး၊ အခန်းနံရံနဲ့ အမိုးမျက်နှာကြက်မှာတောင် တက်ကပ်နေတာ ကြည့်ပါလား"

ဦးပန်းရုံစကားကြောင့် အခန်းထဲသို့ လိုက်လံကြည့်ရှုကြ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ အကျိအခွဲများက နေရာအနှံ့အပြား မျက်နှာကြက်အထိ တစ်ကပ်နေသည်ကို တွေ့ကြရသည်။

"ခင်ဗျားပြောတာ ဟုတ်များ ဟုတ်လေရော့သလား၊ ဒါပေမယ့် ဒီလောက်ကြီးမားတဲ့မြွေက ဒီအခန်းထဲ ရောက်အောင် ဘယ်လိုတက်လာတာလဲ၊ ဒီလိုတက်လာတာကိုရော အခြားလူတွေက မမြင်နိုင်ဘူးလား. . . ဘယ်လိုဟာတွေလဲဗျ"

ဦးဘသိုက်က စိတ်ရှုပ်သောအမူအရာဖြင့် ပြောလိုက်လေသည်။

"ဒီကိစ္စမျိုးတွေက အတော်ကလေး ဆန်းကြယ်တယ်သူဌေး၊ ကျုပ်ပြောရင်လည်း သူဌေးအနေနဲ့ လက်ခံမယ် မဟုတ်ဘူး"

"လက်ခံတာ မခံတာ နောက်ထား၊ အခြေအနေကို ပြောပြစမ်းပါဗျာ"

"ကျုပ်အထင်ပြောရရင်တော့ သူတစ်ခုခု အမှားအယွင်းလုပ်ထားတယ်ထင်တယ်၊ ဒါကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေက သူ့ကို သတိပေးတဲ့အဆင့်ကနေ အခုလို လာလုပ်ပြသွားတာလို့ထင်တယ်၊ တကယ်လို့ သူ့အနေနဲ့ ဒီအမှားကို မချေဘဲ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ အသက်အန္တရာယ် ရှိလာနိုင်ပါတယ်"

ဦးပန်းရုံထံမှ မမျှော်လင့်သော ထိုစကားကြားရသဖြင့် ဦးဘသိုက်ပင် အနည်းငယ် တုန်လှုပ်သွားလေသည်။

ဦးပန်းရုံမှာ သူ့ပွဲရုံမှ အလုပ်သမားတစ်ဦး ဖြစ်သော်လည်း ဘုရားတရားကြည်ညိုသူဖြစ်ပြီး အဓိဋ္ဌာန်ပုတီး မပြတ်စိပ်





နေသူမို့ သူ့စကားကိုလည်း ဥပက္ခာပြု၍မဖြစ်ပေ။

"ကဲ. . . ဒီလိုဖြင့်လည်း ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံဉာဏ်ပေးပါဦးဗျာ"

"သူ့ကို ကျွမ်းကျင်တဲ့ဆရာတစ်ဦးဦးနဲ့ ပြသင့်ပါတယ်၊ အဲဒီအခါကျရင် သူဌေးသိချင်တာတွေ သိရပါလိမ့်မယ်"

"ဘယ်ဆရာနဲ့ ပြရမလဲသာ ပြောပါဗျာ၊ ကျုပ်တို့က ဒါမျိုးတွေ သိပ်နားမလည်လို့ပါ၊ ပယောဂဆရာ ခေါ်ပြရမှာလား"

"ပယောဂဆရာနဲ့ ပြရင် မှားမှာပေါ့၊ သူဌေးယုံကြည်မယ်ဆိုရင် ကျုပ်ကိုယ်တိုင် သွားခေါ်ပေးပါ့မယ်"

"ကိုင်း. . . ဒါဖြင့် ခပ်မြန်မြန်သာ သွားခေါ်လာခဲ့ပါဗျာ၊ ကြာရင် ဒီမှာ ဒုက္ခဖြစ်လိမ့်မယ်၊ ခရီးဝေးရင် ကျုပ်မော်တော်ကားနဲ့ ဒရိုင်ဘာကိုသာ ခေါ်သွားပေတော့"

ဟု ပြောသဖြင့် ဦးပန်းရုံလည်း အပြင်သို့ ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။

၎င်းနောက် ရွှေကျီမြင် အနောက်ပေါက်အနီးတွင် နေထိုင်သော ဆရာကြီးတစ်ဦးကို သွားရောက်ခေါ်ဆောင်လာခဲ့လေသည်။

ထိုဆရာကြီး၏အမည်မှာ ဦးဗန်ကောင်းပင် ဖြစ်လေသည်။ ဦးဗန်ကောင်းသည် အဌမုခ ဓါတ်ပညာကို ကျွမ်းကျင်သော ဆရာတစ်ဦး ဖြစ်ရုံမက ပရလောကသားများနှင့် ဆက်နွယ်သော ရောဂါမှန်သမျှကို နိုင်နင်းကျွမ်းကျင်စွာ ကုသပေးနိုင်သူ ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်း ရောက်လာပြီးအခြေအနေကို အကဲခတ်ကြည့်ရုံနှင့် ပရလောကသားများနှင့် ဆက်နွယ်ပတ်သက်နေသော ရောဂါတစ်ခုခု ဝင်နေမှန်း ချက်ချင်းရိပ်မိလေသည်။

သို့သော်လည်း ကာယကံရှင်များ စိတ်ပူမည်စိုးသောကြောင့် ဘာမှထွေထွေထူးထူး မပြောတော့ဘဲ ကိုဘထိုက်ကိုသာ သတိပြန်ရအောင် ကုသပေးလေသည်။

ကိုဘထိုက် သတိပြန်ရလာပြီး အခြေအနေ ပုံမှန် ပြန်ရောက်လာသောအခါမှ ဦးဘသိုက်တို့လည်း ပြန်သွားကြလေသည်။

အခန်းထဲမှာ လူရှင်းသွားသောအခါမှ ဦးဗန်ကောင်းက ကိုဘထိုက်ကို အခြေအနေ မေးမြန်းကြည့်ရသည်။

"မောင့်ရဲ့အခန်းထဲကို မြွေတွေ ဝင်လာတာ တွေ့ပြီး အခုလို ဖြစ်တာမဟုတ်လား"

"ဟင်. . . ဆရာကြီးက ဘယ်လိုသိတာလဲ"

"ကျုပ်မေးတာသာ ဖြေပါ၊ မြွေတွေ ရောက်လာတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . အိပ်မက်ထဲမှာလိုလို တွေ့ရတာပါ"

"မောင်ကသာ အိပ်မက်လို့ ထင်နေတာကိုး၊ မြွေတွေက ဒီအခန်းထဲကို တကယ်ရောက်လာတာဗျ၊ အခန်းတစ်ခုလုံး အကျိအချွဲတွေ ကပ်ကျန်ခဲ့တာ မတွေ့ဘူးလား"

ထိုစကားကြောင့် ကိုဘထိုက်မှာ မျက်လုံးပြူးနေလေသည်။





"ကျုပ်တစ်ခုတော့ မေးပါရစေ၊ အမှန်အတိုင်း ပြောပြပါ၊ မောင်ရင် သူတို့နဲ့ ပတ်သက်ပြီး အမှားအယွင်းတစ်ခုခု ကျူးလွန်ခဲ့တယ် မဟုတ်လား"

ဦးဗန်ကောင်းစကားကြောင့် ကိုဘထိုက်မှာ ပြောသင့် မပြောသင့် အတန်ကြာအောင် ချိန်ဆနေလေသည်။

"ကျုပ်မေးတာက မောင်ရင့်အကျိုးအတွက် မေးတာပါ၊ ဒါမှ တစ်ခုခု လုပ်ပေးလို့ရမှာပေါ့၊ မဟုတ်ရင် ဒီထက်ဆိုးဝါးတဲ့ အန္တရာယ်တစ်ခုခုနဲ့ ကြုံရလိမ့်မယ်"

ဒီတော့မှ စိတ်ကို လျှော့ချလိုက်ဟန်ဖြင့်. . .

"ဟုတ်. . . ဟုတ်ပါတယ်"

"ဘယ်လိုကိစ္စမျိုးလဲ"

"ညောင်ပင်ကျင်းရွာ သွားတုန်းက လက်စွပ်တစ်ကွင်း မှားပြီးပါလာတာပါ"

"မှားလာတယ်ဆိုရင်တော့ သူတို့အနေနဲ့ ဒီလောက် လုပ်ပြဖို့ မလိုပါဘူး၊ သတိပေးရုံလောက်နဲ့တင် ရပါတယ်၊ အခုကိစ္စက သူတို့ပစ္စည်းကို တမင်ယူလာလို့သာ အခုလောက် ဖြစ်ရတာပါ"

ဦးဗန်ကောင်းက ပွင့်ပွင့်လင်းလင်းပင် ပြောလေရာ ကိုဘထိုက်မှာ မငြင်းသာတော့ဘဲ ခေါင်းညိတ်ပြလိုက်ရတော့သည်။

"ဟုတ်ပါတယ်"

"ဘာပစ္စည်းလဲ"

"ပတ္တမြားလက်စွပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကတိပေးပြီး ယူလာခဲ့ရတာ မဟုတ်လား၊ ဒီပစ္စည်းကို တစ်သက်လုံး ယူထားချင်လည်း မရပါဘူး၊ လူပဲ ဥပဒ်အန္တရာယ် အဖတ်တင်တာပဲ ကျန်မယ်၊ အချိန်တန်ရင် သူတို့ပစ္စည်း သူတို့ ပြန်လာသိမ်းသွားမှာပါပဲ၊ ဒီတော့ အမြန်ဆုံးသာ ပြန်ပို့ပေးလိုက်ပါ"

"ကျွန်တော့်ကို ကူညီလက်စနဲ့ အကူအညီပေးပါဦး ဆရာကြီးရယ်၊ အဲဒီရွာကို ကျွန်တော်တစ်ယောက်တည်း မသွားဝံ့ တော့လို့ ဆရာကြီးပါ လိုက်ခဲ့ပေးပါနော်"

"ဘယ်နေရာလဲ"

"ပုပ္ပါးတောင်ကြီးရဲ့မြောက်ဘက်မှာ ရှိတဲ့ ညောင်ပင် ကျင်းရွာကိုပါ"

"တကယ်အထိကရနေရာတွေပဲ. . . မောင်ရင် ယူလာ တဲ့ပစ္စည်းက ရွှေတောင်ငွေတောင်သိုက်က ငှားတဲ့ပစ္စည်း ဖြစ် မယ်ထင်တယ်"

"ဟုတ်. . . ဟုတ်ပါတယ်"

"အင်းလေ. . . ဒီလိုဆိုရင်လည်း လိုက်ခဲ့ပေးပါ့မယ်၊ ကျုပ်လည်း အဲဒီဘက်ရောက်တော့ ပုပ္ပါးတောင်ပေါ် တက်ပြီး ဆေးပင်၊ ဂမုန်းပင်တွေ ရှာရတာပေါ့၊ သွားမယ့်ရက်သာ ပြောပါ လေ"

"ကျွန်တော်လည်း တခြားရောဂါ ရှိတော့တာမှ မဟုတ် တာ၊ အစ်ကိုဆီမှာ အကျိုးအကြောင်း ပြောပြခွင့်တောင်းပြီး မနက်ဖြန် မနက်စောစောပဲ သွားကြတာပေါ့"





"ကောင်းပြီလေ. . . သွားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ဦးဇန်ကောင်းလည်း ပြန်သွား လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# ရွှေတွင်းတောင် ငွေတွင်းတောင်မှ အော်သံများ

တကယ်တော့ ရွှေတွင်းတောင် ငွေတွင်းတောင်သည် သူတို့နှင့် ရင်းနှီးကျွမ်းဝင်သောနေရာတစ်ခုတော့ မဟုတ်ပါပေ။

သူတို့နေသောရွာနှင့် နီးသော်လည်း အကြောင်းမရှိဘဲ မရောက်ဖြစ်သော နေရာတစ်ခုလည်းဖြစ်သည်။

ဆေးဆရာကြီးဦးဘသာက ဆေးမြစ်ဆေးဥ ရှာဖွေရန် သွားလာသည့်အခါ ကျော်စွာနှင့် နီမောင်တို့နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖော်ခေါ်သွားလေ့ရှိသည်။

ထိုအခါမျိုးတွင် တောင်ပေါ်သို့ ရောက်လေ့ရှိကြသည်။

ထိုတောင်နှစ်လုံးမှာ ပုပ္ပါးတောင်မကြီးကို ဝန်းရံနေသော တောင်ပေါင်းများစွာ ရှိသည့်အနက်မှ ကိုးနဝင်းတောင် စာရင်းဝင် တောင်နှစ်လုံးပင်ဖြစ်ပေသည်။

တောင်ပုတောင်၊ တောင်လှတောင်၊ မြောက်နားတောင်၊ အလယ်တောင်၊ တောင်နားတောင်၊ မြက်သောက်တောင်၊ ရသေ့တောင်၊ ရွှေတွင်းတောင်၊ ငွေတွင်းတောင် ဟူ၍ ဂန္ဓာရီ ဝိဇ္ဇာလမ်း လိုက်သူတို့ ကိုးနဝင်းစာရင်းသွင်းကာ အမှတ်အသားပြုထားခဲ့ခြင်း ဖြစ်လေသည်။

၎င်းတောင်နှစ်တောင်မှာ အခြားတောင်များနှင့်မတူဘဲ ရှေ့ဆင့်နောက်ဆင့် ယှဉ်တွဲလျက် ရှိနေလေရာ အဝေးတစ်နေရာမှ လှမ်းမျှော်ကြည့်ပါက အမျိုးသမီးတစ်ယောက် ရင်သားနှင့်ပင် ပုံသဏ္ဍာန်တူလေသည်။

ထိုတောင်နှစ်လုံး၏ထူးခြားချက်မှာ ရှေးအခါကတည်းက အလှူအတန်းကိစ္စအတွက် အသုံးပြုရန် ရွှေငွေရတနာပစ္စည်း ငှားရမ်းပါက လိုသောပစ္စည်း ရနိုင်ခြင်းပင်။

ရှေးအခါက ညဉ့်ဦးပိုင်းက ထိုတောင်၌ငွေဖလားတစ်လုံး ချထားပြီး အလှူအတွက် ရွှေငွေလက်ဝတ်တနာပစ္စည်း ငှားရမ်းပါက နောက်တစ်နေ့နံနက်တွင် ဖလားအတွင်း၌ လိုအပ်သော ရတနာပစ္စည်းများ ရောက်နေတတ်သည်။

အင်္ဂလိပ်ခေတ်မတိုင်မီ ရှေးအခါက ထိုကဲ့သို့ လွယ်လင့်





တကူ ရနိုင်ကြသော်လည်း ပါတော်မူပြီးနောက်ပိုင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံး သူ့ကျွန်ဘဝ ရောက်သွားချိန်တွင် ခေတ်ပျက်သွားသည်က တစ်ကြောင်း၊ လူများကလည်း ကတိသစ္စာ ဖျက်ယွင်းလာသောကြောင့် ရှေးကကဲ့သို့ အလွယ်တကူ ငှားရမ်း၍မရတော့ပေ။ ယုံကြည်စိတ်ချရသည့် လူပုဂ္ဂိုလ်တစ်ဦးဦးက တာဝန်ယူ၍ ငှားရမ်းပေးမှသာ ရနိုင်တော့သည်။

(ယခုကာလမှာတော့ ထိုကိစ္စမျိုး လုံးဝမရှိတော့ဘဲ ရွှေငွေလက်ဝတ်ရတနာများ ငှားရမ်း၍လည်း မရတော့ပေ။)

ပါတော်မူပြီးစ နောက်ပိုင်းမှာတော့ ဦးဘသာတို့လို သီလသမာဓိနှင့် ပြည့်စုံသော လူပုဂ္ဂိုလ်တို့က တစ်ဆင့်တာဝန်ယူ၍ ငှားရမ်းပေးလျှင် ရနိုင်သော်လည်း အချို့က ရိုးသားမှု မရှိကြတော့ပေ။

အချို့က ဆင်းရဲလွန်းသဖြင့် ရွှေငွေရတနာများကို ပြန်မပေးလိုကြပေ၊ အချို့ကလည်း ပုလဲပုတီးကို တစ်လုံးယူ နှစ်လုံးယူနှင့်၊ အချို့ကလည်း ဆွဲကြိုးကို အဆစ်ဖြုတ်ယူသည်။

အချို့က အဖိုးတန်သောကျောက်နှင့် အဖိုးမတန်သော ကျောက်ကို လဲယူကြသည်။

ရွှေအတုနှင့်အစစ် လဲယူသည်။

ထိုကဲ့သို့ သစ္စာပျက်လာသောကြောင့် ယခင်ကကဲ့သို့ အလွယ်တကူ ငှားရမ်း၍မရနိုင်တော့ပေ။

ကြားထဲမှ တာဝန်ယူပေးမည့်သူ ရှိလျှင်တော့ ငှားရမ်း၍ ရနိုင်ပေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရတနာပစ္စည်းများကို မရိုးမသား၊ မသမာသောစိတ်ဖြင့် ခိုးယူထားသူများမှာလည်း ကြာတောင့်ကြာရှည် မသုံးစွဲရပေ။

ထိုပစ္စည်းမျိုးကို တစ်ရာဖိုး ယူလိုက်မိပါက အကြောင်းတစ်ခုခု ပေါ်လာပြီး မိမိတို့ပစ္စည်းပါ ရှိသမျှပြောင်အောင် ပျက်စီးဆုံးရှုံးသွားတတ်သည်။

ကျွဲနွားများ ပိုးထိ၍သေဆုံးခြင်း၊

လူများ နာမကျန်းဖြစ်ခြင်း၊

ကောက်ကာငင်ကာ ရောဂါကြီး၍သေဆုံးရခြင်း၊

အိမ်မီးလောင်ခြင်း၊

ထိတ်လန့်ဖွယ်ရာ မြင်ကွင်းများနှင့် ကြုံတွေ့ရကာ နောက်ဆုံး စီးပွားပျက်၊ ဘဝပျက် အခြေအနေသို့ ရောက်ကြရလေသည်။

ယခုလည်း အလှူကိစ္စအတွက် ရတနာပစ္စည်းများကို ငှားရမ်းပေးခဲ့ရာ ရွာသူရွာသားများက မလုပ်ဝံ့ကြဘဲ တစ်နယ် အလှူကိစ္စနှင့် ရောက်လာသော ကိုဘထိုက်က ပတ္တမြားလက်စွပ်ကို မှားယွင်းသည်ဟု အကြောင်းပြကာ ယူသွားခဲ့လေသည်။

သို့သော်လည်း မန္တလေးပြန်ရောက်ပြီး ရက်ရှည်မထားနိုင်ဘဲ ဆေးဆရာကြီးဦးဗန်ကောင်းကိုပါ အဖော်ခေါ်လာပြီး ဦးဘသာ လက်ထဲသို့ ပတ္တမြားလက်စွပ်ကို ပြန်အပ်ပေးလေသည်။ ထိုသို့အပ်ခဲ့ပြီး ဦးဗန်ကောင်းက ရွာ၌ ကျန်နေခဲ့ပြီး ကိုဘထိုက်ကတော့ မန္တလေးသို့ နေ့ချင်းပင် ပြန်သွားလေတော့သည်။





ပတ္တမြားလက်စွပ်ကို ပြန်လာပို့သောအချိန်မှာ ကိုဘထိုက် ကတိပေးသွားသည့်အတိုင်း (၇)ရက်ပင် မပြည့်သေးပေ။

ရတနာပစ္စည်းများ စုံလင်သောအခါ ဦးဘသာကိုယ်တိုင် ပြန်ပို့ပေးရမည် ဖြစ်သော်လည်း အလှူပွဲရက်က ရောက်လာသော ဧည့်သည်တစ်ဦးက. . .

"တောင်ပေါ်ကို ပစ္စည်းပြန်လာပို့ရင် ဒီတစ်ခေါက်တော့ ကိုယ်တိုင်မလာခဲ့ရန်"

မှာကြားသွားသောကြောင့် ပစ္စည်းများကို ပဝါစဖြင့် ထုတ်၊ ငွေဖလားထဲသို့ ထည့်ကာ ထိုငွေဖလားကို လူသူလေးပါး မမြင်စေရန် ပုဆိုးဟောင်းတစ်ထည်ဖြင့် အပေါ်မှာ ထပ်ထုပ်ပြီးနောက် နီမောင်နှင့်ကျော်စွာတို့နှစ်ယောက်ကို နေဝင်ရီတရော အချိန်၌ လွှတ်လိုက်လေသည်။

ထိုသို့လွှတ်ရာမှာပင် ဘေးအန္တရာယ် အနှောင့်အယှက် ရှိစေရန် အစီအရင်အချို့ကိုပင် ပြုလုပ်ပေးလိုက်သည်။ နေဝင် ဘရောအချိန်တွင် နှစ်ယောက်သား ရွာမှ ထွက်ခဲ့ကြခြင်းဖြစ်လေသည်။

ညောင်ပင်ကျင်းရွာနှင့် ရွှေတွင်းတောင် ငွေတွင်းတောင်တို့ ရှိသောနေရာမှာ နှစ်မိုင်ကျော် သုံးမိုင်ခရီးမျှသာ ဝေးကွာသည်ဆိုသော်လည်း လမ်းခရီး၌ လူသူလေးပါး မနီးသော တောလမ်း တောင်လမ်းများမှ ဖြတ်သန်းသွားရသည်။ ရွှေတွင်းတောင် ငွေတွင်းတောင်နှင့် နီးသောအခါ တောအုပ်တစ်ခုအတွင်းမှ ဖြတ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် ကျော်စွာတို့နှစ်ယောက်မှာတော့ သစ်ပင်
ချုံနွယ်များကို ခုတ်ထွင်ဖယ်ရှားရန် ဓါးတစ်လက်သာ ပါပြီ
အခြားမည်သည့်လက်နက်မှ မပါကြပေ။

ထိုအခိုက်မှာပင် သူတို့လာသောလမ်း၏တောင်ခြေ
ဝင်မည့်နေရာလောက်ရှိ တောအုပ်တစ်ခုအတွင်း၌ လူတစ်
စောင့်နေကြသည်။ စုစုပေါင်း ငါးယောက်ဖြစ်သည်။

၎င်းတို့တွင် တုတ်၊ ဓါး၊ လှံ အစရှိသည့်လက်နက်မျာ
ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ထားကြလေသည်။

သူတို့နေရာယူထားသောနေရာမှာ တောင်စောင်း တ
နေရာမှ ဖြစ်သောကြောင့် မှောင်ရီသမ်းစအချိန်လောက်တွ
လယ်ကွင်းတစ်ခုထဲမှာ ဖြတ်လာသော နီမောင်တို့နှစ်ယောက်
အပေါ်စီးမှ အတိုင်းသား လှမ်းမြင်ရလေသည်။

သူတို့သည် နီမောင်တို့အလာကို နေ့လယ်ဘ
ကတည်းက အရက်သောက်ရင်း စောင့်နေကြခြင်းဖြစ်၏။

"သူတို့ လာနေကြပြီ"

တစ်ယောက်က လှမ်းပြောလိုက်သဖြင့် အစား
သောက်များကို လက်စသတ်လိုက်ကြပြီး အရက်ပုလင်းမျ
အခြားပစ္စည်းများကို ချုံများအတွင်းသို့ ဝှက်ထားလိုက်ကြသည
"အားလုံး ပိပိရိရိ ရှိကြပေစေနော်၊ အရေးကြီးတာ
တို့ကို မမှတ်မိဖို့ပဲ"

"စိတ်ချပါ. . ."

"တို့လိုချင်တဲ့ပစ္စည်းတွေ ရရင် လူတွေကို ခြေလွှန်လ





ငွှန် မလုပ်မိဖို့ အရေးကြီးတယ်၊ ကိုယ့်အသက်ကို ရန်ရှာလာကြ
သော ခုခံကာကွယ်ကြ. . . ကြားလား"

ဟု ပြောဆိုကာ ၎င်းတို့မျက်နှာများကို မမှတ်မိစေရန်
ပဝါအနက်စများဖြင့် မျက်နှာတစ်ဝက်စည်း၍ လက်နက်များကို
အဆင်သင့် ကိုင်ကာ သစ်ပင်များနောက်ဘက်သို့ ခြေရာဖျောက်
သွားကြလေသည်။

ထိုအချိန်မှာပင် စကားတပြောပြောနှင့် လျှောက်လာကြ
သော နီမောင်တို့နှစ်ယောက်မှာ တောစပ်သို့ ရောက်လာကြ
သည်။

သူတို့ တောစပ်သို့ ဝင်ရန်ပြင်သည်နှင့် တောထဲမှ အမျိုး
သမီးသုံးယောက် ထွက်လာသည်။

အားလုံး အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြီး
ပုံတူရွယ်တူ လှပချောမောသူများဖြစ်ကြလေသည်။

"အစ်ကိုတို့က ဘယ်သွားကြမှာလဲ"

ရှေ့ဆုံးမှ အမျိုးသမီးက မေးသည်။

"ရွှေတွင်းတောင် ငွေတွင်းတောင်ပေါ် တက်ကြမလို့ပါ"

"အော်. . . ဌားသွားတဲ့ ရတနာပစ္စည်းတွေ လာပို့ကြ
တာလား"

ထိုစကားကြောင့် နှစ်ယောက်သား တစ်ယောက်မျက်
နှာ တစ်ယောက်ကြည့်ကာ အံ့ဩသွားကြလေသည်။

"ဒါထက် ခင်ဗျားတို့က ဘယ်လိုများ သိနေကြတာလဲ"

နီမောင့်စကားကြောင့် သုံးယောက်သား သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ကြလေသည်။

"သိတာပေါ့ရှင့်. . . အဲဒီပစ္စည်းတွေက ကျွန်မတို့ကိုယ် တိုင် ငှားလိုက်တာပဲ၊ မသိဘဲ ရှိပါ့မလား"

"အစ်ကိုတို့က မယုံဘူးလား"

"မယုံရင် အထုပ်ထဲမှာပါတဲ့ ပစ္စည်းတွေကို တစ်ခုချင်း မှန်အောင် ပြောပြမယ်လေ"

သုံးယောက်သား တစ်ယောက်တစ်ခွန်း ဝင်ပြောလိုက် သဖြင့် နီမောင်မှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတော့ သည်။

အတန်ကြာတော့မှ နီမောင်က ဦးဘသာ မှာလိုက်သော စကားတစ်ခွန်းကို ပြန်လည်အမှတ်ရသွားတော့သည်။

"တောင်ပေါ် ရောက်တဲ့အခါ မိန်းကလေးသုံးယောက် လာယူရင် ပေးသာပေးလိုက်၊ ဘာမှစိုးရိမ်စရာမရှိဘူး"

ဟူသောစကားကို ပြန်သတိရသဖြင့်. . .

"ဒါဖြင့် ခင်ဗျားတို့က ဒီတောင်မှာ နေကြတာပေါ့နော်"

ဟု မဝံ့မရဲ မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဒီလိုဖြင့် ကျွန်တော်တို့ ယူလာတဲ့ပစ္စည်းတွေကို ခင်ဗျား တို့ကို ပေးလိုက်ရင် ရတာပေါ့နော်"

"ဒီလိုဘယ်ရမလဲ. . . ရှင်တို့နှစ်ယောက် တောင်ပေါ် ရောက်အောင် ပြန်ပို့ပေးရမှာပေါ့၊ လာတုန်းက လာပြီး အခု ကြောက်နေပြီလား"





အမျိုးသမီးက ပြုံးစစနှင့် မေးလိုက်သည်။

"မကြောက်ပါဘူး. . . ကျွန်တော်တို့က မဟုတ်တာ လုပ်ကြတာမှ မဟုတ်တာ၊ ဒါထက် အခု ခင်ဗျားတို့ ဘာလာလုပ် ကြတာလဲ"

"ရှင်တို့ကို လာကြိုနေတာပေါ့၊ နောက်ပြီး သတိပေးစရာ လည်း ရှိလို့ လာစောင့်နေကြတာပါ"

"ဘာများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ရှင်တို့ ဒီလမ်းက မသွားဘဲ ဟိုခြားလမ်းက လှည့်သွားဖို့ လာပြောတာပါ"

"ဘာကြောင့်လဲဟင်"

"ဒီလမ်းက သွားရင် အန္တရာယ်ရှိလို့ လာပြောတာပါ၊ ဟိုခြားလမ်းကသာ သွားကြပါ၊ တောင်ထိပ်ပေါ် ရောက်တော့ ကျွန်မတို့ လာတွေ့ပါ့မယ်"

ဟု ပြောဆိုကာ တောတွင်းသို့ ပြန်ဝင်သွားကြလေ သည်။

နီမောင်တို့နှစ်ယောက်လည်း အချိန်က တစ်စတစ်စ မှောင်လာပြီဖြစ်သောကြောင့် ထွေထွေထူးထူး စဉ်းစားမနေ တော့ဘဲ မူလရည်ရွယ်ထားသောလမ်းမှ မတက်ကြတော့ဘဲ အခြားလမ်းမှ တက်ကြလေတော့သည်။

ထိုအချိန်တွင် လမ်းခုလတ်တစ်နေရာမှ စောင့်နေကြ သော လူငါးယောက်တို့မှာ တောင်ပေါ်သို့ တက်လာနေသော ခြေသံကြားရသဖြင့် တစ်ယောက်နှင့်တစ်ယောက် အချင်းပြကာ



www.burmeseclassic.com

www.burmeseclassic.com



သဲကြီးမဲကြီး စောင့်နေကြလေသည်။

သို့သော်လည်း ခြေသံကိုသာ ကြားနေရပြီး လူကတော့ ရောက်မလာသေးပေ။

ကြားနေရသောခြေသံကသာ နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေလေ၏။

"ဘယ်လိုလဲ. . . ခြေသံတွေသာ ကြားနေရတယ်၊ လူက ရောက်မလာသေးပါလား"

"ဒီလမ်းက တက်လာတာရော သေချာရဲ့လား"

"သေချာပါတယ်. . . ငါကိုယ်တိုင်မြင်လိုက်ရတာပဲ"

"ဒါဖြင့် ဘာကြောင့် ရောက်မလာသေးတာလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

"သွားဆင်းကြည့်ကြမလား"

"မဖြစ်ဘူးလေ. . . တော်ကြာ ရိပ်မိသွားလို့ ထွက်ပြေးသွားရင် အမှောင်ထဲမှာ ဘယ်လိုလိုက်ရှာမလဲ"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"ခဏတော့ စောင့်ကြည့်ကြတာပေါ့၊ ရောက်မလာတော့မှ အခြေအနေ ကြည့်လုပ်ကြမယ်"

ဟု ပြောဆိုကာ ဆက်လက်စောင့်ဆိုင်းနေကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် တောထဲမှာ အမှောင်ရိပ်များက ဖုံးလွှမ်းလာလေပြီ၊ တောင်ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်





လာသော်လည်း ၎င်းတို့ပတ်ဝန်းကျင်မှာတော့ အသံအချို့ကို ကြားနေကြရသည်။

တောတိုးလာသည့် ခြေသံများ. . .

သစ်ပင်သစ်ကိုင်းများကို လက်ဖြင့် ဖယ်ရှားလာသံများ

သစ်ကိုင်းချိုးသံ၊ သစ်ရွက်လှုပ်ခတ်သံများအပြင် တီးတိုးပြောဆိုလာသော စကားသံအချို့ကိုပါ မသဲမကွဲ ကြားနေကြရသည်။

အတန်ကြာတော့ တောတိုးလာသော ခြေသံများက တဖြည်းဖြည်း နီးလာကာ ပီပီပြင်ပြင် ကြားလာရသည်။

ထို့ပြင် စကားပြောလာသောအသံများကို ပိုမိုကျယ်လောင်စွာ ကြားလာရပြီး မီးရောင်အချို့ကိုပါ လှမ်းမြင်လာရသဖြင့် စောင့်နေကြသည့် လူငါးယောက်တို့မှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ကိုင်ထားသောလက်နက်များကို တဆဆ လုပ်ရင်း မီးရောင်လှမ်းမြင်ရသောဘက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ခဏကြာတော့ သူတို့ရှိရာနေရာသို့ လူနှစ်ယောက် ရောက်လာတော့သည်။

အခြားမဟုတ်ပေ။

မိန်းကလေးများက လှမ်းညွှန်ပေးလိုက်သောလမ်းဘက်မှ တက်လာကြသည့် နီမောင်နှင့်ကျော်စွာတို့နှစ်ယောက်ပင်ဖြစ်သည်။ နီမောင်တို့နှစ်ယောက် အနီးသို့ ရောက်လာသောအခါ ပုန်းခိုနေသော လူငါးယောက်က သစ်ပင်အကွယ်များ



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ထွက်ကာ ဓါး၊ တုတ်၊ လှံများဖြင့် ချိန်၍ဝိုင်းထားလိုက်ကြသည်။

"တို့ဖြင့် စောင့်လိုက်ရတာကွာ၊ အခုမှပဲ ရောက်လာကြတော့တယ်"

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ငါတို့ ဘယ်သူတွေလဲဆိုတာ မင်းတို့ သိရင်လည်း မထူးပါဘူးကွာ"

"ဒါဖြင့် ဘာကြောင့် ကျုပ်တို့ကို စောင့်နေကြတာလဲ"

"မင်းတို့လက်ထဲက အထုပ်ကို လိုချင်လို့ပေါ့ကွာ၊ အဲဒီအထုပ်ကိုသာ တို့ကို ပေးထားခဲ့ပေတော့"

"ဘယ်ဖြစ်မလဲဗျ. . . ဒီပစ္စည်းတွေက သူများဆီက ငှားရမ်းလာတဲ့ပစ္စည်းတွေကို ပြန်ပို့ပေးရမှာ. . . မလုပ်ကြပါနဲ့"

နီမောင်က ပစ္စည်းထည့်ထားသောအထုပ်ကို နောက်သို့ ကွယ်ထားရင်း ပြောလိုက်သည်။

"မင်းတို့ကလည်းကွာ. . . တောထဲတောင်ထဲက ငှားလာတဲ့ပစ္စည်းတွေကိုများ ရေးကြီးခွင်ကျယ်လုပ် ပြောနေပြန်ပြီ၊ နောက်ပြီး ဒီပစ္စည်းတွေက ပိုင်ရှင်မရှိဘူးဆိုတာလည်း ငါတို့ အသိဆုံးပါ၊ အခုလောလောဆယ် တောထဲမှာ အသက်ကို ဒီရတနာပစ္စည်းတွေနဲ့တော့ မလဲချင်ပါနဲ့"

ဟု ဓါးတဝင့်ဝင့်ဖြင့် ပြောနေရာ နီမောင်တို့နှစ်ယောက်လည်း လောလောဆယ် တောထဲတောင်ထဲ အမှောင်ထဲမှာ ကယ်မည့်သူလည်း မမြင်သောကြောင့် မတတ်သာတော့ဘဲ





လက်ထဲမှ အထုပ်ကို ကမ်းပေးလိုက်ရလေသည်။

"အေး. . . ဒီလိုမှပေါ့၊ အေး. . . ဒါပေမယ့် မင်းတို့နှစ်ယောက် ချက်ချင်းမသွားကြနဲ့ဦး၊ ဒီအထုပ်ကို ဖြေကြည့်ရဦးမယ်၊ ငါတို့ဆရာ မှာလိုက်တဲ့အတိုင်း ရတနာပစ္စည်းတွေ မှန်ပြီဆိုမှ သွားခွင့်ပေးနိုင်မယ်"

ဟု ပြောသဖြင့် မလှမ်းမကမ်းနေရာမှာ ရပ်နေကြရသည်။

ထို့နောက်. . .

ခေါင်းဆောင်လုပ်သူက နီမောင်တို့ဆီမှ ယူထားသည့် အထုပ်ကို ဖြေကြည့်လေသည်။

ပထမ အပေါ်မှ ပတ်ထားသော အဝတ်ဟောင်းကို ဖယ်လိုက်သောအခါ ငွေဖလားကို တွေ့ရသည်။

ထိုငွေဖလားထဲမှာတော့ ပဝါစဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ် ရှိလေသည်။

ထိုအထုပ်ကို ဖွင့်လိုက်ပြီး မီးရောင်ဖြင့် ကြည့်လိုက်သောအခါ သူတို့မျှော်လင့်ထားသလို ရတနာပစ္စည်းများ မတွေ့ကြရဘဲ မျက်လုံးများနှင့် သွားများကို အဝတ်စဖြင့် စုထုပ်ထားသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ကြရာ အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

"ဟာ. . "

"မျက်. . မျက်လုံးတွေ၊ သွား. . သွားတွေပါလား"

"ဟော့ကောင်တွေ. . . မင်းတို့ ရတနာတွေက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ဟာတွေလဲကွ"

ဟု တအံ့တသြ အထိတ်တလန့်ဖြင့် ရေရွတ်နေကြစဉ် နောက်ဖက်မှ ဝမ်းခေါင်းသံကြီးဖြင့် လှိုက်လှိုက်လှဲလှဲ ရယ်သံကြီးကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ စောစောက ကြောက်ကြောက်ရွံ့ရွံ့ အမူအယာဖြင့် ရပ်နေကြသော နီမောင်နှင့်ကျော်စွာတို့နှစ်ယောက်မှာ ယခုတော့ အခြေအနေပြောင်းသွားပြီး တဟားဟားနှင့် အော်ဟစ်ရယ်မောနေသည်ကို တွေ့ကြရသည်။

၎င်းတို့နှစ်ယောက် ရယ်သံမှာ ဝမ်းခေါင်းသံကြီးများနှင့် ရယ်နေသောကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော တောထဲ၌ ပဲ့တင်ထပ်လျက်ရှိနေတော့သည်။

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

"ဟော့ကောင်တွေ. . ဘာတွေသဘောကျလို့ ဒီလောက် ရယ်နေရတာလဲ၊ ငါမေးတာ ဖြေစမ်း၊ ရတနာတွေ ဘယ်မှာလဲ"

"ဟား. . . ဟား. . . ဟား. . . ဟား"

"တယ်. . . ငါ ဓါးနဲ့ ခုတ်သတ်လိုက်ရ၊ နေရာမှာတင် သေတော့မှာပဲ"

ဟု ဓါးကြိမ်း,ကြိမ်းသော်လည်း နှစ်ယောက်စလုံးမှာ အရယ်မရပ်နိုင်တော့ဘဲ တိုး၍တိုး၍ ကျယ်လောင်စွာ ရယ်နေလေရာ ကြည့်နေရင်းမှာပင် ပါးစပ်ပေါက်ကြီးများက ကျယ်သထက် ပို၍ကျယ်လာတော့သည်။





"ဟား. . . ဟား. . . ဟား. . . ဟား"

ရယ်ရင်းရယ်ရင်းနှင့် ပါးစပ်ပေါက်က ကျယ်ထွက်လာကာ အထဲမှ သွားများပင် အပြင်သို့ ငေါ်ထွက်လာသည်။

ရယ်ရလွန်းသဖြင့် မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်လာသည်။

ပါးစပ်ပေါက်ကြီးက အဆမတန် ကျယ်ထွက်လာသောကြောင့် ပါးစပ်ထဲမှ လျှာကလည်း အပြင်ဘက်သို့ လျှောကျလာလေတော့သည်။

သို့ကြောင့် ရယ်သံမှာလည်း စောစောပိုင်းကလို ပီပီသသ မရှိတော့ဘဲ ဝူးဝူးဝါးဝါးဖြစ်လာ လူငါးယောက်မှာ ကြည့်ရင်းကြည့်ရင်းနှင့် ၎င်းတို့အား နာနာဘာဝများက ခြောက်လှန့်နေပြီကို သဘောပေါက်လာကြသဖြင့်. . .

"တို့ကို တောခြောက်ပဟ၊ အမြန်သာ ပြေးကြပေတော့ဟေ့"

ဟု ပြောကာ ရှေ့ဆုံးမှ ခေါင်းဆောင်က ၎င်းလက်ထဲမှ ပစ္စည်းများကို လွှတ်ချထားခဲ့ပြီး ခြေဦးတည့်ရာသို့ ထွက်ပြေးသောအခါ နောက်ဘက်မှ နောက်လိုက်များကလည်း ပြေးမိပြေးရာ ပြေးကြလေရာ အမှောင်ထဲမှာမို့ သစ်ပင်နှင့် ဝင်တိုက်သူက,တိုက်၊ ကျောက်တုံးနှင့် ဝင်ဆောင့်သူကဆောင့်၊ ခလုတ်တိုက်ကာ လဲသူကလဲ၊ ချောက်ထဲ လိမ့်ကျသူကကျ၊ ဆူးချုံနင်းသူက နင်းနှင့် ကမ္ဘာပျက်သည့်နှယ် ဆူညံသွားလေတော့သည်။

လူသူကင်းဝေးပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ


www.burmeseclassic.com

www.burmeseclassic.com

သော ရွှေတွင်းတောင် ငွေတွင်းတောင်ခြေ၌ ထိုကဲ့သို့ ဆူဆူညံညံ အသံများ ပေါ်ထွက်နေသည်ကိုတော့ မည်သူမှ သိလိုက်ကြမည် မဟုတ်တော့ပေ။





# အခန်း(၇)

# သလင်းကျောက်ခေါင်းအတွင်းမှ ဝိညာဉ်မဲ့ရုပ်အလောင်းများ

နီမောင်နှင့်ကျော်စွာတို့နှစ်ယောက်မှာ အမျိုးသမီး သုံးယောက် ညွှန်ပြပေးလိုက်သောလမ်းမှ တောင်ပေါ်သို့ တဖြည်းဖြည်း တက်သွားကြရာ ညဦးပိုင်းအချိန်လောက်တွင် တောင်ထိပ်ပေါ်သို့ ရောက်သွားကြသည်။

သူတို့နှစ်ယောက် ယခုရောက်နေသောတောင်မှာ ငွေတွင်းတောင်ထိပ်ရင်ပြင်ပင်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်၌ ရွှေတွင်းတောင်ထိပ်ကို လရောင်ဖြင့် မှုန်ပျပျ လှမ်းမြင်နေရသည်။

နီမောင်သည် ဦးဘသာ မှာကြားလိုက်သည့်အတိုင်း တောင်ရင်ပြင်၏အနောက်ဘက်စွန်းသို့ လာခဲ့သည်။

အနောက်ဘက်စွန်းသို့ မရောက်မီ ကျောက်တုံးကြီး တစ်လုံးနှင့် ကျောက်ဖျာငယ်တစ်ချပ်ကို တွေ့ရသည်။

ထိုနေရာမှာ ဦးဘသာ စခန်းချ၍ အဓိဋ္ဌာန်ဝင်သော နေရာဖြစ်လေရာ ဖယောင်းတိုင်အတိုအစများပင် ရှိနေသေးသည်။

"ဒီနေရာက အဘ အဓိဋ္ဌာန်ဝင်တဲ့နေရာပဲကွ၊ ဒီနေရာကနေ ဟိုအနောက်ဘက်မှာ လှမ်းမြင်ရတဲ့တောင်စွန်းမှာ ဒီဖလားကို သွားချထားပေးရမယ်ကွ"

ဟု နီမောင်က ပြောလိုက်သည်။

"ချထားတော့ ဘယ်လိုဖြစ်မလဲ"

"သက်ဆိုင်ရာက လူတွေက လာယူကြမှာပေါ့"

"အဲဒီလို လာယူရင် ငါတို့မြင်ရမလား"

"ဒါကတော့ ငါလည်း ဘယ်သိပါ့မလဲ၊ မြင်ချင်လည်း မြင်ရမှာပေါ့"

"ဒါထက် တို့စောစောကတွေ့ခဲ့တဲ့ အမျိုးသမီးသုံးယောက်ကရော ဒီကလူတွေပဲလား နီမောင်"

"ဟုတ်မှာပေါ့ ဒီတောင်ပေါ်တောင်အောက်တစ်ဝိုက်မှာ ရွာမှမရှိတာ တို့တွေ့ခဲ့တာတွေက ဉစ္စာသိုက်ကလူတွေ. . ဒါမှ





မဟုတ် ပရလောကသားတွေဖြစ်မှာပေါ့"

"ပရလောကသားဆိုရင် ကြောက်စရာကောင်းတာ ချည်းလို့ ထင်နေတာ အခုတော့လည်း ချောလှချည်လားကွ"

အမှန်တော့ ကျော်စွာမှာ ဝါသနာပါ၍သာ လာနေရသော်လည်း နီမောင်လောက် အတွေ့အကြုံ ပြည့်စုံသူ မဟုတ်ချေ။ နီမောင်ကတော့ ဆရာကြီးဦးဘသာထံသို့ ရောက်တာကြာသလို အတွေ့အကြုံကလည်း များပြီမို့ ကျော်စွာထက်တော့ သဘောပေါက်မှု ပိုများလေသည်။

"ဒါကတော့ သူတို့ရဲ့ ပင်ကိုယ်ရုပ်တွေ ဟုတ်ချင်မှဟုတ်မှာကိုးကွ ပရလောကသားတွေမှာ အနည်းနဲ့အများဆိုသလို ဖန်ဆင်းနိုင်တဲ့ ကာမဝိဇ္ဇာ တန်ခိုးရှိလေတော့ ပုံသဏ္ဍာန် အမျိုးမျိုး ဖန်ဆင်းနိုင်ကြတာပဲ"

"ဒါဖြင့် စောစောကတွေ့တာ သူတို့ရုပ်အမှန်တွေ မဟုတ်ဘူးပေါ့. . ဟုတ်လား"

"ငါလည်း ဆရာကြီးတစ်ယောက်မှ မဟုတ်တာ ဘယ်သိပါ့မလဲကွာ"

"ဒါထက် တို့က အခု ဘယ်လိုလုပ်မှာလဲ၊ အဘ ပေးလိုက်တဲ့ ငွေဖလားကို တောင်စွန်းမှာ ဒီအတိုင်း ချထားခဲ့ပြီး ပြန်ကြမှာလား"

"အဲသည်လို မဟုတ်ဘူးလေ၊ ငွေဖလားထဲက ပစ္စည်းတွေကို သူတို့က လာယူသွားတဲ့အထိ စောင့်ပေးကြရမှာ ဘာကြောင့်လဲဆိုတော့ ဒီတစ်ည လာမယူရင် နောက်တစ်ည ဆက်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြရမှာ"

"ဟင်. . ."

ထိုစကားကြောင့် ကျော်စွာမှာ အနည်းငယ် စိုးရိမ်ထိတ်လန့်သွားဟန်ရှိလေသည်။

"အဘကလဲ သည်လိုပဲ မှာလိုက်သလား"

"မှာလိုက်တယ်လေ. . . ဒီငွေဖလားက ကျောင်းကို ပြန်ပို့ပေးရမှာ၊ ဖလားထဲက ပစ္စည်းတွေကို လာယူတဲ့သူ မရှိဘဲနဲ့ ဒီအတိုင်း တောင်ပေါ်မှာ ပုံထားခဲ့လို့ ဖြစ်မှာတဲ့လား"

"တကယ်လို့ ဒီညလာမယူဘဲ တစ်ရက်နှစ်ရက်သာ ကြာနေရင်တော့ ဒုက္ခပါပဲကွာ"

ကျော်စွာက ညည်းညည်းညူညူအသံမျိုးဖြင့် ပြောလိုက်သည်။

"ငါတို့က အဘခိုင်းတဲ့အလုပ်ကို လုပ်ပေးပါ့မယ်လို့ တာဝန်ယူပြီးတော့ လာခဲ့ကြတာ၊ အလုပ်မပြီးဘဲ ပြန်သွားရင် အဘတို့အပေါ်မှာ ယုံကြည်မှု ဘယ်ရှိတော့မလဲ နောက်ထပ် အရေးကြီးတဲ့ကိစ္စမျိုးတွေကို၊ လာယူရင်ယူ၊ မယူရင် ငါတစ်ယောက်ထဲ ဆက်စောင့်နေမယ်၊ မင်း ရွာကို ပြန်ရင်ပြန်နှင့်ပေါ့"

"ဟာ. . . မင်းတစ်ယောက်တည်းတော့ ဒီလိုထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ သေအတူရှင်အတူ ငါလည်း နေမှာပေါ့"

"ကဲ. . . ဒီလိုဆိုရင် အခု ဖလားကို ဟိုတောင်စွန်းနေရာမှာ သွားချထားမယ်၊ ပြီးရင် ဒီနေရာမှာ တို့နှစ်ယောက် ပုတီးစိပ်ကြမယ်. . . မကောင်းဘူးလား"





"အေး. . . ကောင်းတယ်"

ဟု ပြောသဖြင့် နီမောင်က အဝတ်ဖြင့် ထုပ်ယူလာသော ငွေဖလားကို အပြင်သို့ ထုတ်ကာ တောင်၏အနောက်ဘက်စွန်းရှိ ကွက်လပ်တစ်နေရာသို့ ချထားလိုက်ပြီး ဦးဘသာ မှာကြားလိုက်သည့်အတိုင်း ရွတ်ဆိုတိုင်တည်လိုက်လေသည်။

"ဤနေရာ၌ ရှိကြသော သက်ဆိုင်ရာပုဂ္ဂိုလ်အပေါင်းတို့ ကျွန်ုပ်တို့ ငှားရမ်းယူသော ရတနာပစ္စည်းနှင့် လက်ဝတ်ရတနာများကို ပြန်လည်အပ်နှံပါ၏၊ ထိုကဲ့သို့ အကူအညီပေးကြခြင်းအတွက် များစွာကျေးဇူးတင်ပါ၏၊ ကျွန်ုပ်တို့ပြုလုပ်ခဲ့သော အလှူဒါန၏အဖို့ဘာဂအစုစုတို့ကိုလည်း သင်တို့အား အမျှအတန်း ပေးဝေပါ၏၊ အမျှ. . . အမျှ. . . အမျှ. . . ယူကြပါကုန်လော့"

ဟု ပြောဆို၍ ကျော်စွာရှိနေသောနေရာသို့ ပြန်လာလေသည်။ သူတို့ရှိနေသော ကျောက်တုံးအကွယ်နေရာမှ လှမ်းကြည့်လျှင် တောင်ထိပ်စွန်းတစ်နေရာ၌ ချထားသည့် ငွေဖလားကို မှုန်ဝါးဝါး လှမ်းမြင်ရသည်။

ကောင်းကင်ပြင်၌ ထွန်းလင်းနေသည့်လရောင်ကြောင့် တောင်ထိပ်ဝန်းကျင်တစ်ဝိုက်သို့ အတန်အသင့် လှမ်းမြင်နိုင်လေသည်။ လေက တိုက်နေသဖြင့် အနည်းငယ် အေးသယောင်ရှိသော်လည်း ကျောက်တုံးကြီးနံဘေး၌ ကပ်နေရသဖြင့် အတန်အသင့် သက်သာခွင့်ရသည်။

ကျောက်တုံးကြီးများက တစ်နေ့လုံး နေပူဒဏ် ခံထားရ ရာ ညအချိန် အေးသောအခါ အပူဓါတ်များ ကောင်းစွာပြန်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ နှစ်ယောက်သား ကျောက်တုံးကြီးနံဘေး၌ ကပ်ထိုင်ကာ အသင့်ယူလာသော ဖယောင်းတိုင်မီးများကို ထွန်း၍ အမိဋ္ဌာန်ပုတီးစိပ်ကြလေသည်။

ပုတီးစိပ်စက စိတ်အာရုံမှာ မငြိမ်ဘဲ ဗွေဖလား ချထားရာသို့ မကြာခဏ လှမ်းကြည့်မိလေသည်။

အချိန်အတော်ကြီးကြာတော့ စိတ်အာရုံက ငြိမ်သွားပြီး ပုတီးစိပ်ခြင်းကို ကောင်းစွာပြုလုပ်နိုင်တော့သည်။

အချိန်မည်မျှကြာအောင် အာရုံနစ်သွားသည် မသိပေ။

နှာခေါင်းထဲမှာ သင်းပျံ့သောရနံ့တစ်ခု ဝင်လာတော့မှ သတိရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်ချိန်မှာ မလှမ်းမကမ်းမှာ ရှိနေသော ကျောက်စွာမှာ ပုတီးကိုင်လျက်သားနှင့် မလှုပ်မယှက် ငြိမ်သက်နေသည်ကို လှမ်းမြင်ရသည်။

နီမောင်က စိတ်ထဲမှာ မသင်္ကာသဖြင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ အမျိုးသမီးတစ်ယောက် မတ်တတ်ရပ်နေသည်ကို တွေ့ရလေသည်။

ညနေပိုင်းက တောင်ခြေ၌ တွေ့ခဲ့ရသော အမျိုးသမီးသုံးယောက်ထဲမှ တစ်ယောက်ဖြစ်ကြောင်း ကောင်းစွာမှတ်မိနေသည်။

"ရောက်လာကြပြီလား"

နီမောင်က မေးတော့ အမျိုးသမီးက ပြုံး၍ ခေါင်းညိတ်ပြသည်။ သူမမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသေးပြီး





လှပချောမောသူတစ်ဦးဖြစ်သည်။

ရှည်လျားသောဆံပင်တို့ကို တစ်ပတ်လျှိုထုံး၍ ကျော၌ချထားသည်။ ရင်ဖုံးအင်္ကျီနှင့် ချိတ်ထဘီကို သေသေသပ်သပ် ဝတ်ဆင်ထားသော်လည်း သူမ၏အလှအပများက ပေါ်လွင်လျက်ရှိသည်။

အသားဖြူဖြူ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း စသည်တို့မှာ မပြုမပြင်ဘဲနှင့် ပင်ကိုယ်အလှအတိုင်း လှပနေကြသည်။

"ပစ္စည်းတွေ လာယူတာလား"

"ဟုတ်တော့ ဟုတ်တယ်. . . ဒါပေမယ့် မယူသေးပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ကျွန်မတို့က ပစ္စည်းတွေ ပြန်ယူသွားရင် အစ်ကိုတို့က ပြန်ဆင်းသွားကြမှာပေါ့"

"ဟုတ်တယ်လေ. . . ကျွန်တော်တို့က အဘ ခိုင်းလို့ ပစ္စည်းတွေ လာပို့ပေးရတာ၊ ကိစ္စပြီးရင်တော့ ပြန်ရမှာပေါ့"

"ဒါကြောင့် မယူသေးတာပေါ့"

"ဘာကြောင့် မယူတာလဲဟင်"

"အစ်ကိုတို့ကို မပြန်စေချင်သေးလို့ပေါ့"

"ဟာ. . . မဖြစ်ဘူးထင်တယ်၊ ကျွန်တော်တို့ ပြန်မလာရင် အဘတို့ လိုက်လာကြလိမ့်မယ်"

"စိတ်မပူပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့ သွားပြောထားပေးပါ့မယ်၊ အစ်ကိုတို့ ဒီတောင်ပေါ်မှာ နေလို့လည်း ဘာမှမဖြစ်စေရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ နောက်ပြီး အစ်ကိုတို့ ဘယ်လိုမှ လိုက်ရှာလို့မတွေ့နိုင်တဲ့ ဆေးပင်နဲ့ ဂမုန်းပင်တွေ ရှိတဲ့နေရာကို လိုက်ပြပေးပါ့မယ်"

ထိုစကားကြားသောအခါမှာတော့ နီမောင်စိတ်ထဲမှာ များစွာစိတ်ဝင်စားသွားမိလေသည်။

"ဟုတ်ပါပြီ. . . ကျွန်တော်တို့က ဒီမှာနေပြီး ဘာလုပ်ရမှာလဲ"

"အစ်ကိုတို့ကို ပြစရာတွေ ရှိလို့ပါ"

"ဘာတွေပြမှာလဲဟင်"

"ကျွန်မတို့ နေတဲ့နေရာတွေနဲ့ ထူးဆန်းတာတွေကို ပြမှာပေါ့"

"ဒါဖြင့် အခုလိုက်ခဲ့ရမှာလား"

အမျိုးသမီးက ပြုံး၍ခေါင်းညိတ်ပြလေသည်။

သို့ကြောင့် နီမောင်က မလှမ်းမကမ်း၌ ငြိမ်သက်နေသော ကျော်စွာကို လှုပ်နှိုးလိုက်သည်။

ထိုအခါမှ ကျော်စွာမှာ အိပ်ပျော်နေရာမှ လန့်နိုးသကဲ့သို့ ဖြစ်ကာ မျက်လုံးဖွင့်လာသည်။

"ဘာလဲဟင်. . . ဘာလဲ"

"မင်းပုတီးစိပ်နေရင်းနဲ့ အိပ်ပျော်သွားတာလား"

"အေး. . . ဟုတ်တယ်၊ သတိမေ့သလိုလို အိပ်ပျော်နေသလိုလို ဖြစ်နေတာ၊ အခု မင်းနှိုးတော့မှ နိုးလာတာ"

ထိုအခါမှ ကျော်စွာမှ အနားမှာ ရပ်နေသော အမျိုးသမီးကို မြင်သွားလေသည်။





"တို့ တောင်ခြေမှာ တွေ့ခဲ့တာ သူတို့မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ပစ္စည်းတွေ လာယူတာလား၊ ဒီလိုဆိုရင် တို့ ပြန်လို့ရပြီပေါ့"

"မဟုတ်ပါဘူး. . . သူတို့နဲ့ ခဏလိုက်သွားရမှာ"

"ဘယ်နေရာကို လိုက်ရမှာလဲ"

"ငါလည်း မသိဘူး"

"ဖြစ်ပါ့မလား. . . ဒီမှာ ပစ္စည်းတွေကို ထားခဲ့ရမှာ"

နှစ်ယောက်သား လေသံတိုးတိုးဖြင့် ပြောဆိုနေစဉ် အမျိုးသမီးက ဝင်ရောက်ပြောသည်။

"ဘာမှ စိတ်မပူပါနဲ့ရှင်. . . ပစ္စည်းတွေကလည်း ကျွန်မတို့ ပိုင်နက်ထဲကို ရောက်နေပြီဆိုတော့ မပျောက်စေရပါဘူး၊ အစ်ကိုတို့လည်း ဘာမှမဖြစ်စေရပါဘူး"

ဟု ပြောတော့မှ နှစ်ယောက်သား ထိုအမျိုးသမီး ခေါ်ရာနောက်သို့ လိုက်သွားကြလေသည်။

အမျိုးသမီးက သူတို့နှစ်ယောက်ကို အနောက်ဘက် ချောက်ကမ်းပါးစွန်းသို့ ခေါ်သွားသည်။

ထိုနေရာသို့ ရောက်တော့ ရှေ့သို့ ဆက်သွားစရာမရှိဘဲ ချောက်ကမ်းပါးကြီးသာ ခံနေလေသည်။

သို့သော် အမျိုးသမီးက ကျောက်တုံးကြီးနောက်ဘက်မှ ပတ်ကာ အောက်ဘက်သို့ ဆင်းသွားသဖြင့် ငုံ့ကြည့်လိုက်တော့ လူတစ်ယောက် ဆင်းသာရုံ ကျောက်လမ်းတစ်ခုကို ခပ်ဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။ ထိုလမ်းတွင် ကျောက်သားများကို ထုဆစ်ထားသော ကျောက်လှေခါးထစ်များကို တွေ့ရသည်။

အမျိုးသမီးက ထိုလမ်းမှ အောက်ဘက်သို့ ဆင်းသွားလေရာ နီမောင်နှင့်ကျော်စွာတို့လည်း နောက်မှ လိုက်သွားကြသည်။ ထိုကျောက်လမ်းမှာ လူတစ်ယောက် လျှောက်သာရုံသာရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် ချောက်ကမ်းပါးကြီးများ ရှိနေသဖြင့် သတိထားကာ ဆင်းရသည်။

ကျောက်လမ်းများက နှင်းရည်များဖြင့် ရွှဲနေသောကြောင့် အကယ်၍ အောက်သို့ ချော်ကျသွားပါက ချောက်ထဲသို့ ကျသွားရုံသာ ရှိတော့သည်။

ထိုလမ်းမှ အတန်ကြာအောင် အောက်သို့ ဆင်းသွားရာ တောင်နံရံတစ်နေရာသို့ ရောက်သောအခါ စကြံပတ်လမ်းတစ်ခုဆီသို့ ရောက်သွားကြသည်။

ထိုစကြံပတ်လမ်းမှ အနောက်ဘက်သို့ လျှောက်ရပြန်သည်။

ထိုလမ်းမှာလည်း လူတစ်ယောက် သွားသာရုံကလေးရှိသောကြောင့် တောင်နံရံကို ကျောကပ်ကာ သတိနှင့် လျှောက်ရသည်။

လေကတဝူးဝူး တိုက်နေရာ လေနှင့်အတူပါလာသောနှင်းမှုန်နှင်းစက်များက ကိုယ်ပေါ်သို့ လာရောက်ပွေ့ဖက်လျက်ရှိသည်။

အတန်ကြာသောအခါ ဂူပေါက်ဝတစ်ခု ရှိရာသို့ ရောက်





သွားလေသည်။

ဂူပေါက်ဝ၌ ကြီးမားသော ကျောက်တုံးကြီးတစ်ခုက ပိတ်ဆို့လျက်ရှိသည်။

ရှေ့မှ သွားနေသော အမျိုးသမီးက ကျောက်တုံးကြီးကို လက်ဖြင့် သုံးချက်ပုတ်လိုက်သောအခါ ကျောက်တုံးကြီးမှာ လူတစ်ယောက် ဝင်သွားရုံ ဟသွားလေရာ ထိုအပေါက်မှ အတွင်းသို့ ဝင်ကြလေသည်။ အတွင်းသို့ ရောက်သောအခါ ဂူပေါက်မှာ အတော်အတန် ကျယ်ဝန်းပြီး အလင်းရောင်များလည်း ကောင်းစွာရနေလေသည်။ ထိုအလင်းရောင်များမှာ အတွင်းဘက်၌ ထွန်းထားသည့် မီးတိုင်များဆီမှ လာနေခြင်းဖြစ်သည်။

အတွင်းဘက်၌ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ကာ သွားလာနေကြသောလူအချို့ကို တွေ့ရပြီး အတွင်းဘက်ရှိ ကျောက်နံရံများ၌ လူနေအိမ်သဖွယ် ထုဆစ်စီမံထားသည်ကိုလည်း အံ့သြဖွယ်ရာ တွေ့ရသည်။

အတော်အတန် ကျယ်ဝန်းသော ခန်းမဆောင်တစ်ခုအတွင်းသို့ ရောက်သောအခါ နောက်ထပ်အမျိုးသမီး နှစ်ယောက်ကို တွေ့ရပြန်သည်။

ယခုအခါမှ တောင်ခြေ၌ တွေ့ခဲ့ရသော အမျိုးသမီးသုံးယောက်စလုံးကို ပြန်တွေ့ရခြင်းဖြစ်သည်။

"ဧည့်သည်တွေ ပါလာပြီလား မမ"

"အေး. . . ဟုတ်တယ်၊ သူတို့ကို ဧည့်ခံကျွေးမွေးဖို့တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခု စီစဉ်ခဲ့ကြ"

ဟု ပြောလိုက်ရာ နှစ်ယောက်စလုံး ပြန်ထွက်သွားကြ သည်။

"ကဲ. . . အစ်ကိုတို့နှစ်ယောက် ဒီဧည့်ခန်းမှာ လာပြီး ထိုင်ကြပါ"

ဟု ပြောသဖြင့် အခန်းအလယ်၌ ချထားသော ကုလား ထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

ထိုအခါ အမျိုးသမီးက နောက်ဘက်အခန်းထဲသို့ ဝင် သွားလေသည်။ နီမောင်နှင့် ကျော်စွာတို့ဖြင့် မီးရောင်တထိန် ထိန်နှင့် ရှိနေသော အခန်းအခြေအနေကို လှည့်ပတ်အကဲခတ် ကြည့်ရာ အခန်းတစ်ခုလုံး ရှေးခေတ်အသုံးအဆောင်များဖြင့် ပြင်ဆင်ထားသည်ကို တွေ့ကြရသည်။

စားပွဲ၊ ကုလားထိုင်၊ ကွမ်းအစ်၊ လက်ဖက်ရည်ကရား ပန်းကန်၊ လင်ဗန်း၊ ထွေးခံမှအစ ငွေသားများဖြင့် ပြုလုပ်ထား သော လက်ရာများမှာလည်း ရှေးခေတ်နန်းတွင်းသုံးလက်ရာများ ဖြစ်လေသည်။

ထို့ပြင် အခန်းနံရံများ၌ ထွန်းထားသော မီးတိုင်ကြီးများ မှ ထွက်နေသော မီးခိုးငွေ့များကလည်း သင်းပျံ့မွှေးကြိုင်လျက် ရှိနေသည်။

တစ်နေရာမှာတော့ ကြောက်မက်ဖွယ်ရာမြင်ကွင်းကို တွေ့ရသည်။ အခြားမဟုတ်ပေ။

အခန်းအပေါက်ဝများ၌ ရပ်နေသော ဘီလူးရုပ်ကြီးမှာ





ပင်ဖြစ်သည်။ ကျောက်သားဖြင့် ထုလုပ်ထားဟန်ရှိပြီး ဒူးတစ် ဖက်ထောင်၊ တစ်ဖက်လဲ့နှင့် တင်းပုတ်ကို ထမ်းထားပုံမှာ အသက်ဝင်လှသည်။ အခန်းပေါက်ဝတိုင်းတွင် ဘီလူးရုပ်ကြီးများ ရှိပြီး အားလုံးက နီရဲသောမျက်လုံးများနှင့် သူတို့ရှိရာသို့ လှမ်း ကြည့်နေသကဲ့သို့ ထင်ရလေသည်။

"နီမောင်. . . ဟိုဘီလူးရုပ်ကြီးတွေက တို့နှစ်ယောက် ကို မျက်ခြည်မပြတ် ကြည့်နေပုံပဲကွ၊ ကြည့်ရင်းနဲ့ ကျောထဲက တောင် စိမ့်လာပြီ"

"အရုပ်ကြီးတွေပဲကွာ. . . ဘာများ ကြောက်စရာရှိသလဲ"

ထိုသို့ပြောဆိုနေကြစဉ် အခန်းပေါက်ဝဘက်မှာ တရှုး ရှုးနှင့် နှာမှုတ်သံကြီးကို ကြားရသဖြင့် နှစ်ယောက်သား လှည့် ကြည့်လိုက်သောအခါ အခန်းပေါက်ဝမှ တလူးလူး တလွန့်လွန့် နှင့် ဝင်လာသောမြွေကြီးတစ်ကောင်ကို လှမ်းမြင်ရသည်။

"ဟာ. . . ဟိုမှာ မြွေကြီးဝင်လာနေပြီ"

မြွေကြီးမှာ ထန်းပင်လုံးခန့် အရွယ်ပမာဏရှိပြီး အလျား ကလည်း ရှည်လျားဟန်ရှိသည်။

တစ်ကိုယ်လုံး အနက်ရောင်များက တဖိတ်ဖိတ်တလက် လက် တောက်ပနေကာ ပါးပျဉ်းခွက်ကာ ထောင်ထားသော ဦး ခေါင်းက ဂူအမိုးပေါက်အထိ ရောက်နေသည်။

ထွက်ပေါက်ကလည်း တစ်ပေါက်တည်း ရှိပြီး ထို အပေါက်မှာလည်း မြွေကိုယ်လုံးကြီးနှင့် ပြည့်နေသောကြောင့် ပြေးပေါက်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲ နီမောင်"

"အခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ဘုရားတရားကိုသာ အာရုံပြုထားတော့ကွာ"

ဟု စိတ်ကို တင်း၍ မျက်စိမှိတ်ထားလိုက်ကြသည်။

ထိုသို့ မျက်စိမှိတ်ထားရင်းမှပင် မြွေကြီး၏နှာခေါင်းမှုတ်သံ၊ ဝမ်းပိုက်နှင့်ကြမ်းပြင် ပွတ်တိုက်လာသံများကို အတိုင်းသားကြားနေရသည်။

နီမောင်စိတ်ထဲမှာတော့ ဒီတစ်ကြိမ် "အသက်ဆုံးပြီ" ဟုသာ တွေးလိုက်မိသည်။

ထိုအခိုက်မှာပင်. . .

"ဟဲ့. . . ငမည်းလုံး၊ ဒါ ရန်သူမဟုတ်ဘူး. . . မိတ်ဆွေတွေဟဲ့၊ ကိုယ့်နေရာကိုယ် သွားနေစမ်း"

ဟူသော အသံတစ်သံကြားလိုက်ရပြီး မြွေကြီး၏နှာမှုတ်သံနှင့် ဝမ်းဗိုက်ပွတ်တိုက်သံများမှာလည်း တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ နှစ်ယောက်သား သက်ပြင်းချနိုင်ကြတော့သည်။ ခဏကြာသောအခါမှ မျက်စိဖွင့်ကြည့်လိုက်သောအခါ အခန်းထဲသို့ အမျိုးသမီးသုံးယောက် ပြန်ဝင်လာကြသည်။

ယခုအခါမှာတော့ သုံးယောက်စလုံး စောစောက ဝတ်ဆင်ထားသော အဝတ်အစားများ မဟုတ်တော့ဘဲ သာမန်ရင်စေ့အင်္ကျီ၊ လုံချည်များကိုသာ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားကြသည်။ ၎င်းတို့လက်ထဲမှာလည်း အစားအသောက်များ ထည့်ထားသော





ငွေလင်ဗန်းများ ကိုင်လာကြသည်။

အနီးသို့ ရောက်သောအခါ နီမောင်တို့ရှေ့ရှိ စားပွဲပေါ်သို့ တင်ပေးလိုက်ရင်း. . .

"အစ်ကိုတို့ စားကြပါ၊ ဒါ ကျွန်မတို့က စေတနာရှိလို့ ကျွေးမွေးတဲ့ အစားအသောက်တွေပါ၊ ဘယ်လိုအန္တရာယ်မျိုးမှ မဖြစ်စေရပါဘူး"

ဟု ပြောလေသည်။

ကြည့်လိုက်တော့ ဝင်းမှည့်နေသည့် နံ့သာပု ငှက်ပျောသီးမှည့်၊ ပျားရည်ထည့်ထားသော ငွေခွက်၊ ထန်းလျက်ခဲ၊ ပေါက်ပေါက်ဆုပ် အစရှိသော အသားလွတ် အစားအသောက်များကိုတွေ့ရသည့်အပြင် သွေးရောင်ကဲ့သို့ အနီရောင်အရည်အချို့ကိုလည်း ရွှေခွက်ဖြင့် ထည့်ယူလာသည်။

နီမောင်က ထိုခွက်ကို တစ်ချက်ကြည့်လိုက်တော့ အမျိုးသမီးက ရိပ်မိသွားဟန်ရှိသည်။

"ဒါက ကျောက်သွေးအစစ်ပါ၊ ဒီကျောက်တောင်ကြီးရဲ့ အတွင်းပိုင်းက ရတာပေါ့၊ ကျောက်သွေးကို သောက်ရင် အားလည်း ရှိတယ်၊ အပူရောဂါဝေဒနာအားလုံးကိုလည်း ပျောက်ကင်းစေပါတယ်"

ဟု ပြောသဖြင့် နှစ်ယောက်သား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ငှက်ပျောသီးတစ်လုံးစီနှင့် ပျားရည်ကို စားပြီးသည်နှင့် ကျောက်သွေးတစ်ခွက်စီ သောက်လိုက်ကြသည်။

ကျောက်သွေး၏အရသာမှာ အေး၍မွှေးနေပြီး ချိုမြမြ



www.burmeseclassic.com

www.burmeseclassic.com



အရသာ ရှိလေသည်။

စားသောက်ပြီးသောအခါ အမျိုးသမီးတစ်ယောက်က မိတ်ဆက်ပေးသည်။

"ကျွန်မက အစ်မအကြီးဆုံးပါ၊ နာမည်က မြနှင်းဖြူလို့ ခေါ်ပါတယ်၊ သူက အစ်မလတ်၊ နာမည်က မြသင်းကြူ၊ သူက တော့ ညီမအထွေးဆုံး မြဝင်းသူလို့ ခေါ်ပါတယ်"

ထိုသို့ မိတ်ဆက်ပေးသောအခါ နာမည်ချင်းကလည်း ခပ်ဆင်ဆင် တူကြသလို လူချင်းရုပ်ချင်းကလည်း ခပ်ဆင်ဆင် တူကြသည်ဟု စိတ်ထဲမှ ထင်လိုက်မိသည်။

"ကျွန်တော်က နီမောင်ပါ၊ ဆည်ပေါက်ရွာသား တစ်ယောက်ပါ၊ သူ့နာမည်ကတော့ ကျော်စွာလို့ ခေါ်ပါတယ်၊ ညောင်ကန်ရွာမှာ နေပါတယ်"

"အစ်ကိုတို့ကသာ ကျွန်မတို့ကို မသိပေမယ့် ကျွန်မတို့က အစ်ကိုတို့နှစ်ယောက်ကို သိပါတယ်"

"ဟင်. . . ကျွန်တော်တို့ချင်းက အခုမှ တွေ့ဖူးမြင်ဖူးကြတာ၊ ဘယ်လိုသိနေတာလဲဟင်"

ထိုစကားကြောင့် မြနှင်းဖြူဆိုသော အမျိုးသမီးက သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီလိုပဲ သိတာပေါ့ အစ်ကိုရယ်"

ဟု စကားကို လျှောချလိုက်သည်။

"ဒါထက် မြနှင်းဖြူတို့တစ်တွေက ဒီဂူထဲမှာပဲ နေကြတာလားဟင်"





"ဟုတ်ပါတယ်"

"ဘာကြောင့် အပြင်မှာ မနေဘဲ အတွင်းမှာ နေကြတာလဲဟင်"

"အပြင်မှာ နေတာထက်စာရင် လိုဏ်ဂူထဲမှာ နေတာက ပိုပြီးအန္တရာယ်ကင်းလို့ပေါ့ အစ်ကိုရယ်၊ ဘာကြောင့် လိုဏ်ခေါင်းထဲမှာ နေကြရတယ်ဆိုတာကို အစ်ကိုတို့ကို ပြပါ့မယ်၊ လာ. . . ကျွန်မတို့နောက်ကို လိုက်ခဲ့ကြပါ"

ဟု ပြောသဖြင့် နှစ်ယောက်သား အစားအသောက်များကို လက်စသတ်၍ နေရာမှ ထရပ်လိုက်ကြသည်။

"ဂူထဲ ရောက်လို့ ကြောက်ရွံ့စရာ ထိတ်လန့်စရာတွေ တွေ့ရင် ဘာမှမကြောက်ကြဖို့ ကြိုပြောထားပါရစေ၊ ဒီမြေအောက်မှာက ပရလောကသားတွေလည်း ရှိနေတတ်ပါတယ်၊ တကယ်လို့ တွေ့ရင်လည်း သူတို့က အစ်ကိုတို့ကို ဘာမှ အန္တရာယ်မပေးနိုင်ကြပါဘူး"

ဟု ကြိုတင်ပြောဆိုပြီးနောက် အခန်းကျယ်ကြီး၏ အနောက်ဘက်အပေါက်မှ အပြင်သို့ ခေါ်သွားရာ နီမောင်တို့ နှစ်ယောက်လည်း မကြောက်မရွံ့ လိုက်သွားကြလေသည်။

ထိုနေရာဘက်ရောက်တော့ လူသူလေးပါး သိပ်မတွေ့တော့ဘဲ ရှင်းလင်းနေလေသည်။

အလင်းရောင်ကလည်း သိပ်မရှိသဖြင့် ဝိုးတဝါးမျှသာ မြင်နိုင်လေသည်။ သူတို့ဝင်သွားတော့ ဂူလမ်းတစ်လျှောက်မှာ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဌာန်များကိုလည်း



www.burmeseclassic.com

ဝေ့ဝေ့ဝါးဝါး လှမ်းမြင်ရသည်။ မည်းမည်းသဏ္ဍာန်များမှာ အချို့က အရွယ်အစားသေးလှပြီး အချို့ကတော့ အရွယ်အစား ကြီးမားလှသည်။

သူတို့ဝင်လာတာ မြင်တော့ နံဘေးသို့ အလုအယက် ရှောင်ပြေးသွားကြလေသည်။

နီမောင်က ကြောက်ရွံ့မှု သိပ်မရှိသဖြင့် ထိုသဏ္ဍာန်များကို သဲသဲကွဲကွဲ မြင်ရစေရန် ဂရုစိုက်၍ကြည့်သော်လည်း ဝိုးတဝါးမျှသာ မြင်ရလေသည်။

တစ်နေရာတွင် ဂူပေါက်ဝ ရှိပြီး အပေါက်ဝ၌ အရပ်အမောင်း မြင့်မားလှသည့် လူမည်းကြီးနှစ်ယောက် ရပ်စောင့်နေကြသည်။

"ဟိုဘက်နားမှာ သွားနေကြ"

မြနှင်းဖြူက လှမ်းပြောလိုက်ရာ လူမည်းကြီးနှစ်ယောက်က နီရဲလျက်ရှိသော မျက်လုံးကြီးများဖြင့် နီမောင်တို့နှစ်ယောက်ကို ဖျတ်ခနဲ တစ်ချက်ကြည့်သွားပြီးနောက် အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဂူအတွင်းသို့ ဝင်သွားကြရာ အတွင်းသို့ ရောက်သောအခါ ရတနာပစ္စည်းမျိုးစုံများ ထားသောအခန်းတစ်ခန်းသို့ ရောက်သွားကြလေတော့သည်။

ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ၊

လက်ဝတ်ရတနာပစ္စည်းများ၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ရွှေဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်း





များ၊ ပတ္တမြားနားဋောင်း၊ ဘယက်၊ လည်ဆွဲ၊ လက်စွပ်များ၊ စိန်ဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊

အမျိုးအမည် စုံလှပေသည်။

သလင်းကျောက်၊ စိန်နှင့်ပတ္တမြား စသည်တို့မှ အလင်းရောင်များ ဖြာထွက်နေရာ အခန်းတစ်ခုလုံး မီးရောင်မရှိပါဘဲနှင့် လင်းထိန်လျက်ရှိနေတော့သည်။

နီမောင်နှင့်ကျော်စွာတို့မှာ ထိုမျှများပြားသော ရတနာပစ္စည်းများကို တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးကြသောကြောင့် တအံ့တသြဖြင့် ကြည့်နေကြသည်။

"တွေ့ပြီလား ကိုနီမောင်၊ ဒီလောက်များတဲ့ ရတနာပစ္စည်းတွေနဲ့သာ အပြင်မှာ နေရင် ကျွန်မတို့တတွေ ချက်ချင်းအသတ်ခံကြရမှာပေါ့"

ဟု မြနှင်းဖြူက ပြောပြလေသည်။

"ဒီလောက်များတဲ့ရတနာပစ္စည်းတွေကို ဘယ်က ရတာလဲဟင်"

"ကျွန်မတို့ ဘိုးဘွားမိဘတွေက နန်းတွင်းမှာ အမှုထမ်းခဲ့ကြတဲ့သူတွေပါ၊ အရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက်မှာ နန်းဘွင်း အသုံးအဆောင်ရတနာတွေကို မိစ္ဆာတွေလက်ထဲ ပါမသွားအောင် အခုလို လာရောက်သိမ်းဆည်းပြီး စောင့်ရှောက်နေကြရတာပါ"

"ဟင်. . . ဒါဖြင့် ပါတော်မူပြီးနောက်ပိုင်းကတည်းက အခုအချိန်ထိဆိုတော့ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီပေါ့နော်"

www.burmeseclassic.com

"ဟုတ်ပါတယ်. . . ကျွန်မတို့သားစဉ်မြေးဆက် ဒီလိုပဲ အစဉ်အဆက် တာဝန်ယူပြီး စောင့်ရှောက်လာခဲ့ကြတာပါပဲ၊ ဒါကြောင့် အလှူအတန်းကိစ္စတွေအတွက် လာရောက်ငှားရမ်းရင် ကုသိုလ်လိုချင်လို့ ငှားရမ်းပေးတာပါ"

"အေးဗျာ. . . ပြောပြလို့သာ သိရတယ်၊ အတော့်ကို အံ့သြစရာကောင်းတာပဲ၊ မြနှင်းဖြူတို့ရဲ့စေတနာကိုလည်း ချီးကျူးမိပါတယ်"

"ကဲ. . . လာ. . ကိုနီမောင်၊ ဟိုဘက်မှာ ရှင်တို့ကို ပြစရာရှိသေးတယ်"

ဟု ပြောကာ နောက်ထပ်အခန်းတစ်ခန်းသို့ ခေါ်သွားပြန်လေသည်။ ထိုအခန်းကတော့ မြေအောက်လိုဏ်ခေါင်းအတွင်း၌ သလင်းကျောက်ပြားများဖြင့် လေးဘက်လေးတန် ကာရံထားသော အခန်းကျယ်ဖြစ်လေသည်။

အတွင်းသို့ ဝင်လိုက်သည်နှင့် ရေခဲတုံးများကြားသို့ ဝင်လိုက်ရသကဲ့သို့ တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွားလေသည်။

"ဒီအခန်းက ကျွန်မတို့အဘိုး စီစဉ်ပေးထားတဲ့အခန်းပါ၊ အအေးဓါတ်တွေ အချင်းချင်း အလင်းရောင်ပြန်ရာကနေ အမြဲတမ်း ရေခဲတုံးလို အေးနေတဲ့အခန်းပါ၊ ဒီအခန်းထဲမှာ ထားရင် အသက်ဝိညာဉ်မရှိတဲ့ ခန္ဓာကိုယ်တောင် မပုပ်မသိုးဘဲ နှစ်ပေါင်းများစွာ ထားနိုင်ပါတယ်"

ဟု ပြောပြရာ ဘယ်လိုရည်ရွယ်ချက်ဖြင့် ပြောသည်ကိုတော့ နှစ်ယောက်စလုံး မရိပ်မိကြပေ။





မြနှင်းဖြူက ရှေ့မှ ဦးဆောင်ပြီး အခန်းအလယ်သို့ ခေါ်သွားရာ နီမောင်တို့လည်း နောက်မှ လိုက်သွားကြရာ အခန်းအလယ်သို့ ရောက်သောအခါ ကျောက်စင်ပေါ်မှာ တင်ထားသည့် သလင်းကျောက်ပြားများဖြင့် ပြုလုပ်ထားသော ခေါင်းတလားသုံးလုံးကို တွေ့ရသည်။ သလင်းကျောက်မှန်ခေါင်းသုံးလုံးမှာ အဖုံးပိတ်ထားပြီး အတွင်းမှာတော့ မြနှင်းဖြူ မြသင်းဖြူ ခင်းသူတို့နှင့် ခွဲမရအောင် တူသော အမျိုးသမီးသုံးယောက်ကို တွေ့ရလေသည်။

"ဟင်. . ."

ထိုမြင်ကွင်းကို မြင်သောအခါ နီမောင်မှာ ပါးစပ် အဟောင်းသား ဖြစ်သွားကာ များစွာအံ့သြသွားလေသည်။

"ဒါ. . ဒါ. ."

"ဟုတ်ပါတယ်. . . သလင်းကျောက်မှန်ခေါင်းထဲက အလောင်းတွေက ကျွန်မတို့ညီအစ်မသုံးယောက်ပါပဲ"

"ဟင်. . . ဒါဖြင့်. . ."

"အခု ကိုနီမောင်တို့ တွေ့နေတဲ့သူတွေက ဝိညာဉ်တွေ"

ထိုစကားကြောင့် ပို၍အထိတ်တလန့် ဖြစ်သွားလေသည်။

"မကြောက်ပါနဲ့ ကိုနီမောင်၊ ကျွန်မတို့က အစ်ကိုတို့ကို ဒုက္ခရာယ်မပေးပါဘူး၊ အကူအညီတောင်းချင်လို့ ဒီနေရာရောက်အောင် ခေါ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘယ်လိုအကူအညီမျိုး ပေးရမှာလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မတို့မှာ ဝိညာဉ်ကြီးတွေ ရှိပါတယ်၊ အဲဒီဝိညာဉ်ကြီးတွေကို ဒီရုပ်အလောင်းတွေမှာ ပြန်စွပ်ပေးနိုင်ရင် ကျွန်မတို့ အသက်ပြန်ရှင်ခွင့်ရမှာပါ"

"ဟင်. . . အဲဒီဝိညာဉ်ကြီးက ဘယ်မှာလဲဟင်"

"အချိန်တန်ရင် ပြောပြပါ့မယ်၊ ကိုနီမောင်အနေနဲ့ အကူအညီ ပေးနိုင်မပေးနိုင်သာ သိပါရစေ"

"တခြားသူတစ်ယောက် အသက်ရှင်ဖို့အတွက် အကူအညီ ပေးရတာ ဘာများအကူအညီ မပေးနိုင်စရာ ရှိမလဲ၊ ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒီစကားကြားရတာနဲ့တင် အတော်ကို အားရှိစရာပါပဲ၊ ကဲ. . . ပြန်ကြရအောင်၊ ဒီဂူထဲမှာ ဆေးပင်တွေ ဂမုန်းပင်တွေ အများကြီး ရှိတယ်၊ အချိန်ရတဲ့ တစ်နေ့မှာ ကျွန်မတို့ လိုက်ပြပေးပါ့မယ်"

ဟု ပြောဆိုကာ အပြင်သို့ ပြန်ထွက်လာခိုက်မှာပင် နီမောင်မှာ အိပ်ပျော်နေရာမှ လန့်နိုးလာလေသည်။

သူပြန်နိုးလာတော့ ကျော်စွာက အနားမှာ ထိုင်နေသည်။

"မင်းအိပ်မက်,မက်နေတာလား. . . ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေပြောနေမှန်း မသိဘူး"

"အေး. . . ဟုတ်တယ်၊ အိပ်ပျော်သွားရင်း ဘာတွေ အိပ်မက်,မက်နေမှန်း မသိပါဘူးကွာ၊ ဒါထက် မင်းဗိုက်မဆာဘူး





သား ကျော်စွာ"

"ဟင့်အင်း. . . မဆာဘူးကွာ၊ ညဉ်ဦးပိုင်းက ငါလည်း ဘာမှမစားဘဲနဲ့ ရင်ထဲမှာ ပြည့်နေသလိုပဲ၊ လေချဉ်တက်တော့ သည်း နံ့သာပု ငှက်ပျောသီးနံ့၊ ပျားရည်နံ့တွေ ရသလိုပဲ၊ အဲဒါတွေ ငါလည်း မစားပါဘူး"

"ဟင်. . ."

ထိုစကားကြောင့် နီမောင်မှာ များစွာအံ့ဩသွားပြီး မိမိ ဝမ်းဗိုက်ကို ယောင်၍ လက်ဖြင့် စမ်းလိုက်မိသည်။

"ဘာဖြစ်လို့လဲ နီမောင်"

"ဘာမှမဖြစ်ပါဘူး. . . မင်းနိုးနေတာကြာပြီလား"

"သိပ်တော့ မကြာသေးဘူး၊ စောစောကလောက်ကမှ နိုးတာ"

"အခြေအနေ ဘာထူးသေးလဲ"

"စောစောက မင်းချထားတဲ့ဖလားနားမှာ လူရိပ်လိုလို တော့ တွေ့လိုက်မိသလိုပဲ၊ ပစ္စည်းတွေများ လာပြန်ယူသွားပြီ လား မသိဘူး"

"လာကွာ. . . သွားကြည့်ရအောင်"

ဟု ပြောကာ နှစ်ယောက်သား ငွေဖလား ချထားသည့် နေရာ သွားကြည့်သောအခါ အထဲမှာ ထည့်ထားသည့် ရတနာ ပစ္စည်းထုပ်မှာ မရှိတော့ပေ။

နှစ်ယောက်စလုံး ထူးဆန်းစွာ မက်ခဲ့သော အိပ်မက်အကြောင်းကို တွေးကာ တအံ့တဩ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မိမိတို့တာဝန် ပြီးသွားပြီ မို့ ငွေဖလားကို ယူကာ အမှောင်ထဲမှာပင် တောင်အောက်သို့ ပြန်ဆင်းခဲ့ကြလေသည်။





# အခန်း(၈)

# ဝိဉာဏလောက၏လှည့်စားမှုများ

နီမောင်မှာ ရွာသို့ ပြန်ရောက်လာသည့်တိုင် တောင်ပေါ်၌ တွေ့ခဲ့ရသော အကြောင်းများကို ပြန်လည်တွေးတောနေမိလေသည်။ သူကြုံတွေ့ခဲ့ရသော အကြောင်းများသည် တစ်ကယ်တွေ့ခဲ့ရ သည်လား. . .

ဒါမှမဟုတ် အိပ်မက်ထဲမှာ တွေ့ခဲ့ရသည်လား. . .

သူကိုယ်တိုင်ပင် မဝေခွဲတတ်အောင် ဖြစ်နေမိသည်။

မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူ ဆိုသော အမျိုးသမီးသုံးယောက်မှာ ဝိညာဉ်တွေလား၊ ဒါမှမဟုတ် သိုက်စောင့်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါမှမဟုတ် ဝင်္ကြွေးတစ်ခုကြောင့်ပင် ယခုကဲ့သို့ နာမ်တခြား ရုပ်တခြား ဖြစ်နေရသည်လား၊

သူတွေ့ခဲ့ရသော သလင်းကျောက်ခေါင်းများအတွင်းမှ ဝိညာဉ်မဲ့ရုပ်အလောင်းများကရော တကယ်ပဲ မြနှင်းဖြူတို့ ညီအစ်မသုံးယောက်၏ရုပ်အလောင်းများပေလား။

တစ်ယောက်တည်း စဉ်းစားမရနိုင်အောင် ဖြစ်နေတော့သည်။ ထိုအကြောင်းများကို အဦးဘသာကို ပြန်ပြောပြရမှာလည်း အချိန်မရ၍ မပြောရသေးပေ။

ဆရာကြီးဦးဘသာမှာ အခြားရွာတစ်ရွာသို့ ဆေးကုရန် လိုက်သွားသောကြောင့် အိမ်မှာ မန္တလေးမှ ရောက်နေသော ဆရာကြီးဦးဇန်ကောင်းသာ ကျန်ရစ်ခဲ့သည်။

ဦးဘသာက ခရီးထွက်ရာသို့ ကျော်စွာကို ခေါ်သွားပြီး နီမောင်ကိုတော့ ဆရာဦးဇန်ကောင်းကို ဝေယျာဝစ္စ ပြုလုပ်ပေးရန် ထားခဲ့လေသည်။

ဦးဇန်ကောင်းကတော့ အချိန်ရှိသမျှ ဦးဘသာ၏ဖိုခန်းအတွင်းသို့ ဝင်ကာ ဖိုထိုးနေလေရော နီမောင်က လိုအပ်သည်များကို ဝိုင်းကူ၍လုပ်ပေးရာမှ တဖြည်းဖြည်းနှင့် ရင်းနှီးခင်မင်လာတော့သည်။

"မင်း ဆရာဦးဘသာနဲ့ နေလာတာ ကြာပြီလား"

"ခပ်ငယ်ငယ်ကတည်းက ဆိုပါတော့ ဆရာကြီးရယ်"

"ပညာတွေရော အတော်ကလေး ရပြီလား"

"ဟုတ်ကဲ့. . . အခုမှ လေ့လာသင်ယူနေဆဲပဲ ရှိပါသေး





တယ်"

"ကြိုးစားပေါ့ကွယ်. . . မင်းရဲ့လုပ်ရည်ကိုင်ရည် ကြည့်ရတာ တစ်နေ့ကျရင် ပေါက်မြောက်တဲ့ ဆရာတစ်ဦးဘဝကို ရောက်မယ့်ပုံမျိုးပဲ၊ မင်းသိချင်တာ ရှိရင်လည်း ငါနဲ့ ကြုံတုန်း မေးပေါ့ကွယ်"

ဦးဇန်ကောင်းက မီးတောက်အတွင်းမှ လုံကို မီးညှပ်ဖြင့် လှည့်ပေးရင်း ပြောလိုက်သည်။

နီမောင်က ဖိုကြီးကို မှန်မှန်ဆွဲပေးနေရင်း. . .

"အဘတို့ ဖိုထိုးတာ ဘာအတွက် ထိုးကြတာလဲဟင်"

ဟု သူသိချင်တာကို မေးလိုက်သည်။

ထိုအခါ ဦးဇန်ကောင်းက ပါးစပ်ထဲမှ ငုံထားသည့် ကွမ်းယာကို ထွေးထုတ်ပစ်လိုက်သည်။

"အနိမ့်ဆုံးအဆင့်ကတော့ ဆေးဆရာတွေအတွက် ဓါတ်ဆေးတွေ လိုချင်လို့၊ ဒီထက်ပိုလာရင် ရွှေဖြစ်ငွေဖြစ်လမ်း လိုက်ချင်လို့၊ အမြင့်ဆုံး ဝိဇ္ဇာလမ်း လိုက်ချင်လို့ပေါ့ကွာ"

"ဝိဇ္ဇာဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"ဝိဇ္ဇာဆိုတာ သိဒ္ဓိပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးပဲကွ"

"ဝိဇ္ဇာက ဘယ်နှစ်မျိုး ရှိတာလဲဟင်၊ ဘယ်လိုနည်းတွေနဲ့ ဝိဇ္ဇာဖြစ်နိုင်သလဲဟင်"

"လောကမှာ ဝိဇ္ဇာလမ်းတွေက များသလို ဝိဇ္ဇာဖြစ်နိုင်တဲ့ လမ်းတွေကလည်း အများသားကွယ့်၊ အဓိက,ကတော့ ဝိဇ္ဇာ လမ်းကြီး(၄)လမ်း ရှိတယ်၊ ဘုရားရဟန္တာ၊ အရိယာ သူတော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတွေရဲ့လမ်းကလွဲရင် ကျန်တဲ့ ပထမဝိဇ္ဇာလမ်း၊ လောကီယ ဝိဇ္ဇာလမ်းနဲ့ ဂန္ဓာရီလမ်း သုံးလမ်းကတော့ လောကီဝိဇ္ဇာလမ်းလို့ ခေါ်တယ်၊ လောကီဝိဇ္ဇာလမ်းသမားတွေကလည်း လောကီလမ်းမှာ ကိစ္စပြီးလို့ ဒါနတရား၊ သီလတရား၊ သမထတရား၊ ဝိပဿနာတရားတွေကို ပွားများအားထုတ်ရင်းနဲ့ လောကီ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကနေ အရိယာ ဝိဇ္ဇာလမ်းကို တဆင့်တက်လှမ်းပြီး လောကုတ္တရာ အရိယာဝိဇ္ဇာအဖြစ်ကို ရောက်နိုင်ကြတယ်"

"လောကီဝိဇ္ဇာဆိုတာ ဘယ်လိုမျိုးတွေလဲ အဘ"

"လောကီဝိဇ္ဇာဆိုတာ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာ၊ နက္ခတ္တဝိဇ္ဇာ၊ တပသီဝိဇ္ဇာ၊ ဇော်ဂျီဝိဇ္ဇာဆိုပြီး ဝိဇ္ဇာ(၁၁)မျိုးတို့ဟာ ထွက်ရပ်လမ်း သွားနိုင်တဲ့ လောကီဝိဇ္ဇာတွေပဲကွယ်"

"ဒါဖြင့် ဒီဝိဇ္ဇာတွေအားလုံး တန်ခိုးသိဒ္ဓိ အတူတူပဲ ရှိကြတာပေါ့နော် အဘ"

"မတူဘူးကွယ်. . . ဒီဝိဇ္ဇာ(၁၁)မျိုးမှာ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာသုံးမျိုးက ကျန်တဲ့ဝိဇ္ဇာတွေထက် ပိုပြီးတန်ခိုးကြီးကြတယ်၊ အဲဒီဝိဇ္ဇာတွေက ရှေ့(၁၂)ဘဝ၊ နောက်(၁၂)ဘဝကို သိမြင်နိုင်စွမ်းရှိတယ်၊ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံကို အကုန်တတ်မြောက်နိုင်တယ်၊ အားလုံးသိမြင်နိုင်တယ်၊ ဆယ်ပါးသော သိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်တို့ကိုလည်း အကုန်ပြီးစီးတတ်မြောက်နိုင်တယ်၊ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့ကို မြင်ရင်





အခြားဝိဇ္ဇာတွေက အဝေးက ရှောင်သွားကြရတယ်"

"အဘပြောပုံအရဆိုရင် အဲဒီဝိဇ္ဇာတွေက အတော့်ကို တန်ခိုးကြီးတာပေါ့နော်"

"တန်ခိုးကြီးတာပေါ့ကွယ်. . . အဲဒီဝိဇ္ဇာမျိုးတွေက အများအားဖြင့်တော့ ဗုဒ္ဓဘုရားရှင်ရဲ့သာသနာဘောင်အတွင်းမှာပဲ ဖြစ်ပေါ်လေ့ရှိကြတာကိုးကွယ့်၊ ဗုဒ္ဓဘုရားရှင်ရဲ့သာသနာတော်အတွင်းမှာ ဖြစ်ကြတဲ့ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတွေ ဘယ်လောက် တန်ခိုးပါဝါကြီးသလဲဆိုရင် အချို့ဝိဇ္ဇာတွေက တစ်ယူဇနာ အကွာအဝေးမှ နေထိုင်သွားလာရသလို အချို့တန်ခိုးနိမ့်တဲ့ ဝိဇ္ဇာတွေဆိုရင် သုံးယူဇနာတွေကနေ နေထိုင်သွားလာကြရတယ်"

"ဝိဇ္ဇာချင်း တူပါရက်နဲ့ ဘာကြောင့် အဲသည်လို ကွာရတာလဲ အဘ"

"ဝိဇ္ဇာချင်း တူပေမယ့် လုပ်ရပ်အတတ်ချင်းက မတူကြဘူးလေ၊ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာတွေက ကိလေသာတဏှာစိတ် ရှိကြသေးတယ်၊ အရိယာဝိဇ္ဇာနဲ့ ယှဉ်တော့ တန်ခိုးသိဒ္ဓိ အများကြီး ကွာခြားတာပေါ့ကွာ"

"အဘပြောပြမှပဲ ဝိဇ္ဇာတွေရဲ့အကြောင်းကို သိတန်သရွေ့ သိရတော့တယ်၊ ဒါပေမယ့် ဝိဇ္ဇာနယ်ပယ်က အတော့်ကို ကျယ်ဝန်းတာပေါ့နော်"

"မှန်တာပေါ့ကွာ. . . ကျယ်ဝန်းသလို ရှုပ်ထွေးမှုတွေလည်း အများကြီးရှိတယ်၊ သူတို့လောက,က ရှုပ်ထွေးမှုတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကကိုတောင် လာပြီးနှောင့်ယှက်လေ့ရှိကြတယ်”

“ဘယ်လိုနှောင့်ယှက်တာလဲ အဘ”

“ဝိဇ္ဇာဆိုပေမယ့် လောကီနဲ့ မကင်းတဲ့ ဝိဇ္ဇာနယ်ပယ်မှာ အယောင်ဆောင်မှုတွေ လှည့်ဖြားမှုတွေလည်း အများကြီး ရှိတယ်ကွာ၊ ဝိဇ္ဇာနဲ့ လှည့်ဖြားခြင်း၊ နတ်နဲ့ လှည့်ဖြားခြင်း၊ သိုက်လောကနဲ့ လှည့်ဖြားခြင်း၊ ရာဇာနဲ့ ပတ်သက်တဲ့ လှည့်ဖြားခြင်း၊ ဆရာနဲ့ ပတ်သက်ပြီး လှည့်ဖြားခြင်း၊ လှည့်ပတ်မှုတွေလည်း ရှိသေးတယ်၊ လူတွေဟာ အဲဒီအကြောင်းတွေကို မသိတော့ အဲဒီလှည့်ပတ်မှုတွေကို ခံကြရတယ်ကွ”

ဦးဗန်ကောင်းက နောက်ထပ်ကွမ်းယာတစ်ယာကို ပါးစပ်ထဲ ထည့်ပြီး မီးထဲမှ လုံကို ညှပ်ဖြင့် လှည့်ပေးနေသည်။

နီမောင်ကတော့ ဖားဖိုကြီးကို မှန်မှန်ဆွဲပေးနေ၏။

“အဲဒီလှည့်ဖြားခြင်းတွေအကြောင်းကို နည်းနည်းလောက် ရှင်းပြပေးပါလား အဘ”

“တစ်ခုချင်း ရှင်းရရင်တော့ အရှည်ကြီးပဲကွ၊ ဒါပေမယ့် မင်းနားလည်သဘောပေါက်အောင် တိုတိုရှင်းပြပေးပါ့မယ်၊ နံပါတ်(၁) ဝိဇ္ဇာအလှည့်ဆိုတာ မင်းကို ဘယ်ဘိုးတော်က စောင့်ရှောက်နေတယ်၊ ဘယ်ဝိဇ္ဇာက အကူအညီပေးနေတယ်၊ ဘာလုပ်ပေးပါ ညာလုပ်ပေးပါလို့ ဆရာပြောကို ယုံပြီး သူပြောတဲ့ အတိုင်း လုပ်မိရင် ယုံကြည်သွားရင် ဝိဇ္ဇာလှည့်ခံရတာပဲ၊ ဝိဇ္ဇာကို ဘာမှန်းမသိဘဲ အခြား သူပြောတာကို ယုံပြီးလုပ်ရင် အလှည့်ခံရတာပဲ”





“ဟုတ်ကဲ့. . .”

“နှစ်အချက်က နတ်နဲ့ ပတ်သက်ပြီး လှည့်ဖြားခံရခြင်းပဲ၊ ဆရာက ဘယ်ရိုးရာက လုပ်ထားတာ၊ ဘယ်နတ်ကိုင်ထားတာ ဘယ်နတ်က ပုဂ္ဂိုလ်စွဲကပ်နေတယ်၊ ဘယ်နတ်က စောင့်ရှောက်မှု ပေးနေတယ်၊ ဒါကြောင့် ပူဇော်ပွဲပေးပါ၊ စားပွဲဆက်ပေးပါ၊ ကနားပွဲပေးပါ၊ ကန်တော့ပွဲ ဆက်ပေးပါလို့ ပြောတာကို ယုံပြီး သူပြောတဲ့အတိုင်း လုပ်ရင် နတ်နဲ့ ပတ်သက်ပြီး လှည့်ဖြားမှုကို ခံရတာပဲ”

“ဟုတ်ကဲ့”

“သုံးအချက်က သိုက်နဲ့ ပတ်သက်ပြီး လှည့်ဖြားမှုပဲ၊ သိုက်ရဲ့လှည့်ဖြားမှုကိုတော့ အမျိုးသားများထက် စိတ်နှလုံး နူးညံ့ပျော့ပြောင်းတဲ့ အမျိုးသမီးတွေက ပိုပြီးခံရလေ့ရှိကြတယ်၊ သိုက်ဆိုတာ မြန်မာနိုင်ငံရဲ့ ရင်းနှီးတဲ့ဝေါဟာရတစ်ခုပဲကွ၊ မြန်မာနိုင်ငံတစ်ဝှမ်းမှာ ကိုးသန်း၊ ကိုးသိန်း၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ့်ကိုး ရှိတယ်လို့ မှတ်တမ်းတွေ ရှိတယ်လေ”

“အများကြီးပါလား အဘ”

“အေး. . . ဟုတ်တယ်၊ သိုက်တွေ များသလို သိုက်အမျိုးအစားတွေကလည်း အများကြီးရှိတယ်၊ ဘုမ္မစိုးနတ်သိုက်၊ ရုက္ခစိုးနတ်သိုက်၊ ဘီလူးသိုက်၊ မိကျောင်းသိုက်၊ ပိတုန်းသိုက်၊ နဂါးသိုက်ဆိုပြီး ရှိပေမယ့် ဆရာတွေက တခြားသိုက်တွေရဲ့ အကြောင်းကို သိပ်မသိတာကြောင့် နဂါးသိုက်ကိုပဲ အသုံးများလေ့ရှိကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသုံးတာလဲ အဘ"

"နင်က နဂါးသိုက်က လာတာ၊ အသက်ဘယ်လောက်ရောက်ရင် နဂါးသိုက်က ပြန်ခေါ်လိမ့်မယ်၊ အဲဒါ သိုက်ကြိုးဖြတ်ပေးရမယ်၊ ရွှေလမ်းငွေလမ်းခင်းပါ၊ ကန်တော့ပွဲ ဘယ်နှစ်ပွဲ ပြင်ပါ၊ ငွေဘယ်လောက်ထည့်ပါ၊ တို့က သိုက်ကြိုးဖြတ်ပေးမှ လူ့ပြည်မှာ ဆက်ပြီးနေခွင့်ရမယ်လို့ သိုက်နဲ့ လှည့်ခြောက်ပြီး လှည့်စားတာမျိုးပေါ့ကွာ"

"ကိုယ်မသိတော့လည်း သူများပြောတာကို တကယ်မှတ်ပြီး ခံရတာပေါ့ အဘရယ်၊ ဆရာလှည့်ဆိုတာက ဘယ်လိုမျိုးလဲ အဘ".

"လူတစ်ယောက်မှာ သာမန်ရောဂါဝေဒနာထက် ကျော်ပြီး ကံနာဝဋ်နာဆိုတဲ့ရောဂါမျိုး စွဲကပ်လာရင် ဆေးကုလို့မပျောက်တော့ဘူး၊ အဲဒီအခါကျရင် အမိဋ္ဌာန်ဝင်ရမယ်၊ ဘုရားတည်ပေးရမယ်၊ သက်သက်လွတ် စားပေးရမယ်ဆိုပြီး ဆရာကလူနာရဲ့စိတ်ကို လှည့်ပြီး သက်သာအောင် ကုပေးတာကို ဆရာလှည့်လို့ ခေါ်တယ်"

"ရာဇာလှည့်ဆိုတာကရော အဘ"

"ရာဇာလှည့်ဆိုတာကတော့ ရှေးခေတ်ဘုရင်တွေရဲ့ အမည်နာမတွေကို အသုံးပြုပြီး လှည့်ဖြားတာပဲ၊ မင်းက ရှေးဘဝက ဘယ်မင်းရဲ့အဆက်အနွယ် ဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် ဒီဘုရားတည်တဲ့ကိစ္စမှာ မင်းရဲ့အလှူငွေ ပါမှ ပြီးစီးအောင်မြင်မယ်၊ ဒီဘုရားတည်လို့မပြီးသေးတာ မင်းရဲ့အလှူဒါနကို စောင့်





ခနလို့ မပြီးသေးတာလို့ ပြောတော့ အပြောခံရတဲ့သူဟာ 'ငါက ဘယ်ဘဝက မင်းဆွေမင်းမျိုး ဖြစ်ခဲ့တာကိုး၊ ဒါကြောင့် ဒီဘုရားဘည်တဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တာကိုး၊ ငါနဲ့ -ဋ္ဌာန်းဆက် ရှိတဲ့နေရာမှာ ဘုရားကို ပြီးအောင်တည်မှပဲ' ဟု ဆင်သွားပြီး ဘုရားတည်ခြင်းကို ပြီးအောင် ဆောင်ရွက်တာကို ာဇာလှည့်လို့ ခေါ်တယ်ကွ"

"အတော်ဆန်းကြယ်တာပဲ"

"ဆန်းကြယ်တာပေါ့ကွာ. . . ဒီအလှည့်ငါးပါးမှာမှ င်္ဘာလှည့်၊ ဆရာလှည့်၊ ရာဇာလှည့်က ကိုယ့်အတွက် ကောင်းကျိုးပါလို့ တော်သေးပေမယ့် သိုက်အလှည့်နဲ့ နတ်အလှည့်နှစ်မျိုးကတော့ ဆရာတွေ နတ်ကတော်တွေ နတ်ဆရာတွေက တမင်ဖန်တီးလုပ်စားကြတာမျိုးပဲ၊ လူလောကမှာ ဒီအလှည့်တွေကိုမှ ိမထားရင် သူတပါး ညာတာကို ခံကြရမှာပဲ"

"ကျွန်တော်တောင်မှ အဘပြောပြမှ ဒါတွေကို သိရာ၊ ဘာပဲဖြစ်ဖြစ် ဝိဇ္ဇာအစစ်တွေကိုတော့ တွေ့ချင်ပါရဲ့ဗျာ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်း ကွမ်းချေးများ ာက်နေသောသွားများ ပေါ်အောင် ပြုံးလိုက်သည်။

"နေပါဦး. . . မင်းက ဝိဇ္ဇာအစစ်ကို တွေ့ရင်ကော သိမှာလား"

"ချက်ချင်းတော့ ဘယ်သိနိုင်မလဲ အဘရဲ့၊ ဒါပေမယ့် င်အောင်တော့ ကြိုးစားရမှာပေါ့"

"အင်း. . . မင်းက လူငယ်ပေမယ့် စိတ်ဓါတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

အထီးတွေချည်း ခြောက်ကောင်တွေ့ခဲ့ပါလားဗျ"

ဟု ပြောသဖြင့် တဲရှင်က မသက်သာသဖြင့် အပြင်သို့ ထွက်ကြည့်ရာ ကျွဲခြောက်ကောင်စလုံး အထီးတွေချည်း ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရလေသည်။

"ဆရာကြီး. . . ကျွန်တော့်ရဲ့ကျွဲတွေက အထီး လေးကောင်၊ အမနှစ်ကောင် အမှန်ဖြစ်ပါတယ်၊ အခုသွားကြည့်တော့ အားလုံး အထီးတွေချည်း ဖြစ်နေပါတယ်"

ဟု တအံ့တသြ ပြောသောအခါ ဥည့်သည်က. . .

"ခင်ဗျား အကြည့်မှား၍ဖြစ်ပါလိမ့်မယ်၊ အသေအချာ သွားကြည့်ပါချေဦး"

ဟု ဆိုသဖြင့် နောက်တစ်ခေါက် သွားပြန်ကြည့်သော အခါမှ မူလအတိုင်း ကျွဲအထီးလေးကောင်၊ အမနှစ်ကောင် ပြန် ဖြစ်နေသည်ကို တွေ့ရမှ ပြုံးပြုံးရယ်ရယ်နှင့် သက်ပြင်းချနိုင်တော့ သည်။

"ခင်ဗျား အခုအချိန်မှာ ဘာများအလိုရှိသလဲ၊ ဟို သစ်ပင်ထက်မှာ နားနေတဲ့ ချိုးသိန်းငှက်ကလေးကို လိုချင် သလား၊ ကျုပ်လုပ်ပေးနိုင်ပါတယ်"

ဟု ပြောကာ လက်ဝါးချင်း ပွတ်ကာ လှမ်းခေါ်လိုက် သောအခါ သစ်ပင်ထိပ်ဖျား၌ နားနေသော ချိုးသိန်းငှက်ကလေး ပျံဆင်းလာပြီး လက်ပေါ်သို့ လာရောက်နားစေသည်။

သို့တိုင်အောင် အိမ်ရှင်မှာ ရိုးသားသူဖြစ်သဖြင့် သ ဘောမပေါက်နိုင်သေးဘဲ ၎င်းအား ပဥ္စလက်နည်းများ ပြသနေ





သည်ဟု စိတ်အထင်ရှိသဖြင့် ပြုံးမြဲပြုံးနေလေသည်။

"ငှက်ကတော့ မလိုချင်ပါဘူးဗျာ၊ အခုလောလောဆယ် ဖဲရှုံးထားတာဆိုတော့ ငှက်မရလည်း အရေးမကြီးပါဘူး၊ ပိုက်ဆံ ရမှ ကောင်းမှာဗျ"

ဟု ရယ်ရယ်မောမော ပြောလိုက်ရာ ဧည့်သည်က အနီး အနားမှာ ရှိသော သစ်ရွက်များကို ခူး၍ ကောင်းကင်သို့ မြှောက် တင်လိုက်ရာ ပြန်ကျလာသောအခါ ငွေစက္ကူများ ဖြစ်နေလေ တော့သည်။ သို့တိုင်အောင် လယ်သမားက သူ့ကို မျက်လှည့်ပြ နေသည်ဟု ထင်သဖြင့်. . .

"ခင်ဗျားလုပ်ပြတာ အတော်ကောင်းတာပဲ၊ ကျွန်တော် က အဲဒါတွေလောက်နဲ့ ရမှာမဟုတ်ဘူး၊ တစ်သက်လုံး အဆင် ပြေအောင် ဖဲနိုင်တဲ့ဆေး ရှိရင်သာ ပေးခဲ့ပါဗျာ"

ဟု ပြောသောအခါ ဧည့်သည်က စိတ်ပျက်စွာ ခေါင်းခါ လိုက်သည်။

"အခြားဆေး လိုချင်ရင် ပေးနိုင်ပါတယ်၊ ဖဲနိုင်စေတဲ့ ဆေးကတော့ သမ္မာအာဇီဝလည်း မဖြစ်၊ ကျွန်ုပ်လည်း မကြိုက် သောကြောင့် ပေးလို့မရပါဘူး"

ဟု ပြောကာ နေရာမှ ထသည်။

"ဖြစ်နိုင်ရင်တော့ ဖဲနိုင်စေမယ့်ဆေးပဲ လိုချင်ပါတယ်၊ ရှိရင်သာ ပေးခဲ့ပါဗျာ"

"ကျုပ်ကတော့ ဒီဆေးမျိုး မပေးနိုင်ပါ၊ မင်းနဲ့ ထိုက်တန် ရင်တော့ ရချင်ရမှာပေါ့၊ ငါ့အမည်က ပထမဦးအောင်လို့ခေါ်


www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဟု နေရာမှ ထွက်သွားပြီး ခပ်ဝေးဝေး ရောက်သော အခါ ထန်းပင်များထိပ်ဖျားသို့ ရိပ်ခနဲ တက်သွားသည်ကို မြင်လိုက်ရပြီး ခဏချင်းမှာပင် တောင်ကလပ်ထိပ်ပေါ်သို့ ရောက်သွားသည်ကို မြင်ရတော့မှ သိဒ္ဓိပေါက်သော ပထမံဝိဇ္ဇာကြီးဘိုးဘိုးအောင်နှင့် တွေ့ရပါလျက် မိမိအနေနှင့် ဆေးအတောင်းများပုံကို သတိရပြီး များစွာနောင်တကြီးစွာရမိလေတော့သည်။

"အဲဒီအဖြစ်အပျက်ကို ကြည့်ရင် ဝိဇ္ဇာအစစ်ကို ကိုယ့်ကို မ,မလို့ ကိုယ်ရှေ့ရောက်နေပါရက်နဲ့ ဝိဇ္ဇာမှန်း မသိလို့ ဘာမှမရလိုက်တဲ့အဖြစ်မျိုးကွ၊ ဒီတော့ ဒီလိုအခွင့်အရေးမျိုးတွေနဲ့ တွေ့ရင် မဆုံးရှုံးရအောင် ကိုယ့်ဘက်ကလည်း သင့်တော်တဲ့ ကျင့်ကြံအားထုတ်မှုတွေ ပြုရတယ်"

"ဟုတ်ကဲ့ အဘ. . . ကျွန်တော်ကြိုးစားပါ့မယ်"

ဟု ပြောကာ ဖိုကြီးကို ခပ်သွက်သွက် ဆွဲလိုက်ရာ ဖိုထဲမှ မီးတောက်များ ပန်းထွက်လာလေတော့သည်။





# အခန်း (၉)

## နွယ်ငန်းရှင်များဖြင့် တောင်ကလပ်ပေါ်သို့ တက်ရခြင်း

တစ်နေ့သ၌ နီမောင်နှင့်ဦးဇန်ကောင်းတို့ ဖိုထိုးနေကြစဉ် ရဟန်းတစ်ပါး ကြွလာလေသည်။

အခြားတစ်နေရာမှ ကြွလာဟန်ရှိသော ရဟန်းကို မြင်သောအခါ နှစ်ယောက်သား လုပ်လက်စအလုပ်များကို နေရာ ဆိုင်ခင်းပေး၍ လာရင်းကိစ္စကို မေးမြန်းရသည်။

"ဘာကိစ္စရှိလို့များ ကြွလာတာလဲဘုရား"


www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက မေးလိုက်သည်။

ရဟန်းက ၎င်းပခုံးမှ လွယ်လာသောသပိတ်နှင့် လက်မှာ ကိုင်လာသည့်တောင်ဝှေးကို ချကာ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို သပ်ချလိုက်သည်။

“တခြားတော့ မဟုတ်ပါဘူး ဒကာကြီး၊ ကျုပ် တောင်ကလပ်ထိပ်ပေါ် တက်ချင်လို့ အဖော်အဖြစ် လိုက်နိုင်မလားလို့ ဝင်ခေါ်တာပါ”

ထိုစကားကြောင့် ဦးဗန်ကောင်းမှာ အံ့ဩသွားဟန် ရှိလေသည်။ ရဟန်းကို အတန်ကြာအောင် အကဲခတ်ကြည့်ရင်း

“အရှင်ဘုရား ဘယ်အရပ်က ကြွလာတာလဲဘုရား”

ဟု မေးလိုက်သည်။

“ခရီးဝေးက ကြွလာတာပါ”

“တောင်ကလပ်ထိပ်ပေါ်ကို တက်ဖူးပါသလားဘုရား”

“မတက်ဖူးပါဘူး”

“တက်ရတာ လွန်စွာမှ ခက်ခဲလှပါသည်ဘုရား၊ တောင်ထိပ်က တစ်လတစ်ကြိမ် ရေသောက်ဆင်းတဲ့ နွယ်ဝန်းပင်ကြီးတွေကို ဆွဲနိုင်ပြီးတက်ရင်တက်၊ မတက်ရင် ချွန်းချိတ်ပြီး တက်ရပါတယ်ဘုရား”

(ရှေးအခါက တောင်ကလပ်ဝန်းကျင်တစ်ဝိုက်တွင် အမြဲနေထိုင်သူ မရှိဘဲ တောင်များသာ ဖုံးအုပ်လျက်ရှိသည်။

ယခုကဲ့သို့ တောင်ပေါ် တက်ရန် လှေခါးများလည်း မတပ်ဆင်ရသေးပေ။)





“ရပါတယ် ဒကာကြီး၊ ကျုပ် ရောက်အောင်တက်နိုင်ပါဘယ်၊ ဒကာကြီးတို့သာ အဖော်လိုက်ခဲ့စေချင်တယ်”

“တောင်ထိပ်ပေါ်မှာ ဘာတက်ရှာမှာလဲဘုရား”

“ထူးဆန်းတဲ့ ဆေးပင်တစ်မျိုးပါ. . . အဲဒီဆေးပင်ဟာ တောင်ကလပ်ထိပ်ပေါ်မှာပဲ ရှိတာမို့ တက်ယူရမှာပါ”

“ရပါတယ်ဘုရား. . . ဒီလိုဖြင့်လည်း တပည့်တော်တို့ နှစ်ယောက် လိုက်ခဲ့ပါမယ်၊ တပည့်တော်တို့အတွက်ကတော့ ကိစ္စမရှိပါဘူး၊ အရှင်ဘုရားသာ တောင်ထိပ်ပေါ် ရောက်အောင် တက်နိုင်မှာ စိုးမိတာပါ”

“ကျုပ်အတွက် မပူပါနဲ့လေ၊ ဟိုရောက်တော့ အဆင်ပြေသွားပါလိမ့်မယ်”

“ကိုင်း. . . ဒီလိုဖြင့်လည်း သွားကြတာပေါ့၊ အရှင်ဘုရားအတွက် ဆွမ်းကွမ်းကိစ္စ ဘယ်လိုစီစဉ်ပေးရမလဲဘုရား”

“မလိုဘူး ဒကာကြီး၊ တောင်ခြေရောက်မှ သင့်သလို စီမံမယ်”

ဟု ပြောကာ နေရာမှ ထသဖြင့် နီမောင်နှင့်ဦးဗန်ကောင်းတို့မှာ ဘာပစ္စည်းမှ မယူနိုင်ဘဲ နောက်မှ လိုက်ရန်ပြင်ကြရလေသည်။ ညောင်ပင်ကျင်းရွာမှ ထွက်သည်နှင့် ရဟန်းက ရှေ့မှ ကြွကာ နီမောင်တို့က နောက်မှ လိုက်ကြရလေသည်။

ရွာမှ လွန်၍ တောလမ်းတောင်လမ်းများကို ဖြတ်သန်းရသည့်အခါမှာတော့ သိသိသာသာ ကွာလာသည်။

ရဟန်းက သပိတ်ကို လွယ်လျက် တောင်ဝှေးကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကာထောက်ကာ သွားနေရာ သူက မှန်မှန်သွားနေသော်လည်း နီမောင်တို့နှစ်ယောက်မှာ နောက်မှ မလိုက်နိုင်အောင် ဖြစ်လာတော့သည်။ တစ်ခါတစ်ရံ သက်န်းစွန်းကလေးသာ လှမ်းမြင်ရပြီး အဝေးသို့ ရောက်သွားလေသည်။

နီမောင်မှာ တောတောင်ခရီးများကို သွားလာနေသူဖြစ်သဖြင့် အမောအပန်းခံနိုင်သော်လည်း သူ့ထက်ပိုပြီး ခံနိုင်ရည်ရှိသည့် ရဟန်းကို လှမ်းကြည့်ပြီး တအံ့တသြ ဖြစ်မိလေသည်။

စမ်းချောင်းတစ်ခုအနီးသို့ ရောက်သောအခါ အရိပ်ကောင်းလှသည့် စကားဝါပင်ကြီးတစ်ပင်အောင်သို့ ရဟန်းကဝင်နားသောအခါမှ နီမောင်တို့လည်း နားကြရလေသည်။

"အတော်ပင်ပန်းနေကြပြီလား"

"မပင်ပန်းလှပါဘူးဘုရား"

"ကဲ. . . အမောပြေအောင် ဟောဒီငှက်ပျောသီး တစ်လုံးစီ စားလိုက်ကြ"

ဟု ပြောကာ သပိတ်ထဲမှ ငှက်ပျောသီးနှစ်လုံး ထုတ်ကာ တစ်ယောက်တစ်လုံးစီ ပေးသဖြင့် နီမောင်တို့လည်း ယူစားလိုက်ရာ ဝမ်းအဆာပြေရုံမက အမောပါ ပြေသွားလေသည်။

ထို့နောက် စမ်းချောင်းမှ ရေအနည်းငယ်စီ သောက်ပြီးနောက် ခရီးဆက်ကြပြန်သည်။

နောက်ဆုံးတော့ ညနေစောင်းအချိန်လောက်တွင် တောင်ကလပ်တောင်ခြေသို့ရောက်သွားလေတော့သည်။





ထိုခေတ်အချိန်က တောင်ကလပ်တစ်ဝိုက်တွင် အမြဲနေထိုင်သူ မရှိဘဲ ဆေးမြစ်ဆေးဥ ရှာသူ၊ တစ်ခါတရံ အမိဋ္ဌာန်ဝင်သူများလောက်သာ ရှိတတ်လေသည်။

ထိုအချိန်က တောင်ကလပ်ထိပ်ပေါ်သို့ တက်ရန်လှေခါးလည်း မရှိသေးပေ။

(၁၂၈၆)ခုနှစ်နောက်ပိုင်းမှ စည်ကားလာခြင်းဖြစ်၏၊ ထိုအချိန်က တောင်ကလပ်ထိပ်၌သာ ပေါက်လေ့ရှိသော ဆေးပင်၊ ဂမုန်းပင်များကို အလိုရှိသူတို့အတွက် တောင်ကလပ်ထိပ်သို့ ရောက်နိုင်ရန် နည်းလမ်းနှစ်သွယ်ရှိသည်။

တစ်လမ်းမှာ တောင်ကလပ်ထိပ်၌ နွယ်ငန်းပင်ကြီးများရှိလေသည်။ ၎င်းနွယ်ငန်းပင်ကြီးများသည် ခုနစ်ရက်တစ်ကြိမ် (အချို့ကလည်း တစ်လတစ်ကြိမ် ဆင်းသည်ဟု ပြောကြသည်) တောင်အောက်သို့ ရေသောက်ဆင်းလေ့ရှိသည်။

ထိုသို့ ရေသောက်ဆင်းလာချိန်တွင် မြွေတစ်ကောင်ကဲ့သို့ အသက်ဝင်လာကာ တလူးလူးတလွန့်လွန့်ဖြင့် တောင်ခြေရောက်အောင် လျှောဆင်းလာခြင်းဖြစ်၏။

အပေါ်တက်မည့်သူများမှာ ထိုနွယ်ငန်းပင်ကြီးများတောင်ပေါ် ပြန်တက်မည့်အချိန်ကို စောင့်၍ တွဲခို၍ လိုက်ပါသွားကြရခြင်းဖြစ်၏။ အဆင်းမှာလည်း ထိုနည်းအတိုင်းပင်ဖြစ်၏။ နွယ်ငန်းပင်ကြီးများ အသက်ဝင်လာသည့်အခါ ငန်းမြွေကြီးများအသွင်အတိုင်း တွေ့မြင်ရသည်ဟု ဆိုကြလေသည်။

နွယ်ငန်းပင်ကြီးများ ဆင်းလာချိန် မဟုတ်ပါက တောင်



www.burmeseclassic.com

www.burmeseclassic.com



ကလပ်ပေါ် ရောက်ရန် ခက်ခက်ခဲခဲ တက်ကြရသည်။

ပုပ္ပါးတောင်ကလပ်မှာ အခြားတောင်များနှင့် လုံးဝမတူဘဲ ကျောက်တိုင်ကြီး ထူထားသကဲ့သို့ ထောင်ထောင်မတ်မတ်ကြီး ဖြစ်နေရာ အထောက်အကူပစ္စည်း မပါဘဲ အပေါ်သို့ ရောက်အောင်တက်ဖို့ မလွယ်ကူပေ။

နွယ်ငန်းပင်များ ကျဆင်းချိန် မဟုတ်ဘဲ အခြားအချိန် တက်မည်ဆိုပါက ချွန်းချိတ်၍ ခက်ခက်ခဲခဲတက်ကြရသည်။ ချွန်းချိတ်၍တက်ရသည်မှာ မိမိကိုယ်အလေးချိန်ကို ခံနိုင်သည့် သစ်သားချိတ်၊ ဝါးချိတ်နှင့် ကြိုးများကို အသုံးပြုကာ တက်ကြရသည်။ ချွန်း၊ ချိတ်ကို ကြိုးနှင့် ချည်၍ မီးရာသစ်ပင်၊ နွယ်ပင်များကို လှမ်းချိတ်ပြီး တဆင့်ပြီးတဆင့် တက်ကြရခြင်းဖြစ်သည်။ သစ်ပင်နွယ်ပင် မရှိသောနေရာဆိုလျှင် ကွဲအက်နေသည့် ကျောက်ချပ်ကြီးများကြားသို့ ချိတ်ကာ ဆွဲတက်ရသည်။

သူတို့ တောင်ကလပ်အခြေသို့ ရောက်သွားသောအချိန်မှာ ညနေပိုင်း နေဝင်ရီတရောအချိန်ဖြစ်သည်။

ထိုနေ့က ထူးထူးခြားခြား မိုးရိပ်များ တက်နေလေသည်။

"ကဲ. . . ဒကာတို့ ဒီနေရာမှာ ခဏနားကြဦး၊ ကျုပ် ပုတီးစိပ်လိုက်ဦးမယ်၊ အပေါ်က နွယ်ငန်းကြီးတွေ ဆင်းလာရင်သာ ကျုပ်ကို လာပြောလှည့်ကြ"

ဟု ပြောကာ တောင်ကလပ်အောက်ခြေရှိ စမ်းချောင်း အနီး၌ ထိုင်ကာ ပုတီးစိပ်နေလေသည်။ ထိုအခါ ဦးဗန်ကောင်းက. . .





"ကဲ. . . နီမောင်၊ တို့လည်း ဒီအတိုင်း ထိုင်နေမယ့်အစား တရားလေးဘာလေး အားထုတ်ရင်းနဲ့ စောင့်ကြတာပေါ့"

ဟု ပြောကာ ကျောက်တုံးပေါ်၌ ထိုင်ကာ တရားရှုမှတ်ကြလေသည်။ ဤသို့ဖြင့် တစ်စတစ်စနှင့် ညဦးပိုင်းအချိန် ရောက်လာသည်။ မိုးရိပ်များ ရှိနေသဖြင့် တိုက်ခတ်လာသော လေက အေးစိမ့်နေရာ အပေါ်အင်္ကျီထူထူပင် မပါဘဲ ခါးဝတ်ခါးစားဖြင့် လိုက်လာခဲ့သည့် နီမောင်တို့နှစ်ယောက်မှာ ခိုက်ခိုက်တုန်မတတ် ချမ်းလာလေတော့သည်။

သို့သော်လည်း ဇွဲတင်း၍ ဆက်ထိုင်ကြလေသည်။ အတန်ကြာသောအခါ တောင်ကလပ် အပေါ်ပိုင်းဆီမှ 'တရှဲရှဲ' နှင့် မြည်သံကြီးများ ကြားလာရသည်။

"ရှဲ. . . ရှဲ. . . ရှဲ"

အသံကြားရာသို့ မော့ကြည့်ပြန်သော်လည်း မှောင်နေသောကြောင့် ကောင်းစွာမမြင်ရပေ။

"အဘ. . . အပေါ်က တရှဲရှဲနဲ့ အသံတွေ ကြားနေရတယ်၊ ဘာတွေလဲ မသိဘူး"

"တောင်ကလပ်ထိပ်ပေါ်က နွယ်ငန်းကြီးတွေ ဆင်းလာတာ ဖြစ်မယ်ထင်တယ်"

နီမောင်မှာ သူ့တစ်သက်နှင့်တစ်ကိုယ် ထိုကဲ့သို့ နွယ်ငန်းကြီးများ ဆင်းလာသည်ကို မမြင်ဖူးသောကြောင့် စိတ်လှုပ်ရှားနေမိသည်။ ခဏကြာတော့ ကြားနေရသော တရှဲရှဲနှင့် မြည်သံများက တဖြည်းဖြည်းနှင့် နီးလာသည်။ မော့ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ တောင်ကလပ်အပေါ်မှ မြွေကြီးများ လျောဆင်းလာသကဲ့သို့ တအိအိ ဆင်းလာသည့် နွယ်ငန်းကြီးများကို လှမ်းမြင်ရသည်။

နီမောင်မှာ လူငယ်ဖြစ်သည်ကတစ်ကြောင်း၊ ထိုအတွေ့အကြုံမျိုးလည်း မရှိသောကြောင့် အသက်ရှူရန်ပင် မေ့နေသည့်အလား တအံ့တသြဖြစ်နေလေသည်။

နွယ်ငန်းကြီးများမှာ တအိအိနှင့် လျှောဆင်းလာရာ တောင်နံရံရှိ ကျောက်တုံးများ၊ သစ်ပင်များနှင့် ထိတွေ့ပွတ်တိုက်မိရာမှ တရှဲရှဲ မြည်သံများ ပေါ်ထွက်နေခြင်းဖြစ်၏။

အတန်ကြာသောအခါ တောင်ခြေသို့ ရောက်လာကြသည်။ အပေါ်ခွံမှာ မြွေတစ်ကောင်ကဲ့သို့ ဝါကျင်ကျင်အရောင်ရှိပြီး အရွယ်အစားမှာလည်း ပေါင်လုံး၊ ခြေသလုံးလောက်အရွယ်မှ လက်မောင်းလုံးအရွယ်ခန့်အထိ ရှိကာ တစ်နွယ်နှင့်တစ်နွယ်၊ တစ်ပင်နှင့်တစ်ပင် ယှက်နွယ်လျက်ရှိနေလေသည်။

ပုံသဏ္ဌာန်မှာ ကျားမနိုင်နွယ်၊ သို့မဟုတ် ဒိုးနွယ်ကြီးများနှင့် သဏ္ဌာန်တူလေသည်။

အချို့ကတော့ နဘူးနွယ်များနှင့် တူသည်ဟု ပြောကြသည်။ နွယ်ရှင်ကြီးများမှာ တောင်ခြေသို့ ရောက်လာသောအခါ စမ်းချောင်းရှိရာသို့ တရွေ့ရွေ့နှင့် လွန့်လူးကာ သွားနေသည်ကို အတိုင်းသား လှမ်းမြင်နေရသည်။

ထိုအခါ နီမောင်က ဦးဇန်ကောင်းကို သတိပေးပြီး တရားထိုင်နေသော ရဟန်းရှိရာသို့ သွားကာ အကျိုးအကြောင်း





လျှောက်ထားရလေသည်။

"အရှင်ဘုရား. . . နွယ်ငန်းကြီးတွေ တောင်ခြေကို ရောက်လာပါပြီဘုရား"

ထိုသို့လျှောက်ထားလိုက်တော့မှ ရဟန်းက ပုတီးစိပ်ခြင်းကို ရပ်ကာ နေရာမှ ထသည်။

"ကိုင်း. . . ဒီလိုဆိုရင်လည်း သွားကြတာပေါ့"

ဟု ပြောကာ နွယ်ငန်းပင်ကြီးများ ရှိရာသို့ လာကြသည်။

နွယ်ငန်းပင်ကြီးများမှာ တောင်ကလပ်ထိပ်ပေါ်မှ ဆင်းလာကာ စမ်းချောင်းအတွင်းမှ ရေကို သောက်နေကြခြင်းဖြစ်သည်။

"ဒီနွယ်ပင်ကြီးတွေက ရေသောက်လို့ ဝရင် အပေါ်ကို ပြန်တက်လိမ့်မယ်၊ ကျုပ်တို့ တောင်ကလပ်ထိပ်ပေါ်ကို အလွယ်တကူ ရောက်နိုင်ဖို့ဆိုတာ သူတို့ကို တွဲခိုပြီး လိုက်သွားမှ ရောက်မယ်၊ ဒကာကြီးတို့နှစ်ယောက် လိုက်ဝံ့ပါ့မလား"

ဟု မေးသည်။

"လိုက်ဝံ့ပါတယ်ဘုရား. . . အရှင်ဘုရားနောက် လိုက်တာပဲ၊ တပည့်တော်တို့က ဘာများကြောက်စရာရှိပါ့မလဲ"

ဦးဇန်ကောင်းစကား ကြားသောအခါ ရဟန်းက ပြုံးလိုက်သည်။

"ကဲ. . . နွယ်ငန်းကြီးတွေ ရေသောက်လို့ ပြီးကြပြီ၊ သူတို့ အပေါ်ပြန်တက်ကြတော့မယ်၊ ကျုပ်တို့ လိုက်သွားကြရအောင်၊ တစ်ခုတော့ မှာထားပါရစေ၊ နွယ်ပင်ကြီးတွေကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့နေရာမှာ မကြောက်ဘဲ ရဲရဲဖက်ထားကြနော်"

"စိတ်ချပါဘုရား"

ဟု ပြောဆိုကာ နွယ်ပင်ကြီးများအပေါ်သို့ ပြန်လိပ်မတက်မီ မိမိကိုယ်အလေးချိန်ကို ခံနိုင်လောက်မည့် နွယ်ပင်များကို ရွေးချယ်၍ဖက်ထားလိုက်ကြသည်။

နွယ်ပင်ကြီးများမှာ အပေါ်သို့ ပြန်တက်သောအခါ ဆင်းလာစဉ်ကလောက် မမြန်ဘဲ တအိအိနှင့် ပြန်တက်ကြရာ နီမောင်တို့လည်း ဖက်လျက်သား ပါသွားလေတော့သည်။

ထိုအခါမှပင် စောစောက ချမ်းအေးသည့်စိတ်များ ပျောက်သွားကာ ဇောချွေးများ ပြန်တက်လာလေတော့သည်။

အပေါ်သို့ မြင့်တက်လာလေလေ အသည်းအေးဖွယ်ရာ ဖြစ်လာလေလေ ဖြစ်တော့သည်။

နွယ်ငန်းကြီးများမှာ အပေါ်မှ တစ်စုံတစ်ယောက်က ဆွဲတင်နေသကဲ့သို့ တအိအိ တက်နေခြင်းဖြစ်ရာ အကယ်၍ အခြားအန္တရာယ်များ မရှိပါက အေးအေးဆေးဆေးနှင့် အပေါ်သို့ ရောက်သွားမည်ဖြစ်လေသည်။

တောင်ကလပ်တစ်ဝက်သို့ ရောက်လာသောအခါ မြူနှင်းများ ဝေဆိုင်းနေသောကြောင့် အောက်ခြေသို့ မမြင်ရတော့ပေ။ နီမောင်မှာ အောက်သို့ ပြုတ်ကျသွားမည်စိုးသောကြောင့် နွယ်ငန်းပင်ကြီးများကို တအားဖက်ထားလေရာ ဇောချွေးများပင် ပြန်နေလေသည်။

အပေါ်ဆုံးမှ ရဟန်းက ရှိပြီး ဦးဇန်ကောင်းက အလယ်မှ





လိုက်ကာ နီမောင်က အောက်ဆုံးမှ လိုက်ရသူဖြစ်၏။

အပေါ်သို့ မော့ကြည့်သောအခါ သူနှင့် မလှမ်းမကမ်း၌ ရှိနေသော ဦးဇန်ကောင်းကိုသာ ကောင်းစွာမြင်ရပြီး အပေါ်ဆုံးမှာ ရောက်နေသည့် ရဟန်းကိုတော့ ကောင်းစွာမမြင်ရပေ။

တစ်ခါတစ်ရံ လေထဲမှာ တဖှပ်ဖှပ် လွင့်နေသော သင်္ကန်းစလေးကိုသာ လှမ်းမြင်ရပြီး တစ်ခါတစ်ရံလည်း ဘာမှ မမြင်ရပေ။

သန်းခေါင်ယံအချိန်သို့ ရောက်သောအခါမှ တောင်ကလပ်ထိပ်သို့ ရောက်သွားကြလေတော့သည်။

နွယ်ငန်းပင်ကြီးများမှာ တောင်ကလပ်ထိပ်နှင့် နီးသော ချိုင့်တစ်ခုအတွင်း၌ ပေါက်နေပြီး ထိုနေရာသို့ ရောက်သောအခါ အခွေလိုက် အတွန့်လိုက်ဖြစ်ကာ ရပ်တန့်သွားလေတော့သည်။

ထိုအခါ တောင်ထိပ်ပေါ်သို့ ရောက်အောင် တစ်ဆင့်တက်ကြရသည်။ ထိုအချိန်က တောင်ကလပ်ထိပ်ပေါ်၌ မည်သည့်အဆောက်အဦမှ မရှိသေးဘဲ ဟင်းလင်းပြင်သာ ရှိသေး၏။

သို့ကြောင့် မိုးရိပ်ဖြင့် တိုက်ခတ်နေသောလေက ပြင်းထန်လှသဖြင့် အေးစိမ့်တက်လာသည်။

ရဟန်းက သင်္ကန်းကို ရုံထားသဖြင့် အတော်အသင့်ခံနိုင်သော်လည်း နီမောင်နှင့်ဦးဇန်ကောင်းတို့မှာ သာမန်အကျီသာ ဝတ်ထားသောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းတက်လာလေသည်။

"လေကလည်းဗျာ. . . တိုက်လိုက်တာ အရိုးထဲအထိတွေ့လု



www.burmeseclassic.com

www.burmeseclassic.com



မတတ်ပါပဲ”

ဟု ဦးဗန်ကောင်းက အသံခပ်တိုးတိုးဖြင့် ညည်းညူလိုက်သော်လည်း မလှမ်းမကမ်းမှ ရဟန်းက ကြားသွားဟန်ရှိသည်။

“အတော်ချမ်းနေသလား ဒကာကြီး”

“တင်ပါ့ဘုရား. . . စောင်ကလည်း မပါလာတော့”

“ရပါတယ်လေ. . . လေမတိုက်စေချင်လည်း မတိုက်စေရပါဘူး”

ဟု ပြောသံကြားပြီး ခဏကြာတော့ လေက ရပ်တန့်သွားလေသည်။

ထိုအခါမှပင် နှစ်ယောက်သား အအေးဒဏ်မှ သက်သာသွားလေသည်။ နီမောင်တို့နှစ်ယောက်မှာ တိုက်ဆိုင်မှုပေလားဟု တွေးကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် မိုးက တဖွဲဖွဲ ရွာချလာပြန်သည်။

“အို. . . အဆောင်းအကာကလည်း မပါ၊ မိုးခိုစရာနေရာလည်း မရှိပါဘဲနဲ့ မိုးက အချိန်အခါမဟုတ် ရွာချလာပြန်ပြီဗျာ”

ဟု ညည်းညူလိုက်ပြန်ရာ ရဟန်းက. . .

“မိုးမရွာစေချင်လည်း မရွာစေရပါဘူး”

ဟု ပြောပြန်ရာ ခဏကြာတော့ လေရောမိုးပါ လုံးဝတိတ်သွားလေတော့သည်။





ထိုအခါမှပင် နီမောင်နှင့်ဦးဗန်ကောင်းတို့နှစ်ယောက်မှာ သူတို့ကို ခေါ်လာသော ရဟန်းတော်၏တန်ခိုးသိဒ္ဓိရှိပုံကို ချိပ်မိလာကြတော့သည်။

မိုးလေများ ငြိမ်သက်သွားသောအခါ တောင်ထိပ် ရင်ပြင်ပေါ်တစ်ဝိုက်သို့ ဆေးပင်များ လိုက်လံရှာဖွေကြသည်။

တောင်ထိပ်ပေါ်မှာတော့ ကျောက်တုံးကျောက်ခဲများသာ ရှိပြီး ဆေးပင်၊ ဂမုန်းပင်ဟူ၍ တစ်ပင်တစ်လေမှ မတွေ့ရပေ။ တောင်ရင်ပြင်တစ်နေရာသို့ ရောက်သောအခါ ရဟန်းက သင်္ကန်းအတွင်း၌ လွယ်ထားသော လွယ်အိတ်ငယ်ကလေးထဲမှ ဘက်ထားသော တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။

ကြည့်လိုက်တော့ မောင်းငယ်တစ်လုံးနှင့် လက်ကိုင်ဘုဘစ်ခု ဖြစ်လေသည်။ ရဟန်းက ထိုမောင်းငယ်ကလေးကို အဆက်မပြတ် တီးလိုက်သည်။

“နောင်. . . နောင်. . . နောင်”

မောင်းသံက တိတ်ဆိတ်နေသော တောင်ထိပ်ရင်ပြင်ဘစ်ဝိုက်မှာ ပြန့်လွင့်လာသည်။

အတန်ကြာသောအခါ တောင်ထိပ်ပေါ်သို့ မျောက်ဖြူကြီးတစ်ကောင် တက်လာသည်။

ထိုမျောက်ဖြူကြီးက တောင်ပေါ်သို့ ရောက်သောအခါ ဟိုဟိုသည်သည် ကြည့်ပြီး တစ်နေရာသို့ သွားကာ မြေကြီးများကို သက်ဖြင့် ယက်ပြလေတော့သည်။

ထိုသို့ယက်ပြပြီး တစ်နေရာ၌ ဆောင့်ကြောင့်ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအခါ ရဟန်းက နီမောင်တို့ဘက်သို့ လှည့်ကာ. . .

"ကိုင်း. . . ဒကာတို့၊ သူယက်ပြတဲ့နေရာကို တူးကြပါဦး"

ဟု ပြောသဖြင့် နှစ်ယောက်သား လက်ဖြင့် ယက်ကာ တူးကြလေသည်။

အောက်သို့ သုံးတောင်အနက်ခန့် တူးမိသောအခါ ကျောက်ဖျာတစ်ချပ် ပေါ်လာသည်။

ထိုကျောက်ဖျာပေါ်မှာတော့ အရွက်များ ရဲရဲနီလျက် ရှိသော ဂမုန်းနီသုံးပင်ကို တွေ့ရသည်။

ဂမုန်းနီပင်၏အရွက်မှာ ဆိပ်ဖူးပင် ဆိပ်ဖူးရွက်သဏ္ဍာန်တူပြီး အရွက်မှာ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက်ရှိသည်။

အောက်ခြေမှာ နနွင်းဥ၊ နနွင်းခေါင်းကဲ့သို့ ရှိလေသည်။ အပွင့်ပွင့်လျှင်လည်း ရဲရဲနီလျက်ရှိပြီး အပွင့်ပွင့်သောအခါ လေညာအရပ်မှ လေအောက်အရပ်သို့ မိုင်ပေါင်းများစွာ ပျံ့နှံ့မွှေးကြိုင်လေသည်။

ထိုဂမုန်းနီဝန်းကျင်၌ အခြားသဏ္ဍာန်တူ အရွက်တူ ဂမုန်းမျိုး (၇)ပင်က ဝန်းရံလျက်ရှိသည်။

ရဟန်းက အလယ်မှ ဂမုန်းနီသုံးပင်ကိုသာ ယူ၍ မြေကြီးကို မူလအတိုင်း ပြန်အုပ်ထားစေသည်။ အားလုံးပြီး၍ ကြည့်လိုက်သောအခါ စောစောက မျောက်ကြီးကို နေရာ၌ မတွေ့ရတော့ပေ။





"ဒကာကြီး. . . ဒါ ဂမုန်းနီပင်ဆိုတာ သိတယ်မဟုတ်သား"

"တပည့်တော် ကြားဖူးတာသာ ရှိပါတယ်၊ မျက်မြင်ကိုယ်တွေ့ကတော့ ယခုတစ်ကြိမ်သာ ကြုံဖူးပါတယ်"

"ဂမုန်းပေါင်း(၁၂၈)မျိုး ရှိတဲ့အနက်မှာ ဂမုန်းနီ၊ ဂမုန်းဖြူ၊ ဂမုန်းနက် သုံးမျိုးက သိဒ္ဓိရှိတယ်၊ တန်ခိုးရှိတယ်၊ ဒီဂမုန်းမျိုးတွေက တစ်နေရာထဲမှာ အမြဲမနေဘူး၊ အပင်ပေါက်ပြီး အရွက်စုံကာနဲ့ တစ်နေရာကို နေရာရွှေ့လေ့ရှိတယ်၊ သုံးနှစ်တစ်ကြိမ် နေရာပြောင်းတတ်တယ်"

"တင်ပါ့ဘုရား"

"ဒီဂမုန်းမျိုးတွေက သိဒ္ဓိရှိတော့ သာမန်နေရာတွေမှာ သည်း ပေါက်ရောက်လေ့ မရှိဘူး၊ နေရာရွှေ့တဲ့အခါမှာ ဟိမ န္တာတောင်မှာ ရှိတဲ့ အနဝတတ်အိုင်အနီး ဂန္ဓမာဒနတောင်ရဲ့ သီလာသ ကျောက်ဖျာပေါ် သွားနေလေ့ရှိတယ်၊ အခု တောင် ာလပ်ပေါ်မှာ ရှိတဲ့ ကျောက်ဖျာပေါ်မှာ နေတာ တွေ့တယ် ဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ဒါပေမယ့် ဟိုမှာလည်း အမြဲမနေပြန်ဘူး၊ အချိန်တန် င် ထိုက်တဲ့သူတွေ သုံးစွဲဖို့အတွက် လူတွေနဲ့ နီးတဲ့နေရာကို စ်ဖန်ပြန်လာနေပြန်တယ်၊ အဲ့ဒီအချိန်မျိုးမှာ ရအောင်ရှာဖွေယူကြတယ်"

"ဒီဂမုန်းမျိုးတွေက သိဒ္ဓိတန်ခိုးရှိတော့ သာမန်လူမျိုး


www.burmeseclassic.com

www.burmeseclassic.com



တွေ ရနိုင်တွေ့နိုင်မယ် မထင်ပါဘူးဗျာ”

“လောကမှာ ကြိုးစားရင် ဘယ်အရာမဆို ဖြစ်နိုင် ရနိုင်တာပဲ၊ တန်ခိုးသိဒ္ဓိရှိတဲ့ ပစ္စည်းမျိုးကို လိုချင်ရင် ကိုယ်ကလည်း အကျင့်စရဏ ကောင်းအောင် ကြိုးစားအားထုတ်ရမှာပေါ့”

“မှန်လှပါဘုရား. . . တပည့်တော် အရှင်ဘုရား မိန့်ကြားတဲ့အတိုင်း ကျင့်ကြံအားထုတ်မှု ပြုပါ့မယ်”

“သာဓု. . . သာဓု. . . သာဓု. . . ဒကာကြီးတို့လည်း ကျုပ်ရဲ့ပါရမီ ကူညီပြီး ဖြည့်ပေးကြတာဆိုတော့ ရသင့်သမျှ ရစေမပေါ့၊ ရော့. . . ဒီမှာ ဂမုန်းနီတစ်ပင် ပေးထားခဲ့မယ်၊ အလိုရှိသမျှ အသုံးပြုကြပေါ့၊ ကျုပ်တော့ ပြန်ကြွတော့မယ်၊ ဒကာကြီးတို့ကတော့ နွယ်ပင်ကြီးတွေ ရေသောက်ဆင်းမယ့်အချိန်ကို စောင့်ပြီး တောင်ခြေကို ပြန်ဆင်းကြပေတော့”

ဟု မိန့်ကြားကာ ဂမုန်းနီတစ်ပင်ကို ခွဲပေးလေသည်။

ထို့နောက် ပြန်ကြွရန် ပြင်သဖြင့် နီမောင်နှင့်ဦးဝ. . . ကောင်းတို့က ရိုသေစွာ ကန်တော့လိုက်ကြရာ. . .

“လိုအပ်သောဆုနှင့် ပြည့်စုံကြပါစေ”

ဟု ဆုတောင်းပေးပြီး အနီးမှ ပြန်ကြွသွားလေသည်။

ပုပ္ပားတောင်ကလပ်ထိပ်မှာ သိပ်ပြီးကျယ်ဝန်းလှသည်တော့ မဟုတ်ပါ၊ မြူခိုးငွေ့များ ဝေ့ဆိုင်းနေသောကြောင့် တစ်နေရာနှင့်တစ်နေရာသို့ မမြင်နိုင်ခြင်းဖြစ်၏။

ထိုအချိန်က တောင်ကလပ်ထိပ်ပေါ်မှာ ဘုရားစေတီ အဆောက်အဦးများလည်း မရှိသဖြင့် နားခိုစရာနေရာလည်း





မရှိပေ။ အတန်ကြာသောအခါ နှစ်ယောက်သား တောင်ကလပ်ထိပ် ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်သော်လည်း ရဟန်းကို အရိပ်အယောင်မှပင် မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# ထွက်ရပ်ပေါက်နေရာများနှင့် မလှဲသင့်သောသစ်ပင်

နောက်သုံးရက်ခန့် ကြာသောအခါ နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် ရွာသို့ ပြန်ရောက်လာကြသည်။

၎င်းတို့နှစ်ယောက်သည် တောင်ကလပ်ထိပ်ပေါ်၌ နှစ်ရက် သုံးရက်ကြာအောင် နေခဲ့ကြရသော်လည်း ဆာလောင်ခြင်း မရှိခဲ့ကြသလို အန္တရာယ်တစ်စုံတစ်ရာလည်း မတွေ့ခဲ့ကြရပေ၊ ရဟန်းတော်နှင့် လိုက်သွားပြီး ပြန်ရောက်သည်အထိ လေးရက်



www.burmeseclassic.com

www.burmeseclassic.com



ခန့် ကြာသောအချိန် အတောအတွင်း ရဟန်းတော် ကျွေးသည့် ငှက်ပျောသီးတစ်လုံးစီသာ စားကြရပြီး နောက်ထပ် ဘာမှမစားရ သော်လည်း ဆာလောင်ခြင်း မရှိသဖြင့် နှစ်ယောက်သား အံ့သြ နေကြသည်။

ရွာသို့ ပြန်ရောက်တော့မှ ဦးဖန်ကောင်းက. .

"ငါတို့များ ဘယ်လောက် နုံလိုက်၊ အ,လိုက်သလဲ မပြောနဲ့၊ ဝိဇ္ဇာက ကိုယ်ရှေ့ရောက်လာပြီး ကိုယ်နဲ့အတူ ရှိနေတာ တောင် ဝိဇ္ဇာမှန်းကို မသိလိုက်ရဘူး"

ဟု ညည်းညည်းညူညူ ပြောလေသည်။

"ဒါဖြင့် ကျွန်တော်တို့ကို တောင်ပေါ် ခေါ်သွားတဲ့ရဟန်း တော်က ဝိဇ္ဇာပေါ့ ဟုတ်လား အဘ"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"ကျွန်တော်က ရိုးရိုးရဟန်းတစ်ပါးလို့ပဲ ထင်နေတာ"

"ဘာမှ အတွယ်အတာ မပါဘဲ တောင်ကလပ်ပေါ်က ဒီအတိုင်း ပျောက်သွားတာတောင် မင်းက သာမန်ရဟန်းတစ်ပါး လို့ ထင်နေတုန်းပဲလား၊ နောက်ပြီး မင်းရဲ့ရှေ့မှာ လေတွေ မိုး တွေကို ကျခိုင်းလိုက် ပြန်တိတ်ခိုင်းလိုက် လုပ်ပြနေတာတောင် မရိပ်မိသေးဘူးလား"

"အဘပြောမှပဲ ရိပ်မိတော့တယ်၊ တောင်ပေါ်မှာ ချက် ချင်း လေတွေ တိုက်လာလိုက်၊ မိုးတွေ ရွာလာလိုက်နဲ့၊ ပြီးတော့ ပြန်တိတ်ခိုင်းလိုက်နဲ့၊ အစကတော့ ကျွန်တော်က တိုက်ဆိုင်မှု တစ်ခုလို့ပဲ ထင်နေတာ. . . အခုမှပဲ. ."





"ဒါပေါ့ကွာ. . . ဝိဇ္ဇာဆိုတာ ကြည့်တတ်မှ မြင်မယ်၊ မြင်တတ်မှ သိမယ်ဆိုတာမျိုးပေါ့၊ တစ်ချိန်တုန်းက ပုပ္ပါးတောင် ကလပ်အောက်ခြေမှာ ဘိုးမင်းခေါင်ဆိုတဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် တစ်ဦး နေထိုင်ခဲ့တာပဲ၊ ဒါပေမယ့် လူတွေက သူ့ကို ဘာမှန်းမသိ တော့ အရူးလို့တောင် ထင်ခဲ့ကြသေးတာပဲ၊ ဒုတိယကမ္ဘာစစ် အတွင်းက လေယာဉ်ပျံတွေ ဗုံးလာချတော့ တောင်ကလပ် ခြေ ရင်းမှာ ရှိတဲ့ အာရုံခံတန်ဆောင်းတွေ မီးလောင်ကျွမ်းကုန်တယ်၊ အဲဒီမီးတွေကို ပါးစပ်နဲ့ မှုတ်ပြီး ငြိမ်းသတ်တာကို တွေ့တာ တောင်မှ အချို့က မရိပ်မိကြတာ ရှိသေးတာပဲ"

"ဟုတ်တယ် အဘ၊ ကျွန်တော်တို့လည်း ကြားဖူးရုံပဲ ရှိတယ်၊ ဓါတ်ဆီမရှိတဲ့ ဂျစ်ကားကို ရေထည့်ပြီး ပါးစပ်က ဝူးဝူးနဲ့ အော်ပြီးမောင်းသွားတယ်ဆိုတာလည်း လူကြီးတွေ ပြောလို့ ကြားဖူးတယ်"

"အဲဒါပေါ့ကွာ. . . ဝိဇ္ဇာဆိုတာ ကြည့်တတ်မှမြင်တယ်၊ မြင်တတ်မှ သိနိုင်တာမျိုးပေါ့"

"ဒါထက် အဘ အခု ရလာတဲ့ ဂမုန်းနီက ဘာတွေစွမ်း သလဲဟင်"

"ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက် ဆိုတဲ့သုံးမျိုးက သိဒ္ဓိပေါက် တဲ့ ဂမုန်းမျိုးတွေဆိုတော့ ရောဂါဘယနဲ့ ဆိုင်ရာတွေမှာ ဆေး အဖြစ် သုံးနိုင်တယ်၊ အမှောင့်ပယောဂ မိစ္ဆာတွေနဲ့ ဆိုင်တဲ့ကိစ္စ တွေမှာ နိုင်ဆေးအဖြစ် သုံးလို့ရတယ်၊ ဒါထက် အဆင့်မြင့်ချင် ရင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနောသိဒ္ဓိတွေအတွက် သုံးလို့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီထက်ပိုရင် ဝိဇ္ဇာမဟိန္ဒလမ်းစဉ် ရောက်အောင် ညာဏ်ရှိ သလို အသုံးပြုနိုင်ပါတယ်"

"ဒါဖြင့် အဘတော့ ဂမုန်းနီ ရတာ အတော်ကို ဟန်ကျ သွားပြီပေါ့၊ ဒီဂမုန်းမျိုး ရဖို့က မလွယ်ဘူးလေ"

"ဟုတ်တာပေါ့ကွာ. . . ကိုယ်နဲ့ ထိုက်လွန်းလို့သာ ရ တာပေါ့။ ဘယ်လောက်ထိုက်သလဲဆိုရင် ဝိဇ္ဇာက ခေါ်သွားပြီး ပေးခဲ့တာပေါ့"

ထိုသို့ပြောနေစဉ် သူတို့ရှိရာသို့ အဝတ်အစား နွမ်းနွမ်း ပါးပါး ဝတ်ထားသော လူနှစ်ယောက် ရောက်လာသည်။

"ဘာကိစ္စရှိလို့ပါလဲကွယ်"

"ဒီက ဆေးဆရာကြီးကို လာပင့်တာပါ။ တောထဲမှာ ကျွန်တော်တို့ လူတစ်ယောက် ဒုက္ခရောက်နေလို့ပါ'

"ဆေးဆရာကြီးဦးဘသာက တခြားရွာက လာပင့်လို့ လိုက်သွားပါတယ်၊ ကျုပ်လည်း ဆေးဆရာတစ်ယောက်ပါပဲ၊ ဘာ ဖြစ်လို့လဲ. . . လူနာက ဘယ်မှာလဲ"

"လူနာက တောထဲမှာပါ ဆရာကြီး၊ ဖြစ်နိုင်ရင် တဆိတ် လောက် လိုက်ကြည့်ပေးစေချင်ပါတယ်"

"အတော်ဝေးသလား"

"မဝေးပါဘူး. . . ကျွန်တော်တို့က လျှော်တောရွာသား တွေပါ၊ လူနာက ချွန်းရေထွက်စမ်းနားမှာ ကျန်ခဲ့ပါတယ်၊ လိုက် ကြည့်ပေးပါ ဆရာကြီးရယ်"

ဟု အမျိုးမျိုး တောင်းပန်ကြလေရာ ဦးဗန်ကောင်းက





"ကဲ. . . နီမောင်ရေ ငါတို့နှစ်ယောက် လိုက်သွားကြဦး စို့ရဲ့"

ဟု ပြောဆိုကာ ဆေးလွယ်အိတ်ကို ပြင်ဆင်၍ ထိုလူ များ ခေါ်ရာနောက်သို့ လိုက်သွားကြရပြန်လေသည်။

ထိုရွာသို့ ရောက်သောအခါ မြောက်ဘက်သို့ သုံးမိုင် ကျော်ကျော်ခန့် ဝေးသော တောထဲသို့ ခြေလျင်သွားကြရပြန် လေသည်။

တောထဲ၌ ချွန်းဟု ခေါ်သည့် ရေထွက်စမ်းတစ်ခု ရှိ လေသည်။ ထိုရေထွက်စမ်းမှာ ပုပ္ပါးတောင်ကြီးကို ဝန်းရံနေသည့် ရေထွက်စမ်း အမြောက်အမြားထဲမှ တစ်ခုအပါအဝင် ဖြစ်လေ သည်။ ထိုရေထွက်စမ်းအနီးသို့ ရောက်သောအခါ သစ်ခုတ် သမားတို့ ယာယီစခန်းချနေသော သစ်ခက်ဝါးတဲတစ်တဲကို လှမ်း မြင်ရသည်။

ထိုသစ်ခက်တဲရှေ့၌ မီးပုံဟောင်းတစ်ခု ရှိပြီး တဲအပေါ် မှာတော့ စောင်ကြမ်းတစ်ထည် ခြုံလျက် အော်ဟစ်နေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုလူ၏အော်သံမှာ ဝေဒနာကို မချိမဆံ့ ခံစားနေရဟန် ဖြင့် အသံနက်ကြီးဖြင့် အော်ဟစ်ညည်းညူနေခြင်းဖြစ်၏။

"အမယ်လေး. . ကယ်ကြပါဦးဗျ. . . သေရပါတော့ မယ်"

ဦးဗန်ကောင်းက တဲရှေ့သို့ ရောက်သောအခါ ခြေစွ ရပ်၍ အခြေအနေကို အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် လူနာ၏အော်သံကို နားထောင်ကြည့်ပြီးသောအခါ လူနှစ်ယောက်ကို မေးသည်။

"ဘာရောဂါဖြစ်နေတာလဲ"

"ပေါင်ကျိုးနေတာပါ"

"အတော်ကြာပြီလား"

"ဟုတ်ကဲ့ . . . ကြာပါပြီ"

"ကဲ . . . ကဲ . . . တစ်ယောက်က မီးမွေးပြီး ရေနွေးပူပူရအောင် ကျိုပေတော့၊ တစ်ယောက်က ကျပ်စည်းဖို့ ဝါးချောင်းသစ်သားချောင်းတွေကို အရွယ်တော် ခုတ်ခဲ့၊ လျှော်ကြိုးကောင်းကောင်းပါ တပါတည်း ရအောင်ရှာယူခဲ့ . . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ ဆရာကြီး"

လူနှစ်ယောက်တို့မှာ နီမောင်တို့အိမ်းမှ ထွက်သွားပြီး တစ်ယောက်က မီးရအောင်မွေး၍ ကျန်တစ်ယောက်က ဓါးမတစ်ချောင်း ကိုင်ကာ တောထဲ ဝင်သွားသည်။

"ကဲ . . . နီမောင်၊ မင်းက ဆေးကြိတ်ပေတော့၊ နနွင်း၊ ဥသက်ရင်းကြီးမြစ်၊ လင်းနေ၊ မိတ်သလင်၊ ဂျင်း စတဲ့ဆေးတွေကို ညက်အောင်ကြိတ်၊ ဆေးကြိတ်တဲ့နေရာမှာ ဒဏ်ကြေအောင်ဆားထည့်ကြိတ် . . . ကြားလား"

"ဟုတ်ကဲ့"

"ဒဏ်ရာကို ဆေးကြောဖို့ ဖန်ရည်ဆေးဖို့လည်း ဆေးရွက်တွေကိုလည်း ကြိတ်ထား၊ ကျောက်ပတ်တီး စည်းပေးဖို့ ထုံးကျောက်နည်းနည်းနဲ့ ပျားရည်ကို အဆင်သင့် လုပ်ပေတော့ .





ကြားရဲ့လား"

ဟု မှာကြားကာ ဦးဖန်ကောင်းကိုယ်တိုင် ဆေးပင်ဆေးရွက် ရှာရန် တောထဲသို့ ဝင်သွားသည်။

အတန်ကြာသောအခါ ဦးဖန်ကောင်းပြန်လာပြီး လူနာကို ဆေးကုရန် ပြင်လေသည်။ လူနာမှာ ရက်အတန်ကြာအောင် ဒဏ်ရာပြင်းထန်စွာ ခံစားနေရသဖြင့် အဖျားဝင်နေရာ ဦးစွာ ရေနွေးပူပူနှင့် အခိုးပွင့်ငန်းဆေးများ တိုက်လေသည်။

အခိုးပွင့် ငန်းဆေးများ တိုက်ပြီး စောင်ကြမ်းများဖြင့် အုပ်ထားလိုက်ရာ အတန်ကြာသောအခါ ချွေးများ ထွက်လာပြီး ညည်းညူသံ အနည်းငယ် လျော့ကျသွားသည်။

ထိုအခါမှ ပုဆိုးဟောင်းတစ်ထည်ဖြင့် စည်းပတ်ထားသော ဒဏ်ရာအခြေအနေကို ကြည့်ရသည်။

ဒဏ်ရာမှာ တစ်စုံတစ်ခုဖြင့် ပြင်းပြင်းထန်ထန် ထိမိထားဟန်ဖြင့် အရိုးကျိုးနေလေသည်။

ပေါင်လည်လောက်၌ ထိထားသော ဒဏ်ရာနေရာ တစ်ဝိုက်မှာ အညိုအမည်းစွဲကာ အသားများပင် ပုပ်စပြုနေပြီ၊ ဒဏ်ရာကို ပုဆိုးဖြင့် ပတ်စည်းထားသဖြင့် အနံ့အသက်များက အပုပ်နံ့ ထွက်နေသည်။

"အတော်ဆိုးတဲ့လူတွေပဲ . . . သူ့ဒဏ်ရာ ရရချင်း ရွာကို ပြန်သယ်သွား၊ ဆရာနဲ့ ပြသကုပေးရမှာ၊ ဒီအတိုင်းထားတော့ ပေါင်တစ်ခုလုံး ပုပ်သွားပြီး ပေါင်ရင်းကနေ ဖြတ်ချင်ဖြတ်ရ၊ မဖြတ်ရင် အသက်သေဖို့ သေချာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဗန်ကောင်းက ထိုသို့ပြောကာ နီမောင်နှင့် ကျန်နှစ်ယောက်တို့ အကူအညီဖြင့် ဒဏ်ရာကို ဆေးကြောပေးခြင်း၊ အရိုးအနေအထား ပုံမှန်အတိုင်း ဖြစ်အောင် ပြုပြင်ခြင်း၊ ဆေးစည်းခြင်းများ ပြုလုပ်ပေးပြီးနောက် ပျားရည်နှင့်ထုံးကျောက်ဖြင့် ပုံကာ ကြပ်စည်းပေးလိုက်သည်။

"ပျားရည်နဲ့ထုံးကျောက်က အနာပေါ်က မကောင်းတဲ့ အပုပ်တွေကို စားပစ်လိမ့်မယ်၊ နောက်တစ်ရက်နှစ်ရက်လောက်ဆိုရင် ရောဂါသက်သာသွားလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

"ဒါပေမယ့် သူသက်သာသွားရင်တော့ ဖြစ်တဲ့နည်းနဲ့ ရွာကို ပြန်ခေါ်သွားပြီး ရောဂါပျောက်ကင်းတဲ့အထိ ဆေးကုပေးကြရမယ်"

"ကောင်းပါပြီ. . ."

ထိုအချိန်မှာ ရောဂါအနည်းငယ် သက်သာသွားသဖြင့် လူနာမှာ တရှုးရှုးနှင့်အိပ်ပျော်နေချေပြီ။

ဦးဗန်ကောင်းက လွယ်အိတ်အတွင်းမှ အသင့်ယူလာသော ကွမ်းယာတစ်ယာကို ပါးစပ်အတွင်းသို့ ထည့်လိုက်ရင်း. .

"ကိုင်း. . . မင်းတို့ တောထဲမှာ ဘာတွေ အမှားလုပ်ခဲ့ကြတယ်ဆိုတာ ပြောပြပါဦး"

ဟု မေးလိုက်သည်။

ထိုစကားကြောင့် လူနှစ်ယောက်မှာ အံ့ဩသွားကြလေသည်။





"မင်းတို့တစ်တွေ အမှားအယွင်းတစ်ခုခု လုပ်ထားတယ်ဆိုတာ ဒီနေရာကို ရောက်စကတည်းက ငါရိပ်မိပါတယ်၊ ဒီလူရထားတဲ့ဒဏ်ရာကလည်း မတော်တဆ ထိခိုက်မိလို့ ရထားတဲ့ဒဏ်ရာမဟုတ်ဘူး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်တွေ မကျေနပ်လို့ ပေးလိုက်တဲ့ဒဏ်ရာမျိုးပဲ၊ ကဲ. . အဖြစ်အပျက်ကို ပြောပြပါဦး"

ဟု မေးတော့မှ တစ်ယောက်က မငြင်းသာတော့ဘဲအောက်ပါအဖြစ်အပျက်များကို ပြောပြလေသည်။

ချွန်းဟု ခေါ်သည့် ရေထွက်စမ်း၏အထက်နေရာ၌ဒေသခံများက ဥမင်ဟု ခေါ်သည့် ဂူဟောင်းတစ်ပေါက် ရှိလေသည်။ ထိုဂူပေါက်မှာ ရသေ့အရှင်မေဓာဝီယ ထွက်ရပ်ပေါက်ခဲ့သည့် ဂူပေါက်ဝပင်ဖြစ်သည်။

ထိုအကြောင်းကိုတော့ သိသူနည်းလှသည်။

ပုပ္ပါးတောင်ကလပ်ကို ရှေးက ဝဏ္ဏယက္ခတောင်ဟုသည်းကောင်း၊ ဝဏ္ဏယက္ခိနီတောင်ဟုလည်းကောင်း ခေါ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ပန်းတော်ဆက် မောင်ဗျတ္တနှင့် ပန်းစားဘီလူးမ မယ်ဝဏ္ဏတို့ ဆုံစည်းရာအရပ် ဖြစ်သောကြောင့်ပင်။

ထိုတောင်၏အရှေ့မြောက်အနီးတွင် အိုင်ဖြူရေထွက်စခန်းရှိသည်။

ထိုရေထွက်စခန်း၏အရှေ့ဘက်အမြင့်တွင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဖျာကြီးတစ်ချပ် ရှိရာ ထိုကျောက်ဖျာကြီးမှာ ဦးခန္ဓဇောတိ အစရှိသော ဆရာတော်ကြီးလေးပါး တရားအားထုတ်ပေါက်မြောက်ရာနေရာဖြစ်၏။

ထိုဆရာတော်ကြီးလေးပါးမှာ ထွက်ရပ်ပေါက်ဝိဇ္ဇာ နယ်ပယ်၌ ထင်ရှားကျော်ကြားလှသည်။

လျှော်တောရွာ၏သုံးမိုင်အကွာ၌ ချွန်းဟု ခေါ်သည့် ရေထွက်စမ်းတစ်ခုရှိ၏။ ထိုရေထွက်စမ်းအနီး၌ ဥမင်တစ်ခုရှိရာ ထိုဥမင်မှာ အရှင်မေဓနိယရသေ့ ထွက်ရပ်ပေါက်ရာနေရာ ဖြစ်၏။

ထိုဥမင်ဂူအတွင်း၌ အရှင်မေဓနိယရသေ့ ဟိမဝန္တာမှ ယူဆောင်စိုက်ပျိုးထားသည့် ဆေးပင်အနက်များ ရှိကြောင်း ရှေ့ပိုင်းအခန်းများ၌ ဖော်ပြခဲ့လေပြီ။

တောင်ကလပ်၏အနောက်တောင်ဘက်ရှိ (ထောက်ရှာ)ဟု ခေါ်သော ချောင်းရိုးအထက်နား၌ အရှင်သာရဒရသေ့ ထွက်ရပ်ပေါက်ရာနေရာရှိသည်။

ပုပ္ပါးတောင်၌ အထက်ရသေ့တစ်ပါး၊ အောက်ရသေ့တစ်ပါးဟု ထင်ရှားကျော်ကြားခဲ့ရာ အထက်ရသေ့မှာ အရှင်မေဓနိယ ဖြစ်၍ အောက်ရသေ့မှာ အရှင်သာရဒရသေ့ဖြစ်ပေသည်။

အရှင်သာရဒရသေ့ ထားခဲ့သော အဖိုးတန် လုံသိုက်နှင့်ပြဒါးပြာများ ထိုနေရာ၌ ရှိလေသည်။

တောင်ကလပ်၏အနောက်ဘက်ယွန်းယွန်း၌ ရှေးက





ဘဇာယနတောင်ဟု ခေါ်ပြီး နောင်သောအခါ ဦးသီလဆိုသော ုဂ္ဂိုလ်တစ်ဦး အစဉ်နေထိုင်ကာ ကျင့်ကြံအားထုတ်ရာမှ သိဒ္ဓိပေါက်ကာ ထွက်ရပ်လမ်း ပေါက်သွားခဲ့သဖြင့် ယခုအခါ သီလတောင်ဟု ခေါ်တွင်ခဲ့ကြသည်။

သီလတောင်သည် ဦးသီလ၏ထွက်ရပ်ပေါက်လမ်းစဉ်ကျင့်ရာနေရာမှန်ဖြစ်၏။

တောင်ကလပ်၏အရှေ့မြောက်အနီးတွင် မြေကြီးများကျွံကျနေသည့်နေရာတစ်ခုရှိသည်။

ထိုနေရာကို တောင်ကလပ်မှ လှမ်းကြည့်လျှင် ကောင်းစွာ မြင်နိုင်လေသည်။

ထိုနေရာမှာ သီလတောင်မှ ထွက်ရပ်ပေါက်သွားသည့် ဦးသီလ၏ညီတော်သူ ဦးဝိနည္သျှဆိုသောပုဂ္ဂိုလ် ထွက်ရပ်ပေါက်ရာ နေရာဖြစ်သည်။

ထိုပုဂ္ဂိုလ်သည် သက္ကရာဇ်(၁၂၈၈)ခုနှစ်၊ အသက်(၁၀၅)နှစ်၌ ထွက်ရပ်လမ်းသို့ ရောက်ခဲ့သည်ဟု ဆိုလေ၏။

ဤသို့ဖြင့် တောင်ကလပ်တစ်ဝိုက်တွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ဘူမိနက်သန်စခန်းနေရာများ ရှိလေသည်။

ယခုလည်း ချွန်းဟု ခေါ်သော ရေထွက်စခန်း၏ အထက်နား၌ ဟိမဝန္တာမှ ဆေးပင်နက်များ ယူဆောင်စိုက်ပျိုးခဲ့သည်။ ရှင်မေဓနိယ သီတင်းသုံးခဲ့သောဂူ ရှိပြီး ရေထွက်စမ်း၌အောက်ပိုင်းတစ်နေရာတွင် ကြီးမားသောစကားဝါပင်ကြီး ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပန်းပင်ကြီးမှာ အလုံးကလည်းကြီး၊ အရွယ်အ
စားကလည်း ဖြောင့်တန်းသဖြင့် တွေ့သူများက အသုံးပြုရန်
ခုတ်လှဲကြလေသည်။

ထိုသို့ခုတ်လှဲရာ အရင်းမှ အခြေပြတ်သွားသည့်တိုင်
အပင်မှာ မလဲဘဲ ထောင်မြဲထောင်နေပြီးနောက် ခုတ်လှဲသူတို့မှ
တစ်ယောက်ပြီးတစ်ယောက် ဘေးဥပဒ်နှင့် ကြုံတွေ့ကာ သေဆုံး
သေ၊ ဒုက္ခရောက်သူရောက်နှင့်မို့ ဆက်မလှဲဝံ့တော့ဘဲ ထားခဲ့ကြ
ရာ ကာလကြာလျှင် ကျိုးပေါင်းပြန်တက်၍ ပကတိအတိုင်း ပြန်
ဖြစ်ကာ အပွင့်များ ပွင့်မြဲပွင့်လေသည်။

နောက်တစ်ဦးက တွေ့ပြန်လျှင် 'စကားပင်ကြီး ကောင်း
လှသည်၊ အသုံးပြုရန် ခုတ်ယူမည်' ဟု စိတ်ကူးကာ ခုတ်လှဲပြန်ရ
အပင်ခြေပြတ်သွားသည့်တိုင် မလဲဘဲ ရှိနေပြီး လှဲသူများသာ
တစ်ယောက်ပြီးတစ်ယောက် ဘေးဆိုးနှင့် ကြုံကာ ဥပဒ်ရောက်
ကြပြန်သဖြင့် ထားခဲ့ကြပြန်လေ၏။

နောက်ဆုံးမှာတော့ လျှော်တော်ရွာသားသုံးယောက်
ရောက်လာပြီး ထိုအပင်ကြီးကို ခုတ်လှဲကြပြန်လေသည်။

နောက်ဆုံး အပင်အောက်ခြေပြတ်သွားသော်လည်း
မလဲဘဲ ထောင်မြဲထောင်နေသောကြောင့် သံသတ်ဖြင့် ရိုက်ခြင်း
ကုတ်ဖြင့် ကော်ချခြင်းများ ပြုလုပ်သော်လည်း ဟိုဘက်ဒီဘက်
ယိမ်းယိုင်ရုံသာ ယိမ်းယိုင်ပြီး မလဲဘဲ တကျွိကျွိနှင့်သာ မြည်နေ
သောကြောင့် လန့်ပြီးထွက်ပြေးကြရာ တစ်ယောက်မှာ ကျောက်
တုံးကြားထဲ ပြုတ်ကျပြီး ခြေထောက်ကျိုးသွားလေတော့သည်။





"ဖြစ်ပုံကတော့ အဲဒါပါပဲ ဆရာကြီးရယ်"

ဟု လူနှစ်ယောက်က သူတို့ဖြစ်စဉ်ကို ပြောပြကြလေ
သည်။

"တောထဲတောင်ထဲမှာ ရှိတဲ့ နေရာတိုင်း၊ သစ်ပင်တိုင်း
မှာ မှီခိုနေတဲ့ ပရလောကသားတွေ ရှိကြတယ်၊ တချို့က တန်ခိုး
သိဒ္ဓိမရှိပေမယ့် တချို့က ကမ္ဘဇိဒ္ဓိတန်ခိုး ရှိကြတယ်၊ တန်ခိုးရှိတဲ့
နတ်တွေ၊ ရုက္ခစိုးတွေ၊ ဝိဇ္ဇာဥ်လောကသားတွေ မှီနေတဲ့ သစ်ပင်
တွေ၊ နေရာတွေ ရှိနေတဲ့ သစ်ပင်တွေ၊ နေရာတွေကို ဖျက်ဆီးမိ
ရင် ဘေးဥပဒ် အန္တရာယ်တွေနဲ့ တွေ့ရတတ်တယ်၊ မင်းတို့ တစ်
တွေ အဲဒီသစ်ပင်ခြေရင်းမှာ ကန်တော့ပွဲ၊ လက်ဖက်ပွဲ၊ အမွှေး
နံ့သာရည်တွေ ပူဇော်ပသပြီးတော့ တောင်းပန်လိုက်ရင် အခု
ရောဂါရနေတဲ့လူ အမြန်ဆုံး ရောဂါသက်သာလာလိမ့်မယ်. . .
ကြားလား"

"ဟုတ်ကဲ့. . . ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော်တို့
အမြန်ဆုံး လုပ်လိုက်ပါ့မယ်"

ထို့နောက်. . .

ဦးဗန်ကောင်းက လူနာအတွက် လိုအပ်သောဆေးများ
ကို ပေးထားခဲ့ပြီးနောက် နှစ်ယောက်သား ရွာသို့ ပြန်ခဲ့ကြလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# ဝိညာဉ်ကြီးနှင့် အန္တရာယ်များ

တကယ်တော့. . . ရွှေတွင်းတောင် ငွေတွင်းတောင် အောက်ဘက်ရှိ လိုဏ်ခေါင်းအတွင်းသို့ တစ်ကြိမ်တော့ ရောက်ဖူးခဲ့သည်။ အပြင်၌ တကယ်ရောက်ခဲ့ခြင်းတော့ မဟုတ်ပေ။

အိပ်မက်ထဲတွင် ရောက်ခဲ့ခြင်းဖြစ်သည်။

ယခုလည်း သူသည် ရွှေတွင်းတောင် ငွေတွင်းတောင် အောက်ဘက်ရှိ လိုဏ်ဂူအတွင်းသို့ ရောက်နေရပြန်သည်။

ဒီတစ်ကြိမ် ထိုဂူအတွင်းသို့ လိုက်ခဲ့ဖို့ရန် လာခေါ်သူမှာ



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူတို့ ညီအစ်မသုံးယောက် မဟုတ်ဘဲ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော အဘိုးအိုတစ်ဦးပင်ဖြစ်၏။

ထိုအဘိုးအိုမှာ အရပ်အမောင်း မြင့်မားလှပြီး အဝတ်ဖြူများကို ဝတ်ဆင်ထားကာ ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများပါ ဆွတ်ဆွတ်ဖြူလျက်ရှိနေသည်။

ဂူအတွင်းသို့ ဘယ်သို့ဘယ်ပုံ ရောက်လာသည်ကို ကောင်းစွာမမှတ်မိတော့ဘဲ သတိရ၍ကြည့်လိုက်တော့မှ ထိုဂူထဲသို့ နောက်တစ်ခေါက် ပြန်ရောက်နေမှန်း သိရပြီး ထိုအဘိုးအိုကိုပါ တွေ့ရခြင်း ဖြစ်ပေသည်။

"မင်း ဒီဂူထဲကို အရင်တစ်ခေါက် ရောက်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . ရောက်ခဲ့ဖူးပါတယ်"

"ရတနာပစ္စည်းတွေ ထားတဲ့နေရာကို ရောက်ခဲ့ပြီးပြီလား"

"ရောက်ပါတယ်"

"ဆေးပင်တွေ ပေါက်တဲ့နေရာကိုရော ရောက်ခဲ့ပြီးပြီလား"

ထိုစကားကြောင့် အံ့သြသွားပြီး. . .

"ဟင့်အင်း. . . မရောက်သေးဘူး အဘ"

ဟု ပြောလိုက်သည်။

"မင်းကြည့်ချင်သလား"

"ကြည့်ခွင့်ရရင် ကြည့်ချင်ပါတယ်"





"မင်းက စိတ်ထားဖြူစင်သူပေပဲ၊ ကြည့်ခွင့်ရနိုင်ပါတယ်၊ ဒါပေမယ့် ဆေးပင်တွေက ဒီဂူတွေထဲမှာချည်းတော့ မဟုတ်ဘူး၊ ဒီပုပ္ပါးတောင်မကြီးရဲ့ဝန်းကျင်တစ်ဝိုက်မှာရှိတဲ့ ဂူတွေထဲမှာ ရှိတယ်"

"ဘယ်ဂူတွေထဲမှာ ပေါက်တာလဲ အဘ"

"သေလဥ္ဆလဂူထဲမှာ နေကြာပဘယဆေးပင် ပေါက်တယ်၊ ပါမောက္ခဝိဇ္ဇာဂူထဲမှာက ကုဏ္ဍာသယဆေးပင် ပေါက်တယ်၊ ဗျာနလာဘီဂူထဲမှာ ဂမုန်းနက်ပင် ပေါက်တယ်၊ သောဏ္ဍာရီဂူထဲမှာ ကန့်ကျွတ်နက်ပင် ပေါက်တယ်၊ နီလဂန္ဓဂူထဲမှာ တောင်လုံးကျော်ပင် ပေါက်တယ်"

"တောင်လုံးကျော်ပင်ဆိုတာ ဘယ်လိုဆေးပင်မျိုးလဲ အဘ"

"တောင်လုံးကျော်ပင်ဆိုတာ အစွမ်းသိဒ္ဓိရှိတဲ့ ဆေးပင်တစ်မျိုးပဲ၊ သူ့နာမည်ခေါ်ရင် ပြန်ထူးလေ့ရှိတယ်၊ 'တောင်လုံးကျော်ရေ. . . ဘယ်မှာလဲဟေ့' လို့ အော်ရင် 'ငါဒီမှာရှိတယ်ဟေ့' လို့ ပြန်ထူးတယ်၊ ဒါပေမယ့် မထိုက်တန်တဲ့သူတွေ ရှာရင်တော့ ဒီတောင်အော်သံကြားလို့ လိုက်ရှာရင် ဟိုတောင်ကို ရောက်သွားတယ်၊ ဟိုဘက်တောင်က အော်သံကြားလို့များ ရှာပြန်ရင်လည်း ဒီဘက်တောင်ကို ရောက်လာပြန်တယ်၊ ဒါကြောင့် တောင်လုံးကျော်ပင်လို့ ခေါ်ကြတာပါ၊ အချို့ဆရာတွေကတော့ တောင်လုံးကျော်ပင်ကို ခြေမန်းကွင်း စွပ်ဖမ်းမှ ရတယ်လို့ ပြောကြတယ်"

"အတော်ဆန်းကြယ်တဲ့ ဆေးပင်တွေပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ယမတိဝရဂူမှာ ဂမုန်းနီပင် ရှိတယ်၊ ကာမဒူတဂူမှာတော့ ဆေးကမြင်းပင် ပေါက်တယ်၊ ကပ္ပဋ္ဌသာရီဂူမှာတော့ ဂမုန်းဖားပစပါ ပေါက်ကတ္တီပါရိုးနီပင် ပေါက်တယ်၊ မန္တိန္ဒြိယဂူမှာတော့ ဂမုန်းရှင် သူငယ်ပင် ရှိတယ်၊ ပိတိသမ္ဘဝဂူထဲမှာတော့ သောတာပန်ဆေးပင် ပေါက်တယ် ဒီဆေးပင်တွေက သာမန်ဆေးပင်တွေ မဟုတ်တော့ သာမန်လူတွေ လိုက်ရှာရင် ဘယ်နည်းနဲ့မှ မတွေ့နိုင်တဲ့ ဆေးပင်မျိုးတွေပဲ၊ မင်းကို တချို့နေရာတွေက ဆေးပင်တွေကို အဘ လိုက်ပြပေးပါမယ်၊ အချို့ဆေးပင်တွေကိုတော့ ပြခွင့်မရှိဘူး"

"ဘာကြောင့်လဲ အဘ"

"အချို့ဆေးပင်တွေမှာ တန်ခိုးရှိတဲ့နတ်တွေ စောင့်တယ်၊ အချို့ဆေးပင်တွေမှာတော့ ဝိဇ္ဇာဇော်ဂျီတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ စောင့်နေကြတာပဲ"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော်အနေနဲ့ မြင်ဖူးတယ်ရှိရုံပဲကြည့်မှာပါ၊ ဒီဆေးပင်တွေကို လိုချင်မက်မောမှု မထားပါဘူး"

"ဒါကြောင့်လည်း အဘက မင်းကို သင့်တော်တဲ့ ဆေးပင်တွေကို လိုက်ပြပေးပါ့မယ်"

ဟု ပြောကာ တစ်နေရာသို့ ခေါ်သွားလေသည်။

ထိုနေရာမှာ ဂမုန်းနီပင် ရှိသော ယမတိဝရဂူ ဖြစ်ကြောင်း နောက်မှ သိရပေသည်။

ဂမုန်းနီပင်မှာ ဆိပ်ဖူးရွက်နှင့် သဏ္ဌာန်တူပြီး အပင်၊ အရွက်တို့မှာ ရဲရဲနီလျက်ရှိလေသည်။





အပွင့်တို့မှာလည်း ရဲရဲနီနေ၏။

"ဒါ ဂမုန်းနီပင်ပဲ၊ အပင်အစစ်ရဲ့နံဘေးမှာ အတုက (၇)ပင် ဝန်းရံပြီးနေလေ့ရှိတယ်၊ ဉာဏ်ရှိတဲ့သူမှ အတုအစစ်ကို ခွဲနိုင်ကြတယ်၊ ဂမုန်းနီ စစ်မစစ်ကို သိချင်ရင် သစ္စာဥ တစ်ဆယ်သားမှာ ဂမုန်းနီ တစ်ကျပ်သားနဲ့ ရောကြိတ်လိုက်လို့ ရဲရဲနီလာမှ စစ်တယ်၊ မနီရင် မစစ်ဘူး"

"ဟုတ်ကဲ့"

"နောက်တစ်နည်းက ဂမုန်းနီ တစ်ရွေးသားလောက်ကို ဆန်ဖြူတစ်ပြည်ချက် ထမင်းနှပ်တဲ့အပေါ်မှာ အပေါ်က တင်လိုက်ရင် ထမင်းအားလုံး ရဲရဲနီသွားလိမ့်မယ်၊ အဲဒီထမင်းနီကို စားရရင် ရောဂါအားလုံးလွတ်တယ်"

"ဟုတ်ကဲ့"

"ဒါမှမဟုတ် ကန့်ချပ်နက်နဲ့ ဂမုန်းနီကို အမျှစီ သွေးပြီး မျက်စဉ်းခပ်ပေးရင် တစ်သက်လုံး မျက်စိမမွဲတော့ဘူး၊ အရိပ်မထွက်တဲ့ နဂါးစက်ရယ်၊ ကာလခန္တီဂမုန်းနီကို အမျှစီ ပေါင်းပြီး နံ့သာဆယ်ပါးနဲ့ ရောကြိတ်၊ ဂဝံမျက်နှာဖုံးထု၊ ဝမ်းထဲမှာ သရီခတ်သုံးဆူ ဌာပနာထည့်ပိတ်ပြီး စရွေးသုံးထပ်၊ ရွှေသုံးထပ်ချပြီး ရွှေကြုတ်နဲ့ထည့်၊ မန္တန်တစ်ထောင်စုတ်ရင် ကိုယ်ပျောက်နိုင်တယ်"

"ဟုတ်ကဲ့"

"မင်းနဲ့ ဆရာတစ်ယောက်တို့က ကုသိုလ်ကံကောင်းတော့ ထွက်ရပ်ပေါက်ဝိဇ္ဇာက ခေါ်သွားပြီး ဂမုန်းနီ ရှာပေးသွား



www.burmeseclassic.com

www.burmeseclassic.com

တယ် မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"ဒါကြောင့် ဂမုန်းနီအကြောင်း သိရအောင် ခေါ်ပြပေးတာပဲ"

"ကျေးဇူးတင်ပါတယ်. . . ဒါဖြင့် ကျွန်တော်ပြန်ရတော့မလား အဘ"

"မပြန်ပါနဲ့ဦး. . မင်းရဲ့ဝိညာဉ်ကို ခေါ်လာတာ နောက်ထပ် ပြောပြစရာတွေ ရှိသေးလို့ပါ"

"ဘာတွေများလဲ အဘ"

"လာ. . . ငါ့ရဲ့နောက်ကို လိုက်ခဲ့ပါ"

ဟု ပြောကာ ရွှေတွင်းတောင် ငွေတွင်းတောင်ဂူအတွင်း တစ်နေရာသို့ ခေါ်သွားပြန်လေသည်။

ထိုနေရာမှာ အခြားမဟုတ်ပေ။

တစ်ခါက မြနှင်းဖြူ ခေါ်ပြခဲ့သော မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတို့သုံးယောက်၏ရုပ်အလောင်းများ ထားရာ သလင်းကျောက်တလားများ ရှိသောနေရာပင်ဖြစ်၏။

သုံးယောက်စလုံးမှာ အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။

"မင်း သူတို့သုံးယောက်ကို သိတယ်မဟုတ်လား"

"သိပါတယ်"

"သူတို့က ဘဝပေး ကုသိုလ်ကံ မကောင်းကြလို့ အခုလို ဝဋ်ကြွေးခံနေကြရတာပဲ၊ ဥစ္စာစောင့်တွေဟာ ဝဋ်ကြွေးတစ်ခုအတွက် ပေးဆပ်နေကြရတဲ့သူတွေပဲ၊ အချိန်တန်လို့ ဝဋ်ကြွေး





ဘုန်ရင် ဒါမှမဟုတ် ပြေပျောက်ရင် လူ့ဘဝကို ပြန်ခွင့်ရှိနိုင်ဘယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ အုံ့သြသွားသည်။

"အခုလည်း သူတို့သုံးယောက်ထဲက တစ်ယောက်ကသူ့ဘဝကို ပြန်ခွင့်ရတော့မယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ ပြန်ခွင့်မရဘူး၊ လူ့ဘဝမှာရှိတဲ့ သူတို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ လူတစ်ဦးဦးရဲ့အကူအညီပေးမှ ရမယ်၊ ဒါကြောင့် ငါ့မြေးကို ဒီနေရာခေါ်ရတာပဲ"

"ကျွန်တော်က ဘယ်လိုလုပ်ပေးရမှာလဲဟင်"

"ဒီဂူရဲ့တစ်နေရာမှာ သူတို့ရဲ့ဝိညာဉ်ကြိုးတွေ ရှိတယ်၊ အဲဒီအထဲက ကြိုးတစ်ချောင်းကို ယူပြီး သက်ဆိုင်ရာမိန်းကလေးရဲ့ကိုယ်ထဲကို ပြန်ထည့်ပေးနိုင်ရင် သူအသက်ပြန်ရှင်လာနိုင်ဘယ်၊ တကယ်လို့ သူအသက်ပြန်ရှင်လာရင် ဘဝတစ်သက်လုံး သက်တွဲသွားရမယ်၊ အဲဒီလိုရော လက်တွဲနိုင်ပါ့မလား"

အဘိုးအိုစကားကြောင့် နီမောင်မှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

"ဒီလိုမေးရတာလည်း တလွဲတော့ မတွေးပါနဲ့၊ အခုဘစ်ပတ်က လူ့လောက ပြန်သွားခွင့်ရှိတာက တစ်ယောက်ပဲရှိတယ်၊ အဲဒီတစ်ယောက်ကလည်း လူ့လောက ပြန်ရောက်တဲ့အခါ အားကိုးရှိမှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ့မြေးကပဲ ဆက်ပြီးဘာဝန်ယူပေးစေချင်တာပါ"

ထိုသို့ပြောတော့မှ နီမောင်လည်း စိတ်နှလုံး ဒုံးဒုံးချကိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ကောင်းပါပြီ. . . အဘပြောတဲ့အတိုင်း ကျွန်တော် အကူအညီပေးပါ့မယ်"

ဟု ကတိပေးလိုက်သည်။

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွယ်၊ ဒါပေမယ့် ငါ့မြေးကို တစ်ခုတော့ မှာထားပါရစေ၊ ဝိညာဉ်ကြိုးကို ယူတဲ့အခါမှာတော့ ငါ့မြေး အနှောင့်အယှက်တွေနဲ့ တွေ့ရလိမ့်မယ်၊ ဒီလိုရော ခံနိုင်ရည်ရှိပါ့မလား"

"တော်ရုံတော့ဖြင့် ဘယ်အရာကိုမှ မကြောက်ပါဘူး အဘ"

"ဒီလိုဖြင့် အဘိုးနောက်ကို လိုက်ခဲ့ပေရော့"

ဟု ပြောကာ ဂူ၏အတွင်းပိုင်းတစ်နေရာသို့ ခေါ်သွားလေသည်။ အတန်ငယ် သွားမိသောအခါ အလင်းရောင်များ တစွန်းတစ ထွက်နေသော ဂူပေါက်ဝတစ်ခုကို လှမ်းမြင်ရသည်။

"အဘိုးတို့ ပိုင်ဆိုင်ခွင့်ရှိတဲ့နေရာက ဒီနေရာအထိပဲမို့ ရှေ့ကို ဆက်လိုက်လို့မရတော့ဘူး၊ ဒီတော့ ငါ့မြေးပဲ ရှေ့ဆက်သွားပေတော့၊ အဲဒီဂူပေါက်ထဲမှာ မြကလပ်သုံးခုနဲ့ တင်ထားတဲ့ ဝိညာဉ်ကြိုးသုံးခု ရှိတယ်၊ ငါ့မြေး ရွေးလိုတဲ့ ဝိညာဉ်ကြိုးကို ယူလာခဲ့ပေတော့"

ဟု ပြောဆိုကာ အဘိုးအိုက နောက်ကြောင်းကို ပြန်လှည့်သွားလေသည်။

နီမောင်မှာ ထိုနေရာ၌ အတန်ကြာအောင် ရပ်တန့်ကာ





ခဲ့စားနေသည်။ သွားသင့်မသွားသင့်ကိုလည်း ချိန်ဆနေသည်။

"ငါ့အနေနဲ့ အဘိုးကို ကတိပေးထားခဲ့ပြီးပြီဆိုတော့ သွားကိုသွားမှ ဖြစ်တော့မယ်၊ နောက်ပြီး လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းဆိုတာလည်း ကယ်ကောင်းပါတယ်"

ဟု တွေးကာ ရှေ့သို့ တိုးဝင်သွားလေသည်။

"အဘိုးက ပြောလိုက်တယ်၊ ဒီနေရာက သူပိုင်တဲ့နယ် မဟုတ်ဘူးတဲ့၊ ဘယ်သူပိုင်တဲ့နယ်လဲ မသိဘူး"

ဟုလည်း တွေးတောနေမိသည်။

ဂူပေါက်သို့ ရောက်သောအခါ ရွှေနှစ်များစွာက သေကျေပျက်စီးနေဟန်ရှိသော လူအရိုးစုများကို တွေ့ရလေသည်။

လူအရိုးစုများမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ဟန်ဖြင့် အချို့ဆွေးမြေ့လျက်ရှိနေလေပြီ။

"အင်း. . . ဒီနေရာက ရှေးကတည်းက လူတွေ ရောက်ခဲ့ကြပုံ ပေါ်တယ်၊ ဘာကြောင့် သေကြတယ်ဆိုတာသာ ငါမသိတယ်၊ ဘာပဲဖြစ်ဖြစ် ဒီဂူထဲ ဝင်ရင် အန္တရာယ်တွေ ရှိနေမှာတော့ သေချာတယ်၊ ဒီတော့ ကိုယ့်အတွက် အန္တရာယ်ကင်းအောင် သစ္စာတရားကိုပဲ အားကိုးရတော့မှာပဲ"

ဟု တွေးကာ ဂူအတွင်းသို့ မဝင်မီ သစ္စာပြုလေသည်။

"ကျွန်ုပ်သည် လူမှန်းသိတတ်စ အရွယ်ကတည်းက ရတနာသုံးပါးကို ဆည်းကပ်ပါ၏၊

အနန္တောအနန္တငါးပါး၏ဂုဏ်ကျေးဇူးကို ပစ်မှားစော်ကားခြင်း မရှိခဲ့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဤဂူအတွင်းသို့ ဝင်ရာမှာလည်း ကျွန်ုပ်၏ကိုယ်ကျိုးစီးပွားအတွက် ဝင်ရောက်ခြင်းမဟုတ်ဘဲ အခြားသူအတွက် အကူအညီပေးရန်အတွက် ဖြစ်ပါသည်။

ဤမှန်သော သစ္စာတရားကြောင့် ဘေးဥပဒ်အန္တရာယ် အပေါင်းတို့သည် ကျွန်ုပ်ကိုယ်အပေါ်သို့ မကျရောက်နိုင်ပါစေသတည်း"

ဟု တိုင်တည်ကာ မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်အားလုံးတို့အား မေတ္တာပို့ အမျှအတန်းဝေပေးလိုက်သည်။

ထို့နောက်. . .

ဂူပေါက်ဝမှာ ရှိသော ကျောက်လှေကားများအတိုင်း အပေါ်သို့ တက်သွားသည်။

ဂူပေါက်ဝ ရောက်တော့ ကျောက်တံခါးတစ်ချပ် ပိတ်ထားသည်။

"ကျွန်ုပ်သည် ဤနေရာသို့ လာခွင့်ရှိသူ၊ ဝင်ခွင့်ရှိသူ ဖြစ်ပါက ဤကျောက်တံခါးမှာ အလိုလို ပွင့်ပါစေသား"

ဟု စိတ်ထဲမှာ ရေရွတ်လိုက်ရာ ကျောက်ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာပြီး ပိတ်ထားသော ဥမင်လိုဏ်ခေါင်းအတွင်းဘက်မှ ရေစီးသံ၊ ရေလှိုင်းခတ်သံများကို တဝေါဝေါနှင့် ကြားလာရသည်။

ရေလုံးကြီးများမှာ ရေတံခွန်တစ်ခု အပေါ်မှအောက်သို့ အရှိန်ဖြင့် စီးကျလာသောအသံမျိုးဖြစ်လေသည်။

ခဏကြာတော့ ကျောက်ဂူပေါက်တံခါးမှာ တအိအိနှင့် ပွင့်လာသည်။

ရေစီးသံကြီးကလည်း ပိုမိုကျယ်လောင်စွာ ကြားလာရသည်။

ကျောက်တံခါးချပ်ကြီးနှစ်ချပ်လည်း ဘေးသို့ ရောက်သွားသည်နှင့် အတွင်းဘက်မှ အရှိန်ဖြင့် လိမ့်ထွက်လာသော ရေလုံးကြီးများမှာ အပေါက်ဝသို့ ရောက်လာလေတော့သည်။

နီမောင်မှာ မရှောင်သာတော့။ ရှောင်ချိန်လည်း မရတော့ပေ။

သို့ကြောင့် မျက်စိကို စုံမှိတ်၍ ဘုရားတရားကိုသာ စိတ်ထဲမှာ အာရုံပြုထားလိုက်သည်။

"ဝုန်း. . . ဝုန်း. . . ဝုန်း"

ရေကြီးများ စီးထွက်လာသံ၊ သူ့နံဘေးမှ ဖြတ်သွားသံများကို နားကွဲလုမတတ် ကြားရလေသည်။ သို့စေကာမူ လူကိုတော့ မထိပေ၊ ရေစီးကျသံများကို အတန်ကြာအောင် ကြားနေရပြီးမှ တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်သွားသည်။

သည်တော့မှ မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ့နံဘေးမှာ ရေများ ရွှဲရွှဲစိုနေသော်လည်း သူ့ကိုယ်ပေါ်မှာတော့ ရေတစ်စက်မှ မစိုပေ။

သို့ကြောင့် အနည်းငယ် အားရှိလာပြီး အတွင်းသို့ လှမ်းဝင်လိုက်သည်။

"ဘာကိစ္စရှိလို့ အထဲဝင်လာတာလဲ"

အသံသြသြကြီးနှင့် မေးသံကြား၍ ကြည့်လိုက်တော့




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တစ်နေရာမှာ ကြီးမားသော ကျောက်ဘီလူးရုပ်ကြီးတစ်ရုပ်သာ ရှိပြီး အခြားဘာမှမတွေ့ရပေ။

ဟိုဟိုသည်သည် လှည့်ကြည့်နေစဉ်မှာ နောက်မှ အသံကြားရပြန်သည်။

"ဘာကိစ္စရှိလို့ ဝင်လာတာလဲ

အသံကြားရာမှာ ကျောက်ဘီလူးရုပ်ကြီး ရှိသောနေရာမှသာ ဖြစ်သည်။

ထို့ကြောင့် နီမောင်က. . .

"ဝိညာဉ်ကြိုးယူမလို့ လာတာပါ"

ဟု ပြန်ပြောလိုက်သည်။

"ဘယ်လိုသစ္စာပြုပြီး ယူမှာလဲ"

"ဒီဂူထဲမှာ ရှိတဲ့ မည်သည့်ပစ္စည်းကိုမှ လက်ဖျားနဲ့ မထိပါဘူး၊ ဝိညာဉ်ကြိုးသုံးကြိုးကိုလည်း တစ်ကြိုးကိုပဲ ယူပါ့မယ်၊ တကယ်လို့ ဒီသစ္စာပျက်ရင် အသက်ကို အလျော်အစားအဖြစ်ပေးပါ့မယ်"

ထိုစကားကြားသောအခါ နောက်ထပ်ဘာစကားသံမှ မကြားရတော့ပေ။

ထို့ကြောင့် ဥမင်လိုဏ်ခေါင်းအတွင်းသို့ ဝင်လာခဲ့သည်။ အတွင်းပိုင်း ရောက်သောအခါ အလင်းရောင်များ ဖြာထွက်နေသည့် ဂူပေါက်ဝတစ်ခုကို တွေ့ရပြန်သည်။

ထိုဂူပေါက်ဝမှာတော့ ကြီးမားသောမြွေကြီးတစ်ကောင် ခွေနေပြီး ခွဲတောင်းတမျှ ကြီးမားသောဦးခေါင်းကြီးကို အပေါ်မှာ





မေးတင်ထားသည်။

သူ့ကို မြင်တော့ 'ဖြီး'ကနဲ မာန်ဖီကာ ပါးပျဉ်းထောင်ထလာသည်။ မြွေ၏ဦးခေါင်းက ပါးပျဉ်းထောင်ထားရာမှ ရှေ့သို့ထွက်လာရာ သူ့အပေါ်မှာ မိုးထားသကဲ့သို့ ရှိနေလေရာ နီမောင်မှာ ရှေ့သို့ မတိုးသာ နောက်သို့ မဆုတ်သာဖြစ်နေတော့သည်။

သို့စေကာမူ. . .

မြွေကြီးက သူ့ဦးခေါင်းပေါ်မှ ဦးခေါင်းမိုးထားသော်လည်း ပေါက်ချလိုက်ခြင်း မရှိသေးပေ။

"ငါ့မြေး. . . ဘုရားဂုဏ်တော်တွေသာ အာရုံပြုပြီး တိုးဝင်သွားပါ၊ မင်းကို သူ ဘာမှအန္တရာယ်မပေးနိုင်ဘူး"

ဟူသောအသံကို ဂူအတွင်း တစ်နေရာမှ ကြားလိုက်ရသဖြင့် မျက်စိကို မှိတ်ကာ ရှေ့သို့ တိုးဝင်သွားသည်။

ပထမတော့ မြွေကိုယ်လုံးကို တက်နင်းမိသောကြောင့် ပျော့စိစိအတွေ့များကြောင့် ခြေဖဝါးမှာ ယားကျိကျိ ဖြစ်လာသေးသည်။ အေးစက်စက်အတွေ့ကြောင့် အသည်းထဲမှာ စိမ့်တက်လာသည်။ ထိုသို့နင်းလျှောက်နေရင်းမှပင် မြွေကိုယ်လုံးကြီးမှာ တလှုပ်လှုပ်နှင့် မိမိအား ဘယ်အချိန် ပေါက်ချလိုက်လေမလဲ ဟု တထင့်ထင့်နှင့် ရှိနေမိသည်။

တောင်ပို့ပမာ တားဆီးနေသောမြွေ၏ ကိုယ်ပေါ်မှ အတန်ကြာအောင် နင်းလျှောက်သွားရာ မည်သည့်အန္တရာယ်မှ မတွေ့ရဘဲ အတွင်းသို့ ရောက်သွားသည်။

ထိုအခါမှ တအံ့တသြဖြင့် နောက်သို့ လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မြွေကြီးမှာ သက်ရှိမြွေတစ်ကောင် မဟုတ်ဘဲ သက်မဲ့ ကျောက်ရုပ် မြွေတစ်ကောင်ဖြစ်နေသည်ကို တွေ့ရတော့မှ သက်ပြင်းချနိုင်ပြီး အတွင်းပိုင်းသို့ ဆက်ဝင်လာလေသည်။

ထိုနေရာမှ ကျော်သောအခါ စိမ့်စမ်းရေတံခွန်များ၊ သီး ပွင့်နေသော သစ်ပင်ပန်းပင်များဖြင့် သာယာတင့်တယ်သော နေရာတစ်ခုသို့ ရောက်သွားလေသည်။

ထိုဥယျာဉ်ကို ကျော်သွားသောအခါမှ အလင်းရောင် များ ဖြာထွက်နေသော ဂူပေါက်ဝတစ်ခုကို တွေ့ရသည်။ ဂူ ပေါက်ဝ ရောက်သောအခါ လှပချောမောသည့် အမျိုးသမီးတစ် ယောက် ထွက်လာပြီး ခရီးဦးကြိုပြုလေသည်။

"လာ. . . လာ. . . မောင်ကြီး၊ ကျွန်မက မောင်ကြီးကို စောင့်နေတာပါ"

ဟု ဖော်ဖော်ရွေရွေဖြင့် နှုတ်ဆက်သဖြင့် ကြည့်လိုက် တော့လည်း သူ့အနေဖြင့် တစ်ခါမှ မမြင်ဖူးသော အမျိုးသမီး တစ်ဦးဖြစ်နေလေသည်။

သို့သော်လည်း ဂူအတွင်းသို့ ဝင်ကြည့်ရန် စိတ်ကူးရှိ သဖြင့် အမျိုးသမီး ခေါ်ရာနောက်သို့ ဝင်လိုက်သွားလေသည်။

အတွင်းသို့ ရောက်သွားတော့မှ သူ့တစ်သက်မှာ တစ် ကြိမ်တစ်ခါမှ မမြင်ဖူးသောရတနာပစ္စည်းများကို တွေ့ရလေ သည်။ အခန်းနံရံများ၌ ဆီမီးတိုင်များ ထွန်းထားရာ ထိုမီးရောင် များကြောင့် ရွှေငွေရတနာပစ္စည်းများမှာ အရောင်များ တဝင်း ဝင်း တလက်လက် တောက်ပလျက် ရှိနေသည်။





စိန်၊ ပုလဲ၊ နီလာ၊ ပတ္တမြား၊ ကျောက်စိမ်း အစရှိသော အဖိုးတန် ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသည့် လက် ဝတ်ရတနာများ၊ ပုလဲဖြင့် ပြုလုပ်ထားသောပစ္စည်းများ၊ ရွှေဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ၊ ရွှေပန်းခိုင်၊ ငွေ ပန်းခိုင်၊ ပတ္တမြားပန်းခိုင်များက အခန်းတစ်ခုလုံး ပြည့်နေသည့် အပြင် အခန်းထောင့်တစ်နေရာမှာတော့ ရွှေသဉ္ဇာများစွာတို့ ဖြင့် အပြည့်အမောက် ထည့်ထားသည့် ရွှေမန်ကျည်းတောင့်များ ကို တွေ့ရလေသည်။

ရွှေမန်ကျည်းတောင့်များမှာ တောင်ပုံရာပုံ ရှိနေပြီး စပါးပုံကြီးသဖွယ် ရှိနေတော့သည်။ ထိုရွှေပုံကြီးအနီးသို့ ရောက် သောအခါ အမျိုးသမီးက ရပ်ကာ နီမောင့်ကို ပြုံး၍ကြည့်သည်။

"ဒီရတနာပစ္စည်းတွေထဲက မောင်ကြီးနှစ်သက်တာကို လိုသလောက် ယူသွားနိုင်ပါတယ်ရှင်"

ဟု ချိုသာစွာ ပြောလေသည်။

"ကျွန်တော် ရတနာပစ္စည်းတွေကို မယူပါဘူး၊ ဒီရတနာ တွေကို မယူပါဘူးလို့ ကတိသစ္စာလည်း ပြုခဲ့ပါတယ်၊ နောက် တစ်ချက်က ကျွန်တော့်အနေနဲ့ လိုချင်စိတ်မရှိပါဘူး"

ထိုစကားကို ကြားတော့ အမျိုးသမီးက သဘောကျစွာ ပြုံးလိုက်သည်။

"ဒီလောက် လူတိုင်း လိုချင်တပ်မက်တဲ့ ရတနာပစ္စည်း တွေကို ပေးတာတောင် ငြင်းနေပုံထောက်တော့ မောင်ကြီးဆီမှာ ထက်ပိုပြီးတန်ဖိုးကြီးတာ ရှိပုံရတယ်. . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ နီမောင်က. .

"ရှိပါတယ်. . . ဒါပေမယ့် ဒီလိုရတနာပစ္စည်းမျိုးတွေတော့ မဟုတ်ပါဘူး၊ ဘယ်လိုအရာနဲ့မှ တန်ဖိုးဖြတ်မရတဲ့ 'သစ္စာတရား' ရှိပါတယ်၊ အဲ့ဒါကို ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး"

ဟု ပြောလိုက်သည်။

"ဒါဖြင့် မောင်ကြီးက ဘာအလိုရှိလို့ ဒီလောက် အန္တရာယ်များတဲ့နေရာကို ရောက်အောင် လာရတာလဲ"

"ဝိညာဉ်ကြိုး ယူဖို့ပါ"

"ဝိညာဉ်ကြိုးကို ရတော့ ဘာလုပ်မှာလဲ"

"အသက်ရှင်ခွင့်ရှိတဲ့သူကို အသက်ရှင်အောင် ကူညီပေးမှာပါ"

"ဝိညာဉ်ကြိုးက ဘာများ တန်ဖိုးရှိလို့လဲ မောင်ကြီးရယ် မောင်ကြီးအတွက်လည်း ဘာမှအသုံးမဝင် တန်ဖိုးမရှိပါဘူး၊ သူ့အတိုင်း ထားလိုက်တာ ပိုကောင်းပါတယ်၊ ကျွန်မပြောတဲ့အတိုင်း ရတနာပစ္စည်းတွေကို ယူပြီးပြန်ရင် မောင်ကြီးအတွက် တစ်သက်လုံး ချမ်းချမ်းသာသာ နေရမှာကို စဉ်းစားပါ"

ဟု ဖြားယောင်းသွေးဆောင်ပြန်လေသည်။

"ကျွန်တော် ရတနာပစ္စည်းတွေကို မယူပါဘူး၊ မူလရည်ရွယ်ချက်အတိုင်း ဝိညာဉ်ကြိုးကိုပဲ ယူပြီး ပြန်မှာပါ၊ ကျွန်တော့်ကို ဝိညာဉ်ကြိုး ထားတဲ့နေရာကိုသာ ပြောပါ"

"ဝိညာဉ်ကြိုးက ဟိုဘက်မှာ ရှိပါတယ်၊ ဒါပေမယ့် ကျွန်မကို ကျော်နိုင်မှ အတွင်းကို ဝင်လို့ရမှာ၊ ဒီမှာကြည့်ပါဦး. .





ကျွန်မက မချောဘူးလား မလှဘူးလားဟင်"

ဟု ပြောဆိုကာ သူမကိုယ်ပေါ်မှ ပါးလွှာသော အဝတ်အစားများကို ဖယ်ရှား၍ နီမောင်ရှိရာသို့ တိုးကပ်လာသည်။

မီးရောင်အောက်၌ ဝင်းအိနေသော အသားအရည်၊ အချိုးအစားကျနလှပသော ကိုယ်ဟန်အနေအထားတို့က သတ္တိကောင်းလှပါသည်ဆိုသော နီမောင်ပင် ဘာလုပ်ရမှန်း မသိအောင် တွေဝေသွားသည်။

အမျိုးသမီးက ပြုံးချိုသော အမူအရာဖြင့် တဖြည်းဖြည်းနှင့် အနားကပ်လာပြီး လက်တစ်ကမ်းအကွာ ရောက်တော့မှ တစ်စုံတစ်ခုကို မြင်လိုက်ရဟန်ဖြင့် ခြေလှမ်းတုံ့သွားသည်။

နောက်ဘက်သို့ ခြေလှမ်းတစ်လှမ်းနှစ်လှမ်း ပြန်ဆုတ်သွားသည်။ ထိုအမူအရာကို မြင်တော့ နီမောင်ပင် အနည်းငယ်အံ့ဩသွားသည်။

"ဟင်. . . ရှင့်ရဲ့နောက်မှာ ဂမုန်းနီအစောင့် ပါလာပါသလား၊ ရှင်. . . ရှင် ဂမုန်းနီကို တွေ့ခဲ့ပြီပေါ့"

ဟု အထိတ်တလန့်စကားဆိုလေသည်။

ထိုအခါမှ နီမောင်လည်း ပုပ္ပါးတောင်ကလပ်ထိပ်ပေါ်သို့ ရဟန်းတော်တစ်ပါးနှင့် လိုက်သွားခဲ့ပုံ၊ ထူးထူးခြားခြား ဂမုန်းနီပင်ကို တွေ့ခဲ့ရပုံ၊ ရဟန်းက ပေးသဖြင့် ဂမုန်းနီပင်ကို ရလာခဲ့ပုံ၊ ဤသို့ ရောက်သောအခါ ဦးဇန်ကောင်းက ဆေးစီရင်၍ သူ့ကို သောက်စေခဲ့ပုံများကို ပြန်လည်အမှတ်ရပြီး ပို၍အားရှိလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ငါက ဂမုန်းနီကို တွေ့ဖူးရုံမကဘူး ဂမုန်းနီဆေးကိုပါ သောက်ထားခဲ့ပြီးပြီ၊ မင်း ငါ့ကို နှောင့်ယှက် မယ်ဆိုရင်တော့ အပြစ်ပေးရလိမ့်မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ရှင်. . . တောင်းပန်ပါတယ်၊ ရှင် လိုချင်တဲ့ ဝိညာဉ်ကြိုးတွေ ရှိတဲ့နေရာကို လိုက်ပြပေးပါမယ်"

"ကောင်းပြီ. . . ဟိုရောက်တဲ့အခါမှာလည်း မင်း ငါ့ကို အကူအညီပေးရမယ်နော်"

အမျိုးသမီးက ခေါင်းညိတ်ပြပြီး ရှေ့မှ ခေါ်သွားရာ နီမောင်က နောက်မှ လိုက်သွားလေသည်။

ထိုအခါမှာတော့ သူမကိုယ်ပေါ်မှာ အဖြူရောင်အဝတ် အစားများဖြင့် တင့်တယ်စွာ ရှိနေပြန်လေသည်။ တစ်နေရာသို့ ရောက်သောအခါ အလင်းရောင် မှုန်ပျပျ ရှိပြီး မီးခိုးငွေ့ကဲ့သို့ အခိုးအငွေ့များ ထွက်နေသည့်နေရာတစ်ခုသို့ ရောက်သွားလေ တော့သည်။

"အဲ့ဒီအခန်းထဲမှာ ဝိညာဉ်ကြိုးတွေ ရှိတယ်၊ ဒါပေမယ့် ပုပ္ပါးတောင်တစ်ဝိုက်မှာ ရှိတဲ့ သိုက်တွေက သိုက်နန်းရှင်တွေရဲ့ ဝိညာဉ်ကြိုးတွေအားလုံးက အဲ့ဒီမှာပဲ ထားတာ၊ ရှင်က ဘယ် သိုက်နန်းက သိုက်နန်းရှင်ရဲ့ဝိညာဉ်ကြိုးကို လိုချင်တာလဲ"

ဟု မေးသည်။

"ရွှေတွင်းတောင် ငွေတွင်းတောင်သိုက်မှာရှိတဲ့ညီအစ် သုံးဖော်ရဲ့ဝိညာဉ်ကြိုးတွေကို လိုချင်တာ"

"သုံးယောက်စလုံးရဲ့ဝိညာဉ်ကြိုးကို ယူမှာလား"





"တစ်ယောက်ရဲ့ဝိညာဉ်ကြိုးကို ယူမှာပါ"

"ကံကောင်းတာပေါ့ရှင်. . . လူ့ပြည် ပြန်ခွင့်ရတယ် ဆိုတာ ရှေးဘဝက ကုသိုလ်ကံ ကောင်းခဲ့ဖို့ရယ်၊ ဆုတောင်း ကောင်းမှ ပြန်ရောက်နိုင်တာ၊ လူ့ဘဝပြန်ရောက်ပြီး ကုသိုလ် ကောင်းမှုတွေ ပြုနိုင်ရင် ဒီလိုဘဝမျိုးကို ဘယ်တော့မှ ပြန် ရောက်နိုင်တော့တဲ့ကုသိုလ်က နည်းတဲ့ကုသိုလ်မှတ်လို့၊ ကျွန်မ ဘို့ကတော့ အခုလို ကယ်မယ့်သူနဲ့ မတွေ့ရသေးတော့ ဒီဘဝဆိုး မှာပဲ ဆက်နေကြရဦးမယ်၊ ဘယ်လောက်ကြာအောင် ဆက်နေ ကြရမယ်ဆိုတာ မသိလောက်အောင်ပါပဲရှင်"

ဟု တုန်ယင်နေသောအသံဖြင့် ပြောကာ မျက်ရည်များ ကို သုတ်နေသည်ကို မြင်ရသောအခါ နီမောင်မှာ စိတ်မကောင်း ဖြစ်မိလေသည်။

အတန်ကြာတော့မှ. . .

"ရှင် အဲ့ဒီဂူအခန်းထဲကို ဝင်သွားပါ၊ ရှင်လိုချင်တဲ့ဝိညာဉ် ကြိုးက မြကလပ်သုံးခုပေါ်မှာ တင်ထားတယ်၊ ရှင်ကြိုက်တာကို ရွေးယူသွားပေါ့ရှင်"

ဟု ပြောပြရာ အဘိုးအို ပြောလိုက်သည့်စကားနှင့် ဘူညီနေသဖြင့် အမှန်ဖြစ်ရမည်ဟု တွေးလိုက်ပါသည်။

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါထက် ရှင့်နေရာကို ပြန်ရောက်လို့ အလှူအတန်း ပြုလုပ်တဲ့အခါ ကျွန်မအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးပါ၊ အမျှအတန်း ဝေပေးပါလို့ မှာလိုက်ပါရစေ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့နာမည် ခင်စောမြနွယ်လို့ ခေါ်ပါတယ်ရှင်"

"ကောင်းပါပြီ. . . ကျွန်တော် ဆောင်ရွက်ပေးပါမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ဂူပေါက်ဝမှတစ်ဆင့် အခန်းထဲသို့ ဝင်လာလေသည်။

ဂူအခန်းထဲမှာတော့ မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များက ဝေ့ဝဲလျက်ရှိပြီး သင်းပျံ့မွှေးကြိုင်သောရနံ့များက မွှေးကြိုင်လျက်ရှိသည်။ အခန်းထဲမှာတော့ ခင်စောမြနွယ် ပြောလိုက်သကဲ့သို့ ရွှေကလပ်၊ ငွေကလပ်၊ နီလာကလပ်၊ ပတ္တမြားကလပ်၊ စိန်ကလပ်၊ မြကလပ် အစရှိသည့် ကလပ်များပေါ်မှာ တင်ထားသည့် ငွေကြိုးမျှင်ကလေးများကို တွေ့ရသည်။

ထိုငွေကြိုးမျှင်ကလေးများမှာ လူတစ်ယောက်၏ဝိညာဉ်ကြိုးများပင်ဖြစ်၏။ ဝိညာဉ်ကြိုးဟု ခေါ်သည့် ထိုငွေကြိုးကလေးမှာ လူတစ်ယောက်၏ကိုယ်ခန္ဓာနှင့် ဝိညာဉ်(အသက်)ကို ဆက်သွယ်ထားသောကြိုးဖြစ်သည်။

လူတစ်ယောက် မေ့မြောနေသည့်အခါ သို့မဟုတ် အိပ်ပျော်နေသည့်အချိန်၌ ဝိညာဉ်က ခန္ဓာကိုယ်မှ ထွက်ကာ အခြားနေရာများသို့ လျှောက်သွားနေလေ့ရှိသည်။

ထိုသို့လျှောက်သွားနေသည်ကို ဝိညာဉ်ကြိုးဟု ခေါ်သော ငွေကြိုးက ဆွဲထားရသည်။ သို့ကြောင့် အိပ်မက်များ မြင်မက်ခြင်းဖြစ်၏။ အချိန်တန်ပါက ထိုကြိုးမှတစ်ဆင့် ဝိညာဉ်က ခန္ဓာကိုယ်ထဲသို့ ပြန်ဝင်လာလေ့ရှိသည်။

လူတစ်ယောက် သေဆုံးသွားသောအခါ ဝိညာဉ်က





ကိုယ်ခန္ဓာအတွင်းမှ ထွက်သွားသော်လည်း ဝိညာဉ်ကြိုးက မပြတ်သေးသဖြင့် သုံးရက်ကြာသည်အထိ ဝိညာဉ်က ကိုယ်ခန္ဓာအပေါ်မှ ဝဲနေပြီး သူနေခဲ့သောကိုယ်ခန္ဓာကို ကြည့်နေလေ့ ရှိသည်။

သုံးရက်ပြည့်သောအခါ ဝိညာဉ်ကြိုးပြတ်သွားသည့်တိုင် သူနေခဲ့သော ခန္ဓာကိုယ် မပျက်စီးမချင်း ထိုပတ်ဝန်းကျင်မှာပဲ နေလေ့ရှိသည်။

အချို့က ထိုဝိညာဉ်ရိပ်ကို တွေ့မြင်ရလေရာ သရဲခြောက်သည်၊ တစ္ဆေခြောက်သည်ဟု ဆိုကာ ထိတ်လန့်ကြောက်ရွံ့ကြသည်။

သို့ကြောင့်. . .

သင်္ချိုင်းရောက်မှ အသက်ပြန်ရှင်လာသူများ၊ ရက်အတန်ကြာ မေ့မြောနေရာ သေပြီဟုယူဆကာ ပစ်ထားရာမှ အသက်ပြန်ရှင်လာသူများမှာ တစ်စုံတစ်ခုအကြောင်းကြောင့် ဝိညာဉ်က ကိုယ်ခန္ဓာအတွင်းသို့ ပြန်ဝင်ခွင့်ရသဖြင့် ကံကောင်းထောက်မစွာ အသက်ပြန်ရှင်ခွင့် ရကြခြင်းဖြစ်သည်၊

(၇)ရက်ပြည့်၍ ကိုယ်ကို ဖျက်ဆီးလိုက်သော ဝိညာဉ်က သူ့အတွက် နေရာသစ် ရှာရန် အခြားနေရာသို့ သွားရောက်သွားလေသည်။

သို့တိုင်အောင် အစွဲအလမ်းကြီးသူများမှာ ကျန်ခဲ့သော မိဘ၊ ဆွေမျိုး၊ လင်သား၊ သားမယား သားသမီး ခန္ဓာ ဥစ္စာပစ္စည်းတို့ကို စွဲလမ်းမှုကြောင့် ထိုနေရာ၌ ဘဝဲဝဲလည်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရာ မြင်ရသူများက တအွေ့သရဲခြောက်သည်ဟု ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

ထိုနေရာမှ ဆန်းကြယ်သောဖြစ်ရပ်ကတော့ ဉစ္စာသိုက်သို့ ဘဝပြောင်းရသူများ၏ဝိညာဉ်ကိုတော့ သက်ဆိုင်ရာပုဂ္ဂိုလ်များက ခေါ်ယူကာ ထိန်းသိမ်းပေးထားကြသည်။

အချိန်တန်ပါက ထိုဝိညာဉ်ကို လူ့ပြည်လူ့လောကသို့ အလှည့်ကျ ပြန်ခွင့်ပေးခြင်းပင်ဖြစ်၏။

သို့ကြောင့်. . .

သိုက်ဘဝမှ ကူးပြောင်းလာသူများသည် ကျန်ခဲ့သည့် ဘဝအဟောင်းကို ပြန်လည်အမှတ်ရခြင်း၊ ဘဝဟောင်းမှ လူများနှင့် ဆက်သွယ်နိုင်ခြင်းပင် ဖြစ်လေသည်။ နီမောင်က မြကလပ်နှင့် တင်ထားသော ဝိညာဉ်ကြိုးများ ရှိရာကို လိုက်လံရှာဖွေရာ အခန်းအလယ်လောက်တွင် တွေ့ရလေသည်။ မြကလပ်သုံးခုမှာ အတန်းလိုက် တင်ထားရုံမက တစ်ခုနှင့်တစ်ခု အနိမ့်အမြင့်လည်း မတူပေ။ တစ်ခုနှင့်တစ်ခု အနိမ့်အမြင့် အနည်းငယ်ကွာလေသည်။

“ဒီအတိုင်းဆိုရင် အမြင့်ဆုံးကလပ်ပေါ်မှာ တင်ထားတာက အကြီးဆုံး မြနှင်းဖြူရဲ့ဝိညာဉ်ကြိုးဖြစ်မယ်၊ ဒုတိယကလပ်ပေါ်က ဝိညာဉ်ကြိုးကတော့ မြသင်းကြူရဲ့ကြိုးဖြစ်မယ်၊ အောက်ဆုံးကလပ်ပေါ်က ကြိုးကတော့ မြဝင်းသူရဲ့ဝိညာဉ်ကြိုးဖြစ်မယ်ထင်တယ်၊ ငါ့အနေနဲ့ ဘယ်ကြိုးကို ရွေးရပါ့မလဲ”

ဟု စဉ်းစားရင်းနှင့် မြကလပ်သုံးခုအနီးတွင် အတန်ကြာ





အောင် ရပ်နေမိလေသည်။

အမှန်တော့ စဉ်းစားမယ့်သာ စဉ်းစားနေသည်၊ သူနှင့် အရင်းနှီးဆုံးက မြနှင်းဖြူပင် ဖြစ်ပေသည်. သို့ကြောင့် စဉ်းစားရင်းမှပင် မြနှင်းဖြူ၏မျက်နှာကို မြင်ယောင်လာသည်။ သူမ ပြောခဲ့သည့်စကားအချို့ကိုလည်း ပြန်လည်ကြားယောင်လာမိသည်။

“. . . ကျွန်မတို့မှာ ဝိညာဉ်ကြိုးတွေ ရှိပါတယ်၊ အဲ့ဒီဝိညာဉ်ကြိုးတွေကို ယူပြီး အဲ့ဒီရုပ်အလောင်းတွေကို ပြန်စွပ်ပေးရင် အသက်ရှင်ခွင့် ပြန်ရမှာပါ၊ ကျွန်မတို့ လိုချင်တဲ့ အကူအညီပေးနိုင်ပါ့မလားဟင်”

ထိုကဲ့သို့ မေးစဉ်က ‘အချိန်တန်ရင် အကူအညီပေးပါ့မယ်’ ဟု ကတိပေးခဲ့သည်။

ယခု အဘိုးမှာလိုက်တာက သုံးကြိုးလုံး ယူရန် မဟုတ်ဘဲ ကြိုးတစ်ကြိုးသာ ယူခဲ့ရန်ဖြစ်သည်။

“သူတို့က အလှည့်ကျ လူ့ပြည်ကို သွားကြရတာနဲ့ တူပါရဲ့၊ ကိုင်း. . . မထူးပါဘူး၊ ကံတရားအတိုင်းပဲ ရှိစေတော့”

ဟု စိတ်ကို ဆုံးဖြတ်ကာ အပေါ်ဆုံး မြကလပ်ပေါ်မှ မြနှင်းဖြူ၏ဝိညာဉ်ကြိုးကို ယူကာ ထိုနေရာမှ အမြန်ထွက်ခဲ့လေသည်။ ယခုတော့လည်း ဂူအတွင်းမှာ အန္တရာယ်များက ရှင်းလင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

# ထူးဆန်းသောအိပ်မက်နှင့် ပတ္တမြားလက်စွပ်သက်သေ

သူ မူလထွက်လာခဲ့သော ဂူပေါက်သို့ ပြန်ရောက်လာသောအခါ အဘိုးအိုကို မတွေ့ရတော့ပေ။

သူသည် လက်ထဲမှာ ကိုင်လာသောဝိညာဉ်ကြိုးကလေးကို လက်ထဲမှာ ကိုင်ကာ နေရာမှာ ရပ်ကာ အတန်ကြာအောင် စဉ်းစားနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းလာပြီး ပြေးလွှားလှုပ်ရှားလာသော ခြေသံများကို ကြားရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အသံကြားရာသို့ ကြည့်လိုက်တော့ အနိမ့်အမြင့်အရွယ် အစားအမျိုးမျိုးနှင့် မည်းမည်းသဏ္ဌာန်များ အပြေးအလွှား လာနေကြသည်ကို အဝေးမှ လှမ်းမြင်ရသည်။

ပထမတော့ ဘာကောင်တွေပါလိမ့် ဟူသောအတွေးဖြင့် လှမ်းကြည့်နေမိသေးရာ မလှမ်းမကမ်းနေရာ လာတော့မှ တစ္ဆေ၊ မှင်စာ၊ အကြီး၊ အသေး အရွယ်အစားမျိုးစုံတို့ ဖြစ်မှန်း သိရလေတော့သည်။

"ဟင်. . ."

"သူ့လက်ထဲက ပစ္စည်းကို ရအောင်ယူကြဟေ့"

"ဒီပစ္စည်းကို သူ့လက်ထဲ အပါမခံနဲ့၊ ရအောင်ပြန်ယူကြဟေ့"

"ဝိုင်းကြဟ. . . သတ်ကြဟ"

ဟူသော ဗလုံးဗထွေးနှင့် အော်ဟစ်ပြောဆိုသံများကို ကြားလိုက်ရသဖြင့် နေရာမှာ ဆက်မနေဝံ့တော့ဘဲ မူလထွက်လာသော ဂူရှိရာသို့ ရောက်အောင်ပြေးရလေတော့သည်။ မည်းမည်းသဏ္ဌာန်များကလည်း သူ့နောက်မှ တစ်ပြုံတစ်မကြီး ပြေးလိုက်လာကြသည်။

တစ်ဖက်ဂူပေါက်ထဲ ရောက်အောင် ပြေးဝင်လိုက်တော့မှ နောက်ဘက်မှ အော်သံဟစ်သံများမှာ တဖြည်းဖြည်းနှင့် ဝေးကျန်ခဲ့လေတော့သည်။

"ဟူး. . . တော်ပါသေးရဲ့"

ဟု ရေရွတ်ရင်း မောပန်းလွန်းသောကြောင့် တစ်နေရာ





မှာ ခဏဝင်ထိုင်ရင်း အမောအပန်းဖြေရလေသည်။ ထိုအခိုက် မှာပင် ဂူထဲမှ မြဝင်းသူ ထွက်လာကာ သူရှိရာသို့ ရောက်လာသည်။

"အစ်ကို. . . ဝိဇ္ဇာဥ်ကြီးရခဲ့လား"

"အင်း. . . ရခဲ့တယ်"

"ပေး. . . ပေး. . . ကျွန်မကိုပေး၊ ကျွန်မသွားစွပ်ပေးမယ်"

ပထမတော့ နီမောင်မှာ မြဝင်းသူအစစ်ထင်သဖြင့် ပေးလိုက်မည် စိတ်ကူးပြီး နောက်မှ တစ်စုံတစ်ခုကို စိတ်ကူးမိသဖြင့် မပေးတော့ပေ။

"နေပါစေတော့. . . ကျွန်တော်ကိုယ်တိုင်ပဲ စွပ်ပေးတော့မယ်"

ဟု ပြောလိုက်သည်။

"နေပါဦး. . . အစ်ကိုက ဘယ်သူ့ကို စွပ်ပေးမှာလဲ၊ အစ်မကြီးလား၊ အစ်မလတ်လား၊ ဒါမှမဟုတ် ကျွန်မကိုလား"

ထိုစကားကြောင့် နီမောင်မှာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားမိလေသည်။

"ဟိုရောက်မှ အဘိုးရဲ့အမိန့်အတိုင်း လုပ်ရမှာပါ၊ ကျွန်တော့်အနေနဲ့ကတော့ ဘာမှရွေးချယ်ပိုင်ခွင့် မရှိပါဘူး"

ဟု ပြောလိုက်တော့မှ မြဝင်းသူမှာ မူလရုပ် ပေါ်လာတော့သည်။ သူမ၏သဏ္ဌာန်မှာ မူလအတိုင်း ချောမောလှပခြင်းမရှိဘဲ ကြောက်မက်ဖွယ်ကောင်းသော မူလရုပ် ပေါ်လာကာ



www.burmeseclassic.com

www.burmeseclassic.com



နီမောင်လက်ထဲမှ ဝိညာဉ်ကြိုးကို လုယူရန် ကြိုးစားသော်လည်း နီမောင်အနီးသို့ မကပ်နိုင်သောကြောင့် မလှမ်းမကမ်းမှပင် အမျိုးမျိုး ခြောက်လှန့်နေသောကြောင့် ထိုနေရာမှ အမြန်ထွက်ခဲ့ရလေသည်။

နောက်တစ်နေရာ ရောက်ပြန်တော့ မြသင်းကြူနှင့် တွေ့ရပြန်လေသည်။ မြသင်းကြူမှာလည်း ရှေးနည်းအတိုင်း နီမောင့်လက်ထဲမှ ဝိညာဉ်ကြိုးကို ရအောင် နည်းအမျိုးမျိုးဖြင့် တောင်းပါသော်လည်း မရသောအခါ မူလဇာတိရုပ် ပေါ်လာပြီး ခြောက်လှန့်ပြန်လေရာ ထိုနေရာမှ ထွက်ခဲ့ရပြန်သည်။

ထိုသို့ပြေးရင်းမှပင် နောက်ဆုံးတော့ မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတို့ ရုပ်ကလပ်များ ထားရာဂူသို့ ပြန်ရောက်လာသည်။ ယခုအချိန်အထိတော့ မြနှင်းဖြူကို မတွေ့ရသေးပေ။ သလင်းကျောက်တလားများ ထားသောနေရာသို့ ရောက်သောအခါ အဘိုးအိုကို ပြန်တွေ့ရသည်။

"ဝိညာဉ်ကြိုး ရခဲ့လား ငါ့မြေး"

"ဟုတ်ကဲ့. . . ရခဲ့ပါတယ်"

"ဘယ်သူ့ရဲ့ကြိုးကို ယူလာသလဲ"

"အပေါ်ဆုံးက ကြိုးကို ယူလာခဲ့ပါတယ်"

"ဒါကတော့ သူ့ရဲ့ကံတရားပေါ့။ အဲ့ဒီကြိုးက မြနှင်းဖြူရဲ့ ဝိညာဉ်ကြိုးပဲ၊ အဲ့ဒီဝိညာဉ်ကြိုးကို မြနှင်းဖြူရဲ့ရုပ်ကလပ်ပေါ်မှာ တင်ပေးလိုက်ပါ"

ဟု ပြောသဖြင့် နီမောင်က သလင်းကျောက်တလား အဖုံးကို ဖွင့်လိုက်သည်။

ထိုအခါ အတွင်းမှ သင်းပျံ့မွှေးကြိုင်လှသည့် နံ့သာရနံ့များ ထွက်လာသည်။ နီမောင်မှာ မြနှင်းဖြူ၏ရုပ်အလောင်းကို ကြည့်ပြီး စိတ်လှုပ်ရှားနေလေသည်။ သူ့မျက်စိထဲမှ မြနှင်းဖြူ၏ အလောင်းမှာ အသက်ဝိညာဉ် ကင်းမဲ့နေသူနှင့် မတူဘဲ အိပ်ပျော်နေသူတစ်ယောက်နှင့်ပင် တူနေတော့သည်၊

သူမကိုယ်ပေါ်သို့ ဝိညာဉ်ကြိုး တင်ကာနီးကျမှ နီမောင်မှာ စိတ်တွေ လှုပ်ရှားနေသည်။

"ဒီဝိညာဉ်ကြိုးကို သူ့ကိုယ်ပေါ်ကို တင်ပေးလိုက်တာနဲ့ သူ့ကို ငါပိုင်ဆိုင်ရတော့မယ်၊ သူနဲ့ငါနဲ့က ချစ်သူတွေလည်း မဟုတ်ကြသေးဘဲ အခုလို ပိုင်ဆိုင်ခွင့်ရှိတဲ့ဘဝမျိုး ရောက်လာဘာကတော့ အတော့်ကို ဆန်းကြယ်တဲ့ ကံတရားပဲ၊ ဘာပဲဖြစ်ဖြစ် ကျန်တဲ့ကိစ္စတွေက နောက်မှ ကြည့်ပြီးစဉ်းစားတော့မယ်၊ အခုလောလောဆယ်တော့ သူအသက်ပြန်ဝင်လာအောင် လုပ်ပေးရမယ်"

ဟု စိတ်နှလုံး ဆုံးဖြတ်လိုက်ပြီးနောက် လက်ထဲမှာ ကိုင်လာသော ဝိညာဉ်ကြိုးကို မြနှင်းဖြူရင်ဘတ်ပေါ်သို့ တင်ပေးလိုက်လေတော့သည်။ ထိုအချိန်မှာ နီမောင်အတွက် စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးအချိန်ဖြစ်တော့သည်။

အသက်ရှူရန်ပင် မေ့နေသည့်အလား မြနှင်းဖြူ ရုပ်အလောင်းကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

အတန်ကြာတော့ သူ တင်ပေးလိုက်သည့် ဝိညာဉ်ကြိုး







www.burmeseclassic.com

www.burmeseclassic.com

ကလေးက သူမ၏ကိုယ်အတွင်းသို့ တဖြည်းဖြည်း မြုပ်ဝင်သွားလေသည်။

ထိုသို့မြုပ်ဝင်သွားပြီး ခဏကြာသောအခါ ဖြူဖပ်ဖြူရော်ဖြစ်နေသော အသားအရည်များမှာ သွေးရောင်လွှမ်းလာပြီး ရင်ဘတ်မှာလည်း အနည်းငယ် လှုပ်ရှားလာသည်။

အသက်ရှူလာသကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်လာလေသည်။ ခဏကြာတော့ ဖျတ်ခနဲ မျက်လုံးပွင့်လာသည်။

"ဟင်. . . "

နီမောင်က အလန့်တကြားဖြစ်ကာ နောက်သို့ ဆုတ်ပေးလိုက်သည်။ မြနှင်းဖြူက နီမောင်ကို မြင်သောအခါ အားနည်းစွာ ပြုံးပြရင်း နေရာမှ ထရန် ကြိုးစားနေသည်။

သို့တိုင်အောင် သူမဘာသာ မထနိုင်သဖြင့် နီမောင်ကို အကူအညီပေးရန် ဟန်အမူအရာဖြင့် လက်ကမ်းပေးသည်။ သို့ကြောင့် နီမောင်က အနီးသို့ ပြန်ကပ်သွားကာ သူမလက်ကို ကိုင်၍ဆွဲထူပေးလိုက်သည်။

မြနှင်းဖြူက နေရာမှ ထလာပြီး အားမပြည့်သေးသော လူမမာတစ်ယောက်ကဲ့သို့ ဒယိမ်းဒယိုင် ဖြစ်နေသောကြောင့် နီမောင်က ဖေးမတွဲကာ အပြင်သို့ ခေါ်ထုတ်လိုက်သည်။

သူမ အပြင်သို့ ရောက်လာသောအခါ သလင်းကျောက်တလားအဖုံးက တအိအိနှင့် ပြန်ကျကာ ပိတ်သွားလေတော့သည်။

အပြင်သို့ ရောက်လာသောအခါ မြနှင်းဖြူက မလှမ်း





မကမ်းမှာ ရပ်နေသော အဘိုးအိုရှေ့သို့ သွားကာ ရှိသေစွာ ကန်တော့လေသည်။

ထိုသို့ ကန်တော့နေရင်းမှာပင် မျက်ရည်များက တသွင်သွင် စီးကျနေလေသည်။

"ငါ့မြေးရဲ့အတိတ်ဘဝက ပြုခဲ့တဲ့ကုသိုလ်ကံကြောင့် အခုလို လူ့ပြည်ကို ပြန်ခွင့်ရတာပဲ၊ ကျန်ရစ်ခဲ့တဲ့ ညီမတော်နှစ်ယောက်အတွက်လည်း ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ သူတို့နှစ်ယောက်လည်း ဘဝ ဝဋ်ကြွေးပေးဆပ်စရာကုန်လို့ ကုသိုလ်ကောင်းမှုတွေရဲ့အကျိုးပေးချိန်တန်ရင် လူ့လောကကို ပြန်ရောက်ကြမှာပါ. . .

လူ့လောကကို ကံကောင်းလို့ ပြန်ရောက်တဲ့ အခိုက်အတန့်မှာ နောက်ထပ်ဒီလိုဘဝမျိုး ပြန်မရောက်ရလေအောင် ကုသိုလ်ကောင်းမှု များများပြုပေးနော်. . .

တရားဘာဝနာကို တတ်နိုင်သမျှ အားထုတ်ပေး၊ ကြားလား ငါ့မြေး၊ ပြုပြုသမျှ ကုသိုလ်ကောင်းမှုတွေရဲ့အဖို့တာက အစုစုတို့ကိုလည်း အဘိုးနဲ့ ကျန်ရစ်ခဲ့တဲ့ ညီမတော်လေးအတွက် အမျှအတန်းဝေပေးဖို့ မမေ့နဲ့နော်"

"စိတ်ချပါ အဘိုးရယ်၊ သမီးတော် ကုသိုလ်ကောင်းမှုတွေ မကြာမကြာ ပြုလုပ်ပြီး အမျှအတန်းပေးပါ့မယ်"

"ဒီမှာရှိတဲ့ သုံးယောက်မှာ ငါ့မြေးက ကုသိုလ်ကံကောင်းပြီး ဘာကြောင့် ဒီလို လူ့ပြည် လူ့လောကကို ပြန်ခွင့်ရတယ်ဆိုတာ သိရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com

"မသိပါဘူး အဘိုး"

"အလှူပွဲလုပ်တုန်းက လက်ဝတ်ရတနာတွေ လာငှားတော့ ရှင်လောင်းတွေ ဝတ်ဆင်ဖို့အတွက်ဆိုပြီး ငါ့မြေးရဲ့လက်ဝတ်ရတနာတွေကို ချတ်ပြီးငှားလိုက်တဲ့ ကုသိုလ်ကောင်းမှုကြောင့် အခုလို ချက်ချင်းပြန်ခွင့်ရတာပဲကွယ်. . .

ကောင်းမှုကုသိုလ်ဆိုတာ အငှားပြုတာတောင် ဒီလောက် အကျိုးပေးနေရင် တကယ်အစစ်အမှန်ကိုသာ စေတနာကောင်းကောင်းနဲ့ ပြုလုပ်ရင် သံသရာကတောင် လွတ်နိုင်တယ်ကွယ့်. . ."

"ကောင်းပါပြီ အဘိုး၊ သမီးကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ်"

ထိုအချိန်မှာပင် ထိုနေရာသို့ မြသင်းကြူနှင့်မြဝင်းသူတို့နှစ်ယောက် ရောက်လာကြကာ မြနှင်းဖြူရှိရာသို့ ပြေးလာကြသည်။

သို့သော် နှစ်ယောက်စလုံး အနားကပ်၍မရကြတော့ဘဲ ခလုမ်းမကမ်းနေရာမှာသာ ရပ်တန့်သွားကြသည်။

မြနှင်းဖြူက သူတို့နှင့် မတူတော့ဘဲ လူ့ဘဝသို့ ကူးပြောင်းကာ ဘဝခြားသွားပြီဖြစ်သောကြောင့် အနားရောက်အောင် မကပ်နိုင်ကြတော့ပေ။

"အစ်မတော်. . . အစ်မတော်. . . ညီမလေးတို့ကို ထားခဲ့ပြီလား အစ်မရယ်"

"ညီမလေးတို့က အစ်မတော်နဲ့ အတူနေလာကြတာ၊





အခုလို ခွဲရမယ်ဆိုတော့ ဘယ်လိုဖြေရမလဲ၊ ညီမလေးတို့ကို မထားရစ်ခဲ့ပါနဲ့ အစ်တော်ရယ်"

ဟု ငိုယိုကာ ပြောဆိုကြလေသည်။

မြနှင်းဖြူခမျာမှာလည်း မျက်ရည်များ ဖြိုင်ဖြိုင်ကျကာ ဘုရှုံ့ရှုံ့ ငိုကြွေးနေလေသည်။

"အစ်မကော် သွားချင်လို့ သွားရတာ မဟုတ်ပါဘူး ညီမလေးတို့ရယ်၊ ကုသိုလ်ကံက စီမံရာအတိုင်း လိုက်နေရတာပါ။ ညီမလေးတို့လည်း ကုသိုလ်ကောင်းမှု များများလုပ်ကြနော်"

"လုပ်ပါ့မယ် အစ်မတော်ရယ်၊ ဒါပေမယ့် အစ်မတော်က ကျွန်မတို့နဲ့ ရက်တရက်ကြီး ခွဲသွားတော့ ကျွန်မတို့ ဘယ်လိုခံနေခဲ့ကြရမှာလဲဟင်၊ ကျွန်မတို့ကိုပါ ခေါ်သွားနိုင်ရင် ခေါ်သွားပါ အစ်မတော်ရယ်"

ဟု သနားစဖွယ် ငိုယိုကာ ပြောဆိုနေကြလေရာ နံဘေးနားမှ ကြည့်နေသော နီမောင်ပင် စိတ်မကောင်းဖြစ်မိလေသည်။

အတန်ကြာသောအခါ အဘိုးက. . .

"ကဲ. . . ကဲ. . . ကံတရားက စီမံတဲ့အတိုင်း လိုက်နာကြရတာ ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ ဘဝခြားပေမယ့် ကိုယ့်အစ်မကို တွေ့ချင်သပဆိုရင် တွေ့ခွင့်ရအောင် အဘိုး ခွင့်ပေးမယ်၊ အခုတော့ ကိုယ့်တာဝန်အတိုင်း ဆောင်ရွက်ပေတော့"

ဟု ပြောလိုက်ရာ မြသင်းကြူနှင့်မြဝင်းသူတို့နှစ်ယောက်မှာ မတတ်သာတော့ဘဲ မြနှင်းဖြူကို ရိုသေစွာ ကန်တော့လိုက်ကြပြီး မျက်ရည်စက်လက်နှင့် ဂူအတွင်းသို့ ပြန်ဝင်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခါ အဘိုးက နီမောင့်ဘက် လှည့်ကာ. . .

"ကဲ. . . ငါ့မြေးလည်း တာဝန်ကျေပါပြီ၊ မင်းပေးထား တဲ့ကတိအတိုင်းသာ အချိန်တန်လို့ မြနှင်းဖြူ မင်းဆီကို ရောက် လာတဲ့အခါ တစ်သက်လုံး စောင့်ရှောက်သွားပါလို့ မှာလိုက်ပါ စေ"

ဟု ပြောရာ နီမောင်က မလှမ်းမကမ်းမှာ မျက်ရည်စက် လက်နှင့် ငိုနေသော မြနှင်းဖြူကို တစ်ချက်လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။

"မင်းရဲ့ဝိညာဉ်ကို ခေါ်ထားတာကလည်း ကြာပြီ တော့ မင်းလည်း နေရာဟောင်းကို ပြန်ပေဦးတော့"

"သူ့ကို တစ်ပါတည်း ခေါ်သွားရမှာလား အဘိုး"

"အခုချက်ချင်းတော့ သူ့ကို ခေါ်သွားလို့ မရသေးဘူး အချိန်တန်တော့လည်း မင်းဆီကို သူရောက်လာမှာပါ၊ တကယ် လို့ သူရောက်လာရင် သတိရအောင်လို့ သူ့ရဲ့လက်ဝတ်ရတနာ ကို ယူသွားပေတော့"

ဟု ပြောရာ မြနှင်းဖြူက သူ့လက်၌ ဝတ်ထားသော ပတ္တမြားလက်စွပ်ကို ချွတ်၍ နီမောင်ကို ကမ်းပေးလိုက်ရာ လှမ်း ယူထားလိုက်သည်။

"အခုဖြစ်ပျက်နေတာတွေ ကြုံတွေ့ခဲ့ရတာတွေဟာ မင်းရဲ့ဝိညာဉ်က တွေ့နေရတာဆိုတော့ လူတစ်ယောက်အနေ အိပ်မက်,မက်နေတာပေါ့၊ ဒါပေမယ့် အခုကြုံတွေ့နေရတဲ့ အဖြ





အပျက်တွေဟာ အိပ်မက်မက်နေတာ မဟုတ်ဘူးဆိုတာကိုတော့ ငါ့မြေး မြဲမြဲမှတ်ထားပေတော့၊ ဒီပတ္တမြားလက်စွပ်ကိုလည်း သက်သေအဖြစ်နဲ့ ယူသွားပါ၊ ကဲ. . . မင်းပြန်ပေတော့"

ဟု ပြောလိုက်ရာ နီမောင်မှာ ပေါ့ပါးသောဝါဂွမ်းတစ်ခု လို လေပြင်းနှင့် မှုတ်တင်လိုက်သကဲ့သို့ ဖြစ်ကာ မိုက်ကနဲ ဖြစ် သွားပြီးနောက် အိပ်ပျော်ရာမှ လန့်နိုးလာလေတော့သည်။ အပြင်ဘက်မှာလည်း အရုဏ်တက်ချိန် ရောက်နေပြီဖြစ်သဖြင့် အလင်းများက ဝိုးတဝါး ရှိနေပြီး ကျေးငှက်သံများကိုပင် ကြားနေ ရပြီ။

နီမောင်မှာ ထူးထူးခြားခြား မက်ခဲ့သော အိပ်မက်ရှည် ကြီးအကြောင်းကို အစမှအဆုံးတိုင်အောင် ပြန်စဉ်းစားနေသည်။

ထိုသို့ စဉ်းစားလိုက်သောအခါ ယခုပင် ကြုံတွေ့ခဲ့ရ သော အဖြစ်အပျက်တစ်ခုကဲ့သို့ ကောင်းစွာမှတ်မိနေလေ သည်။

နောက်မှ သတိရသဖြင့် ကြည့်လိုက်တော့ သူ့လက်ထဲ မှာ ဆုပ်ကိုင်ထားသော ပတ္တမြားလက်စွပ်တစ်ကွင်းကို တွေ့ရ လေသည်။

"ဟင်. . . မြနှင်းဖြူရဲ့ပတ္တမြားလက်စွပ်ပါလား၊ ဒီ အတိုင်းဆိုရင် ငါအိပ်မက်မက်ခဲ့တာတွေဟာ အမှန်တွေပဲပေါ့၊ အိပ်မက်,မက်ခဲ့တာ အမှန်ဆိုရင် မြနှင်းဖြူ ငါ့ဆီကို ရောက်လာ မယ်ဆိုတာရော တကယ်ပဲလား"

ဟု တွေးတောရင်း ရင်ခုန်သံများ မြန်ကာ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလျက်ရှိနေတော့သည်။

ထိုအချိန်တွင် အရှေ့ဘက်၌ အလင်းရောင်များ တက်လာချေလေပြီ. . .။





# အခန်း(၁၃)

# ဝိညာဉ်ကြိုးနှင့် အငြိုးမာယာ

မန္တလေးမြို့စွန်ဘက်၌ ဖွင့်လှစ်ထားသော အောင်ရတနာ ပွဲရုံဝန်းအတွင်းရှိ နှစ်ထပ်တိုက်ကလေး၏အပေါ်ထပ် အခန်းထဲ၌ ဖြစ်လေသည်။

ပွဲရုံပိုင်ရှင် ဦးဘသိုက်က ပွဲရုံလုပ်ငန်းများကို အစစအရာရာ တာဝန်ယူ ဆောင်ရွက်နေသည့် ညီဖြစ်သူ ကိုဘထိုက်ကို မေးမြန်းပြောဆိုလျက် ရှိလေသည်။

"မောင်ဘထိုက်. . မင်း အခုတလော ဘာတွေ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလဲ၊ ငါ့ကို မှန်မှန်ပြောစမ်းကွယ်"

"အစ်ကိုကြီးကလည်း. . . ကျွန်တော်က ပွဲရုံလုပ်ငန်းတွေပဲ လုပ်နေတာပဲ၊ တခြားဘာများလုပ်မိလို့လဲ"

"တို့ ညောင်ပင်ကျင်းရွာမှာ အလှူလုပ်ပြီးပြန်လာတော့ အဲဒီရွာက ပစ္စည်းတစ်ခု မှားပါလာတယ်ဆို. . ."

"ဟုတ်ပါတယ်. . . ကျွန်တော်လည်း အလှူကိစ္စနဲ့ အလုပ်တွေ များပြီး လက်စွပ်တစ်ကွင်း မှားပါလာတယ်၊ ဒါပေမယ့် သိသိချင်းပဲ ကျွန်တော်ပြန်ပို့ပေးလိုက်ပြီ အစ်ကိုကြီးရဲ့"

ထိုစကားမှာ အမှန်ဖြစ်သော်လည်း နောက်ထပ် ပြောစရာ စကားအချို့ ကျန်နေသေးသည်ကိုတော့ ဦးဘသိုက် ရိပ်မိဟန်ရှိသည်။

"ဒါထက် အဲဒီလက်စွပ်ပြန်ပို့ပေးပြီး မရှေးမနှောင်းမှာပဲ အဲဒီရွာဘက်ကို မင်းလူတွေ ထပ်လွှတ်တာကရော ဘာအတွက်လဲကွယ့်"

ထိုစကားကြောင့် ကိုဘထိုက်မှာ အကြီးအကျယ် အံ့သြသွားသည်။ ထိုကိစ္စသည် တပည့်များနှင့် တိုင်ပင်၍ ပြုလုပ်သော လျှို့ဝှက်ကိစ္စဖြစ်ရာ သူနှင့်သူ့တပည့်များသာ သိကြလေသည်။

ယခု အစ်ကိုကြီးဖြစ်သူ ဦးဘသိုက်ပါ ဘယ်ပုံဘယ်နည်း သိနေရသလဲဟု အံ့သြနေမိခြင်းဖြစ်၏။

"ဒီအကြောင်းတွေကို အစ်ကိုကြီး ဘယ်လိုသိတာလဲ ဟင်"

"ငါလည်း ပြောတဲ့လူရှိလို့ သိရတာပေါ့၊ ကိုင်း. . . ပြော





ပါဦး၊ မင်းဘာတွေများ လုပ်နေတာလဲ"

"အော်. . . . အခြားတော့ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ အဲဒီဘက်တွေကို လူတွေ လွှတ်တယ်ဆိုတာ ပဲကိစ္စ နှမ်းကိစ္စလေးတွေ စုံစမ်းခိုင်းခဲ့တာပါ"

ဟု အရေးမကြီးသလို ပြောလိုက်သည်။

"အလုပ်ကိစ္စ လွှတ်တယ်ဆိုရအောင်လည်း မင်းဥစ္စာ ဘယ်က လူတွေများ ခေါ်ပြီးလွှတ်တာလဲကွယ်၊ ပွဲရုံမှာ အဝယ်တော် တာဝန်ပေးထားတဲ့လူတွေက ဘယ်ရောက်ကုန်လို့လဲ"

"သူတို့ကို တခြားတစ်နယ် လွှတ်ထားလို့ပါ အစ်ကိုကြီး"

ကိုဘထိုက်စကား ကြားသောအခါ ဦးဘသိုက်က စိတ်ပျက်လက်ပျက် အမူအရာနှင့် ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

ပြီးလျှင် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိဖွာရင်း. . .၊

"ထားပါတော့လေ. . . အဲဒီလူတွေက ပဲတို့နှမ်းတို့ ရှိတဲ့ ရွာတွေမှာ လိုက်မဝယ်ဘဲ ဘာကြောင့် ရွှေတွင်းတောင် ငွေတွင်းတောင် တောထဲ သွားကြတာလဲ"

ဟု မေးလေသည်။

"ဟင်. . ."

"ကိုင်း. . . ပြောပါဦး"

"ဒါ. . ဒါက ဒီလိုပါ"

"မင်းကို ငါ တစ်ခုတော့ ကြိုပြောထားမယ်နော် မောင်ဘထိုက်၊ လူဆိုတာ မလုပ်သင့်တာကို မလုပ်ရဘူး၊ ဖြစ်များ



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တာတွေကိုလည်း မပြစ်မှားရဘူး၊ အဲဒီလို ပြစ်မှားခဲ့ရင် ကံကြီးထိုက်တတ်တယ်၊ အခုတောင် မင်းလွှတ်လိုက်တဲ့လူတွေ သေသူသေ၊ ပြေးသူပြေးခဲ့ကြရပြီ မဟုတ်လား"

ဟု ပြောရာ ကိုဘထိုက်မှာ မငြင်းသာအောင် ရှိလေတော့သည်။

"အ. . အကိုကြီး ဒီအကြောင်းတွေကို ဘယ်ကဘယ်လို သိတာလဲဟင်"

"ဒီလိုပဲ သူတို့လာပြောလို့ သိတာပေါ့"

"သူတို့လာပြောပြလို့ဆိုတော့ ညောင်ပင်ကျင်း ရွာသားတွေလားဟင်"

"မဟုတ်ပါဘူး. . . ရွှေတွင်းတောင်က လူတွေပါ"

"ဟင်. . ."

ထိုစကားကြားသောအခါ ခေါင်းနားပန်းကြီးလာသည် အထိ အံ့ဩသွားမိလေသည်။

"အေး. . . မင်းကို ငါပြောချင်တာက လူဆိုတာ မကြံစည်အပ်တာကို ကြံစည်မိရင် ကံကြီးထိုက်တတ်တယ်၊ ဘေးဆိုးကြုံတတ်တယ်ကွယ့်"

ဟု ပြောဆိုဆုံးမကာ ဦးဘသိုက်က ပြန်သွားလေသည်။

ထိုအခါမှ ကိုဘထိုက်သည် မိမိလူများကို ခေါ်ကာ အကျိုးအကြောင်း မေးရသည်။

"ဟော့ကောင်တွေ. . . မင်းတို့ကို သေသေသပ်သပ် လုပ်ပါလို့ ပြောထားပါရက်နဲ့၊ အခုတော့ တို့ကိစ္စတွေကို အစ်ကို





ကြီးကတောင် သိနေပြီ. . . ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်တို့လည်း တတ်နိုင်သမျှ သိုသိုဝှက်ဝှက် လုပ်တာပါပဲ၊ တောထဲမှာ သေပြီးကျန်ခဲ့တဲ့ လူတွေအကြောင်းလည်း ဘယ်သူမှ မသိပါဘူး"

ထိုအချိန်က ကိုဘထိုက် စေခိုင်းသဖြင့် တောနာပစ္စည်းများ ပို့ရန်လာသော နီမောင်တို့နှစ်ယောက်ကို လုယက်ရန် လမ်းမှ ကြိုစောင့်နေသူများမှာ တောခြောက်ခံကြရသဖြင့် သေပြေးရှင်ပြေး ထွက်ပြေးကြရာ လူစုကွဲကာ တောထဲမှာ ကျန်သူက ကျန်ခဲ့လေသည်။

အချို့ကလည်း ပြန်ရောက်လာပြီး အချို့ကတော့ နေရပ်သို့ ပြန်မရောက်နိုင်ကြတော့ပေ။

"ငါလည်း အဲဒါကိုပဲ အံ့ဩနေတာပဲ၊ ကဲ. . . ဒါတွေထားပါတော့၊ အခုငါစုံစမ်းတဲ့ကိစ္စကရော ဘယ်လိုထူးသလဲ"

"ဆည်ပေါက်ရွာမှာ နေတဲ့ နီမောင်ဆိုတဲ့ လူငယ်တစ်ယောက်ကတော့ ရွှေတွင်းတောင်ဘက် မကြာခဏ သွားနေတယ်လို့ အဲဒီဘက်မှာ စုံစမ်းထားခိုင်းတဲ့ လူတစ်ယောက်က ပြောတယ်"

"ဟုတ်တယ် ဆရာ၊ နောက်ထပ်အံ့ဩဖို့ကောင်းတာက အခု နီမောင့်ဆီမှာ ပတ္တမြားလက်စွပ် ရောက်နေတယ်ဆိုလားပဲ"

"မင်းကို ဘယ်သူပြောတာလဲ"

"နီမောင့်အမေက ဥပုသ်စောင့်ရင်း ဇရပ်ပေါ်မှာ ဥပုသ်သည်အချင်းချင်း ပြောနေတာကို ကြားတာတဲ့၊ သူ့သားနီမောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာ အိပ်မက်မက်ရင်းဆိုလား၊ တောထဲ သွားရင်း ရလာတာဆိုလား ပတ္တမြားလက်စွပ်တစ်ကွင်း ရလာတယ်လို့ ပြောသံကြားရတယ်"

"သေချာရဲ့လားဟ"

"သေချာပါတယ် ဆရာ၊ အဲဒီရွာက လူကိုယ်တိုင် ပြောတာပဲ"

ထိုစကားကြားသောအခါ ကိုဘထိုက်က အတန်ကြာအောင် စဉ်းစားနေပြီးတော့မှ . . .

"မဟုတ်ကာမှလွဲရော . . . အဲဒီပတ္တမြားလက်စွပ်က ငါပြန်ပေးလိုက်တဲ့ ပတ္တမြားလက်စွပ် ဖြစ်ရမယ်၊ ငါပြန်ပေးတဲ့ လက်စွပ်ကို သူတို့က ဟိုနေရာကို ပြန်မပို့ဘဲ ကြားထဲက အချောင်ယူထားတာ ဖြစ်မယ်ထင်တယ်"

ဟု ပြောလေသည်။

"ဟုတ်နိုင်တာပေါ့ ဆရာ၊ ဒီလောက်တန်ဖိုးရှိတဲ့ လက်စွပ်မျိုးကို ဘယ်သူက ပြန်ပေးချင်မှာလဲ၊ နောက်ပြီး ဒီလောက်အဖိုးတန်တဲ့လက်စွပ်မျိုး သူတို့အနေနဲ့ ဘယ်လိုမှ မရှိနိုင်ဘူး၊ ဆရာပြန်ပေးတဲ့လက်စွပ်ကို ယူထားတာပဲ ဖြစ်ရမယ်"

"ဒါထက် ဆရာ . . . အဲ့ဒီလိုယူထားတော့ သူ့ကျတော့ ဘာမှမဖြစ်ဘူးတဲ့လား၊ ဒီမှာ ယူထားတုန်းကတော့ မြွေတွေရောက်လာပြီး ကြောက်စရာကောင်းလိုက်တာ"

"ဒါကလည်း သူတို့အနေနဲ့ တစ်ခုခု လုပ်ထားလို့ ဖြစ်မှာပေါ့ကွာ၊ တကယ်တမ်းသာ အဲဒီလက်စွပ်က သူတို့ဆီမှာ ရှိနေရိုး





မှန်ရင် မရရတဲ့နည်းနဲ့ ပြန်ယူရမယ်ကွ၊ အဲဒီပတ္တမြားတစ်လုံး ရလိုက်ရင် တစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားလို့တောင် မကုန်နိုင်ဘူး"

ဟု ပြောဆိုကာ ၎င်းတို့ပြုလုပ်မည့် အကြံအစည်များကို ပြောဆိုတိုင်ပင်ကြလေသည်။

ကိုဘထိုက်တို့တစ်တွေက ထိုကဲ့သို့ တိုင်ပင်နေကြစဉ်မှာပင် နီမောင်မှာလည်း အိပ်မက်ရှည်ကြီးတစ်ခု မက်ပြီးနောက် အိပ်ပျော်ရာမှ လန့်နိုးလာသောအခါ ပတ္တမြားလက်စွပ်တစ်ကွင်းကို ရရှိခဲ့ပြီးနောက် အိပ်မက်ထဲမှာ တွေ့သော မြနှင်းဖြူကိုသာ တမ်းတနေမိလေသည်။

"အိပ်မက်ထဲမှာတော့ ငါက သူ့ကို အသက်ပြန်ရှင်အောင် ဝိညာဉ်ကြီး ထည့်ပေးလိုက်ပြီးပြီ၊ သူ့ကို တစ်သက်လုံး စောင့်ရှောက်ပေးရမယ်လို့လည်း အဘက မှာလိုက်သေးတယ်၊ သူက ငါ့ဆီကို ဘယ်တော့ ရောက်လာမှာလဲ၊ ဘယ်လိုပုံစံမျိုးနဲ့ ရောက်လာမှာလဲ၊ ငါ့ကို တွေ့ရင်ကော မှတ်မိပါ့မလား"

ဟု တွေးတောကာ နေ့စဉ်နှင့်အမျှ သတိရနေကာ အချိန်ရလျှင် ရွှေတွင်းတောင် ငွေတွင်းတောင်ဘက်သို့ တစ်ယောက်တည်း သွားလေသည်။ သို့သော် မြနှင်းဖြူ မဆိုထားနှင့်၊ အခြားဘယ်သူ့ကိုမှ မတွေ့ရပေ။

သို့နှင့် အိမ်သို့ ပြန်ရောက်လာသည်နှင့် ထူးဆန်းစွာ ရထားသော ပတ္တမြားလက်စွပ်ကို ထုတ်ကာကြည့်နေလေသည်။

"အိပ်မက်ဆိုတာ တကယ်ပဲလား၊ ငါစိတ်စွဲလမ်းလို့များ



www.burmeseclassic.com

www.burmeseclassic.com



မက်တာများလား၊ ဒါဖြင့် ဒီလက်စွပ်က ဘယ်က ရောက်လာတာလဲ"

ဟု တစ်ယောက်တည်း တွေးနေမိလေသည်။

ထိုအခြေအနေကို မိခင်ဖြစ်သူ ဒေါ်မယ်နှင်းက ရိပ်မိသဖြင့် အကျိုးအကြောင်း မေးကြည့်သောအခါ မိခင်ဖြစ်သူအား အမှန်အတိုင်း ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ ဒေါ်မယ်နှင်းမှာ သားဖြစ်သူအတွက် များစွာ စိုးရိမ်သောက ဖြစ်ပွားကာ ခင်ပွန်းဖြစ်သူကို ပြောပြလေသည်။

"တော့်သားကို သတိထားမိရဲ့လား ကိုဘရှင်၊ တစ်ယောက်တည်း တမှိုင်မှိုင် တတွေတွေနဲ့ ဖြစ်နေတာ အတော်ကြာနေပြီ၊ နောက်ပြီး ရွှေတွင်းတောင် ငွေတွင်းတောင်ဘက်ကို တစ်ယောက်တည်း ထွက်ထွက်သွားနေတာရော ရှင်သိရဲ့လား"

"သူက ညောင်ပင်ကျင်းရွာက ဆရာကြီး ဦးဘသာဆီကို သွားနေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ကိုဘရှင်ရဲ့၊ ရွှေတွင်းတောင်ဘက်ကို သွားနေတာ"

"သူက အဲ့ဒီကို တစ်ယောက်တည်း ဘာသွားလုပ်နေတာလဲ"

"သူ့အကြောင်းတွေကို ကျုပ်ပြောပြမယ်"

ဟု အစချီကာ နီမောင်ထံမှ တဆင့်သိရသော အိပ်မက်အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။





"ဟင်. . . ဒီအတိုင်း အမှန်ပဲလား မယ်နှင်း"

"အမှန်ပေါ့. . . သူကိုယ်တိုင် ပြောပြတာပဲဟာ၊ သူ လက်စွပ်ကြီး ရစ,ကတော့ ကျုပ်ကို တစ်ခါပြောပြဖူးတယ်၊ အဲ့ဒီအကြောင်းတွေကိုတော့ နောက်မှ သိရတာ"

"ဒီအတိုင်းဆိုရင်တော့ ငါ့သားတော့ အမှောင့်ပယောဂ အစီးခံရတာ သေချာပြီ၊ ဒါကြောင့် တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာကိုး၊ ကြာရင် အရှင်လတ်လတ် လိပ်ပြာနှုတ်ခံရလိမ့်မယ် ဘယ်လိုလုပ်ကြရင် ကောင်းမလဲ မယ်နှင်း"

"အချိန်မလွန်ခင် ဆရာလေးဘာလေးနဲ့ ပြပြီး ကုပေးရမှာပေါ့"

"ဆရာကြီး ဦးဘသာကို အကျိုးအကြောင်း ပြောပြရင်ကော"

"ဟာ. . . ဆရာကြီးက နိုးနိုးရောဂါပဲ ကုတာ၊ ပယောဂ ကုပေးတာမှ မဟုတ်တာ၊ ပယောဂ နိုင်တဲ့ ဆရာတစ်ယောက်ယောက် ရှာပြီးကုမှ ရမှာပေါ့ရှင်"

"ဒါဖြင့်လည်း သူမသိစေနဲ့. . . မရိပ်မိစေနဲ့၊ ပယောဂ ဆရာကောင်းကောင်း ရအောင် စုံစမ်းပြီး ခေါ်ပေတော့"

နီမောင်၏မိခင်ဖခင်များ ဖြစ်ကြသော ဦးဘရှင်နှင့် ဒေါ်မယ်နှင်းတို့မှာ ရိုးသားလှသော တောသူတောင်သားများ ဖြစ်ကြသောကြောင့် အကြောင်းတစ်ခုရှိလျှင် စိုးရိမ်ထိတ်လန့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ အသိမိတ်ဆွေများမှ တဆင့် ပယောဂဆရာ လိုက်ရှာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကတော့ ထိုအကြောင်းများကို မရိပ်မိရှာပေ။

တစ်နေ့တွင် နီမောင်တစ်ယောက် ရွှေတွင်းတောင် ငွေတွင်းတောင်ဘက်မှ ပြန်လာသောအခါ အိမ်သို့ ရောက်လျှင် လူအချို့ ရောက်နေသည်ကို တွေ့မြင်ရသဖြင့် အံ့ဩသွားလေသည်။

လူလေးယောက်မှာ လူရွယ်ပိုင်းများဖြစ်ကြပြီး တစ်ယောက်ကတော့ အသက်ကြီးကြီး ဖြစ်သည်။

သျှောင်တစောင်းကို ပဝါပေါင်းထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ရင့်ကျက်ဟန်ရှိသည်။

ရင်ဖုံးအင်္ကျီနှင့် ပုဆိုးတို့ကို ဝတ်ဆင်ထားပြီး ခေါင်းရင်းဘက်မှာ တင်ပျဉ်ခွေချိတ်ကာ ထိုင်ရင်း ကွမ်းအစ်ထဲမှ ကွမ်းယာကာ စားနေလေသည်။

ဘုရားစင်ရှေ့မှာလည်း ကန်တော့ပွဲ ပြင်ထားပြီး မီးတိုင်များ ထွန်းထားသည်။

ပေါက်ပေါက်ဆုပ်ပန်းကန်၊ ဆန်စေ့များ ထည့်ထားသည့် ပန်းကန်များကိုလည်း အဆင်သင့် ချထားသည်။

ထိုလူကြီးသည် လည်ပင်း၌ ပုတီးကို ဆွဲထားပြီး နံဘေး၌ လွယ်အိတ်တစ်လုံးနှင့် ကြိမ်လုံးတစ်ချောင်း ချထားသည်။

သူက နီမောင်တက်လာတာ မြင်တော့ တစ်ချက်လှမ်းကြည့်သည်။

"သူလား"

ဟု ဒေါ်မယ်နှင်းကို လှမ်းမေးသည်။





"ဟုတ်ပါတယ်. . . အဲ့ဒါ ကျွန်မသားလေးပါပဲ၊ ရောဂါပျောက်ကင်းအောင် ကုသပေးပါ ဆရာကြီးရယ်"

ဟု မလှမ်းမကမ်းမှာ ထိုင်နေသည့် ဒေါ်မယ်နှင်းက ငိုသံပါဖြင့် ပြောသဖြင့် နီမောင်မှာ အံ့ဩသွားလေသည်။

"အမေ. . . ဘယ်သူ့ဘာဖြစ်လို့လဲ"

ဟု မေးသည်။

"ဘာမှမဖြစ်ပါဘူး သားရယ်၊ မင်းကို ဆေးကုပေးမလို့ပါ"

"ဟင်. . . ကျွန်တော့်ကို ဆေးကုပေးမလို့ ဟုတ်လား၊ ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"မင်းဘာဖြစ်နေတယ်ဆိုတာ မကြာခင် သိရတော့မှာပေါ့ကွာ၊ ကိုင်း. . . ဒီဘုရားစင်ရှေ့မှာ လာထိုင်ပါဦးကွာ"

ဟု ဆရာက လှမ်းခေါ်သည်။

အိမ်ပေါ်မှာလည်း ဆရာနှင့် သူ့တပည့်များအပြင် "နီမောင်ကို အစွဲချွတ်မည်" ဟု သတင်းကြားသဖြင့် လာရောက်ကြည့်ကြသူ ရွာသားများကလည်း မနည်းလှပေ။

နီမောင်က ဘာမှထပ်မပြောတော့ပဲ ဘုရားစင်ရှေ့သို့ တက်သွားကာ ဆရာအနီးမှာ ဝင်ထိုင်သည်။

ဆရာက နီမောင့်ကို တစ်ချက်ကြည့်ပြီး. . .

"အင်း. . . အမောင့်အစွဲက ဒီအထိ ပါလာတာကိုး၊ အတော်ချွတ်မှ ကျွတ်လိမ့်မယ်ထင်တယ်၊ နည်းနည်းကြမ်းရင် ခင်ဗျားတို့ သည်းခံနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးပြန်သည်။

"သည်းခံပါ့မယ် ဆရာကြီးရယ်၊ ရောဂါစွဲ ပျောက်ကင်းအောင်သာ ကုသပေးပါ"

"ကောင်းပြီးလေ. . . ဒီလိုဆိုလည်း ကုပေးရတော့မှာပေါ့"

ဟု ပြောကာ သူ့တပည့်များကို မျက်ရိပ်ပြလိုက်သောအခါ တပည့်လေးယောက်က နေရာမှ ထလာပြီး နီမောင်ကို ဝိုင်းချုပ်လိုက်ကြသည်။

ပထမတော့ နီမောင်မှာ ကြောင်နေပြီး နောက်မှ သတိရကာ အတင်းရုန်းတော့လည်း လေးယောက်တစ်ယောက်မို့ ဘယ်လိုမှ ရုန်းမရဘဲ ကြိုးဖြင့် အတုပ်အနှောင်ခံလိုက်ရလေသည်။

ထိုမြင်ကွင်းကို မြင်ရပြန်တော့ ဦးဘရှင်နှင့် ဒေါ်မယ်နှင်းတို့မှာ မျက်စိမျက်နှာပျက်နေကြလေသည်။

"ခင်ဗျားတို့ ကျုပ်ကို ဘာကြောင့် ဒီလိုလုပ်တာလဲ၊ လွှတ်. . . လွှတ်ဗျာ၊ ကျုပ်က ခင်ဗျားတို့ ထင်သလို မဟုတ်ဘူးဗျ"

သို့တိုင်အောင် ချည်ထားသောကြိုးကို ပြန်မဖြေပေးဘဲ လှုပ်နိုင်အောင် တုပ်လိုက်လေသည်။

"အဖေတို့ အမေတို့. . . သူတို့ မတရား လာလုပ်နေတာကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလားဗျ၊ ကျွန်တော့်ကို ကယ်ကြပါဦး"

"မင်းကောင်းသွားအောင် ဆေးကုပေးဖို့ပါ သားရယ်၊





သည်းခံပေးလိုက်လေ"

ဟု ဒေါ်မယ်နှင်းက ငိုသံပါကြီးဖြင့် သိမ်းပြောသည်။

"ဒါဖြင့် ဒီလူတွေကို အဖေတို့ အမေတို့ ခေါ်သားတာပေါ့. . . ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"

"အဖေတို့ အမေတို့ အတော်ရက်စက်ကြတာပဲဘုရား ဘုန်းတော်ကို မေးပြီးမှ လုပ်ကြပါလား၊ ဒီလူတွေက သူတောင်းစားတွေ မဟုတ်ဘူး၊ ဆရာအစစ်တွေ မဟုတ်ဘူး၊ အကြံအစည်တစ်ခုနဲ့ ဒီကို ရောက်လာကြတာဗျ. . . သိရဲ့လား"

ထိုစကားကြားသောအခါ ဆရာလုပ်သူမှာ မျက်စိမျက်နှာ ပျက်သွားပြီး နံဘေးနားမှာ ချထားသော ကြိမ်လုံးကို ကောက်ယူလိုက်သည်။

"အောင်မာ. . မလောက်လေး မလောက်စား အမှောင့်ပယောဂကများ ငါ့ဆရာကို အံတုချင်သေးတယ်. . . သိကြရောပေါ့ကွာ"

ဟု ကြိမ်းမောင်းကာ ကြိုးဖြင့် မလှုပ်နိုင်အောင် တုပ်ထားသော နီမောင်ကျောပြင်ကို ကြိမ်လုံးဖြင့် ရိုက်ချလိုက်သည်။

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း"

"အား. . ."

ကြိမ်ရိုက်ချက်မှာ ပြင်းသောကြောင့် ဝတ်ထားသော အကျီမှာ စုတ်ပြဲထွက်သွားပြီး အသားများ ပေါက်ကာ သွေးများ ဒီးကျလာသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်း မြင်ရတော့မှ ဦးဘရှင်ရော ဒေါ်မယ်နှင်းတို့ နှစ်ယောက်မှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြလေသည်။

"ငါမေးတာ မှန်မှန်ဖြေစမ်း၊ မင်းကို သိုက်က ပေးထားတဲ့ ပတ္တမြားလက်စွပ် ရှိတယ်မဟုတ်လား"

နီမောင်က တစ်ချက်မော့ကြည့်ပြီး. . .

"ခင်ဗျားတို့ ရောက်လာကတည်းက ဒီအကြံရှိလို့ ရောက်လာတယ်ဆိုတာ ကျုပ်ရိပ်မိတယ်၊ တကယ်လို့ ပတ္တမြားလက်စွပ် ကျုပ်ဆီမှာ ရှိတယ်ဆိုရင်တောင် ခင်ဗျားလိုလူမျိုးကို ဘယ်တော့မှ ထုတ်မပေးဘူး မှတ်ထား"

"အောင်မယ်. . နာနာဘာဝက လူပါးဝလို့၊ ကဲကွာ. . ကဲကွာ"

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း"

ဒဏ်ရာမှ သွေးများ ထွက်လာသည်။

"ပြောစမ်း. . . ပတ္တမြားလက်စွပ် ဘယ်မှာလဲ"

"တစ်သက်မပြောနဲ့. . . ကျုပ်အသက် ဆယ်ခါသေပစေ၊ ခင်ဗျားတို့ကို မပြောဘူး"

"ကိုင်း. . . ခေါင်းမာဦးဟာ ခေါင်းမာဦးဟာ"

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း"

မေးလိုက်ရိုက်လိုက်နှင့် လုပ်နေရာ နီမောင်၏ကျောပြင်တစ်ခုလုံးမှာလည်း စုတ်ပြတ်သတ်လျက်ရှိရာ သွေးများ ရဲရဲနီနေလေပြီ။

နောက်ဆုံးတော့ နီမောင်မှာ ဘယ်လိုမှ တင်းမခံနိုင်





တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

"အမယ်လေး. . . တော်ကြပါတော့ တော်ကြပါတော့၊ ကျွန်မသားလေးတော့ သေပြီထင်ပါရဲ့. . . တော်ကြပါတော့"

ဒေါ်မယ်နှင်းက ငိုယိုကာ အနားထိုင်လာပြီး နီမောင်ကို ပြေးပွေ့လိုက်လေသည်။

"သား. . . သား. . . ဖြစ်ရလေ သားရယ်၊ အမေ့ကြောင့် ငါ့သား အခုလို ဖြစ်ရတာ၊ အမေ မှားပါတယ် သားရယ်"

ဟု ပြောဆိုကာ နီမောင်ကို ဖက်တာ ငိုလေသည်။

ထိုအချိန်မှာပင် အိမ်အပြင်ဘက်မှ အမျိုးသမီးတစ်ယောက် ဝင်လာသဖြင့် လမ်းဖယ်ပေးလိုက်ကြသည်။

အမျိုးသမီးက မည်သူ့ကိုမှ မကြည့်ဘဲ နီမောင်လဲနေရာ ရောက်အောင် လျှောက်လာပြီး တစ်ချက်ငုံ့ကြည့်သည်။

ပြီးလျှင် စိတ်မကောင်းသောမျက်နှာဖြင့်. . .

"ဘာကြောင့် သူ့ကို ဒီလိုနှိပ်စက်ကြတာလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်သည်။

"မင်းက ဘယ်သူလဲ"

"ကျွန်မက သူနဲ့ သက်ဆိုင်တဲ့လူပဲ"

"ဒါဖြင့် သူ့ဆီမှာ ပတ္တမြားလက်စွပ် ရှိတယ်ဆိုတာကို မင်းသိရမှာပေါ့"

"သိတယ်. . ."

"ဒါဖြင့် အဲ့ဒီလက်စွပ် ဘယ်မှာလဲ"



www.burmeseclassic.com

"နေစမ်းပါဦး. . . ရှင်က လူတစ်ယောက်ကို ဆေးကုပေးဖို့ လာတာလား၊ လူကို နှိပ်စက်ပြီးတော့ ပစ္စည်းယူဖို့ လာတာလား"

ဟု မေးလိုက်ရာ ဆရာမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ငါ့ဘာသာ ဘယ်လိုအကြောင်းနဲ့ပဲလာလာ မင်းအပူမပါဘူး၊ ငါသိချင်တာက ပတ္တမြားလက်စွပ်ကိုပဲ လိုချင်တာ၊ ဒါမှ သူ့ဆီမှာ စွဲကပ်နေတဲ့ရောဂါ ပျောက်မယ်"

အမျိုးသမီးက တစ်ချက်ပြုံးလိုက်သည်။

"ပတ္တမြားလက်စွပ်က သူ့ဆီမှာ မရှိဘူး၊ ရွှေတွင်းတောင် ငွေတွင်းတောင်နားမှာ ဝှက်ထားခဲ့တယ်"

"အဲ့ဒီနေရာကို မင်းသိသလား"

"သိတယ်"

"ဒီလိုဆိုရင် လိုက်ပြပေးပေတော့"

"ကဲ. . : ဒီလိုဆိုရင် ရှင်တို့ငါးယောက်စလုံး ကျွန်မနဲ့ လိုက်ခဲ့ကြပေတော့"

ဟု ပြောကာ အမျိုးသမီးက ခေါ်သဖြင့် ဆရာနှင့် သူ့တပည့်လေးယောက်တို့လည်း ၎င်းတို့၏ပစ္စည်းများကို အလျှင်စလို အလျှင်အမြန် သိမ်းကာ နေရာမှ ထကြလေသည်။

ထိုအခိုက်မှာပင် ညောင်ပင်ကျင်းရွာမှ ဆရာကြီး ဦးဘသာ၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့ ရောက်လာကြသည်။

ထိုအခါ မိန်းကလေးက ဦးဗန်ကောင်းအနားသို့ ကပ်





ကာ. . .

"ဆရာကြီးဆီမှာ ပုပ္ပားတောင်တလပ်ပေါ်က ရလာတဲ့ ဂမုန်းနီ ရှိတယ်မဟုတ်လား၊ အဲ့ဒီဆေးနဲ့ တုပေးလိုက်ရင် သူ့ဒဏ်ရာတွေ ချက်ချင်းသက်သာလာပါလိမ့်မယ်၊ ကျွန်မ သူတို့ကို တစ်ခါတည်း ခေါ်သွားလိုက်တော့မယ်"

ဟု ပြောဆိုမှာကြားကာ လူငါးယောက်တို့ ခေါ်ကာ ထွက်သွားကြလေတော့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# လောဘသားဓါးနဲဂုံး

အိမ်အပြင်သို့ ရောက်သောအခါ အခြားမိန်းကလေး တစ်ဦး ရပ်စောင့်နေသည်ကို တွေ့ရပြီး ဆေးဆရာအဖွဲ့က ငါး ယောက်၊ မိန်းကလေးက နှစ်ယောက်၊ စုစုပေါင်း ခုနစ်ယောက် တို့သည် ရွာအပြင်သို့ ထွက်လာကြလေသည်။

၎င်းတို့ထွက်လာသောအချိန်မှာ မွန်းလွဲပိုင်းအချိန်ဖြစ် သော်လည်း ရာသီဥတုက မှိုင်းမှိုင်းအုံ့အုံ့ ရှိနေလေသည်။

ရွှေတွင်းတောင် ငွေတွင်းတောင်သို့ ရောက်ရန် လမ်း၌



www.burmeseclassic.com

www.burmeseclassic.com



ခရီးအတော်လှမ်းနေသေးရာ မိန်းကလေးနှစ်ယောက်မှာ ယောက်ျားများထက် ခရီးနောက်မကျဘဲ ရှေ့မှပင် သွားနေရာ ကျွန်ငါးယောက်မှာ အံ့ဩနေမိလေသည်။

"ရှေ့က သွားနေတဲ့ မိန်းကလေးနှစ်ယောက်က ငါတို့ထက်တောင် မြန်နေပါသေးလားဟ"

"မြန်ဆို သူတို့က ဒီလမ်းခရီးတွေကို နေ့တိုင်းလိုလို သွားနေကျမို့ ဒီလောက်မြန်နေတာ ဖြစ်မှာပေါ့"

"ဒါထက် သူတို့က ပတ္တမြားလက်စွပ် ရှိတဲ့နေရာကို သိတယ်ဆိုတာ ဟုတ်ပါ့မလား၊ အဲဒီလို သိရဲ့နဲ့ ဘာကြောင့် ယူမထားတာလဲ"

"ဒါတော့ ဘယ်သိပါ့မလဲဟ၊ အကြောင်းရှိလို့ နေမှာပေါ့"

"ဒါထက် မိန်းကလေးနှစ်ယောက်က အတော်ကလေး လှတယ်နော်"

တစ်ယောက်က အရက်ကလေးထွေထွေနှင့် ပြောလိုက်သည်။

"သွားမလုပ်နဲ့. . . ဒီနေရာတွေက စိတ်ချရတာ မဟုတ်ဘူး၊ ဥစ္စာစောင့်တွေက ပေါမှပေါသနဲ့၊ တော်ကြာ လူအစစ်မဟုတ်ဘဲ ဥစ္စာစောင့်နဲ့ တွေ့နေမှ ဒုက္ခများနေဦးမယ်"

"ငါကလည်း လှလို့လှတယ် ပြောတာပါကွာ. . . ဘာမှ မလုပ်ဝံ့ပါဘူး၊ တို့လာတာ ပတ္တမြားလက်စွပ် ရဖို့ ရည်ရွယ်ချက်ပဲ၊ လက်စွပ်ရရင် ပြီးတာပါပဲ"





ဟု နောက်ဘက်မှ တီးတိုးပြောဆိုရင်း လိုက်သွားကြရာ နေ့ဝင်ရီတရောအချိန်လောက်တွင် ရွှေတွင်းတောင်ခြေသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာရောက်တော့ သူတို့လူစုထဲမှ တစ်ယောက် နှစ်ယောက်မှာ မျက်စိမျက်နှာပျက်နေကြသည်။

ရှေ့မှ သွားနေသော ဆရာကတော့ သိဟန်မတူပေ။

"စိန်မှတ်. . . ဒီနေရာက တို့ တစ်ခါရောက်ခဲ့ပြီး တောခြောက်ခံရတဲ့နေရာ မဟုတ်လား"

"ဟုတ်တယ်လေ. . . တစ်ခါတုန်းက ဆရာခိုင်းလို့ နီမောင်တို့ကို လာစောင့်နေရင်း တောခြောက်ခံရတဲ့နေရာပဲ၊ တို့နဲ့အတူလိုက်လာတဲ့ ဘိုးထင်နဲ့မဲကြီးတို့နှစ်ယောက်တောင် တောထဲမှာ သေပြီးကျန်ခဲ့တာပဲ"

"ဒီတောင်ခြေ ပြန်ရောက်လာတော့ ကြက်သီးတောင် ထလာမိတယ်"

"အခုတစ်ခေါက်တော့ ဆရာကြီးလည်း ပါတာပဲ၊ တို့တစ်တွေ လူလည်း [illegible]များသားပဲ၊ ဘာမှ ကြောက်စရာ မရှိပါဘူး"

ထိုနေရာသို့ ယခင်တစ်ခေါက် ရောက်ဖူးသော စိန်မှတ်နှင့် သာထူးတို့နှစ်ယောက်မှာ တီးတိုးပြောရင်း ထိတ်လန့်နေကြသည်။

အချိန်က နေ့ဝင်ရီတရောအချိန်သာရှိသေးသော်လည်း တောရိပ်တောင်ရိပ်ကြောင့် အမှောင်ရိပ်များ သမ်းနေလေသည်။

ထိုအခိုက်မှာပင် တောထဲမှ ခေါ်သံများ ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"စိန်မှတ်ရေ. . . သာထူးရေ. . . ငါတို့ ဒီမှာဟေ့၊ မင်းတို့ ရောက်လာကြပြီလား"

ဟူသောခေါ်သံများဖြစ်သည်။

ထိုအော်သံကြောင့် အားလုံး ရပ်လိုက်ကြသည်။

ထိုအသံကြားသောအခါ ဆရာကြီးက. . .

"စိန်မှတ်နဲ့ သာထူး တောထဲက ခေါ်သံတွေ ကြားရတယ်၊ မင်းတို့ကို ခေါ်နေတာ မဟုတ်လား"

ဟု နောက်လှည့်မေးသည်။

"ဟုတ်တယ် ဆရာကြီး၊ ဒါ. . . ဒါ. . . ဘိုးထင်နဲ့ မဲကြီးတို့ရဲ့အသံဖြစ်မယ်ထင်တယ်"

"မင်းတို့ ပြောတော့ သူတို့နှစ်ယောက်က သေသွားပြီဆို"

"အခု အသံတွေ ကြားနေရတော့ အသက်မသေသေးဘဲ ကျန်နေခဲ့တာများလား"

"စိန်မှတ်နဲ့ သာထူးရေ. . . ငါတို့နှစ်ယောက် လာခဲ့ရမလားဟေ့"

တောထဲမှ အော်သံကြီး ကြားလာရသည်။

ထိုအသံကြောင့် ရှေ့မှ သွားနေသော မိန်းကလေးနှစ်ယောက်က ရပ်ပြီး နောက်လှည့်ကြည့်သည်။

သူတို့သည် လူငါးယောက် ပါလာသည့်အနက်မှ စိန်မှတ်နှင့် သာထူးတို့နှစ်ယောက်ကို ကြည့်ပြီး. . .





"တောထဲက ခေါ်သံတွေ ကြားနေရတယ်၊ ရှင်တို့နှစ်ယောက်ကို ခေါ်နေတာ မဟုတ်လား"

ဟု လှမ်းမေးသည်။

"ဟုတ်. . . ဟုတ်တယ်"

"ကျွန်မတို့ လာတုန်းက အဲဒီနှစ်ယောက်ကို တွေ့ခဲ့သေးတယ်၊ ဟိုဘက်နားက တဲဟောင်းတစ်လုံးထဲမှာ ရှိကြတယ်"

ထိုသို့ပြောနေစဉ် တောထဲမှ အော်သံတို့ ကြားရပြန်သည်။

"ဘိုးထင်နဲ့ မဲကြီးရေ. . . ငါတို့ လာချင်သို့ လာခေါ်ပါဦးကွာ"

ထိုအခါ ဆရာက. . .

"မင်းတို့လူတွေအသံဆိုရင် သွားခေါ်လိုက်ကြလေကွာ"

ဟု ပြောသဖြင့် စိန်မှတ်နှင့်သာထူးတို့နှစ်ယောက်မှာ ကြောက်ကြောက်ရွံ့ရွံ့ အမူအရာဖြင့် အသံကြားရာ တောတွင်းသို့ ဝင်သွားကြလေသည်။

အတန်ကြာသောအခါ သူတို့နှစ်ယောက် ဝင်သွားသည့် တောတွင်းတစ်နေရာမှ စူးစူးဝါးဝါးအသံများ ပေါ်ထွက်လာလေသည်။

"အား. . . "

"အား. . . ကယ်ကြပါဦးဗျ"

ဟု အော်သံများ ကြားရသည်နှင့် ကျန်သုံးယောက်မှာ ဓား၊ တုတ်များကို ကိုင်ကာ အော်သံကြားရာဘက်သို့ ပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ မိန်းကလေးနှစ်ယောက်ကလည်း နောက်မှ လိုက်လာကြသည်။

တောထဲသို့ ဝင်လိုက်သည်နှင့် တောင်စောင်းတစ်နေရာမှာ တဲဟောင်းတစ်လုံးကို အရင်လှမ်းမြင်ရပြီး တဲရှေ့နားမှာတော့ စိန်မှတ်နှင့်သာထူးတို့ နှစ်ယောက်စလုံး လဲကျနေသည်ကို တွေ့ကြရသဖြင့် ထိုနေရာသို့ ခပ်သုတ်သုတ် ပြေးသွားကြသည်။

အနားရောက်၍ လဲကျနေသော စိန်မှတ်နှင့်သာထူးတို့ နှစ်ယောက်ကို ဖွေ့ထူကြည့်လိုက်သောအခါ အသက်ပျောက်နေသည်ကို တွေ့ကြရလေသည်။

နှစ်ယောက်စလုံး လည်ပင်းတစ်ဝိုက်တွင် အညိုအမည်း စွဲနေသော လက်ငါးချောင်းရာကြီးများကို တွေ့ရပြီး မျက်လုံးပြူး လျှာထွက်ကာ ရုပ်ပျက်ဆင်းပျက် အသက်ထွက်နေကြခြင်း ဖြစ်သည်။

ရန်သူလက်ချက်ကြောင့် သေရသည် ထင်သောကြောင့် ကျန်သုံးယောက်က တဲအတွင်းသို့ ဝင်ရောက်ရှာဖွေသောအခါ အရိုးကျ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်အလောင်းနှစ်လောင်းကိုသာ တွေ့ကြရလေသည်။

ထိုအလောင်းမှာ မည်သူမည်ဝါမှန်း မသိရသော်လည်း ထိုအနီးတစ်ဝိုက်တွင် အပုပ်နံ့များ လှိုင်နေသောကြောင့် ထိုနေရာမှ အမြန်ဆုံး ပြန်ထွက်ခဲ့ကြလေသည်။

တောစပ်ရောက်တော့ သူတို့သုံးယောက်ကို ရပ်စောင့်နေသော အမျိုးသမီးနှစ်ဦးကို တွေ့ရသည်။





"အချိန်မရှိဘူး. . . ရှင်တို့ကိစ္စပြီးရင် သွားကြစို့"

ဟု ပြောကာ ရှေ့မှ ထွက်သွားသဖြင့် ဆရာနှင့် သူ့တပည့်နှစ်ယောက်တို့လည်း နောက်မှ လိုက်သွားလေသည်။

အချိန်မှာလည်း တဖြည်းဖြည်းနှင့် နေလုံးပျောက်သွားပြီဖြစ်သောကြောင့် တောထဲ၌ အမှောင်ရိပ်များ ဖုံးလွှမ်းလာလေပြီ။

လူသုံးယောက်မှာ မိန်းကလေးနှစ်ယောက် ပါလာသောကြောင့်သာ လိုက်လာကြရသော်လည်း စောစောက တွေ့ကြုံခဲ့ရသော ကြောက်မက်ဖွယ်ရာမြင်ကွင်းကြောင့် ကြောက်ရွံ့ထိတ်လန့်နေကြဟန် ရှိလေသည်။

တစ်နေရာ ရောက်သောအခါ တောင်စောင်းတစ်နေရာတွင် အလင်းရောင်အချို့ ဖြာထွက်နေသောနေရာတစ်ခုကို လှမ်းမြင်ရသည်။ အနောက်ဘက်မှ တစွန်းတစ ကျန်နေသေးသော အလင်းရောင်များ ဖြာထွက်နေလေသည်။

"အဲဒီတောင်ပို့ထိပ်မှာ ရှင်တို့လိုချင်တဲ့ ပတ္တမြားလက်စွပ် ဝှက်ထားတယ်. . . တက်ယူကြပေတော့"

ဟု မိန်းကလေးတစ်ယောက်က ပြောသဖြင့် ဆရာတဲ အခြေအနေကို လှမ်းကြည့်တော့ ပြောသည့်အတိုင်း အလင်းရောင်အချို့ကို လှမ်းမြင်ရသည်။

"ကိုင်း. . . မင်းတို့နှစ်ယောက် လိုက်ခဲ့ကြပေ့၊ အပေါ်ကို တက်ကြည့်ကြမယ်"

ဟု ပြောကာ တောင်ကုန်းပေါ်သို့ ဖက်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ အတန်ငယ် မတ်စောက်နေပြီး ကြီးမားသော သစ်တုံးကြီးတစ်တုံးက အလျားလိုက် လဲကျနေသောကြောင့် ထိုသစ်လုံးပေါ်မှ အပေါ်ရောက်အောင် တက်သွားကြသည်။

သစ်လုံးကြီးမှာ နှင်းရည်များ စိုစွတ်နေသောကြောင့် အနည်းငယ် ချောနေသောကြောင့် သတိထား၍တက်ကြရလေသည်။

ထိုသစ်တုံးကြီးအပေါ်မှာပင် နောက်ထပ်ပေါက်နေသည့် သစ်ပင်ဝါးပင်များ ရှိနေသောကြောင့် လက်ဖြင့် ဆွဲ၍ တက်သွားကြရာ နောက်ဆုံးတော့ တောင်ကုန်းထိပ်ပေါ်သို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်သောအခါ အမှောင်ရိပ်ထဲမှာ အနီရောင်အချို့ ဖြာထွက်နေသောနေရာကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ တက်သွားကြလေသည်။

အနားရောက်သောအခါတွင် လွယ်အိတ်အတွင်းမှ ဖယောင်းတိုင်နှင့် မီးခြစ်ကို ထုတ်ယူကာ မီးညှိလိုက်ပြီး အသေအချာ ကြည့်လိုက်သောအခါ မီးရောင်ဖြင့် အနီရောင်များ ပိုမိုလင်းလက်လာသောအရာမှာ အခြားမဟုတ်ဘဲ သက်ရှိသတ္တဝါတစ်ကောင်၏မျက်လုံးကြီးတစ်လုံး ဖြစ်နေသည်ကို အံ့သြစွာ တွေ့ကြရသည်။

"ဟင်. . ."

ထိုအရာကို မြင်လိုက်ရသောအခါ ရှေ့ဆုံးမှ တက်သွား





သော ဆရာမှာ အံ့သြသွားသောကြောင့် ရှေ့သို့ ဆက်မတက်ဘဲ ခြေလှမ်းကို ရပ်လိုက်လေသည်။

"ဘာလဲ ဆရာ. . . ဘာဖြစ်တာလဲ"

"ဒါ. . . ဒါကြီးက ပတ္တမြားလက်စွပ်မှ မဟုတ်ဘဲ၊ မျက်. . မျက်လုံးကြီးဟ"

"ဟင်. . . ဘာမျက်လုံးကြီးလဲ"

"မသိဘူးဟ. . . ဖွင့်လိုက်ပိတ်လိုက်နဲ့"

"ဟ. . . ဒီလိုဆို မဖြစ်ဘူး၊ မြန်မြန်ဆင်းဟ. . မြန်မြန် ပြန်ဆင်းကြ"

လူသုံးယောက်မှာ အောက်ဘက်သို့ ပြန်ဆင်းရန် ကြိုးစားနေစဉ်မှာပင် တောင်ပို့သဏ္ဌာန် ဖြစ်နေသောနေရာမှ "ရှူး" ခနဲ နှာမှုတ်သံကြီးနှင့် တစ်ပြိုင်နက် ကြီးမားလှသည့် ဦးခေါင်းကြီး တစ်လုံးက အပေါ်သို့ ထိုးတက်လာလေတော့သည်။

"ဟာ. . . မြွေ. . . မြွေကြီးဟ"

ထိုအခါမှ စောစောက သူတို့သုံးယောက် တွယ်ဖက်တက်လာသောအရာမှာ သစ်တုံးတစ်တုံး မဟုတ်ဘဲ ထိုမြွေကြီး၏ကိုယ်လုံးဖြစ်မှန်း သိရတော့သည်။

မြွေမှာ ကြီးမားလွန်းသောကြောင့် တောင်ပို့ပေါ်မှာ ခေါင်းတင်ပြီး ငြိမ်သက်နေရာမှ နှစ်ကာလကြာသောအခါ မလှုပ်မရှားဘဲ နေသဖြင့် ၎င်းကိုယ်ပေါ်သို့ မြေသားများ တက်လာပြီး မက သစ်ပင်ဝါးပင်များပင် ပေါက်နေလေပြီ။

ထိုမြွေကြီးမျိုးမှာ လီဗိုလမ်းမကြီး ဖောက်စဉ်က လမ်း



www.burmeseclassic.com

www.burmeseclassic.com



**ဓောတ်ရှိန် ဗျောက်**တောင်တစ်ခုကို မိုင်းခွဲရာ ၎င်းကိုပင် မိုင်းထိ**တာ အပိုင်းပိုင်း** ပြတ်သွားရာ ၎င်းအသားပိုင်းတစ်ခုကိုပင် လော်**လီတားဖြင့်** သယ်ယူကြရသည်ဟု ကြားဖူးသည်။

ယခုမြွေကြီးမှာလည်း ကိုယ်လုံးက ထန်းလုံးပမာဏရှိပြီး ဦးခေါင်းကလည်း တောင်တစ်လုံးပမာ ရှိလေသည်။

အပေါ်သို့ ဦးခေါင်းထောင်ထားရာ တောင်ကုန်းထိပ်ပေါ်တွင် ပေါက်နေသော သစ်ပင်များနှင့် အပြိုင်ဖြစ်နေပြီး မှုန်ဝါးနေသော အလင်းရောင်နှင့်ပင် ကိုယ်လုံးပေါ်မှာ ပြဒါးရောင်ကဲ့သို့ပင် အရောင်များ ထွက်နေလေသည်။

ထို့ထက်. . .

မျက်လုံးနှစ်လုံးမှာ ပတ္တမြားလုံးများကဲ့သို့ နီရဲသော အရောင်များ တဖျပ်ဖျပ် ထွက်နေလေသည်။

မြွေကြီးက ဦးခေါင်းကို ထောင်ထားရင်း တောင်ခြေသို့ ပြန်ဆင်းရန် ကြိုးစားနေသော လူသုံးယောက်ကို လိုက်လံကြည့်ရှုနေသည်။

ဆရာဆိုသူနှင့် သူ့တပည့်နှစ်ယောက်တို့ တောင်ခြေသို့ ပြန်ဆင်းရန် အပြေးအလွှား ဆင်းနေရင်းမှပင် နောက်မှ လျှော ခနဲ ဆင်းလာသောမြွေကြီးက မီလာပြီး တစ်ယောက်ပြီးတစ် ယောက် ပေါက်ချလိုက်လေတော့သည်။

"အား. . ."

လူသုံးယောက်၏ ကြောက်မက်ဖွယ် အော်သံများက တိတ်ဆိတ်ငြိမ်သက်နေသည့် တောင်ခြေတစ်ဝိုက်မှာ ပဲ့တင်ထပ်





သွားလေတော့သည်။

လူသုံးယောက် သေဆုံးသွားသောအခါ စောစောပိုင်းက တောင်ခြေ၌ ရပ်နေသော မိန်းကလေးနှစ်ယောက်လည်း အမှောင်ရိပ်အတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပြီးနောက် မန္တလေးမြို့၏ မြို့ပြင် မန္တလေး-ရန်ကုန်သွား ကားလမ်းမကြီးနံဘေး၌ ရှိသော စိန်ရတနာ ပွဲရုံဝင်းအတွင်းရှိ နှစ်ထပ်တိုက်ကလေး၏အပေါ် ထပ်ခန်းထဲ၌ တစ်ယောက်တည်း ရှိနေသော ကိုဘထိုက်မှာ စိတ် ဂနာမငြိမ်ဘဲ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ အရက်သောက်လိုက်နှင့် ရှိနေလေသည်။

သူသည် အစ်ကိုဖြစ်သူ ဦးဘသိုက်က အတန်တန် တားနေသည့်ကြားမှ နိမောင်ထံမှာ ပတ္တမြားလက်စွပ်တစ်ကွင်း ရှိနေသည့်သတင်းကို ကြားသဖြင့် မရရအောင် ယူမည်ဟု စိတ်ကူးကာ သူ့တပည့်များကို ဆေးဆရာဟန်ဆောင်၍ **စေလွှတ်လိုက်**ခြင်းဖြစ်သည်။

ယခု ထိုလူများ ပြန်ရောက်မလာသော**ကြောင့် စိတ်ပူ**ကာ ဂနာမငြိမ်အောင် ဖြစ်နေလေသည်။

သူသည် ထိုပတ္တမြားလက်စွပ်က **ရတ်အတန်ကြာ**သည် အထိ လက်ထဲမှာ ထားခဲ့ရသဖြင့် ဘယ်ရွှေဘယ်မျှ အရည် အသွေးကောင်းသည်၊ အဘယ်မျှ တန်ဖိုးရှိသည်ကို သိနေသော ကြောင့် မက်မောမိကာ ထိုကဲ့သို့ မရမနေ ကြိုးစားခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုဘထိုက်သည် လောဘစိတ်က တိုက်တွန်းသဖြင့် ယခုကဲ့သို့ အရဲစွန့်ကာ စီစဉ် စေခိုင်းရသော်လည်း ယခင်တစ်ကြိမ်က အဖြစ်အပျက်များကို ပြန်လည်သတိရနေမိသဖြင့် ကြောက်ရွံ့ထိတ်လန့်နေသည်ကတော့ အမှန်ပင်ဖြစ်၏။

ထို့ကြောင့်. . .

အလုပ်ချိန်သိမ်း၍ သူ့အခန်းထဲ ပြန်ရောက်သည်နှင့် အခန်းတံခါးကို ချက်ထိုးကာ ပိတ်ထားလေ့ရှိသည်။

ယခုလည်း နေ့လယ်ဘက် အလုပ်သိမ်းသည်နှင့် ရေမိုးချိုး အဝတ်အစားလဲကာ အခန်းထဲ ဝင်ပြီး တစ်ယောက်တည်း အရက်သောက်နေလေသည်။

ညဦးပိုင်းအချိန် ရောက်လာတော့ အခန်းတံခါးချက်ကို ထိုးထားလိုက်လေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ရှိနေပြီး ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုအခိုက်မှာပင် ပြတင်းပေါက် မှန်တံခါးချပ်မှာ အပြင်ဘက်မှ တစ်စုံတစ်ယောက်က လက်ဖြင့် တွန်းနေသကဲ့သို့ တလှုပ်လှုပ်နှင့် အသံမြည်လာလေသည်။

ကိုဘထိုက်က မသက်သာသဖြင့် အရက်သောက်နေရာမှ လှမ်းကြည့်သောအခါ အမှန်ပင် ပြတင်းပေါက်တံခါးမှာ လှုပ်နေလေသည်။

သူ့စိတ်ထဲမှာ လျှင်လှုပ်နေသကဲ့သို့ အိမ်တစ်ခုလုံးမှာလည်း လှုပ်နေသည်ဟု ထင်နေသည်။





ကြည့်နေရင်းမှာပင် မှန်တံခါးနှစ်ချပ်က 'တဂျုပ်ဂျုပ်'နှင့် ပိုမြည်လာကာ တစ်စုံတစ်ယောက်က လက်ဖြင့် ကိုင်လှုပ်နေသကဲ့သို့ ဖြစ်လာရာ စိတ်ထဲမှ မသက်သာသဖြင့် ထိုနေရာသို့ ထသွားလေသည်။

မှန်တံခါးအပြင်အတွင်း၌ သံတိုင်များ စိုက်ထားသဖြင့် လူမဆိုထားနှင့်၊ ကြောင်တစ်ကောင်ပင် မဝင်နိုင်သောကြောင့် အနည်းငယ်တော့ စိတ်သက်သာရာရမိသည်။

တံခါးပေါက်နား ရောက်တော့ မှန်တံခါးနှစ်ချပ်အပြင်မှ လက်ဖြင့် ကိုင်လှုပ်နေသကဲ့သို့ တဂျုပ်ဂျုပ်နှင့် လှုပ်ယမ်းနေသည်။ သို့ကြောင့် အပေါ်ချက် အောက်ချက်ကို ဖြုတ်ကာ တွန်းဖွင့်လိုက်သည်။

အပြင်မှာ မှောင်နေပြီ။

တံခါးနှစ်ချပ် ပွင့်သွားတော့ ပြတင်းပေါက်အနီးမှာ ဘာမှမတွေ့ရ။

"ငါစိတ်ထင်လို့ ဖြစ်မှာပါ"

ဟု တစ်ယောက်တည်း တွေးကာ တံခါးချပ်ကို ပြန်ပိတ်ရန် လက်လှမ်းလိုက်စဉ် အပြင်ဘက်မှ လက်တစ်ဖက်မှ သူ့လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"ဟင်. . ."

အထိတ်တလန့်နှင့် ပြန်ရုတ်သော်လည်း မရတော့ပေ။

ထိုလက်ကြီးတစ်ဖက်က မလွတ်တမ်း ဆုပ်ကိုင်ထားသောကြောင့် ပြန်ဆွဲယူ၍မရတော့သဖြင့် များစွာကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားလေသည်။

ထိုအခိုက်မှာပင် ပြတင်းပေါက်နားမှာ ရုပ်ပျက်ဆင်းပျက်နှင့် အသက်ပျောက်နေသည့် မျက်နှာကြီးတစ်ခုက တဖြည်းဖြည်းနှင့် ပေါ်လာသည်။

ထိုမျက်နှာကို မြင်သောအခါ များစွာအံ့သြသွားလေသည်။

အခြားမဟုတ်ပေ. . . ။

သူလွှတ်လိုက်သည့် ဆရာဆိုသူ၏မျက်နှာကြီးပင် ဖြစ်၏။ ဆရာ၏မျက်နှာမှာ ရုပ်ပျက်ဆင်းပျက်နှင့် ဖက်ကျိုးကျနေကာ အသက်ထွက်နေလေပြီ။

ထိုအခိုက်မှာပင် ထိုမျက်နှာ တဖြည်းဖြည်းနှင့် အပေါ်သို့ တက်လာရာ ခါးတစ်ဝက်လောက် ရောက်သောအခါမှ အောက်ဖက်မှ မြွေကြီးတစ်ကောင်က ခါးတစ်ဝက်လောက်အထိ မျိုထားမှန်း တွေ့ရလေတော့သည်။

ထိုအခါမှ များစွာထိတ်လန့်တုန်လှုပ်သွားပြီး. . .

"လွှတ်. . . လွှတ်. . . ငါ့လက်ကိုလွှတ်၊ ငါ့လက်ကိုလွှတ်"

ဟု အော်ကာ အတင်းရုန်းသော်လည်း ကိုင်ထားသောလက်က တန်းလန်းကြီး ဖြစ်နေရာ ရုန်းဖယ်မရဘဲ ရှိနေရာ ကြောက်လန့်တကြား အော်ဟစ်လိုက်လေသည်။

"ကယ်ကြပါ. . ကယ်ကြပါ. . ကယ်တော်မူကြပါဗျို့"

ထိုက်ခန်းအပေါ်ထပ်မှ ကိုဘထိုက်၏ငယ်သံပါအောင်





အော်သံကြားရသဖြင့် အလုပ်သမားတန်းလျားများမှ အလုပ်သမားများ ပြေးထွက်လာကာ အသံကြားရာ အပေါ်ထပ်သို့ ပြေးတက်လာကြသည်။

အပေါ်ထပ်ရောက်တော့ အကြိမ်ကြိမ် ခေါ်သော်လည်း အသံမကြားရသဖြင့် အခန်းတံခါးကို တရကြမ်း တွန်းဖွင့်ကာ အထဲသို့ ဝင်ကြလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်မှာ လဲကျနေသော ကိုဘထိုက်ကို တွေ့ကြရသည်။

"ဆရာ. . . ဆရာ"

အလုပ်သမားတစ်ယောက်က သတိမေ့နေဟန်ရှိသော ကိုဘထိုက်ကို ပွေ့ယူ၍ခေါ်ကြည့်သော်လည်း မရတော့ပေ။

ကိုဘထိုက်တစ်ယောက်မှာ အကြောက်လွန်ကာ နှလုံးသွေးရပ်လျက် သေဆုံးနေလေပြီ။

ကိုဘထိုက်ကို သတ်သည့်တရားခံမှာ အခြားမဟုတ်ပေ။

၎င်း၏လောဘစိတ်ကြောင့်ပင် ဖြစ်ကြောင်း. . .

ထိုလောဘစိတ်ကပင် သေတွင်းသို့ မရောက်ရောက်အောင် ပို့လိုက်သည်ဖြစ်ကြောင်း တမလွန်ဘဝ ရောက်မှပင် သိခွင့်ရပေတော့မည်။

အခြေအနေကား လွန်သွားခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# ထူးဆန်းသော မင်္ဂလာပွဲ

ဆရာ၏ကြိမ်စွမ်းပြခဲ့မှုကြောင့် နီမောင်ကျောပြင်ပေါ်မှ ဒဏ်ရာအရှိုးရာများက မနည်းလှပေ။

အညိုအမည်းစွဲသည့်ဒဏ်ရာကစွဲ၊ အသားများ စုတ်ပြဲနေသည်က စုတ်ပြဲ၊ အချို့နေရာမှာ သွေးများ စီးကျနေဆဲပင်။ ထိုအခါမှပင် မိဘနှစ်ပါးမှာ မချိတင်ကဲဖြစ်ကာ နောင်တရ၍ မဆုံးနိုင်အောင် ရှိတော့သည်။

ဒေါ်မယ်နှင်းဆိုလျှင် စာရှုံ့ရှုံ့နှင့် ငိုကြွေးမဆုံးအောင်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နှိုးလေ့သည်။ ဦးဘရှင်ကတော့ 'လုပ်ရက်ပလေ' ဟု တဖွဖွနှင့် ရေရွတ်ပြောဆိုနေသည်။

နီမောင်ကျောပြင်မှ ဒဏ်ရာများကို ဦးဗန်ကောင်းထံ၌ ရှိသော ဂမုန်းနီပင်နှင့် အခြားဆေးများကို ရောနှောကာ လိမ်းပေးလေသည်။ ဒဏ်ရာကြောင့် အနာမန်း မတက်စေရန်လည်း သောက်ဆေးများကိုလည်း သောက်စေသည်။

"ဘယ်လိုလဲ ကောင်လေး၊ အတော်နေသာထိုင်သာ ရှိသွားပလား"

ဟု ဦးဗန်ကောင်းက ဒဏ်ရာဆေးထည့်ပေးနေရင်းနှင့် ခပ်ပြုံးပြုံး အမူအရာဖြင့် မေးသည်။

"မတရား နှိပ်စက်တာ ခံလိုက်ရတာပါ အဘရာ"

"ဒီလိုပဲ. . . တရားတာ မတရားတာက နောက်မှ အဖြေရှာ၊ ခုလောလောဆယ်တော့ ခံရမယ့်ဝဋ်ကြွေး ရှိလို့ ခံလိုက်ရပြီ မဟုတ်လား"

"ဒါ. . . ဒါကတော့. . ."

"ဒါကတော့တွေဘာတွေ လုပ်မနေနဲ့၊ မင်းအမေဆီက အကြောင်းစုံ သိရပြီးပြီ၊ ဟိုက ပေးလိုက်တဲ့ ပတ္တမြားလက်စွပ်က ရော ဘယ်မှာလဲ"

"ရှိပါတယ်"

ဟု ပြောကာ သူ့ကိုယ်ပေါ်မှာ ဝှက်ထားသော လက်စွပ်ကို ထုတ်ပြလိုက်သည်။

"အင်း. . . ဒီလက်စွပ်က အတော်ကလေး တန်ဖိုးရှိ





မယ့်ပုံပဲ၊ မင်းတို့မိသားစုတွေ တစ်သက်တော့ မဆင်းရဲနိုင်တော့ဘူးပေါ့။ ဒါပေမယ့် ကိုယ်ချည်းလည်း မယူနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအတွက် အလှူအတန်း ကောင်းမှုကုသိုလ်တွေ လုပ်ပြီး အမျှအတန်းဝေပေးဖို့လည်း မမေ့နဲ့"

"ကျွန်တော် မမေ့ပါဘူး၊ ဒဏ်ရာတွေ သက်သာတာနဲ့ လုပ်ပေးပါ့မယ်"

"ဒါထက် မိန်းကလေးကရော ဘယ်မှာလဲ"

ထိုစကားကြောင့် နီမောင်က ဦးဗန်ကောင်းကို မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေသည်။

"ကျွန်တော်မသိဘူး"

"မင်းဆီကို သူ မရောက်သေးဘူးလား"

"ဟင့်အင်း. . . မရောက်သေးဘူး"

"မင်းမှ သွားမခေါ်ဘဲ သူက ဘယ်လာမှာလဲ"

"ကျွန်တော်က သူ့ကို ဘယ်နေရာမှာ သွားခေါ်ရမှာလဲ"

"သူနေတဲ့နေရာ သွားခေါ်ရမှာပေါ့။ မိန်းကလေးတစ်ယောက်ကို လိုချင်ရင် သူနေတဲ့နေရာကို သွားပြီး သက်ဆိုင်ရာမိဘဆွေမျိုးတွေဆီမှာ ခွင့်တောင်းယူရမှာပေါ့ဟ"

ထိုစကားကြောင့် နီမောင်မှာ တအံ့တဩ ဖြစ်သွားသည်။

"သူနေတာက ဘယ်မှာလဲ"

"ရွှေတွင်းတောင် ငွေတွင်းတောင်မှာလေ. . . မင်းမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကျွန်တော်တစ်ယောက်တည်းတော့ မသွားဝံ့ပါဘူး"

"အောင်မယ်. . . ဒီကိစ္စလုပ်တုန်းက လုပ်ခဲ့ပြီး အခုမှ ရှက်နေရသေးတယ်၊ ကဲပါကွာ. . . မင်းတစ်ယောက်တည်း မသွားဝံ့ရင် ငါတို့ပါ အဖော်လိုက်ခဲ့ပါ့မယ်၊ တို့ကပဲ မိဘနေရာက တောင်းရမ်း ပြောဆိုပေးပါ့မယ်"

ထိုအခါ ဆရာကြီး ဦးဘသာက ဝင်ပြောလေသည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဦးဇန်ကောင်း"

"ဘယ်လိုလဲ ဆရာကြီး"

"ကလေးတွေကိစ္စလည်း ဆောင်ရွက်ရင်း အလှူကိစ္စပါ တစ်ခါတည်း သူတို့ကို အသိပေးပြီး စီစဉ်ခဲ့ရင် မကောင်းဘူးလား"

"ကောင်းတယ် ဆရာကြီး. . . ကောင်းတယ်၊ ဒါမှ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်မှာ၊ နီမောင်ရဲ့ဒကာ်ရာတွေ သက်သာတော့မှ သွားကြတာပေါ့"

ထိုစကားကြားသောအခါ နီမောင်က. . .

"ကျွန်တော့်ဒဏ်ရာတွေက ကျောမှာဆိုတော့ ကိစ္စမရှိပါဘူး၊ ခြေထောက်တွေက အကောင်းသားပဲ. . . အမြန်သွားကြတာပေါ့"

ဟု ဝင်ပြောလိုက်ရာ အားလုံးက သဘောပေါက်စွာဖြင့် ပြုံးလိုက်ကြသည်။

"ငါဆေးကုလာတာ ကြာပြီ၊ အစွမ်းထက်တဲ့ဆေးတွေ





ကိုလည်း တွေ့ဖူးခဲ့ပါရဲ့၊ ဒါပေမယ့် ဒီဆေးလောက် စွမ်းတဲ့ဆေး မျိုးတော့ တစ်ခါမှ မတွေ့ဖူးပေါင်ဗျာ"

ဦးဇန်ကောင်းစကားကြားသောအခါ နံဘေးနားမှ လူများက တဝါးဝါး တဟားဟားနှင့် သဘောကျသွားကြလေတော့သည်။ ဤသို့ဖြင့် နောက်တစ်ရက်တွင် ဆရာကြီး ဦးဘသာ၊ ဦးဇန်ကောင်း၊ နီမောင်၊ ကျော်စွာတို့လေးယောက်မှာ လိုအပ်သောပစ္စည်းများပါ ယူဆောင်၍ ရွှေတွင်းတောင် ငွေတွင်းတောင် ရှိရာဘက်သို့ ထွက်ခဲ့ကြလေသည်။

သူတို့ထွက်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

တောင်ခြေသို့ ရောက်သောအခါ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသောလူအချို့က ထွက်ကြိုလေသည်။

"လာကြပါခင်ဗျာ. . . ကြွကြပါ၊ မင်္ဂလာပွဲအတွက် လာကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

"ဒီလိုဖြင့် ဟိုဘက်မှာ မဏ္ဍပ်ရှိပါတယ်၊ မဏ္ဍပ်ထဲကိုသာ ကြွကြပါ"

ဟု ခေါ်သဖြင့် ဦးဇန်ကောင်း ဦးဆောင်သော နီမောင်တို့လေးယောက်လည်း နောက်မှ လိုက်သွားကြရာ တစ်နေရာသို့ ရောက်သောအခါ မဏ္ဍပ်တစ်ခုကို တွေ့ရပြီး မဏ္ဍပ်ထဲမှာတော့ ကွမ်း၊ ဆေး၊ လက်ဖက် စားသောက်နေကြသည့်လူအချို့ကို လှမ်းမြင်ရသည်။ မဏ္ဍပ်ထဲမှာတော့ ဝတ်ဖြူစင်ကြယ် ဖော်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော အဘိုးအိုနှင့် မြနှင်းဖြူ မြသင်းကြူ မြဝင်းသူတို့ သုံးယောက် အပါအဝင် လူအတော်များများကို တွေ့ရသည်။

"ဪ. . ရောက်လာကြပြီလား၊ လာကြပါ. . . မဏ္ဍပ်ထဲကို ကြွကြပါ"

ဟု ခေါ်ပြီး မဏ္ဍပ်ထဲသို့ ရောက်သောအခါ ကွမ်း၊ ဆေး၊ လက်ဖက်၊ လက်ဖက်ရည်ကြမ်း စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးပြန်လေသည်။

ထို့နောက် ဦးဗန်ကောင်းက. . .

"ကျုပ်တို့ အခုလာတာ တခြားတော့ မဟုတ်ပါဘူး၊ ဟောဒီက မောင်နီမောင်နဲ့ ဒီမိန်းကလေးတို့ရဲ့ မင်္ဂလာကိစ္စအတွက် ထုံးတမ်းစဉ်လာအရ လာရောက်တောင်းရမ်းတာပါ"

ဟု ပြောလိုက်သောအခါ အဘိုးအိုက. . .

"ကျုပ်တို့ဘက်ကလည်း သဘောမျှပါတယ်၊ ယခုလို ဝတ္တရားရှိတဲ့အတိုင်း လာရောက်တောင်းရမ်းတာ ဝမ်းသာပါတယ်၊ ကျုပ်ရဲ့မြေးမလေးကို မိတ်ဆွေကြီးတို့ရဲ့လက်ကို အပ်နှံပါတယ်၊ ကိုယ့်သားသမီးအရင်းအခြာလို ဆုံးမပဲ့ပြင်ပြီးတော့ စောင့်ရှောက်ပေးပါ"

ဟု အပ်နှံလေသည်။

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျုပ်တို့ဘက်က အစစအရာရာ တာဝန်ယူပေးပါ့မယ်လို့ ကတိပြုပေးပါတယ်"

ဟု ပြောဆိုကာ နီမောင်နှင့်မြနှင်းဖြူတို့ကို လက်ထပ်ပေးကြလေသည်။





ထိုသို့ပြီးသောအခါ ဦးဘသာက. . .

"ကိုင်း. . . မင်္ဂလာကိစ္စအတွက် အထမြောက် အောင်မြင်ပြီဆိုတော့ နောက်ထပ် ပြောစရာရှိတာလေး ပြောပါရစေ"

ဟု ခွင့်ပန်ရာ အဘိုးအိုက. . .

"ပြောပါ. . . ပြောပါ. . . ပြောစရာရှိတာသာ ပြောပါ"

ဟု ခွင့်ပေးလေသည်။

"အခြားတော့ မဟုတ်ပါဘူး၊ ကလေးတွေရဲ့မင်္ဂလာကိစ္စကို ရွာမှာ ကျင်းပပေးပြီးတာနဲ့ အလှူတစ်ခု လုပ်ပါ့မယ်၊ မိတ်ဆွေကြီးတို့ ကြွရောက်ဖို့ တစ်လက်စတည်း ဖိတ်ပါရစေ"

"အခုလို ဖိတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ လာခဲ့ပါ့မယ်၊ နောက်ပြီး မိတ်ဆွေကြီးတို့အလှူအတွက် သုံးဖို့ငွေလည်း လှူလိုက်ပါ့မယ်၊ ကိစ္စပြီးရင်သာ အမျှအတန်း ဝေပေးပါ"

"စိတ်ချပါ. . . ဝေပေးပါ့မယ်"

ဟု ပြောဆိုပြီးနောက် အဘိုးအိုက ပဝါဖြင့် ထုပ်ထားသော ငွေအိတ်တစ်အိတ်ကို ဦးဘသာအား ပေးလေသည်။

အားလုံးပြီးသောအခါ နေဝင်ချိန် ရောက်ချိန်ပြီမို့ နီမောင်တို့လည်း မြနှင်းဖြူကို ခေါ်ကာ အားလုံးကို နှုတ်ဆက်ပြီး ပြန်ကြလေသည်။ မြနှင်းဖြူ လိုက်လာသောအခါ ကျန်ခဲ့သူများက မျက်ရည်စက်လက်နှင့် တရှုံ့ရှုံ့ ငိုကြွေးနေကြလေသည်။

သူတို့တစ်တွေ အတော်ဝေးဝေး ရောက်သည်အထိ လက်ပြနှုတ်ဆက်နေကြသည်။

နောက်မှ တဖြည်းဖြည်းနှင့် အမှောင်ရိပ်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလေတော့သည်။

ဦးဘသာ၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့က ရှေ့မှ တစိုက်စိုက်နှင့် သွားနေကြရာ နီမောင်က မြနှင်းဖြူလက်ကလေးကို ဆွဲ၍ နောက်မှ လိုက်လာခဲ့သည်။

"မြလေးကို အခုလို ထာဝရ ပိုင်ဆိုင်ခွင့်ရတာ ကိုယ်ဖြင့် သိပ်ပြီး ဝမ်းသာတာပဲ၊ မြလေးရော ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် ကျန်ရစ်ခဲ့ကြတဲ့ ညီမလေးတွေအတွက်တော့ စိတ်မကောင်းဖြစ်မိတယ်"

"ဒီအတွက်တော့ စိတ်မကောင်းဖြစ်မနေပါနဲ့၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကုသိုလ်ကံကောင်းကြရင် သူတို့လည်း လူ့လောကကို ပြန်လာခွင့်ရကြမှာပါ၊ ကိုယ်တို့တစ်တွေက သူတို့တွေအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးရမယ်၊ အမျှအတန်း ဝေပေးကြရမယ်"

"အစ်ကို. . . ကျွန်မကို ကြင်ကြင်နာနာနဲ့ တစ်သက်လုံး လက်တွဲသွားမှာလားဟင်"

မြနှင်းဖြူက စိတ်မချသလို အမူအရာဖြင့် မေးလိုက်သည်။

"အစ်ကိုက မြလေးကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ လက်တွဲဖော်အဖြစ် ရည်စူးထားတာပါ၊ ဘယ်လိုဘဝဖြစ်ဖြစ် ကြင်ကြင်နာနာနဲ့ စောင့်ရှောက်သွားပါ့မယ်လို့ ကတိပေးပါတယ်"

"ကျွန်မက အစ်ကို့မျက်နှာကို တစ်ရွာထင်ပြီး လိုက်ခဲ့ရတာဆိုတော့ သိပ်အားငယ်တာပဲ၊ အစ်ကို့ဆီက ဒီစကားမျိုး ကြား





ရတာ သိပ်ပြီးဝမ်းသာတာပဲ"

ဟု ပြောဆိုကာ နီမောင်လက်ကို အားကိုးတကြီးနှင့် ဆုတ်ကိုင်ထားရာ နီမောင်က သူမကိုယ်တလေးကို ဖက်၍ နှစ်သိမ့်မှုလေးပေးလိုက်လေသည်။

ကျွန်ုပ်ရေးသားသော (ဝိညာဉ်ကြိုးနှင့် အငြိုးမာယာ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၀၀)ခု ဇန်နဝါရီလ(၁၂)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၁၁)နာရီ



www.burmeseclassic.com